ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# တရားစီရင်ထုံးများ

## ၂၀၁၉ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ

ပုံနှိပ်ထုတ်ဝေသည်။

ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ

အုပ်ရေ - ၁၃၀၀၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ပြည်ထောင်စုတရားသူကြီးချုပ် နှင့်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းထွန်းဦး | B.A.(Law).,LL.B | ပြည်ထောင်စုတရားသူကြီးချုပ် |
| ၂။ | ဦးသာဌေး | LL.B.(Advocate) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၃။ | ဦးမြင့်အောင် | B.A | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၄။ | ဦးအောင်ဇော်သိန်း | B.A.(Law).,LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၅။ | ဦးမြဟန် | B.A.(Law).,LL.B<br>D.B.L, D.M.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၆။ | ဦးမျိုးတင့် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၇။ | ဦးစိုးနိုင် | B.A.(Law).,LL.B<br>(Advocate) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၈။ | ဦးခင်မောင်ကြည် | LL.B.(Advocate) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၉။ | ဦးမျိုးဝင်း | LL.B, C.B.L<br>(Advocate) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

| | | | | |
|---|---|---|---|---|
| ၁။ | ဦးမြင့်အောင်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>တရားသူကြီး | B.A | | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်ဇော်သိန်း<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>တရားသူကြီး | B.A.(Law).,LL.B | | အဖွဲ့ဝင် |
| ၃။ | ဦးမြဟန်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>တရားသူကြီး | B.A.(Law).,LL.B<br>D.B.L, D.M.L | | အဖွဲ့ဝင် |
| ၄။ | ဦးဝင်းမြင့်<br>ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | B.A.(Law).,LL.B | | အဖွဲ့ဝင် |
| ၅။ | ဦးစိုးသိန်း<br>တရားလွှတ်တော်ရှေ့နေ | B.Com, M.P.A,R.L,<br>D.M.L | | အဖွဲ့ဝင် |
| ၆။ | ဒေါ်တင်နွယ်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | LL.B,LL.M,<br>M.A. Asian Law | | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၇။ | ဒေါ်ဖြူမာဝေ | LL.B | အဖွဲ့ဝင် |
| | ညွှန်ကြားရေးမှူးချုပ် | | |
| | တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန | | |
| | ပြည်ထောင်စုရှေ့နေချုပ်ရုံး | | |
| ၈။ | ဒေါ်ချိုမာမြင့် | LL.B | အဖွဲ့ဝင် |
| | ဒုတိယညွှန်ကြားရေးမှူးချုပ် (တရားစီရင်ရေး) | | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |
| | (၂၁-၁-၂၀၂၀ ရက်နေ့မှ ၂၅-၅-၂၀၂၀ ရက်နေ့အထိ) | | |
| ၉။ | ဒေါ်ကြည်ကြည်စိန်း | LL.B, D.B.L | |
| | ဒုတိယညွှန်ကြားရေးမှူးချုပ် | Dip in English | |
| | (တရားစီရင်ရေး) | | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |
| | (၂၉-၉-၂၀၂၀ ရက်နေ့မှ ယနေ့အထိ) | | |
| ၁၀။ | ဒေါ်စုစုဝင်း | LL.B, LL.M | အဖွဲ့ဝင် |
| | ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ထုံး/စစ်ဆေးရေး) | | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |
| ၁၁။ | ဒေါ်သီမာနွယ် | LL.B | အဖွဲ့ဝင် |
| | ညွှန်ကြားရေးမှူး | | |
| | ပြစ်မှုတရားစီရင်ရေးဌာန | | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |

၁၂။ ဒေါ်ကြည်ကြည်စိန်း LL.B, D.B.L အဖွဲ့ဝင်
ညွှန်ကြားရေးမှူး Dip in English
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
(၁၇-၁၂-၂၀၁၈ ရက်နေ့မှ ၂၉-၉-၂၀၂၀ ရက်နေ့အထိ)

၁၃။ ဒေါ်သန်းသန်းတင့် LL.B အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
(၃-၁၁-၂၀၂၀ ရက်နေ့မှ ယနေ့အထိ)

၁၄။ ဒေါ်မိမိစိန် LL.B အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စာချုန်တော်ဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

၁၅။ ဒေါ်ထားထား LL.B, LL.M အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ဥပဒေလုပ်ထုံးလုပ်နည်းဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

**“တရားစီရင်ရာတွင် အမှန်ကို
ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို
စီရင်ကြောင်း အများမြင်စေရာသည်”**

**(ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ (ခ) မောင်ရှေ ပါ ၂ )** (၁)

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ-၆၁၆။

# မာတိကာ

## စီရင်ထုံးပြုသောရာဇဝတ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | က-ဏ |
| ကျော်မင်းထက် (မောင်) (၁) မင်းမင်း | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | ၁ |
| ကျော်သူရလှိုင် (ဦး) | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၂ | ၂၀ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | နှင့် | ဒေါ်သစ်သစ်ခင် ပါ ၅ | ၃၄ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | နှင့် | ဦးအောင်စိုး | ၆၀ |

| | | | |
|---|---|---|---|
| ညွှန်းချက် | | | က-ဏ |
| မိဋ္ဌီး (မ) ပါ ၂၀ | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၂ | ၈၂ |
| မင်းသူကျော် | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | ၁၁၇ |

# မာတိကာ

## စီရင်ထုံးပြုသောတရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | ကက-က၅ |
| ကြည်ကြည်ဒိုင် (ဒေါ်) ပါ ၂ | နှင့် | ဒေါ်စန္ဒြာတင့် (ခ) ဒေါ်စန္ဒြာဆွေတင် | ၁ |
| ကြည်မ (ဒေါ်) | နှင့် | ဒေါ်ခင်မာဝေ ပါ ၃ | ၈ |
| ဇော်ထွန်းလင်း (မောင်) ပါ ၃ | နှင့် | ဦးဇော်လှ | ၂၄ |
| နန်စီ (ခ) မာစီ (ဒေါ်) ပါ ၂ | နှင့် | ဒေါ်စီစီစိုး ပါ ၂ | ၃၇ |

ညွှန်းချက် ကက-ကဌ

မြမြ (ဒေါ်) နှင့် ဦးသန်းထွန်း ၅၅
(ကိုယ်တိုင်နှင့် အမှတ်
၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ
ကိုယ်စားလှယ်) ပါ ၇

မြိတ်အနာဂတ်ဖွံ့ဖြိုး နှင့် ဦးအောင်မျိုးလတ် ၇၉
တိုးတက်ရေးနှင့်
အများနှင့်သက်ဆိုင်
သောကုမ္ပဏီလီမိတက်
(၎င်းအတွက်ဦးခင်မောင်ချို၊
တွဲဖက်အတွင်းရေးမှူး)

လှိုင်လှိုင်ဝင်း (ဒေါ်) နှင့် ဦးလှထွေး ပါ ၃ ၉၂

| | | | |
|---|---|---|---|
| သိန်းလွင် (ဦး) | နှင့် | ဒေါ်စန်းစန်းတင့် (ကိုယ်တိုင်နှင့် ၂ မှ ၁၃ ထိ လျှောက်ထားခံရသူ၏ အထွေထွေကိုယ်စားလှယ် စာရသူ) ပါ ၂၇ | ၁၀၉ |

## မာတိကာ

## စီရင်ထုံးပြုသောစာချွန်တော်မူများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | ခက-ခဆ |
| ကိုကိုဟိန်း (ဦး) | နှင့် | ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၁ |
| ဝင်းနိုင် (ဦး) (၎င်း၏ကိုယ်စားလှယ်စာရသူဒေါ်ခင်ချိုဦး) | နှင့် | ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပါ ၅ | ၁၅ |

| | | | |
|---|---|---|---|
| အုန်းကြည် (ဒေါ်) | နှင့် | ညွှန်ကြားရေးမှူးချုပ်၊<br>အထွေထွေအုပ်ချုပ်ရေး<br>ဦးစီးဌာန (ရုံးချုပ်)<br>ပြည်ထဲရေးဝန်ကြီးဌာန<br>ပါ ၃ | ၃၄ |

# ၂၀၁၉ ခုနှစ်

# ရာဇဝတ်ဆိုင်ရာအမှုများ

**ရာဇဝတ်ဆိုင်ရာမှုခင်းများ**　　　　　　　　　　စာမျက်နှာ

ဥပဒေများ -

- မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ
- ရာဇဝတ်ကျင့်ထုံးဥပဒေ
- သက်သေခံအက်ဥပဒေ
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

**ရောင်းချရန် အသင့်ပြင်ဆင်ထားသည့် မူးယစ်ဆေးဝါးများ တွေ့ရှိခြင်းအပေါ် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားမှုနှင့် ဖြန့်ဖြူးရောင်းချမှုပြုလုပ်ရာတွင် အားပေးကူညီကြောင်း ကောက်ယူ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေ သောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၀(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ ။**

**ဆုံးဖြတ်ချက်။** ။ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊

(ခ) ညွှန်းချက်

သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း စာမျက်နှာ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ ပြစ်မှုထင်ရှားစီရင်နိုင်ပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသောဆေးဝါးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်လျှင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၀ (က)အရ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။ ။** မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်း လဲစေသောဆေးဝါးကို ရောင်းချရန်ကမ်းလှမ်းခြင်း၊ သဘောတူ ခြင်း သို့မဟုတ် ရောင်းဝယ်ရန်ဆက်သွယ်ခြင်း ပြုလုပ်မှုတစ်ရပ် ရပ်ကိုကျူးလွန်လျှင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (ခ) အရ ပြစ်မှုထင်ရှား စီရင်ရမည်ဖြစ်ကြောင်းပြဋ္ဌာန်းထားသည်။

မူးယစ်ဆေးဝါးဖြစ်သည့် ဘိန်းဖြူများကို ပင်နယ်ဆလင် ပုလင်းများတွင် အသင့်ထည့်ထားသည့် အခြေအနေသည် ရောင်းချခြင်းပြုရန်ရည်ရွယ်ချက်ရှိပြီး ရည်ရွယ်သည့်အတိုင်း မူးယစ်ဆေးဝါးဝယ်လက်ရှာခြင်း၊ ဈေးကွက်ရှာခြင်းစသည့်

ညွှန်းချက် (ဂ)

ရောင်းချခြင်းပြစ်မှုကို ကျူးလွန်ရန်အားထုတ်ခြင်းနှင့် မူးယစ် စာမျက်နှာ ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ရောင်းချရန်ကမ်းလှမ်းခြင်း၊ သဘောတူခြင်း သို့မဟုတ် ရောင်းဝယ်ရန် ဆက်သွယ်ခြင်းတို့ကြားတွင်ရှိသည့် ပြစ်မှုကျူး လွန်ရန် ပြင်ဆင်ခြင်းသာရှိသေးသည်ဟု ကောက်ယူရမည် ဖြစ်သဖြင့် ရောင်းချခြင်းမမြောက်သည်မှာ မြင်သာသည်။

ရောင်းချရန် အသင့်ပြင်ဆင်ထားသည့် မူးယစ်ဆေးဝါး များတွေ့ရှိခြင်းအပေါ် ဖြန့်ဖြူးရောင်းချမှုမြောက်ကြောင်း၊ ဖြန့်ဖြူး ရောင်းချမှုပြုလုပ်ရာတွင် အားပေးကူညီကြောင်း ကောက်ယူ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၀(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်းမရှိပေ။

မင်းသူကျော် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၁၁၇

**စုံစမ်းထောက်လှမ်းမှုတွင် ရှာဖွေပိုင်ခွင့်နှင့်စပ်လျဉ်း၍ လိုက်နာ ရမည့် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် ညီညွတ်ပြီး ဥပဒေ၊ နည်းဥပဒေကဲ့သို့ တိကျစွာလိုက်နာရန် မလိုအပ်သော အစဉ်တစိုက်လိုက်နာကျင့်သုံးအပ်သည့် ကျင့်စဉ်**

(ဃ) ညွှန်းချက်

**ပျက်ကွက်ခြင်းသည် ရှာဖွေပုံနည်းလမ်းမကျမှုတစ်ခုသာ ဖြစ်ပြီး အမှုပျက်ပြယ်ရန်အကြောင်းမရှိသော နည်းလမ်းမကျမှုတစ်ခုသာဖြစ်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်**။ ။ ရှာဖွေခြင်းဆိုင်ရာ ယေဘုယျပြဋ္ဌာန်းချက်များ တစ်နည်းအားဖြင့် ရှာဖွေရာတွင် လိုက်နာရမည့် ယေဘုယျ လုပ်ထုံးလုပ်နည်းများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၂၊ ၁၀၃ တွင် ပြဋ္ဌာန်းထားသည်။

ရှာဖွေမည့်နေအိမ်၊ အဆောက်အအုံနေရာသို့ ဝင်ရောက်ခြင်းမပြုမီ ရဲတပ်ဖွဲ့ဝင်နှင့်သက်သေများ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်စစ်ဆေးရှာဖွေရမည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ရှာဖွေမည့်အဖွဲ့ သို့မဟုတ် ရှာဖွေရာတွင်ပါဝင်သူ တစ်စုံတစ်ယောက်က ပြစ်မှုမကင်းသည့် အရာဝတ္ထုတစ်စုံတစ်ရာကို လျှို့ဝှက်ဖုံးကွယ်၍ သွင်းယူလာသည်ဟူ၍ တရားခံဘက်မှ စွပ်စွဲမှုပြုလာနိုင်ဖွယ်ရှိသောကြောင့်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ထိုသို့စွပ်စွဲမှုမပြုနိုင်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် မပျက်မကွက်ဆောင်ရွက်ရမည့်အချက်ဖြစ်ကြောင်း သတိပြုရန် ရဲလက်စွဲအပိုဒ် ၁၇၀၈ တွင် ဖော်ပြထားသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ သက်သေနှစ်ဦးကို ကြိုတင်ခေါ်ယူ စာမျက်နှာထားပြီး အဆိုပါသက်သေနှစ်ဦးရှေ့တွင် ရှာဖွေခြင်းဖြစ်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၃ နှင့်ညီညွတ်သည်မှာလည်း ထင်ရှားသည်။ သို့သော် ရှာဖွေခြင်းမပြုမီ ရှာဖွေမည့်အဖွဲ့သို့မဟုတ် ရှာဖွေရာတွင်ပါဝင်သူ တစ်စုံတစ်ယောက်က ပြစ်မှုမကင်းသည့် အရာဝတ္ထုတစ်စုံတစ်ရာကို လျှို့ဝှက်ဖုံးကွယ်၍ သွင်းယူလာသည်ဟူ၍ တရားခံဘက်မှ စွပ်စွဲမှုပြုလာနိုင်ဖွယ်ရှိသောကြောင့် ထိုသို့စွပ်စွဲမှုမပြုနိုင်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရဲတပ်ဖွဲ့ဝင်နှင့်သက်သေများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စစ်ဆေးရှာဖွေရမည်ဆိုသော မပျက်မကွက်ဆောင်ရွက်ရမည့် ရဲလက်စွဲအပိုဒ်ကိုလိုက်နာရန် ပျက်ကွက်သည်မှာ မြင်သာပေသည်။

စုံစမ်းထောက်လှမ်းမှုတွင် ရှာဖွေပိုင်ခွင့်နှင့်စပ်လျဉ်း၍ လိုက်နာရမည့် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်ညီညွတ်ပြီး ဥပဒေ၊ နည်းဥပဒေကဲ့သို့ တိကျစွာလိုက်နာရန် မလိုအပ်သော အစဉ်တစိုက် လိုက်နာကျင့်သုံးအပ်သည့် ကျင့်စဉ်ပျက်ကွက်ခြင်းသည် ရှာဖွေပုံနည်းလမ်းမကျမှုတစ်ခုသာဖြစ်သည်။ အချင်းဖြစ်နေရာတွင် ရှာဖွေမှုမရှိသည့်ပျက်ကွက်မှုမှာ ရှာဖွေပုံနည်းလမ်းမကျမှု

ဖြစ်ပြီး အဆိုပါရှာဖွေပုံ နည်းလမ်းမကျမှုသည် အမှုပျက်ပြယ် စာမျက်နှာ
ရန်အကြောင်းမရှိသော နည်းလမ်းမကျမှုတစ်ခုသာဖြစ်သည်။

မောင်ကျော်မင်းထက် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၁

**ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းအတွက် အယူခံသူ သို့မဟုတ် လျှောက်ထားသူက မဟုတ်ဘဲ ရှေ့နေက လျှောက်ထားခြင်းသည် လျှောက်ထားပိုင်ခွင့်ရှိ မရှိ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၆) ပါ အခွင့်အရေး ရရှိရန်အတွက် မည်သို့လျှောက်ထားရန်လိုအပ်ခြင်း၊ ပြစ်မှုကျူးလွန်စဉ်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းချက်အပေါ် လုပ်ထုံးလုပ်နည်း နှင့်သာ သက်ဆိုင်သည့်အချက်ဖြစ်လျှင် နောက်ကြောင်း ပြန်အာဏာသက်ရောက်နိုင်ခြင်း ရှိ မရှိ ။**

**ဆုံးဖြတ်ချက်** ။ ။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ ပြဋ္ဌာန်းချက်အရ ကာလစည်းကမ်းသတ်ကျော်လွန်သည့်ကိစ္စတွင် အယူခံသူကဖြစ်စေ၊ လျှောက်ထားသူကဖြစ်စေ၊ လုံလောက် သော အကြောင်းပြနိုင်ရမည်ဖြစ်သည်။ သို့သော် အယူခံသူ

သို့မဟုတ် လျှောက်သူကခန့်အပ်သည့်ရှေ့နေသည် မိမိကို စာမျက်နှာ လွှဲအပ်သည့်အမှုသည်ကိုယ်စား မှုခင်းကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ခွင့်ရှိသူဖြစ်ပြီး ရှေ့နေ၏ဆောင်ရွက်မှုသည် အမှုသည် ကိုယ်တိုင်၏ ဆောင်ရွက်မှုဟုမှတ်ယူရမည်ဖြစ်သည်။ ကာလ စည်းကမ်းသတ်ကျော်လွန်သည့်ကိစ္စတွင် အမှုသည်ကိုယ်စား ရှေ့နေက ကျမ်းကျိန်လျှောက်ထားခွင့်မရှိကြောင်း ကန့်သတ် သည့် စီရင်ထုံးဖွဲ့မှုမျိုးမတွေ့ရှိရပေ။ လျှောက်ထားခံရသူ အမှတ် (၂) ၏ ရှေ့နေတင်ပြသော **ဒေါ်အုန်းစိန်နှင့် ဒေါ်နှင်းဆီ (ခ) ဟဖီဘီဘီ အမှု** [၂] တွင် အမှုသည်၏ ပေါ့လျော့မှုလည်းရှိနေ၍ ထိုအချက်ကြောင့် ကာလစည်းကမ်းသက်ကျော်လွန်သည့် ကိစ္စကို ခွင့်ပြုပေးရန် ရှေ့နေကအကြောင်းပြခြင်းကို လက်ခံရန်မသင့် ကြောင်း ဆုံးဖြတ်ထားခြင်းဖြစ်၍ ရှေ့နေက ကျမ်းကျိန်လျှောက် ထားခွင့်မရှိဟူသော တင်ပြချက်နှင့် မကိုက်ညီသောကြောင့် လျှောက်ထားခံရသူအမှတ် (၂) ရှေ့နေ၏ လျှောက်ထားချက်ကို လက်ခံရန်မသင့်ပေ။

**ထပ်မံဆုံးဖြတ်ချက်။ ။** ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၁) ပြဋ္ဌာန်းချက်အရ ပြင်ဆင်မှုရုံးသည် ပုဒ်မ ၄၂၃၊ ၄၂၆၊ ၄၂၇ နှင့် ၄၂၈ တို့အရ အယူခံရုံးအား အပ်နှင်းထားသည့် အာဏာကို

ရရှိသည်။ မူလရုံးတရားလို (လျှောက်ထားခံရသူအမှတ် ၂) က စာမျက်နှာ မူလရုံးတရားခံများ (လျှောက်ထားသူများ) အပေါ် ပြစ်ဒဏ် တိုးမြှင့်ပေးရန် တိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်မှုတင်သွင်းစဉ်က လျှောက်ထားသူတို့သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၆) ပြဋ္ဌာန်းချက်နှင့်အညီ ပြစ်မှုထင်ရှားစီရင်ခြင်း မပြုထိုက်ကြောင်း တင်ပြခွင့်ရှိသော်လည်း လာရောက်တင်ပြတောင်းဆိုခြင်းမပြုသဖြင့် ဥပဒေနှင့်အညီ တောင်းဆိုနိုင်သည့် အခွင့်အရေးမှာ ဆုံးရှုံးသွားပြီဖြစ်၍ ဤပြင်ဆင်မှုတွင် အပြီးအပြတ်လွှတ်ပေးရန် တောင်းဆိုခွင့်မရှိတော့ပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀-၁-၂၀၁၆ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေပုဒ်မ ၇ (ဃ) အရ ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးသည် တရားဥပဒေကခွင့်ပြုသည့် အလုပ်ထောင်ဒဏ်နှင့်တကွ တစ်နှစ်ထက်မပိုသောထောင်ဒဏ်၊ ကျပ်ငါးသောင်းထက်မပိုသည့် ငွေဒဏ်ကို ချမှတ်နိုင်သည်။ ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ (စ) တွင် လုပ်ထုံးလုပ်နည်းနှင့်သာသက်ဆိုင်သော ဥပဒေတွင် တစ်နည်းတစ်ဖုံဖော်ပြထားခြင်းမရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်း

ပြန်၍ အာဏာသက်ရောက်မှုရှိစေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်း စာမျက်နှာ ထားသည်။

မူလရုံးအမိန့်ချမှတ်သည့် တရားသူကြီးသည် ဒုတိယတန်း ရာဇဝတ်အာဏာရ တရားသူကြီးဖြစ်၍ ငွေဒဏ်ကျပ်ငါးသောင်း အထိချမှတ်နိုင်သဖြင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က လျှောက်ထားသူများအပေါ် ငွေဒဏ်ကျပ်နှစ်သောင်းစီ ပေးဆောင် စေရန် တိုးမြှင့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှု ရှိပေသည်။

မမိဦး ပါ ၂၀ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၈၂

**တရားရုံးတစ်ရုံးသည် မိမိဆည်းပူးလေ့လာမှုမရှိသော စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်သည့်ကိစ္စတွင် အထူးတတ်သိ၍ ကျွမ်းကျင်သောသူပါရဂူများက ကျွမ်းကျင်မှုအပေါ် အခြေပြုပြီး ဆောင်ရွက်ရမည့် သီးခြားကိစ္စများတွင် ပါရဂူ၏ ထင်မြင်ချက်သက်သက်အပေါ် ပါရဂူကို စစ်ဆေးခြင်း ဖြင့် ၎င်းပါရဂူက ရှင်းလင်းတင်ပြသည့် အထောက်အကူ မရှိဘဲ မဆုံးဖြတ်သင့်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ စုံစမ်းစစ်ဆေးသောအမှုနှင့် ပတ်သက်သည့်

ကိစ္စတွင် အထူးတတ်သိ၍ ကျွမ်းကျင်သောသူ တစ်နည်းအား ဖြင့် ပါရဂူ၏ထင်မြင်ချက်သည် သက်သေခံအက်ဥပဒေပုဒ်မ ၄၅ အရ သက်သေခံဝင်သော်လည်း ပါရဂူ၏ထင်မြင်ချက်ကို ရယူ သောအခါ သက်သေခံအက်ဥပဒေပုဒ်မ ၆၀ အရ အခြားသက်သေ များနည်းတူ ရုံးသို့ခေါ်ယူစစ်ဆေးရမည်ဖြစ်သည်။ ပါရဂူသေဆုံး ခဲ့လျှင်ဖြစ်စေ၊ သက်သေအဖြစ်ဆင့်ခေါ်ပါက အချိန်ကြန့်ကြာ ရန်၊ စရိတ်စကအကုန်အကျများရန် အကြောင်းရှိလျှင်ဖြစ်စေ သက်သေခံအက်ဥပဒေပုဒ်မ ၅၇ အရ ၎င်းရေးသားထားသည့် ကျမ်းကို သက်သေခံအဖြစ်အသုံးပြုခွင့်ရှိပြီး ပါရဂူကို ရုံးသို့ ခေါ်ယူစစ်ဆေးရန်မလွယ်ကူက ကော်မရှင်နာခန့်အပ်စစ်ဆေး နိုင်မည်ဖြစ်သည်။ ထို့ပြင် ပြစ်မှုများ၌ ပါရဂူကို ရုံးသို့ ခေါ်ယူ စစ်ဆေးမှသာ တရားရုံးအနေဖြင့် ပါရဂူ၏ထင်မြင်ချက် ချိန်ဆ ရာ၌လွယ်ကူမည်ဖြစ်သည်။ စာမျက်နှာ

စာချုပ်ပေါ်ရှိလက်မှတ်ကို တရားရုံးက မိမိကိုယ်တိုင် ထင်မြင်ချက်နှင့် လက်ရေးပါရဂူ၏ထင်မြင်ချက်ကို အထောက်အပံ့ ယူပြီး ဆုံးဖြတ်ထားသည်ကို တွေ့ရှိရသည်။ လက်ရေးပါရဂူ ၏ထင်မြင်ချက်ကို သက်သေခံတင်သွင်းထားသော်လည်း လက် ရေးပါရဂူကို ရုံးရှေ့တွင် သက်သေအဖြစ် ခေါ်ယူခြင်းမရှိသည့်

အတွက် တရားခံဘက်မှ ပြန်လှန်စစ်မေးခွင့်လည်း ဆုံးရှုံးခဲ့သည် ကိုတွေ့ရသည်။ စာမျက်နှာ

တရားရုံးတစ်ရုံးသည် မိမိဆည်းပူးလေ့လာမှု မရှိသော စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်သည့်ကိစ္စတွင် အထူးတတ်သိ၍ ကျွမ်းကျင်သောသူ ပါရဂူများက ကျွမ်းကျင်မှုအပေါ်အခြေပြုပြီး ဆောင်ရွက်ရမည့် သီးခြားကိစ္စများတွင် ပါရဂူ၏ထင်မြင်ချက် သက်သက်အပေါ် ပါရဂူကိုစစ်ဆေးခြင်းဖြင့် ၎င်းပါရဂူက ရှင်းလင်းတင်ပြသည့် အထောက်အကူမရှိဘဲ မဆုံးဖြတ်သင့်ချေ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နှင့် ဦးအောင်စိုး ၆၀

**လုပ်ထုံးလုပ်နည်းအရ ပုံစံ ၇ ထုတ်ပေးရန်အတွက် လုပ်ပိုင်ခွင့်ရှိသူသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သာဖြစ်ခြင်း၊ လယ်ယာမြေဥပဒေပုဒ်မ ၉ (ခ) နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ ၇ ရရှိထားသူက ရရှိထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ (က) ပါ အဂတိလိုက်စားမှုကို ကျူးလွန် ခြင်း ဟုတ် မဟုတ်။**

(၄)                                   ညွှန်းချက်

**ဆုံးဖြတ်ချက်။** ။ လယ်ယာမြေဥပဒေပုဒ်မ ၄ အရ လယ်ယာ     စာမျက်နှာ
မြေအသုံးပြုခွင့်ရရှိထားသူသည် ပုံစံ ၇ ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ တစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရပြီး မြို့နယ်ဦးစီး ဌာနရုံးက လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရခြင်း ဖြစ်ရာ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ လျှောက်ထား ချက်မပြည့်စုံပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့က လျှောက်ထားချက်ကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ရရှိရန် ဆက်လက်တင်ပြမည်မဟုတ်ပေ။ လုပ်ထုံးလုပ်နည်းအရ ပုံစံ ၇ ထုတ်ပေးရန်အတွက် လုပ်ပိုင်ခွင့် ရှိသူသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ် ယာမြေစီမံခန့်ခွဲရေးအဖွဲ့သာဖြစ်ကြောင်း တွေ့ရှိရသည်။ ပုံစံ ၇ အား လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူက လျှောက်ထားနိုင် သည်ဖြစ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးအနေနှင့်လည်း ၎င်းအသုံး ပြုခွင့်ရရှိထားသောမြေကို ပုံစံ ၇ လျှောက်ထားနိုင်သည့် အလျောက် ထိုသို့လျှောက်ထားခြင်းကို လုပ်ပိုင်ခွင့်အလွဲသုံးစား ပြုလုပ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ညွှန်းချက် (၃)

**ထပ်မံဆုံးဖြတ်ချက်။** ။ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ ၇ ရရှိ စာမျက်နှာ ထားသူသည် လုပ်ပိုင်ခွင့်ကိုသတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်ရှိကြောင်း၊ လယ်ယာမြေဥပဒေပုဒ်မ ၉ (ခ) တွင် ပြဋ္ဌာန်းထားသည်။ သက်ဆိုင်ရာ ဥပဒေစည်းကမ်းချက်များနှင့်အညီ ရရှိထားသော လယ်ယာမြေလုပ်ပိုင် ခွင့် ပုံစံ ၇ ကို ရောင်းချခဲ့ခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ (က) ပါ အဂတိလိုက်စားမှု ကျူးလွန်ခြင်းမဟုတ်ပေ။

ဦးကျော်သူရလှိုင် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀

**ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးသည့်နောက် အဆိုပါဥပဒေကို ပြင်ဆင်သည့်ဥပဒေဖြင့် အရေးယူခြင်းသည် နောက်ကြောင်းပြန် အာဏာသက်ရောက်ခြင်းဟုတ် မဟုတ်၊ တရားလိုအားစစ်မေးစဉ် တရားခံဘက်မှ စပ်ဆိုင်သော စာမှတ်စာတမ်းများတင်သွင်းမှုအပေါ် သက်သေခံအဖြစ် လက်ခံရန် စောလွန်းကြောင်း လျှောက်ထားချက်အား လက်ခံရန် သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို

(ပ) ညွှန်းချက်

စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည့် စာမျက်နှာ "ပုဒ်မ ၃ ၏ ပုဒ်မခွဲ (ဂ) ကျော်စောသတင်း" ဟူသောစကားရပ်သည် အဂတိလိုက်စားမှုများကို စုံစမ်းဖော်ထုတ်ရာ၌ လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းကို ပိုမိုရှင်းလင်းမြင်သာစေရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူနိုင်သည်။ လုပ်ထုံးလုပ်နည်းနှင့်သာ သက်ဆိုင်သောကိစ္စရပ်များသည် အဆိုပါဥပဒေတွင် တစ်နည်းတစ်ဖုံ ဖော်ပြထားခြင်းမရှိလျှင် နောက်ကြောင်းပြန်၍ အာဏာသက် ရောက်မှုရှိသည်ဖြစ်ရာ လျှောက်ထားခံရသူ (၂) (၃) (၄) တို့၏ တရားလွှတ်တော်ရှေ့နေများက ယခုအမှုသည် နောက်ကြောင်းပြန် အာဏာသက်ရောက်စေသည့် အမှုဖြစ်၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှုအား လက်ခံရန် အကြောင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။ ။** မှုခင်းများကိုစစ်ဆေးကြားနာရာတွင် နှစ်ဘက်အမှုသည်တို့အကြား မျှတမှု၊ ဥပဒေနှင့်ညီညွတ်မှု၊ ထုချေပိုင်ခွင့် အပြည့်အဝရရှိစေမှုတည်းဟူသော တရားမျှတမှုကို တရားရုံးများက ဟန်ချက်ညီညီကျင့်သုံးလေ့ရှိကြသည်။ ရာဇဝတ်မှုခင်းများကို စစ်ဆေးရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကြသည်။

တရားလိုအား စစ်ဆေးဆဲအဆင့်ဖြစ်ပြီး စွပ်စွဲခံရသူ စာမျက်နှာ တင်ပြလိုသော စာမှတ်စာတမ်းကို သက်သေတင်ပြခွင့် ကျန်ရှိနေသေးသည့်အခြေအနေတွင် ရုံးခေါ်သက်သေ ခေါ်ယူစစ်ဆေးခွင့်ပြုမည်ဆိုပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၁ မှ ပုဒ်မ ၂၅၉ပါ ပြဋ္ဌာန်းချက်များကို အဟောသိကံ ဖြစ်စေသည်မှာ မြင်သာသည်။ ၁၅-၆-၂၀၁၈ ရက်နေ့ အမှုခေါ်စာရင်းနှင့် အမှုတွဲနေ့စဉ်မှတ်တမ်း၊ ၃-၇-၂၀၁၈ ရက်စွဲပါ အမှုနေ့စဉ်မှတ်တမ်းများ၏ တာဝန်ခံမိတ္တူများကို သက်သေခံတင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က သက်သေခံအဖြစ်လက်ခံခဲ့သော စာမှတ်စာတမ်းများသည် သက်သေခံဥပဒေပုဒ်မ ၅ နှင့် ၉ တို့အရ အမှုနှင့်စပ်ဆိုင်ကြောင်းပေါ်ပေါက်လျက်ရှိသည့်အပြင် သက်သေခံဥပဒေပုဒ်မ ၇၄၊ ၇၆ တို့အရ လက်ခံထိုက်သည့် သက်သေခံအရာများဖြစ်ကြောင်း မြင်သာထင်ရှားသဖြင့် သက်သေခံအဖြစ် လက်ခံရန် စောလွန်းနေကြောင်း ရှေ့နေချုပ်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူး၏ အကြောင်းပြလျှောက်ထားမှုကို လက်ခံသင့်မည် မဟုတ်ပေ။

+၂၀၁၉ ခုနှစ်

ဇန်နဝါရီလ ၂၈ ရက်

## ရာဇဝတ်အထူးအယူခံမှု

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးသာဌေး၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊**

**ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည်၊ ဦးမျိုးဝင်းတို့ရှေ့တွင်**

**မောင်ကျော်မင်းထက် (ခ) မင်းမင်း**

**နှင့်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ***

**စုံစမ်းထောက်လှမ်းမှုတွင် ရှာဖွေပိုင်ခွင့်နှင့်စပ်လျဉ်း၍ လိုက်နာရမည့် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် ညီညွတ်ပြီး ဥပဒေ၊ နည်းဥပဒေကဲ့သို့ တိကျစွာလိုက်နာရန် မလိုအပ်သော အစဉ်တစိုက်လိုက်နာကျင့်သုံးအပ်သည့် ကျင့်စဉ် ပျက်ကွက်ခြင်းသည် ရှာဖွေပုံနည်းလမ်းမကျမှုတစ်ခုသာ ဖြစ်ပြီး အမှုပျက်ပြယ်ရန်အကြောင်းမရှိသော နည်းလမ်း**

---

* ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၆

\+ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၉၇၆ (ခ) တွင်ချမှတ်သော ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကို အထူးအယူခံမှု

၂၀၁၉ ခုနှစ်

မောင်ကျော်မင်းထက်

နှင့်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

**မကျူးမှု တစ်ခုသာဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ရှာဖွေခြင်းဆိုင်ရာ ယေဘုယျပြဋ္ဌာန်းချက်များ တစ်နည်းအားဖြင့် ရှာဖွေရာတွင် လိုက်နာရမည့် ယေဘုယျ လုပ်ထုံးလုပ်နည်းများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၂၊ ၁၀၃ တွင် ပြဋ္ဌာန်းထားသည်။

ရှာဖွေမည့်နေအိမ်၊ အဆောက်အအုံနေရာသို့ ဝင်ရောက်ခြင်းမပြုမီ ရဲတပ်ဖွဲ့ဝင်နှင့်သက်သေများ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်စစ်ဆေးရှာဖွေရမည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ရှာဖွေမည့်အဖွဲ့ သို့မဟုတ် ရှာဖွေရာတွင်ပါဝင်သူ တစ်စုံတစ်ယောက်က ပြစ်မှုမကင်းသည့် အရာဝတ္ထုတစ်စုံတစ်ရာကို လျှို့ဝှက်ဖုံးကွယ်၍ သွင်းယူလာသည်ဟူ၍ တရားခံဘက်မှ စွပ်စွဲမှုပြုလာနိုင်ဖွယ်ရှိသောကြောင့်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ထိုသို့ စွပ်စွဲမှုမပြုနိုင်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် မပျက်မကွက်ဆောင်ရွက်ရမည့်အချက်ဖြစ်ကြောင်း သတိပြုရန် ရဲလက်စွဲအပိုဒ် ၁၇၀၈ တွင် ဖော်ပြထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ သက်သေနှစ်ဦးကို ကြိုတင်ခေါ်ယူထားပြီး အဆိုပါသက်သေနှစ်ဦးရှေ့တွင် ရှာဖွေခြင်းဖြစ်သဖြင့်

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၃ နှင့်ညီညွတ်သည်မှာလည်း ထင်ရှားသည်။ သို့သော် ရှာဖွေခြင်းမပြုမီ ရှာဖွေမည့်အဖွဲ့သို့မဟုတ် ရှာဖွေရာတွင်ပါဝင်သူ တစ်စုံတစ်ယောက်က ပြစ်မှုမကင်းသည့် အရာဝတ္ထုတစ်စုံတစ်ရာကို လျှို့ဝှက်ဖုံးကွယ်၍ သွင်းယူလာသည်ဟူ၍ တရားခံဘက်မှ စွပ်စွဲမှုပြုလာနိုင်ဖွယ်ရှိသောကြောင့် ထိုသို့စွပ်စွဲမှုမပြုနိုင်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရဲတပ်ဖွဲ့ဝင်နှင့်သက်သေများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စစ်ဆေးရှာဖွေရမည်ဆိုသော မပျက်မကွက်ဆောင်ရွက်ရမည့် ရဲလက်စွဲအပိုဒ်ကိုလိုက်နာရန် ပျက်ကွက်သည်မှာ မြင်သာပေသည်။

စုံစမ်းထောက်လှမ်းမှုတွင် ရှာဖွေပိုင်ခွင့်နှင့်စပ်လျဉ်း၍ လိုက်နာရမည့် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်ညီညွတ်ပြီး ဥပဒေ၊ နည်းဥပဒေကဲ့သို့ တိကျစွာလိုက်နာရန် မလိုအပ်သော အစဉ်တစိုက် လိုက်နာကျင့်သုံးအပ်သည့် ကျင့်စဉ်ပျက်ကွက်ခြင်းသည် ရှာဖွေပုံနည်းလမ်းမကျမှုတစ်ခုသာဖြစ်သည်။ အချင်းဖြစ်နေရာတွင် ရှာဖွေမှုမရှိသည့်ပျက်ကွက်မှုမှာ ရှာဖွေပုံနည်းလမ်းမကျမှုဖြစ်ပြီး အဆိုပါရှာဖွေပုံ နည်းလမ်းမကျမှုသည် အမှုပျက်ပြယ်ရန်အကြောင်းမရှိသော နည်းလမ်းမကျမှုတစ်ခုသာဖြစ်သည်။

အယူခံတရားလိုအတွက် - ဦးပို၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်သီသီရွှေ၊ ညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ရေဦးမြို့နယ်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၇၉ တွင် တရားခံ ကျော်မင်းထက် (ခ) မင်းမင်း အပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆ (ဂ) အရ ထောင်ဒဏ် ၇ နှစ်ကျခံစေရန်၊ ယာဉ်အမှတ် (MDY-7B/ 6501) ကို ပြည်သူ့ဘဏ္ဍာသိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်အပေါ် တရားခံက ရွှေဘိုခရိုင်တရားရုံးသို့ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၄ ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် သို့ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၈၆ (ခ) ဖြင့် လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၉၇၆ (ခ) ဖြင့်လည်းကောင်း အဆင့်ဆင့်တင်သွင်းလျှောက်ထားရာ အောင်မြင်မှုမရရှိသဖြင့် အထူးအယူခံဝင်ခွင့်ရရှိရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာ (အထူး)

အမှတ် - ၅၅ ကို ဆက်လက်တင်သွင်းလျှောက်ထားရာ အောက်ပါ ပြဿနာအား ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

“ တရားခံ ကျော်မင်းထက် (ခ) မင်းမင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှားစီရင်သည့် ရေဦးမြို့နယ်တရားရုံးက ချမှတ်ခဲ့သည့်အမိန့်ကို ရွှေဘိုခရိုင်တရားရုံး၊ စစ်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှု ရှိ မရှိ”

အမှုမှာ ၅-၉-၂၀၁၆ ရက်နေ့ ၁၉:၅၅ နာရီတွင် မူးယစ်ဆေးဝါးသတင်းအရ တန့်ဆည်မြို့ဝင်/ မြို့ထွက် ဘီးခွန်ဂိတ်တွင် စောင့်ဆိုင်းနေစဉ် တန့်ဆည်မြို့ဘက်မှ ကျော်မင်းထက် (ခ) မင်းမင်း မောင်းနှင်လာသော ယာဉ်အမှတ် (MDY – 7B/ 6501) မော်တော်ယာဉ်အား ရပ်တန့်ပြီး ရှာဖွေရန်ပြုလုပ်စဉ် ယာဉ်မောင်းနှင်ထွက်ပြေးရန်ကြိုးစားသဖြင့် သက်သေများနှင့်အတူ ရေဦးရဲစခန်းသို့ ခေါ်ဆောင်ပြီးရှာဖွေရာ ယာဉ်ရှေ့ယာဘက်ခြမ်းဘေးတံခါးပေါက်ရှိခွက်ထဲမှ ခဲပြားတစ်ခုစီဖြင့်ပတ်ထားသော 88

နှင့် 1 စာတမ်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသည့် ဂတ်စ်မီးခြစ် ၁ လုံး၊ ယာဉ်မောင်းခြေနင်းပြားအောက်မှ ခေါက်ပိုက် ၁ ချောင်း၊ ယာဉ်နောက်ခန်းမှ ဆေးသုံးစွဲရာတွင်အသုံးပြုသည့် ရေသန့်ဗူးခွံ ၁ ခု၊ ခေါက်ပိုက် ၃၀ ချောင်းပါ ၁ ထုပ် တွေ့ရှိသိမ်းဆည်းရမိခြင်းကြောင့် ကျော်မင်းထက် (ခ) မင်းမင်းအား အရေးယူပေးရန် ဒုရဲအုပ်နေမျိုးအောင်က သတင်းပေးတိုင်ချက် ရေးဖွင့်ရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက အချင်းဖြစ်ကားကို ဖမ်းဆီးသည့်ဂိတ်တွင် ရှာဖွေစစ်ဆေးခြင်းမပြုဘဲ လုံခြုံရေးပျက်ပြားမည်၊ တရားခံထွက်ပြေးမည်ဟုအကြောင်းပြ၍ ၇ ဖာလုံခန့်ဝေးသော ရဲစခန်းသို့ တမင်ဖန်တီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း၊ ညအချိန်ခေါ်ဆောင်သွားခြင်းသည် ပွင့်လင်းမြင်သာရိုးသားမှုမရှိကြောင်း၊ ရှာဖွေခြင်းမပြုမီ ရှာဖွေခြင်းခံရမည့်သူက ရှာဖွေသူများ၏ ခန္ဓာကိုယ်ကို ရှာဖွေခွင့်ပြုရမည်မှာ ဥပဒေပြဋ္ဌာန်းချက်ဖြစ်သည်ကို ရဲအုပ်သက်ဆွေက ဝန်ခံထားကြောင်း၊ တရားခံကျော်မင်းထက် (ခ) မင်းမင်းက ရှာဖွေပုံစံတွင် ၎င်း၏ ပစ္စည်းမဟုတ်ကြောင်းငြင်းဆို၍ လက်မှတ်မထိုးခဲ့ကြောင်း၊

ဆေးပြားများကို တရားခံနှင့် သက်သေများရှေ့တွင်ထုတ်ပိုးပြီး ချိတ်တံဆိပ်နှိပ်ခြင်း၊ ချိတ်တံဆိပ်နှိပ်ထားသော အထုတ်ကို ဓာတုဗေဒဝန်ရုံးသို့ ပေးပို့ခြင်းမရှိကြောင်း ရှာဖွေသက်သေ ဦးကျော်နိုင်ထွန်း၏ထွက်ဆိုချက်အရ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေ အပိုဒ် ၂၆ (ဂ) ကို လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း ပေါ်ပေါက်သည့်အတွက် ရဲအရာရှိနှင့် ရှာဖွေသက်သေများ၏ ပြုမူဆောင်ရွက်ချက်များသည် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာမှုမရှိသဖြင့် တွေ့ရှိသည့်သက်သေခံပစ္စည်းသည် တရားခံကျော်မင်းထက် (ခ) မင်းမင်း၏ပစ္စည်း ဟုတ် မဟုတ် သံသယဖြစ်ဖွယ်တွေ့ရှိရကြောင်း၊ သံသယအကျိုးကို တရားခံသာလျှင် ခံစားခွင့်ရှိကြောင်း၊ သက်သေခံပစ္စည်း SURF ကားနှင့်ပတ်သက်၍ ပြစ်မှုနှင့်သက်ဆိုင်သည့်ဟူသော စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စဉ်းစားသင့်ကြောင်း၊ မူးယစ်ဆေးဝါးကို ကားဖြင့်သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းပြုလုပ်ခဲ့မှုမရှိသဖြင့် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းဟု မဆိုနိုင်ကြောင်း၊ ကားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် တရားရုံးအဆင့်ဆင့်၏ အမိန့်သည် မှန်ကန်ခြင်းမရှိသဖြင့် တရားခံ ကျော်မင်းထက် (ခ)

မင်းမင်းအား အမှုမှအပြီးအပြတ်လွှတ်ရန်နှင့် သက်သေခံပစ္စည်း SURF ကားကို ပြန်လည်ထုတ်ပေးသည့်အမိန့် ချမှတ်ပေးရန် လျှောက်ထားတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအရာရှိ ကြီးကြပ်ရေးမှူးက တရားခံကျော်မင်းထက် (ခ) မင်းမင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၁၀ ပြား၊ ပိုက် ၁ ထုပ်၊ ငွေရောင်ခဲပြား ၂ ပြား၊ ဂတ်စ်မီးခြစ် ၁ လုံး၊ ရေသန့်ဗူး ၁ ဗူးတို့ကို သိမ်းဆည်းရမိကြောင်း၊ သက်သေခံပစ္စည်း လိမ္မော်ရောင်ခေါက်ပိုက်နှင့် ရေသန့်ဗူးခွံတို့တွင် မက်အင်မ်ဖီတမင်း စမ်းသပ်တွေ့ရှိသည်မှာ သက်သေခံ - စ ဓာတုဗေဒဝန်ရုံးပြန်ကြားစာအရ ထင်ရှားကြောင်း၊ ရဲစခန်းမှူး သို့မဟုတ် အမှုစစ်အရာရှိက မိမိစုံစမ်းထောက်လှမ်းပိုင်သည့် ပြစ်မှုတစ်ခုခုကို စုံစမ်းထောက်လှမ်းရန်အတွက် လိုအပ်သည့် ပစ္စည်းတစ်စုံတစ်ရာကို မိမိတာဝန်ယူရသော သို့မဟုတ် မိမိအား တွဲဖက်တာဝန်ပေးထားသော ရဲစခန်းနယ်မြေတွင် မည်သည့်နေရာ၌မဆိုရှာဖွေနိုင်ကြောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၅ (၁) တွင် ပြဋ္ဌာန်းထားသဖြင့် မည်သည့်နေရာတွင်မဆိုရှာဖွေနိုင်ကြောင်း၊ အချင်းဖြစ်ကားကို သက်သေနှစ်ဦးရှေ့တွင် ရဲတပ်ဖွဲ့ဝင်များကရှာဖွေခဲ့ပြီး သက်သေနှစ်ဦးက

လက်မှတ်ရေးထိုးခဲ့သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (၁) (၂) (၃) တို့နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားခံက ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးခြင်းမပြုရုံမျှဖြင့် မူးယစ်ဆေးဝါးနှင့် ဆေးသုံးစွဲရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ထားခြင်းမရှိဟုမဆိုနိုင်ကြောင်း၊ မတရားဖမ်းဆီးဆောင်ရွက်ခဲ့သည်ဟုလည်း ပေါ်ပေါက်မှုမရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့် ဆေးသုံးစွဲရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တရားခံ၏အစီအမံဖြင့် လက်ဝယ်ထားရှိခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးရေးအဖွဲ့များက မမှန်မကန်ဆောင်ရွက်သည်၊ မဟုတ်မမှန် လုပ်ကြံစွပ်စွဲခဲ့သည်ဟု ပေါ်ပေါက်မှုမရှိကြောင်း၊ ဥပဒေနှင့်ဆန့်ကျင်သောပစ္စည်းတွေ့ရှိကြောင်း ထင်ရှားပေါ်ပေါက်လျှင် နည်းဥပဒေပြဋ္ဌာန်းချက်ကို တိကျစွာမလိုက်နာကာမျှဖြင့် အမှုတစ်ခုလုံးပျက်ပြယ်သည်ဟု မဆိုနိုင်ကြောင်း **ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် မောင်တင်ညွန့် အမှု** [၁] တွင် လမ်းညွှန်ထုံးဖွဲ့ထားသည့်အတွက် ပြစ်မှုထင်ရှားစီရင်ခဲ့သော တရားရုံးအဆင့်ဆင့်၏အမိန့်သည် ဥပဒေနှင့်ညီညွတ်ကြောင်း၊ အထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်ထား

၁။ ၁၉၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၃၆

တင်ပြသည်။

သက်သေခံပစ္စည်း ရှာဖွေသိမ်းဆည်းရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၃ (၁) (၂) နှင့် အညီ ရှာဖွေခဲ့ခြင်း ဟုတ် မဟုတ် တရားခံ ကျော်မင်းထက် (ခ) မင်းမင်း မောင်းနှင်သော ယာဉ်အတွင်းမှ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းကိရိယာများ တွေ့ရှိမှုတွင် ရှာဖွေပုံနည်းလမ်းမကျမှုကြောင့် တရားခံ၏အစီအမံဖြင့် ထားရှိခြင်း ဟုတ် မဟုတ်၊ သံသယဖြစ်ဖွယ် ရှိ မရှိ စိစစ်သုံးသပ်ရန် ဖြစ်သည်။

ရှာဖွေခြင်းတွင် ရှာဖွေနိုင်ခွင့်အခွင့်အာဏာအပေါ်မူတည်၍ လူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်ပေါ်၌ ရှာဖွေခြင်းနှင့် နေရာတစ်ခုခုသို့ ဝင်ရောက်ရှာဖွေခြင်းဟူသော ရှာဖွေခြင်း နှစ်မျိုးရှိပေသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ ရှာဖွေရေးအရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိတစ်ဦးသည် အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သော အဆောက်အအုံ၊ နေရာ၊ ယာဉ်တစ်ခုခုတွင် ရှာဖွေ

အမိန့် (ဝရမ်း) မပါဘဲ ဝင်ရောက်စစ်ဆေးရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်းတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေ အပိုဒ် ၁၉ တွင် ပြဋ္ဌာန်းထားသည်။

စုံစမ်းထောက်လှမ်းမှုနှင့်သက်ဆိုင်သည့် ရှာဖွေပိုင်ခွင့်နှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၅ အရ -

(၁) ရဲစခန်းမှူး သို့မဟုတ် အမှုစစ်အရာရှိက မိမိစုံစမ်းထောက်လှမ်းပိုင်သည့် ပြစ်မှုတစ်ခုခုကို စုံစမ်းထောက်လှမ်းရန်အတွက် လိုအပ်သည့်ပစ္စည်းတစ်စုံတစ်ရာကို မိမိတာဝန်ယူရသော သို့မဟုတ် မိမိအားတွဲဖက်တာဝန်ပေးထားသော ရဲစခန်းနယ်မြေတွင် မည်သည့်နေရာ၌မဆို ကိုယ်တိုင်ရှာဖွေနိုင်သည် သို့မဟုတ် ရှာဖွေစေနိုင်သည်။

(၂) ရဲအရာရှိသည် ဖြစ်နိုင်လျှင် ကိုယ်တိုင်ရှာဖွေရမည်။ ကိုယ်တိုင်မရှာဖွေနိုင်လျှင် ရှာဖွေရမည့်နေရာနှင့် ဖြစ်နိုင်လျှင် ရှာဖွေရမည့်ပစ္စည်း ဖော်ပြသည့်အမိန့်ကို လက်အောက်အရာရှိထံပေးအပ်၍ ရှာဖွေစေနိုင်

သည်။ လက်အောက်အရာရှိသည် ထိုနေရာတွင် အဆိုပါပစ္စည်းကိုရှာဖွေရမည်။

(၃) ရှာဖွေဝရမ်းများနှင့်စပ်လျဉ်းသော ဤကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၂၊ ၁၀၃ တို့တွင်ပါရှိသော ရှာဖွေခြင်းဆိုင်ရာ ယေဘုယျပြဋ္ဌာန်းချက်များသည် ဤပုဒ်မအရပြုလုပ်သည့် ရှာဖွေခြင်းနှင့် ဖြစ်နိုင်သဖြင့် သက်ဆိုင်စေရမည်ဖြစ်သည်။

ရှာဖွေခြင်းဆိုင်ရာ ယေဘုယျပြဋ္ဌာန်းချက်များ တစ်နည်းအားဖြင့် ရှာဖွေရာတွင်လိုက်နာရမည့် ယေဘုယျလုပ်ထုံးလုပ်နည်းများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၂၊ ၁၀၃ တွင် ပြဋ္ဌာန်းထားသည်။ နေရာတစ်ခုသို့ ဝင်ရောက်ရှာဖွေရာ၌ ထိုနေရာအတွင်း သို့မဟုတ် အနီးအနားတွင်ရှိသော လူတစ်ယောက်သည် ရှာဖွေရမည့်ပစ္စည်းကို ၎င်း၏ခန္ဓာကိုယ်၌ ဝှက်သိမ်းထားကြောင်း ယုတ္တိတန်စွာ သင်္ကာမကင်းဖွယ်ရှိပါက ထိုသူ၏ခန္ဓာကိုယ်၌ ရှာဖွေခွင့်ရှိကြောင်း ပုဒ်မ ၁၀၂ တွင် လည်းကောင်း၊ ရှာဖွေခြင်းမပြုမီ ရှာဖွေမည့်အရာရှိသည် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများကို ရှာဖွေမည့်နေရာသို့ လာရောက်

ကြည့်ရှုရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှာဖွေခြင်း လုံး၀ အစမပြုမီကတည်းက သက်သေများခေါ်ယူမှုကို ကြိုတင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပုဒ်မ ၁၀၃ တွင်လည်းကောင်း ပြဋ္ဌာန်းထားသည်။

ရှာဖွေမည့်နေအိမ် အဆောက်အအုံနေရာသို့ ၀င်ရောက်ခြင်းမပြုမီ ရဲတပ်ဖွဲ့၀င်နှင့် သက်သေများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စစ်ဆေးရှာဖွေရမည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့် ဆိုသော် ရှာဖွေမည့်အဖွဲ့ သို့မဟုတ် ရှာဖွေရာတွင်ပါ၀င်သူ တစ်စုံတစ်ယောက်က ပြစ်မှုမကင်းသည့် အရာ၀တ္ထုတစ်စုံတစ်ရာကို လျှို့၀ှက်ဖုံးကွယ်၍ သွင်းယူလာသည်ဟူ၍ တရားခံဘက်မှ စွပ်စွဲမှုပြုလာနိုင်ဖွယ်ရှိသောကြောင့်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ထိုသို့စွပ်စွဲမှုမပြုနိုင်စေရေးအတွက် ကြိုတင်ကာကွယ်သည့် အနေဖြင့် မပျက်မကွက် ဆောင်ရွက်ရမည့်အချက်ဖြစ်ကြောင်း သတိပြုရန် ရဲလက်စွဲအပိုဒ် ၁၇၀၈ တွင် ဖော်ပြထားသည်။

အမှုတွင် ရှာဖွေရေးအရာရှိအဖြစ် တာ၀န်ပေးအပ်ခြင်းခံရသော ဒုရဲအုပ် နေမျိုးအောင် အနေဖြင့် အများပြည်သူတို့ ၀င်ထွက်သွားလာနိုင်သည့် ရေဦး၊ တန့်ဆည်လမ်းမပေါ်တွင် မောင်းနှင်နေသည့် မော်တော်ယာဉ်ကို ရှာဖွေခြင်းဖြစ်သည့်

အတွက် ရှာဖွေဝရမ်းမလိုအပ်သည့်အပြင် မူးယစ်ဆေးဝါး သတင်းအရ ရှာဖွေရမည့်မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ကိုယ်တိုင် ရှာဖွေခြင်းဖြစ်ရာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၅(၁) အရ ၎င်းတာဝန်ယူရသည့် ရေဦးရဲစခန်းနယ်မြေတွင် မည်သည့်နေရာ မဆို ရှာဖွေနိုင်သည်ဖြစ်၍ စုံစမ်းထောက်လှမ်းမှုနှင့်သက်ဆိုင် သည့် ရှာဖွေပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟု ဆိုနိုင်မည်မဟုတ်ပေ။

ထို့ပြင် သက်သေနှစ်ဦးကို ကြိုတင်ခေါ်ယူထားပြီး အဆိုပါသက်သေနှစ်ဦးရှေ့တွင် ရှာဖွေခြင်းဖြစ်သဖြင့် ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၁၀၃ နှင့် ညီညွတ်သည်မှာလည်း ထင်ရှား သည်။ သို့သော် ရှာဖွေခြင်းမပြုမီ ရှာဖွေမည့်အဖွဲ့ သို့မဟုတ် ရှာဖွေရာတွင်ပါဝင်သူ တစ်စုံတစ်ယောက်က ပြစ်မှုမကင်းသည့် အရာဝတ္ထုတစ်စုံတစ်ရာကို လျှို့ဝှက်ဖုံးကွယ်၍ သွင်းယူလာ သည်ဟူ၍ တရားခံဘက်မှ စွပ်စွဲမှုပြုလာနိုင်ဖွယ်ရှိသောကြောင့် ထိုသို့စွပ်စွဲမှုမပြုနိုင်စေရေးအတွက် ကြိုတင်ကာကွယ်သည့် အနေဖြင့် ရဲတပ်ဖွဲ့ဝင်နှင့်သက်သေများ တစ်ဦးနှင့်တစ်ဦး အပြန် အလှန်စစ်ဆေး ရှာဖွေရမည်ဆိုသော မပျက်မကွက်ဆောင်ရွက်

ရမည့် ရဲလက်စွဲအပိုဒ်ကို လိုက်နာရန်ပျက်ကွက်သည်မှာ မြင်သာပေသည်။

မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများတွေ့ရှိမှုတွင် စုံစမ်းထောက်လှမ်းသူအရာရှိများ အစဉ်တစိုက်လိုက်နာကျင့်သုံးအပ်သည့် ကောင်းမွန်သော ကျင့်စဉ်များကိုလိုက်နာရန် ပျက်ကွက်ခြင်းသည် အမှုပျက်ပြယ်ရန်အကြောင်း ရှိ မရှိ ဆက်လက်သုံးသပ်ရန်ဖြစ်သည်။

သက်သေခံပစ္စည်းများသည် ၎င်း၏ပစ္စည်းမဟုတ်ကြောင်း ငြင်းဆိုပြီး ရှာဖွေပုံစံတွင် တရားခံ ကျော်မင်းထက် (ခ) မင်းမင်းက လက်မှတ်ရေးထိုးရန်လည်း ငြင်းဆန်ခဲ့သည်။ သက်သေခံ မူးယစ်ဆေးဝါးကို ကားရှေ့ခန်းတံခါးအံဝှက်အတွင်းမှတွေ့ရှိခြင်း၊ မက်အင်မ်ဖီတမင်းတွေ့ရှိသည့် လိမ္မော်ရောင် ခေါက်ပိုက်ကို ယာဉ်မောင်း၏ ခြေနင်းပြားအောက်မှတွေ့ရှိခြင်း၊ မက်အင်မ်ဖီတမင်းတွေ့ရှိသည့် ဝင်းစတားတံဆိပ်ပါ ရေသန့်ဗူးခွံကို ယာဉ်နောက်ခန်းမှ တွေ့ရှိခြင်းတို့မှာ အငြင်းမပွားပေါ်ပေါက်လျက်ရှိသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် သက်သေနှစ်ဦးရှေ့တွင်ရှာဖွေရာ အချင်းဖြစ်ယာဉ်အတွင်းမှ ရှာဖွေတွေ့ရှိခဲ့ခြင်းမှာလည်း အငြင်းမပွားပေ။ သို့သော် ရဲတပ်ကြပ် မင်းမင်းသန်းနှင့် တရားခံကျော်မင်းထက် (ခ) မင်းမင်းတို့ အချင်းများဖူးပြီး ရဲတပ်ကြပ်မင်းမင်းသန်းက အကြောင်းသိစေရမည်ဟု ကြိမ်းမောင်းဖူးသဖြင့် လုပ်ကြံခြင်းဟု တရားခံကတင်ပြလိုခြင်းဖြစ်ဟန်ရှိသည်။

ကားကိုရပ်တန့်ရန် စတင်တားသည့်လမ်းမပေါ်မှ ရှာဖွေသည့် ရေဦးရဲစခန်းရောက်သည်အထိ အချင်းဖြစ်ကားနှင့်တရားခံ၊ ရှာဖွေသက်သေ ၂ ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ တစ်ပါတည်းလိုက်ပါလာခြင်း၊ မော်တော်ယာဉ်အတွင်း သက်သေခံမူးယစ်ဆေးဝါးများကို ကားတွင်းတစ်နေရာမှ တွေ့ရှိရခြင်းကြောင့် ရဲတပ်ကြပ်မင်းမင်းသန်း စီစဉ်နိုင်ရန်မှာ ဖြစ်နိုင်ဖွယ်မရှိကြောင်းမြင်သာသည်။

ထို့ပြင် မည်သည့် ရဲတပ်ဖွဲ့ဝင်မဆို ပြစ်မှုမကင်းသည့် ပစ္စည်းတစ်စုံတစ်ရာကို ရှာဖွေသည့်နေရာသို့ တိတ်တဆိတ်ထည့်သွင်းရန် ကြံစည်ပြုလုပ်ပါက ရာဇသတ်ကြီးအရလည်းကောင်း၊ အခြားတည်ဆဲဥပဒေအရလည်းကောင်း အရေးယူခံရ

နိုင်ကြောင်း အထူးသတိချပ်ရန် ရဲလက်စွဲ အပိုဒ် ၁၇၀၉ တွင် ဖော်ပြထားပြီးဖြစ်သည်။ ရဲတပ်ကြပ် မင်းမင်းသန်း စီစဉ်မှုကို သိရှိသဘောတူသည့် ကျန်ရဲတပ်ဖွဲ့ဝင်များလည်း ပူးတွဲအရေးယူခံရမည်ဖြစ်ရာ ရဲတပ်ကြပ် မင်းမင်းသန်း၏ ဆောင်ရွက်မှုအပေါ် လိုက်နာသဘောတူရန်မှာ ခက်ခဲသည့်ကိစ္စရပ်ဖြစ်သဖြင့် ရဲတပ်ကြပ် မင်းမင်းသန်း စီစဉ်ခြင်းဖြစ်ကြောင်း တရားခံ၏စွဲချက်ကို လက်ခံစဉ်းစားရန် အကြောင်းမပေါ်ပေါက်ပေ။

ရဲတပ်ကြပ် မင်းမင်းသန်းက လုပ်ကြံဖန်တီးခြင်းဖြစ်ကြောင်း သက်သေပြရန် သက်သေခံအက်ဥပဒေပုဒ်မ ၁၀၆ အရ တရားခံ ကျော်မင်းထက် (ခ) မင်းမင်း၏ တာဝန်ဖြစ်သော်လည်း အဆိုပါ အချက်ကို သက်သေထင်ရှား ပြသနိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

စုံစမ်းထောက်လှမ်းမှုတွင် ရှာဖွေပိုင်ခွင့်နှင့်စပ်လျဉ်း၍ လိုက်နာရမည့် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်ညီညွတ်ပြီး ဥပဒေ၊ နည်းဥပဒေကဲ့သို့ တိကျစွာလိုက်နာရန် မလိုအပ်သော အစဉ်တစိုက် လိုက်နာကျင့်သုံးအပ်သည့် ကျင့်စဉ်ပျက်ကွက်ခြင်းသည် ရှာဖွေပုံနည်းလမ်းမကျမှု တစ်ခုသာဖြစ်သည်။ အချင်းဖြစ်နေရာတွင် ရှာဖွေမှုမရှိသည့် ပျက်ကွက်မှုမှာ ရှာဖွေပုံနည်းလမ်းမကျ

မှုဖြစ်ပြီး အဆိုပါရှာဖွေပုံနည်းလမ်းမကျမှုသည် အမှုပျက်ပြယ်ရန် အကြောင်းမရှိသော နည်းလမ်းမကျမှုတစ်ခုသာဖြစ်သဖြင့် တရားခံ ကျော်မင်းထက် (ခ) မင်းမင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(ဂ) အရ ပြစ်မှုထင်ရှားစီရင်သည့် ရေဦးမြို့နယ်တရားရုံးက ချမှတ်ခဲ့သည့်အမိန့်ကို ရွှေဘိုခရိုင်တရားရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်မှာ မြင်သာပေသည်။

သို့ဖြစ်၍ အောက်ဖော်ပြပါ အရေးယူလောက်သော ဥပဒေပြဿနာအပေါ် အောက်ပါအတိုင်း ဖြေကြားလိုက်သည် -

"တရားခံ ကျော်မင်းထက် (ခ) မင်းမင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (ဂ) အရ ပြစ်မှုထင်ရှားစီရင်သည့် ရေဦးမြို့နယ်တရားရုံးက ချမှတ်ခဲ့သည့်အမိန့်ကို ရွှေဘိုခရိုင်တရားရုံး၊ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်

မှန်ကန်မှု ရှိကြောင်း။”

ထို့ကြောင့် ဤအထူးအယူခံမှုကို ပလပ်သည်။

+၂၀၁၉ ခုနှစ်

ဇူလိုင်လ ၉ ရက်

**ရာဇဝတ်အယူခံမှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

**ဦးသာဌေးရှေ့တွင်**

**ဦးကျော်သူရလှိုင်**

**နှင့်**

**၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**၂။ ဦးစိုးသန့် ***

**လုပ်ထုံးလုပ်နည်းအရ ပုံစံ ၇ ထုတ်ပေးရန်အတွက် လုပ်ပိုင်ခွင့်ရှိသူသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သာဖြစ်ခြင်း၊ လယ်ယာမြေဥပဒေပုဒ်မ ၉ (ခ) နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ ၇ ရရှိထားသူက ရရှိထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃(က) ပါ အဂတိလိုက်စားမှုကို ကျူးလွန်**

* ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၃၅

\+ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃ တွင်ချမှတ်သော ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်စွဲပါ မွန်ပြည်နယ်တရားလွှတ်တော်၏အမိန့်အပေါ် တင်သွင်းသောအယူခံမှု

ခြင်း ဟုတ် မဟုတ်။

**ဆုံးဖြတ်ချက်။** ။ လယ်ယာမြေဥပဒေပုဒ်မ ၄ အရ လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူသည် ပုံစံ ၇ ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ တစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရပြီး မြို့နယ်ဦးစီးဌာနရုံးက လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရခြင်းဖြစ်ရာ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ လျှောက်ထားချက် မပြည့်စုံပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့က လျှောက်ထားချက်ကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ရရှိရန် ဆက်လက်တင်ပြမည်မဟုတ်ပေ။ လုပ်ထုံးလုပ်နည်းအရ ပုံစံ ၇ ထုတ်ပေးရန်အတွက် လုပ်ပိုင်ခွင့်ရှိသူသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သာဖြစ်ကြောင်း တွေ့ရှိရသည်။ ပုံစံ ၇ အား လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူက လျှောက်ထားနိုင်သည်ဖြစ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးအနေနှင့်လည်း ၎င်းအသုံးပြုခွင့်ရရှိထားသောမြေကို ပုံစံ ၇ လျှောက်ထားနိုင်သည့်အလျောက် ထိုသို့လျှောက်ထားခြင်းကို လုပ်ပိုင်ခွင့်အလွဲသုံးစားပြုလုပ်သည်

ဟု ဆိုနိုင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ ၇ ရရှိထားသူသည် လုပ်ပိုင်ခွင့်ကိုသတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်ရှိကြောင်း လယ်ယာမြေဥပဒေပုဒ်မ ၉ (ခ) တွင် ပြဋ္ဌာန်းထားသည်။ သက်ဆိုင်ရာ ဥပဒေစည်းကမ်းချက်များနှင့်အညီ ရရှိထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ ၇ ကို ရောင်းချခဲ့ခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ (က) ပါ အဂတိလိုက်စားမှုကို ကျူးလွန်ခြင်းမဟုတ်ပေ။

အယူခံတရားလိုအတွက် - ဦးစစ်ထွန်း၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားခံများအတွက် - (၁) ဒေါ်ခိုင်ခိုင်သွယ်၊လက်ထောက်
ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၂) ကိုယ်တိုင် (မလာ)

မွန်ပြည်နယ်တရားလွှတ်တော်၊ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃ တွင် တရားခံ ဦးကျော်သူရလှိုင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ အလုပ်နှင့်

ထောင်ဒဏ် (၇) နှစ်ကျခံစေရန် ချမှတ်ခဲ့သည့်အမိန့်ကို ကျေနပ်မှုမရှိသဖြင့် ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးကျော်သူရလှိုင်သည် ၂၀၁၃ ခုနှစ်အတွင်း ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်း ကျေးရွာ၊ ကွင်းအမှတ် (၁၇၆ - က)၊ ဇရပ်ကွင်း၊ ဦးပိုင်အမှတ် (N - ၃၆၃)၊ ဧရိယာ (၂) ကေကို ဝန်ခံချက်နှင့်တင်ပြချက်ပုံစံပါ လက်ရေးလက်မှတ်မတူ၊ အချက်အလက်များပြည့်စုံမှုမရှိဘဲ ၎င်း၏အမည်ဖြင့် ပုံစံ (၇) ထုတ်ယူပြီး ၂၀၁၆ ခုနှစ်တွင် ဒေါ်မေသူထံ ငွေကျပ်သိန်း ၃၉၅၀ ဖြင့် ရောင်းချခဲ့ကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ရာထူးအာဏာနှင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၏လုပ်ပိုင်ခွင့်များကို အသုံးပြု၍ အဂတိလိုက်စားမှုကျူးလွန်သည်ဟု စစ်ဆေးပေါ်ပေါက်၍ ဦးကျော်သူလှိုင်ကို အရေးယူပေးရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စစ်ဆေးရေးမှူးဦးစိုးသန့်က သတင်းပေးတရားစွဲဆိုမှုဖြစ်သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက ဦးစောနေဗလု (ခ) ဦးအောင်ဇမ္ဗူစိုး၏ တိုင်ကြားစာအရ

စစ်ဆေးအရေးယူခြင်းဖြစ်သော်လည်း ၎င်းသည်နှစ်နာသူတစ်ဦး အဖြစ်ပေါ်ပေါက်ခြင်းမရှိသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၄ နှင့်ဆန့်ကျင်လျက်ရှိကြောင်း၊ ဦးကျော်သူရလှိုင် သည် လယ်ယာမြေဥပဒေပြဋ္ဌာန်းခြင်း မပြုမီကတည်းက တည်ဆဲမြေယာဥပဒေများနှင့်အညီ တရားဝင် လက်ရှိလက်ငုတ် လုပ်ကိုင်နေသူဖြစ်၍ ၎င်းအား လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ထုတ်ပေးခဲ့ခြင်း မှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟု မဆိုနိုင်ကြောင်း၊ ပုံစံ (၇) ရှိ ထားသည့်မြေကိုရောင်းချ၍ ငွေကြေးရယူခဲ့ခြင်းမှာ လာဘ်ပေး လာဘ်ယူပြုလုပ်ခဲ့ခြင်းမဟုတ်၍ ယင်းဥပဒေပုဒ်မ ၅၆ နှင့် အကျုံးဝင်ခြင်းမရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃ (က) ပြဋ္ဌာန်းချက်ပါ လာဘ်ပေးလာဘ်ယူမှုကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ တရားလိုနှင့်တရားလိုပြသက်သေ များက ထွက်ဆိုခြင်းမရှိဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းလျက် ရှိကြောင်း၊ ဦးကျော်သူရလှိုင်သည် ကျိုက်ထိုမြို့နယ် လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးဦးမြင့်ဝေနှင့် ပူးပေါင်း ဆောင်ရွက်၍ ပုံစံ (၇) ရယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့ခြင်း လုံးဝ

မရှိသည့်အပြင် ၎င်းအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ (၇) ထုတ်ပေးထားသည့်မြေကွက်မှာ ယခုအချိန် အထိ အတည်ဖြစ်လျက်ရှိပြီး လယ်ယာမြေမှုခင်းတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့မှုမရှိကြောင်း၊ ပုဂ္ဂလိကမြေယာအငြင်းပွားမှုဖြစ် ကြောင်း ပေါ်ပေါက်နေပါလျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူအပြစ်ပေးခဲ့ခြင်းမှာ မျှားစွာနစ်နာကြောင်း၊ အမှုမှအပြီးအပြတ် လွှတ်ပေးသင့်ကြောင်း လျှောက်ထားတင်ပြ သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြား ရေးမှူးက သက်သေခံ (စ၂-၅) ကျေးရွာလယ်ယာမြေစီမံခန့်ခွဲ ရေးအဖွဲ့၏ ထောက်ခံချက်အပေါ်တွင် ဦးကျော်သူရလှိုင် လက်မှတ်ရေးထိုးခဲ့သဖြင့် ၎င်းသည် ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်နှင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌ၏လုပ်ပိုင်ခွင့် ကို အသုံးပြု၍ လယ်ယာမြေပုံစံ (၇) ကို မမှန်မကန်ရယူခဲ့ခြင်း ဖြစ်ကြောင်း၊ ပုံစံ (၇) ရရှိထားသောမြေကွက်ကို ဦးလွင်မိုး၊ ဒေါ်မေသူတို့အား ရောင်းချ၍ ငွေကြေးရယူခဲ့ကြောင်း၊ ကင်မွန်း ချောင်းကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကွင်းအမှတ် (၁၇၆ /က)၊ ဇရပ်ကွင်း၊ ဦးပိုင်အမှတ် (N-၃၆၃)၊

ဧရိယာ (၂) ကေကို မည်သို့ရရှိကြောင်း အကြောင်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့်အပြင် ၎င်းပိုင်ဆိုင်ခြင်းမရှိသော မြေကွက်ကို ပုံစံ (၁) တွင် မမှန်မကန်ဖြည့်စွက် ဖော်ပြလျှောက်ထားခဲ့ကြောင်း၊ ဦးကျော်သူရလှိုင်က ဦးသက်ဦးထံမှ ဝယ်ယူခဲ့သော မြေကွက်နှင့် လယ်ယာမြေပုံစံ (၇) ရယူပြီး ဦးလွင်မိုး၊ ဒေါ်မေသူတို့ထံရောင်းချခဲ့သော မြေကွက်မှာတူညီမှုမရှိကြောင်း၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့်ကိုအသုံးပြု၍ ဦးမြင့်ဝေနှင့်ပူးပေါင်းပြီး မမှန်မကန်ရယူထားသော လယ်ယာမြေပုံစံ (၇) ရရှိထားသောမြေကွက်အား ဦးလွင်မိုး၊ ဒေါ်မေသူထံရောင်းချပြီး ငွေကြေးရယူခဲ့ကြောင်းပေါ်ပေါက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် မှန်ကန်ကြောင်း၊ အယူခံမှုကိုပလပ်ပေးရန် လျှောက်ထားသည်။

အမှုတွင် အဓိကဆုံးဖြတ်ရမည့်အချက်မှာ အယူခံတရားလိုသည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ အဂတိလိုက်စားခဲ့ခြင်း ရှိ မရှိဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ (က) အရ အဂတိလိုက်စားမှုဆိုသည်မှာ မည်သူမဆို ရာထူးတာဝန်ကို

အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကိုပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန် အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ဦးစောနေဗလု (ခ) ဦးအောင်ဇမ္ဗူစိုးက ဦးအောင် (ခ) ဦးသန်းအောင်ထံမှဝယ်ယူခဲ့သော ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၇၅)၊ ဦးပိုင်အမှတ် (N - ၁၈)၊ ကဒတ်ချောင်းကွင်းအပြင်ကွင်းကို ကင်မွန်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်သူရလှိုင်က ပုံစံ (၇) ထုတ်ယူ၍ ရပ်ရှင်သရုပ်ဆောင်ဦးလွင်မိုးအား ရောင်းချခဲ့ခြင်းအပေါ် အရေးယူပေးရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြား

ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဦးကျော်သူရလှိုင်က ဦးထွန်းငွေအမည်နှင့် မြေခွန်ဆောင်ထားသော ပြေစာရှိသည့် အချင်းဖြစ်မြေကို ၎င်း၏တူဦးသက်ဦးထံမှ ငွေကျပ် ၆ သိန်းခွဲနှင့်ဝယ်ယူခြင်းဖြစ်ကြောင်း တင်ပြခဲ့သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ကွင်းဆင်းစိစစ်တိုင်းတာခဲ့ရာ အချင်းဖြစ်မြေနေရာမှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို နှစ်ရှည်သီးပင်၊ ဥယျာဉ်ခြံ သီးနှံစိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသောအမိန့်စာ သက်သေခံ (ည - ၁) အရ ဦးသန့်ဇော်ရွှေအား အနှစ် (၃၀) လုပ်ကိုင်ခွင့်ပြုခဲ့သော မြေဖြစ်ကြောင်း တွေ့ရသည်။

ဦးကျော်သူရလှိုင်က ကျိုက်ထိုမြို့နယ်၊ ကင်းမွန်းချောင်းကျေးရွာ၊ ကွင်းအမှတ် (၁၇၆ - က)၊ ဇရပ်ကွင်း၊ ဦးပိုင်အမှတ် (N - ၃၆၃)၊ ဧရိယာ (၂.၀၀) ဧကရှိ မြေကွက်ကို ပုံစံ (၇) ရရန်အတွက် ပုံစံ (၁) ဖြည့်သွင်းလျှောက်ထားရာတွင် ဝန်ခံချက်နှင့် တင်ပြချက်ပုံစံပါ လက်ရေးလက်မှတ်မတူ၊ အချက်အလက်များပြည့်စုံခြင်းမရှိဘဲ လျှောက်ထားကြောင်း၊ တရားလိုမှတင်ပြထားသည်။ သထုံခရိုင် မြေစာရင်းဦးစီးမှူး ဦးတင်အောင်ကြည် (လိုပြ- ၁၄)က လယ်ယာမြေ ပုံစံ (၇) လျှောက်ထားသူများသည် ကျေးရွာမှတစ်ဆင့် မြို့နယ်၊ မြို့နယ်၏ထောက်ခံချက်ဖြင့်

ခရိုင်အစည်းအဝေးဆုံးဖြတ်ချက် ချမှတ်ကာ အတည်ပြုပေးကြောင်း လျှောက်ထားပုံအဆင့်ဆင့်ကို တင်ပြခဲ့သည်။

လယ်ယာမြေဥပဒေပုဒ်မ ၄ အရ လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူသည် ပုံစံ (၇) ရရှိရန် သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ တစ်ဆင့်မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရပြီး မြို့နယ်ဦးစီးဌာနရုံးကလျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရခြင်းဖြစ်ရာ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ လျှောက်ထားချက်မပြည့်စုံပါကမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့က လျှောက်ထားချက်ကိုခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ရရှိရန်ဆက်လက်တင်ပြမည်မဟုတ်ပေ။ လုပ်ထုံးလုပ်နည်းအရ ပုံစံ (၇)ထုတ်ပေးရန်အတွက် လုပ်ပိုင်ခွင့်ရှိသူသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သာဖြစ်ကြောင်းတွေ့ရှိရသည်။ ပုံစံ (၇) အား လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူက လျှောက်ထားနိုင်သည်ဖြစ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးအနေနှင့်လည်း ၎င်းအသုံးပြုခွင့်ရရှိထားသောမြေကို ပုံစံ (၇) လျှောက်ထားနိုင်သည့်အလျောက် ထိုသို့လျှောက်ထားခြင်း

၂၀၁၉ ခုနှစ်

ဦးကျော်သူရလှိုင်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ - ၂

ကို လုပ်ပိုင်ခွင့်အလွဲသုံးစားပြုလုပ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးတင်အောင်ကြည် (လိုပြ-၁၄) နှင့် ကျိုက်ထိုမြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ထိန်မိုး (လိုပြ-၃) တို့က ပုံစံ (၇) လျှောက်ထားမှုနှင့်ပတ်သက်ပြီး ဦးကျော်သူရလှိုင်အနေဖြင့် အုပ်ချုပ်ရေးအာဏာကျင့်သုံးပြီး ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ အချင်းဖြစ်မြေကွက်ကို လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇) မလျှောက်မီကတည်းက လုပ်ပိုင်ခွင့်ရရှိထားသူဖြစ်ကြောင်း ထွက်ဆိုထားသည်။ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇) ရရှိထားသူသည် လုပ်ပိုင်ခွင့်ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်ရှိကြောင်း၊ လယ်ယာမြေဥပဒေပုဒ်မ ၉ (ခ) တွင် ပြဋ္ဌာန်းထားသည်။ သက်ဆိုင်ရာ ဥပဒေစည်းကမ်းချက်များနှင့်အညီရရှိထားသော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇) ကို ရောင်းချခဲ့ခြင်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ (က) ပါ အဂတိလိုက်စားမှုကို ကျူးလွန်ခြင်းမဟုတ်ပေ။

သက်သေခံ (တ) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ကို ၁-၁၁-၂၀၁၃ ရက်နေ့တွင်ရရှိခဲ့ပြီး သက်သေခံ

(ဇ-၁) မြေအရောင်းအဝယ်ကတိစာချုပ်အရ ဦးလွင်မိုး၊ ဒေါ်မေသူတို့အား ပြန်လည်ရောင်းချသောနေ့သည် ၁၈-၈-၂၀၁၆ ရက်နေ့ဖြစ်သဖြင့် ပုံစံ (၇) ရရှိပြီး (၃) နှစ်ခန့်ကြာမှ မြေကွက်ကိုရောင်းချခဲ့ခြင်းဖြစ်ရာ လယ်ယာမြေပုံစံ (၇) ကို ဦးကျော်သူရလှိုင်လျှောက်ထားရယူစဉ်က ဦးလွင်မိုး၊ ဒေါ်မေသူတို့အား ရောင်းချရန် ရည်ရွယ်ချက်ဖြင့် လျှောက်ထားရယူခဲ့ခြင်းမဟုတ်သည်မှာမြင်သာပေသည်။ တစ်နည်းအားဖြင့် မြေကွက်ရောင်းချရန်အတွက် မရိုးမဖြောင့်သောသဘောဖြင့် ကြိုတင်ပြင်ဆင်ပြီး ပုံစံ(၇) ရယူ ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ထို့ပြင် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၊ မြို့နယ်မြေစာရင်းမှူးနှင့်ပူးပေါင်း၍ ပုံစံ (၇) ရယူခဲ့ခြင်းဖြစ်ကြောင်း သက်သေခံချက် တစ်စုံတစ်ရာမရှိသည်ကို တွေ့ရှိရသည်။ လျှောက်ထားသူအနေဖြင့်၎င်း၏ ရပ်ကွက်အုပ်ချုပ်ရေးမှူးရာထူး၊ လယ်ယာမြေစီမံခန့်ခွဲရေးဥက္ကဋ္ဌရာထူးများကိုအသုံးပြုပြီး အချင်းဖြစ်မြေကို ပိုင်ဆိုင်စေရန် လုပ်ဆောင်ခဲ့ကြောင်း မပေါ်ပေါက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇)လျှောက်ထားရယူခဲ့ခြင်း၊ ပုံစံ(၇) ရရှိပြီး မြေအားပြန်လည်ရောင်းချခဲ့ခြင်းသည် အဂတိ

လိုက်စားမှု ကျူးလွန်ခြင်းဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ လယ်ယာမြေဥပဒေပုဒ်မ ၉ (ခ) နှင့်အညီ ရောင်းချပိုင်ခွင့်ရှိသောလယ်ယာမြေကို ဒေါ်မေသူထံ ငွေကျပ်သိန်း ၃၉၅၀ ဖြင့် ရောင်းချခဲ့ခြင်းသည် လုပ်ပိုင်ခွင့်ရရှိရန်အတွက် ဒေါ်မေသူထံမှ တံစိုးလက်ဆောင်ရယူခြင်းမဟုတ်ပေ။ ဥပဒေနှင့်အညီ ရထိုက်ခွင့်ရှိသောအခွင့်အရေးကို ဥပဒေနှင့်အညီဆောင်ရွက်ခြင်းသာဖြစ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ (က) ပါ အဂတိလိုက်စားမှုဆိုသော အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်သော လုပ်ဆောင်ချက်မဟုတ်ကြောင်း သုံးသပ်ရရှိသည်။

အချင်းဖြစ်မြေကွက်ရောင်းချစဉ်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ငွေပေး၊ ငွေယူစာချုပ် ပြုလုပ်ရောင်းချခဲ့ခြင်းသည်လည်း ရပ်ရွာဓလေ့အရပြုလုပ်လေ့ရှိသော ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ကောက်ယူနိုင်ခြင်းရှိပါလျက် အုပ်ချုပ်ရေးမှူး၏ လုပ်ပိုင်ခွင့်အာဏာကို သုံးစွဲလျက်ရှိကြောင်း မွန်ပြည်နယ်တရားလွှတ်တော်က ကောက်ယူခြင်းသည်လည်း တရားမျှတမှုအပေါ် အခြေခံသော ကောက်ယူချက်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ဒေါ်မေသူထံမှ ဥပဒေနှင့်အညီ ရောင်းချခွင့်ရှိသောမြေ ရောင်းချရရှိငွေကို ရယူခြင်းသည် အဂတိလိုက်စားမှုမြောက်ကြောင်း

သုံးသပ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း၊ တရားမျှတခြင်းနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ဤရုံးမှဝင်ရောက် စွက်ဖက်ရပေမည်။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ မွန်ပြည်နယ် တရားလွှတ်တော်က တရားခံဦးကျော်သူရလှိုင်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်ကို ပယ်ဖျက်ပြီး အမှုမှအပြီးအပြတ်လွှတ်ရန် ပြင်ဆင်အမိန့်ချမှတ်သည်။

+၂၀၁၉ ခုနှစ်

ဒီဇင်ဘာလ ၁၂ ရက်

**ရာဇဝတ်ပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

**ဦးမျိုးတင့်ရှေ့တွင်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နှင့်**

**ဒေါ်သစ်သစ်ခင်ပါ-၅***

**ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးသည့်နောက် အဆိုပါဥပဒေကို ပြင်ဆင်သည့်ဥပဒေဖြင့် အရေးယူခြင်းသည် နောက်ကြောင်းပြန် အာဏာသက်ရောက်ခြင်းဟုတ် မဟုတ်၊ တရားလိုအားစစ်မေးစဉ် တရားခံဘက်မှ စပ်ဆိုင်သော စာမှတ်စာတမ်းများတင်သွင်းမှုအပေါ် သက်သေခံအဖြစ် လက်ခံရန် စောလွန်းကြောင်း လျှောက်ထားချက်အား လက်ခံရန် သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို

* ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၉၄ (ခ)၊ ၇၂၉ (ခ)၊ ၇၇၀ (ခ)

\+ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆ တွင်ချမှတ်သော ၂၀၁၉ ခုနှစ်၊ မတ်လ ၂၂၊ ဧပြီလ ၁၂ ရက်၊ ဧပြီလ ၂၆ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ အမိန့်များအပေါ် တင်သွင်းသောပြင်ဆင်မှုများ

စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည့် "ပုဒ်မ ၃ ၏ ပုဒ်မခွဲ (ဂ) ကျော်စောသတင်း" ဟူသောစကားရပ်သည် အဂတိလိုက်စားမှုများကို စုံစမ်းဖော်ထုတ်ရာ၌ လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းကို ပိုမိုရှင်းလင်းမြင်သာစေရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူနိုင်သည်။ လုပ်ထုံးလုပ်နည်းနှင့်သာ သက်ဆိုင်သောကိစ္စရပ်များသည် အဆိုပါဥပဒေတွင် တစ်နည်းတစ်ဖုံ ဖော်ပြထားခြင်းမရှိလျှင် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိသည်ဖြစ်ရာ လျှောက်ထားခံရသူ (၂) (၃) (၄) တို့၏ တရားလွှတ်တော်ရှေ့နေများက ယခုအမှုသည် နောက်ကြောင်းပြန် အာဏာသက်ရောက်စေသည့် အမှုဖြစ်၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှုအား လက်ခံရန် အကြောင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ မှုခင်းများကို စစ်ဆေးကြားနာရာတွင် နှစ်ဘက်အမှုသည်တို့အကြား မျှတမှု၊ ဥပဒေနှင့်ညီညွတ်မှု၊ ထုချေပိုင်ခွင့် အပြည့်အဝရရှိစေမှုတည်းဟူသော တရားမျှတမှုကို တရားရုံးများက ဟန်ချက်ညီညီကျင့်သုံးလေ့ရှိကြသည်။ ရာဇဝတ်မှုခင်းများကို စစ်ဆေးရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကြသည်။

တရားလိုအား စစ်ဆေးဆဲအဆင့်ဖြစ်ပြီး စွပ်စွဲခံရသူ တင်ပြလိုသော စာမှတ်စာတမ်းကို သက်သေတင်ပြခွင့် ကျန်ရှိနေသေးသည့်အခြေအနေတွင် ရုံးခေါ်သက်သေ ခေါ်ယူစစ်ဆေးခွင့်ပြုမည်ဆိုပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၁ မှ ၂၅၉ပါ ပြဋ္ဌာန်းချက်များကို အဟောသိကံ ဖြစ်စေသည်မှာ မြင်သာသည်။ ၁၅-၆-၂၀၁၈ ရက်နေ့ အမှုခေါ်စာရင်းနှင့် အမှုတွဲနေ့စဉ်မှတ်တမ်း၊ ၃-၇-၂၀၁၈ ရက်စွဲပါ အမှုနေ့စဉ် မှတ်တမ်းများ၏ တာဝန်ခံမိတ္တူများကို သက်သေခံတင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က သက်သေခံအဖြစ်လက်ခံခဲ့သော စာမှတ်စာတမ်းများသည် သက်သေခံအက်ဥပဒေပုဒ်မ ၅ နှင့် ၉ တို့အရ အမှုနှင့်စပ်ဆိုင်ကြောင်း ပေါ်ပေါက်လျက်ရှိသည့်အပြင် သက်သေခံအက်ဥပဒေပုဒ်မ ၇၄၊ ၇၆ တို့အရ လက်ခံထိုက်သည့် သက်သေခံ အရာများဖြစ်ကြောင်း မြင်သာထင်ရှားသဖြင့် သက်သေခံအဖြစ်လက်ခံရန် စောလွန်းနေကြောင်း ရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး၏ အကြောင်းပြလျှောက်ထားမှုကို လက်ခံသင့်မည် မဟုတ်ပေ။

လျှောက်ထားသူအတွက် - ဦးကောင်းမြတ်၊
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူ(၁)အတွက် - ဒေါ်ခင်စန်းမြင့်၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူ(၂)အတွက် - ဒေါ်အေးမင်းသန့်၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူ(၃)အတွက် - ဦးမျိုးညွန့်ဝင်း၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူ(၄)အတွက် - ဦးမင်းစိန်၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူ(၅)အတွက် - ဦးသက်စိုးအောင်၊
တရားလွှတ်တော်ရှေ့နေ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ် ၆၊ ဦးမိုးနိုင်နှင့် ဒေါ်သစ်သစ်ခင် ပါ ၅ ဦး အမှုတွင် တရားလို ဦးမိုးနိုင်အား စွပ်စွဲခံရသူ (၂) ဦးကိုကိုလေးက ပြန်လှန်စစ်မေးစဉ် (၂) တရားခံဦးကိုကိုလေးသည် ၁၈-၇-၂၀၁၈ ရက်နေ့နေ့လည် ၁ နာရီမှ ညနေ ၄ နာရီခွဲအချိန်ထိ စုံစမ်းစစ်ဆေးမှု ကိစ္စရပ်ကိုဆောင်ရွက်နေကြောင်းထောက်ခံထားသည့် ရန်ကုန် အရှေ့ပိုင်းခရိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာကို

သက်သေခံတင်သွင်းနိုင်ရန် ရန်ကုန်အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ဒေါ်ခင်မာချိုအားရုံးခေါ်သက်သေ အဖြစ်စစ်ဆေးရန် ၂၂-၃-၂၀၁၉ ရက်နေ့တွင်ချမှတ်ခဲ့သည့် အမိန့်အားလည်းကောင်း၊ စွပ်စွဲခံရသူ (၃) ဦးသိန်းဇော်၏ရှေ့နေက ပြန်လှန်စစ်မေးစဉ် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တွဲဖက်ခရိုင်တရားသူကြီး (၂) ရုံး၌ အမှုလိုက်ပါဆောင်ရွက်နေကြောင်း ၁၅-၆-၂၀၁၈ ရက်စွဲပါ အမှုခေါ်စာရင်းနှင့်အမှုတွဲနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်တို့ကို သက်သေခံအဖြစ်လက်ခံကြောင်း ၁၂-၄-၂၀၁၉ ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၃-၇-၂၀၁၈ ရက်စွဲဖြင့်ဆောင်ရွက်ချက် အကျဉ်းချုပ်ပါသည့် အမှုနေ့စဉ်မှတ်တမ်း (၃) မျိုး၏ တာဝန်ခံမိတ္တူမှန်နှင့်အမှုခေါ်စာရင်းတို့ကို သက်သေခံအဖြစ်လက်ခံကြောင်း ၂၆-၄-၂၀၁၉ ရက်နေ့တွင်လည်းကောင်း အမိန့်များချမှတ်ခဲ့သည်။ အဆိုပါ အမိန့် ၃ ရပ်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဤရုံးသို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၉၄ (ခ)၊ ၇၂၉ (ခ)၊ ၇၇၀ (ခ) များအဖြစ်တင်သွင်းလာခြင်းဖြစ်သည်။

ပြင်ဆင်မှုများသည် ရန်ကုန်တိုင်းဒေသကြီးတရား

လွှတ်တော်၏ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးအမှု အမှတ် ၆ တွင် တရားလို ဦးမိုးနိုင်အား စစ်ဆေးနေစဉ် ပေါ်ပေါက်လာသော အမိန့်များအပေါ် တင်သွင်းလာသည့် ပြင်ဆင်မှုများဖြစ်၍ ဤအမိန့်သည် အဆိုပါ အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

အမှုမှာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးမှု အမှတ် ၃၄/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ တရားလို ဦးသန့်ဇင်ဦး၊ တရားခံ သန်းထွဋ်အောင် (ခ) သားကြီး ပါ ၃ ဦး အမှုအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ (က) အရ ရုပ်သိမ်း ခွင့်ပြုသည့်ကိစ္စတွင် မိမိ၏ရာထူးတာဝန်ကို အလွဲသုံးစားပြုပြီး ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်အတွက် လာဘ်ငွေ နှင့် တံစိုးလက်ဆောင်များ ရယူခဲ့သည့် ဒုတိယခရိုင်ဥပဒေ အရာရှိ ဒေါ်သစ်သစ်ခင်၊ ခရိုင်ဥပဒေအရာရှိ ဦးကိုကိုလေး၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးသိန်းဇော်နှင့် ဒုတိယခရိုင် တရားသူကြီး ဦးအောင်ကြည်တို့အပေါ် အဂတိလိုက်စားမှုတိုက် ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရလည်းကောင်း အရေးယူပေးရန် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ စစ်ဆေးရေးမှူး ဦးမိုးနိုင်

၂၀၁၉ ခုနှစ်


က တရားလိုအဖြစ် တိုင်ချက်ရေးဖွင့်ခဲ့သော အမှုဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ သည် အမှန်တရားရောက်ရှိရေးအတွက် နှစ်ဘက်မျှတမှုဖြစ်စေရန် အထူးလိုအပ်သည့်အခါမှ ယင်းလုပ်ပိုင်ခွင့်ကို ချင့်ချင့်ချိန်ချိန် သုံးစွဲရန်ဖြစ်သဖြင့် တရားခံလွတ်မြောက်စေရေးအတွက် အခွင့်အရေးပေးသော ရုံးခေါ်သက်သေမဖြစ်သင့်ကြောင်း၊ တရားလိုက ၁၈-၇-၂၀၁၈ ညနေ ငါးနာရီအချိန်ခန့်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံး၌ ဦးခင်မောင်လေးထံမှ ငွေကျပ်သိန်း ၁၀၀ နှင့် အရက်ပုလင်းယူခဲ့သည်ဟု တရားခံ ဦးကိုကိုလေးအပေါ် စွပ်စွဲထားကြောင်း၊ တရားခံဦးကိုကိုလေးက ယင်းအချိန်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ စုံစမ်းစစ်ဆေးမှုကိစ္စ ဆောင်ရွက်နေကြောင်း တင်ပြခဲ့သဖြင့် သက်သေပြရန်တာဝန်သည် သက်သေခံအက်ဥပဒေပုဒ်မ ၁၀၃ အရ တရားခံဦးကိုကိုလေးအပေါ် ကျရောက်ကြောင်း၊ တရားခံဦးကိုကိုလေးက နောက်မှအကြံရ၍ ထုချေခြင်းမဖြစ်စေရန် ခုခံရေးလမ်းကြောင်းကို တရားလိုအား ပြန်လှန်မေးခွင့်၌ မေးခွန်းမေးမြန်းထားကြောင်း၊ တရားလိုဘက် သက်သေခံချက်များရယူပြီးမှ တရားခံဘက် သက်သေခံချက်

များရယူမည်ဖြစ်ရာ ယင်းအချိန်တွင် ဒေါ်ခင်မာချို (ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး) အား သက်သေအဖြစ် တင်ပြနိုင်သည့် အခွင့်အရေးရှိသော်လည်း တရားလို ဦးမိုးနိုင်အား စစ်ဆေးမှုမပြီးဆုံးမီ တရားခံ ဦးကိုကိုလေး၏ ခုခံရေးလမ်းကြောင်းအတွက် ၎င်းက Alibi တင်ပြသောထောက်ခံစာကို သက်သေခံတင်သွင်းနိုင်ရန်အတွက် ဒေါ်ခင်မာချို (ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး) အား ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်ဆေးရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားလို ဦးမိုးနိုင် အား စစ်ဆေးခြင်းမပြီးဆုံးမီကြားဖြတ်စစ်ဆေးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ကြောင်း၊ တရားခံ ဦးသိန်းဇော်၏အကျိုးဆောင်က ဒေါ်သစ်သစ်ခင်သည် ၁၅-၆-၂၀၁၈ ရက်နေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တွဲဖက်ခရိုင်တရားသူကြီး (၂) တရားခွင်၌ အမှုလိုက်ပါဆောင်ရွက်နေကြောင်းကို ၁၅-၆-၂၀၁၈ ရက်စွဲပါ အမှုခေါ်စာရင်း၊ အမှုတွဲနေ့စဉ်မှတ်တမ်း၊ တာဝန်ခံမိတ္တူများကို သက်သေခံတင်သွင်းခွင့်ပြုထားခြင်း၊ ၃-၇-၂၀၁၈ ရက်စွဲပါ အမှုတွဲနေ့စဉ်မှတ်တမ်းများ၏ တာဝန်ခံမိတ္တူများကို သက်သေခံတင်သွင်းခွင့်ပြုထားခြင်းသည် တရားခံ၏ ခုခံရေးလမ်းကြောင်းအတွက် ဆောင်ရွက်

ခြင်းဖြစ်ကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၂ (၂) တွင် တရားခံ၏အခွင့်အရေးသည် တိုင်တန်းသူ (ရှိခဲ့လျှင်) နှင့် တရားလိုပြသက်သေများကို ပြန်လှန်စစ်မေးခွင့်ဖြစ်ကြောင်း၊ တရားခံ၏ထုချေချက်နှင့်စပ်လျဉ်းသည့် သက်သေခံအထောက် အထားတင်ပြနိုင်သည်ဟု မပါရှိကြောင်း၊ တရားခံဘက်သည် after thought မဖြစ်စေရန် ခုခံရေးလမ်းကြောင်းကို ပြန်လှန် မေးခွန်းများနှင့် စစ်မေးရန်လိုအပ်သော်လည်း စာရွက်စာတမ်း များကို တရားလိုအားပြန်လှန်မေးစဉ် သက်သေခံတင်သွင်း သည်ကို ခွင့်ပြုခြင်းသည် စောလွန်းနေကြောင်း၊ ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ကြားဖြတ်အမိန့်များနှင့်စပ်လျဉ်း၍ ဥပဒေ နှင့်အညီ သင့်မြတ်သည့်အမိန့်များချမှတ်ပေးရန် လျှောက်လဲ တင်ပြသည်။

လျှောက်ထားခံရသူ (၁) ဒေါ်သစ်သစ်ခင်၏ တရား လွှတ်တော်ရှေ့နေက မူလရုံးတော်အနေဖြင့် ဦးကိုကိုလေး၏ လျှောက်ထားချက်ကို လက်ခံခဲ့ခြင်းမှာ နှစ်ဖက်မျှတမှုဖြစ်စေရန် ဥပဒေနှင့်အညီ ချမှတ်ခဲ့သောအမိန့်ဖြစ်ကြောင်း၊ တရားခံ လွှတ်မြောက်စေရေးအတွက် အခွင့်အရေးပေးသော ရုံးခေါ်

သက်သေမဟုတ်သည်မှာ ထင်ရှားပေါ်လွင်ကြောင်း၊ ရုံးခေါ် သက်သေမှာ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းအမျိုးသမီးဖြစ်ကြောင်းလည်း နှစ်ဖက် အငြင်းမပွား ထင်ရှားပေါ်လွင်ပြီးဖြစ်ကြောင်း၊ မူလရုံးတွင် လိုက်ပါ ဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီးဥပဒေအရာရှိ၏ တင်ပြ ကန့်ကွက်ချက်တွင် အမှတ် (၃) တရားခံ ဦးသိန်းဇော်ဘက်မှ တင်ပြသည့် စာတမ်းအမှတ်အသား သက်သေခံချက်များကို လက်မခံရန်ကန့်ကွက်ခြင်းမဟုတ်ဘဲ လတ်တလောလက်မခံသင့် ကြောင်းသာတင်ပြထားကြောင်း၊ ဦးသိန်းဇော်၏အကျိုးဆောင် မှတင်ပြသော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ ထုတ်ယူခဲ့သည့် စာတမ်းအမှတ်အသားများသည် သက်သေခံအက်ဥပဒေပုဒ်မ ၇၆ အရ တာဝန်ခံမိတ္တူများဖြစ်၍ မူလရုံးတော်မှ သက်သေခံ အဖြစ်လက်ခံခြင်းသည် ဥပဒေနှင့်အညီ သုံးသပ်ဆုံးဖြတ်ချက် ဖြစ်ကြောင်း၊ သက်သေခံတင်သွင်းခြင်းသည် စောလွန်းသေး သည်ဆိုသော အကြောင်းပြချက်ဖြင့် သက်သေခံလက်မခံရ ဟူသောပြဋ္ဌာန်းချက် သက်သေခံအက်ဥပဒေတွင် ဖော်ညွှန်းထား ခြင်းမရှိကြောင်း၊ ပြင်ဆင်မှုများအား လက်မခံသင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၂) ဦးကိုကိုလေး၏တရားလွှတ်တော်ရှေ့နေက အမှုလိုက် တိုင်းဒေသကြီးဥပဒေအရာရှိက ဒေါ်ခင်မာချိုအားသက်သေအဖြစ်စစ်ပြီးမှသာ သက်သေခံချက်အဖြစ် လက်ခံထိုက်ကြောင်း လျှောက်ထားခဲ့သည့်အတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဒေါ်ခင်မာချိုအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ အရ ရုံးခေါ်သက်သေအဖြစ် စစ်ဆေးရန်သမ္မာန်စာထုတ်ဆင့်ခြင်းသည် အမှုမှန်ဖော်ထုတ်ရေးအတွက် တရားမျှတသော အမိန့်တစ်ရပ်ဖြစ်ကြောင်း၊ စွပ်စွဲခံရသူတစ်ဦးအနေဖြင့် မိမိအပေါ်ကျရောက်နေသော သက်သေပြရန်တာဝန်ကို မည်သည့်အချိန်သို့ရောက်ရှိမှသာ သက်သေပြရမည်ဟု ကန့်သတ်ထားသော ပြဋ္ဌာန်းချက်သက်သေခံအက်ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ စွပ်စွဲခံရသူတစ်ဦးသည် မိမိအပေါ် သက်သေပြရန် တာဝန်ကျရောက်လာသည်နှင့်တစ်ပြိုင်နက် သက်သေပြရန်တာဝန်ကို စတင်၍ကျေပွန်စွာဆောင်ရွက်ရမည်ဖြစ်သောကြောင့် တရားလိုဦးမိုးနိုင်က စတင်စွပ်စွဲထွက်ဆိုသောအချိန်မှစ၍ ဦးကိုကိုလေးအနေဖြင့် သက်သေထင်ရှားတင်ပြခြင်းတာဝန်ကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါစာရွက်စာတမ်းများသည် သက်သေခံအက်ဥပဒေပုဒ်မ ၇၉၊ ပုဒ်မ ၄ အရ

တရားရုံးက သက်သေထင်ရှားရှိဘိသကဲ့သို့ မှန်သည်ဟု မှတ်ယူရမည့်စာတမ်းများဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဖြစ်သော ပြင်ဆင်မှုတရားရုံးက ယင်းစာရွက်စာတမ်းများကို သက်သေခံအဖြစ် လက်ခံပေးရန် တင်ပြရခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူ ၃ ဦးသိန်းဇော် တင်ပြသောစာရွက်စာတမ်းများသည် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ ထုတ်ပေးထားသော တာဝန်ခံမိတ္တူမှန်များဖြစ်သောကြောင့် သက်သေခံအက်ဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မ ၇၆ တို့အရ သက်သေခံအဖြစ်လက်ခံရမည့် စာတမ်းအမှတ်အသားများဖြစ်ကြောင်း၊ ယင်းအချိန်တွင် ဒေါ်သစ်သစ်ခင်သည် ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ လာရောက်မှုမရှိဘဲ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် အမှုလိုက်ပါဆောင်ရွက်နေသည်ဆိုသော အကြောင်းခြင်းရာသည် သက်သေခံအက်ဥပဒေပုဒ်မ ၅၊ ပုဒ်မ ၉ တို့အရ ဦးသိန်းဇော်နှင့် စပ်ဆိုင်လျက်ရှိသည့်အတွက် ယင်းစာရွက်စာတမ်းများကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က သက်သေခံအဖြစ်လက်ခံခြင်းမှာမှန်ကန်ကြောင်း၊ သက်သေခံချက်တစ်ခုကို စောစီးစွာတင်ပြခြင်းအား သက်သေခံတင်ပြခြင်းမပြုရဟု တားမြစ်ပိတ်ပင်ထားသောပြဋ္ဌာန်းချက် သက်သေခံအက်ဥပဒေတွင် တစ်စုံတစ်ရာ

ပြဋ္ဌာန်းထားချက်မရှိသောကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြောင်းပြချက်မှာ လက်ခံဖွယ်ရာမရှိကြောင်းလျှောက်လဲသည်။ ဆက်လက်၍ မူလရာဇဝတ်ကြီးမှုတွင် တရားလိုသည် အမှုအား တရားလိုလုပ်ပိုင်ခွင့် အခွင့်အာဏာမရှိဘဲ တရားလိုပြုလုပ် တရားစွဲဆိုထားခြင်း၊ ဥပဒေပြင်ဆင်ချက်အား နောက်ကြောင်းပြန် အာဏာသက်ရောက်စေပြီး စုံစမ်းစစ်ဆေးခြင်းကို အခြေပြု၍ တရားစွဲဆိုခဲ့ခြင်း၊ တရားစီရင်ရေးယန္တရားကို အလွဲသုံးစားပြုထား ခြင်းဟူသော ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆောင်ရွက်ထားမှုများ ကိုတွေ့ရသောကြောင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားပါကြောင်း၊ လျှောက်ထားခံရသူ (၂) ဦးကိုကိုလေးတင်ပြခဲ့သော ရန်ကုန်အရှေ့ပိုင်းခရိုင် အုပ်ချုပ် ရေးမှူးရုံးမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဒေါ်ခင်မာချို လက်မှတ် ရေးထိုးထားသော ထောက်ခံစာနှင့် စာရွက်စာတမ်းများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ အရ သက်သေခံအဖြစ် လက်ခံ ပေးပါရန်နှင့် ယင်းစာတွင်ပါရှိသော အကြောင်းခြင်းရာများကို သက်သေထင်ရှားရှိဘိသကဲ့သို့ မှတ်ယူပြီး လျှောက်ထားခံရသူ (၂) သည် အဂတိလိုက်စားမှု ပေါ်ပေါက်ခြင်းမရှိဟု သုံးသပ်ကာ ဦးကိုကိုလေးအပေါ် စွဲဆိုထားသော အမှုနှင့်ပတ်သက်သမျှကို

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပြီး အမှုမှ လွှတ်ပေးပါရန်နှင့် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၂၉(ခ)/၂၀၁၉ နှင့် ၇၇၀(ခ)/၂၀၁၉ အမှုများနှင့်စပ်လျဉ်း၍ ဥပဒေနှင့်ညီညွတ်သည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၃) ဦးသိန်းဇော်၏တရားလွှတ်တော်ရှေ့နေက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က စွပ်စွဲခံရသူဦးကိုကိုလေး၏ လျှောက်ထားမှုကိုခွင့်ပြုပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ အရ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာချိုအား ထောက်ခံစာကိုသက်သေခံတင်သွင်းနိုင်ရန်အတွက် သမ္မန်စာထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ မျှတသောတရားစီရင်ရေးဖြစ်ရန်အတွက် ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးသိန်းဇော်၏ရှေ့နေက ဒေါ်သစ်သစ်ခင်သည် ၁၅-၆-၂၀၁၈ ရက်နေ့နှင့် ၃-၇-၂၀၁၈ ရက်နေ့များတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ အမှုလိုက်ပါဆောင်ရွက်နေကြောင်း အမှုခေါ်စာရင်းနှင့် အမှုတွဲနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူများကို သက်သေခံတင်သွင်းခွင့်ပြုရန် လျှောက်ထားချက်အပေါ် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်ခြင်း၊ သက်သေခံအက်ဥပဒေ ပုဒ်မ ၇၆ အရ တာဝန်ခံမိတ္တူများဖြစ်ခြင်းကြောင့်

သက်သေခံအဖြစ် လက်ခံကြောင်း ချမှတ်ခဲ့သည့်အမိန့်သည် ဥပဒေနှင့်အညီဖြစ်ကြောင်း၊ သက်သေခံတင်သွင်းခြင်းမှာ စောလွန်းနေသဖြင့် လက်မခံသင့်ဟု သက်သေခံအက်ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ပြင်ဆင်မှု ၃ မှုလုံးကို ပလပ်သင့်ကြောင်း၊ ထို့အပြင် မူလရုံးအမှုတွဲပေါ်ပေါက်ချက်အရ အမှုမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ နောက်ကြောင်းပြန်အာဏာသက်ရောက်၍ တရားစွဲဆိုထားခြင်းမှာ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄ ပါ တားမြစ်ချက်နှင့် ဆန့်ကျင်တရားစွဲဆိုထားခြင်း၊ တရားလိုလုပ်ခွင့်မရှိသူအား တရားစွဲဆိုရန်တာဝန်ပေးထားခြင်း၊ လျှောက်ထားခံရသူအမှတ် (၃) ဦးသိန်းဇော်အပေါ်စွပ်စွဲထားမှုသည် သက်သေခံချက်များအရ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်မှုမရှိခြင်းတို့ကြောင့် လျှောက်ထားခံရသူအမှတ် (၃) ဦးသိန်းဇော်အပေါ် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁-က အရ မူလရုံးအမှုတွဲကိုချေဖျက်၍ အမှုမှလွှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၄) ဦးဟန်ထူး၏ တရားလွှတ်တော်ရှေ့နေက သက်သေခံအက်ဥပဒေပုဒ်မ ၁၁၊ ဥပမာ (က) တွင် အေသည် ရန်ကုန်၌ နေ့တစ်နေ့တွင် ရာဇဝတ်မှုကျူးလွန်ပါသလား

ဟူသောအချက်တွင် ထိုနေ့က အေသည် မေမြို့၌ရှိနေခြင်းသည် ပေါ်လွင်ထင်ရှားသောအချက် (Relevant) ဖြစ်သည်ဟု ပါရှိကြောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာချိုအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ အရ ခေါ်ယူရန်ကိစ္စနှင့် ဒေါ်သစ်သစ်ခင်သည် ၁၅-၆-၂၀၁၈ ရက်နေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ အမှုလိုက်ပါဆောင်ရွက်နေကြောင်းတို့မှာ တရားလိုက အမှုကို မှန်မှန်ကန်ကန်စုံစမ်းခဲ့ပါက တရားခံများဖြစ်လာရန် အကြောင်းမရှိကြောင်း၊ မူလရာဇဝတ်ကြီးမှု၏ ပထမသတင်းပေးတိုင်ချက် (FIR) တွင် အမှုဖြစ်ပွားသောနေ့ကို ၁၃-၂-၂၀၁၈ ဟုဖော်ပြထားပြီး ၂၁-၆-၂၀၁၈ နေ့တွင် အတည်ဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေဖြင့် အရေးယူခြင်းမှာ မည်သည့်နောက်ကြောင်းပြန်ဥပဒေမှမပြဋ္ဌာန်းရဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃ နှင့်ဆန့်ကျင်ကြောင်း၊ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ (c) တွင်လည်း မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုမရှိစေရဟု ပြဋ္ဌာန်းထားကြောင်း၊ ရာဇဝတ်

ပြင်ဆင်မှု ၃ မှုအား ပလပ်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃ ကိုလည်း မျက်ကွယ်ပြုစွဲဆိုလာသောအမှုအား မူလဘူတအာဏာ ကိုသုံး၍ တရားမျှတသောအမိန့်ချမှတ်ပေးရန် လျှောက်လဲ တင်ပြသည်။

လျှောက်ထားခံရသူ (၅) ဦးအောင်ကြည်၏ တရားလွှတ်တော်ရှေ့နေက စစ်ဆေးနေသည့်မှုခင်းတွင် တရားမျှတမှု ရှိစေရေးအတွက် လိုအပ်သည့်သက်သေများကို တရားသူကြီး၏ ဆင်ခြင်တုံတရားဖြင့်ကျင့်သုံး၍ ဆင့်ခေါ်စစ်ဆေးရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ တွင် ကျယ်ပြန့်သည့်အာဏာအပ်နှင်းထားခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဒေါ်ခင်မာချို (ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး) အား ခေါ်ယူစစ်ဆေးရန် သမ္မန်စာထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ခြင်းသည် မိမိအား ကျယ်ပြန့်စွာအပ်နှင်းထားသည့်အာဏာအား ဆင်ခြင်တုံတရားအရကျင့်သုံး၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိပေါ်ပေါက်သဖြင့် ဥပဒေနှင့်ညီညွတ်မှန်ကန်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က သက်သေခံအဖြစ် လက်ခံကြောင်းဆုံးဖြတ်ခဲ့သည့် စာရွက်စာတမ်းများမှာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ ထုတ်ပေးသည့် တာဝန်ခံမိတ္တူမှန်များဖြစ်၍

သက်သေခံအက်ဥပဒေပုဒ်မ ၇၆ အရ အများပြည်သူတို့နှင့် သက်ဆိုင်သည့် စာတမ်းအမှတ်အသားများဖြစ်ကြောင်း အငြင်းမပွားထင်ရှားကြောင်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၇၇ အရ သက်သေထင်ရှားစွာ တင်ပြနိုင်ကြောင်း၊ အမှုနှင့် ဆက်စပ် သက်ဆိုင်နေသော စာရွက်စာတမ်းများဟု ဆိုနိုင်မည်ဖြစ်သည့် အပြင် အတုအပဖြစ်ကြောင်းလည်း မပေါ်ပေါက်သဖြင့် သက်သေခံအဖြစ်လက်ခံနိုင်ကြောင်း၊ သက်သေခံစာရွက်စာတမ်း တစ်စုံတစ်ရာကို တရားရုံးကလက်ခံရုံမျှဖြင့် ယင်းစာရွက်စာတမ်း များသည် အလိုအလျောက် သက်သေခံဝင်သော စာရွက် စာတမ်းများဖြစ်မလာနိုင်ဘဲ သက်သေခံအက်ဥပဒေပုဒ်မ ၆၇ ပါ ပြဋ္ဌာန်းချက်များအတိုင်း ထင်ရှားအောင် သက်သေပြမှသာလျှင် သက်သေခံ ဝင်မည်ဖြစ်ကြောင်း၊ ဥပဒေနှင့်ညီညွတ်မှုတ မှန်ကန်သော အမိန့်များဖြစ်ကြောင်း၊ ရာဇဝတ်ပြင်ဆင်မှု ၃ မှုကို ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

ပြင်ဆင်မှုတင်သွင်းလွှာများနှင့်စပ်ဆိုင်သည့် အကြောင်း အချက်များကို စိစစ်သုံးသပ်ခြင်းမပြုမီ လျှောက်ထားခံရသူ (၂)၊ (၃) နှင့် (၄) တို့၏ တရားလွှတ်တော်ရှေ့နေများက ပထမသတင်း ပေးတိုင်ချက်တွင် ပြစ်မှုကျူးလွန်သည့်နေ့ရက်ကို ၁၃-၂-၂၀၁၈

ဟုဖော်ပြကာ အမှုရေးဖွင့်ခဲ့သော်လည်း ၂၁-၆-၂၀၁၈ ရက်နေ့မှ အတည်ပြုပြဌာန်းခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေအရ တရားစွဲဆို ခြင်းသည် နောက်ကြောင်းပြန် အာဏာသက်ရောက်စေကြောင်း၊ တရားစီရင်ရေးယန္တရားကို အလွဲသုံးတရားစွဲဆိုခဲ့ခြင်းဖြစ်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုအားချေဖျက် ပေးရန် ထည့်သွင်းလျှောက်ထားခဲ့ကြသည်ကို စိစစ်တွေ့ရှိရ သည်။

အမှုတွဲ ပေါ်ပေါက်ချက်များအရ လျှောက်ထားခံရသူ တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅၊ ၅၆ တို့အရ တရားစွဲဆိုထားသည်ကို တွေ့မြင်ရသည်။ အဆိုပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြည်ထောင်စု လွှတ်တော်က ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၂၃ အဖြစ် ၇-၈-၂၀၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာ ခဲ့ပြီးဖြစ်သဖြင့် ယခုအမှုဖြစ်ပွားသည်ဟု အဆိုပြုထားသော ၁၃-၂-၂၀၁၈ ရက်နေ့မတိုင်မီ စတင်အာဏာသက်ရောက်ခဲ့သည် မှာ မြင်သာသည်။ အဆိုပါဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၃-၇-၂၀၁၄ ရက်နေ့တွင် ပထမအကြိမ်၊ ၂၉-၇-၂၀၁၆ ရက်နေ့

တွင် ဒုတိယအကြိမ်၊ ၃၁-၇-၂၀၁၇ ရက်နေ့တွင် တတိယအကြိမ်နှင့် ၂၁-၆-၂၀၁၈ ရက်နေ့တွင် စတုတ္ထအကြိမ်ပြင်ဆင်ခဲ့သည်ဖြစ်ရာ လျှောက်ထားခံရသူတို့က စတုတ္ထအကြိမ်ပြင်ဆင်ခြင်းအပေါ်ရည်ညွှန်းကာ ယခုကဲ့သို့ လျှောက်ထားလာခြင်းဖြစ်သည်ဟု သုံးသပ်ရမိသည်။

စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေတွင် မူလဥပဒေပါပြစ်မှုပြစ်ဒဏ်များအပြင် ပြစ်မှုပြစ်ဒဏ်အသစ်များ ဖြည့်စွက်ပြဋ္ဌာန်းခဲ့ခြင်းမရှိပေ။ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုသာ ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည့် "ပုဒ်မ ၃ ၏ ပုဒ်မခွဲ (ဂ) ကျော်စောသတင်း" ဟူသောစကားရပ်သည် အဂတိလိုက်စားမှုများကို စုံစမ်းဖော်ထုတ်ရာ၌လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းကို ပို၍ရှင်းလင်းမြင်သာစေရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်ဟုမှတ်ယူနိုင်သည်။ ရာဇဝတ်မှုများကို စုံစမ်းဖော်ထုတ်ရာတွင် ကျော်စောသတင်းကို မူတည်၍ စုံစမ်းထောက်လှမ်းခဲ့သော အလေ့အထမှာ ရှေးယခင်ကတည်းက အခြေကျလျက်ရှိသော လုပ်ထုံးလုပ်နည်းဖြစ်သည်။ စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရုံမျှဖြင့် ယခင်ကကျူးလွန်ခဲ့သည့်ပြစ်မှုများကို စုံစမ်းဖော်ထုတ်ရာ

တွင် ကျော်စောသတင်းကို အသုံးပြုခွင့်မရှိဟု မဆိုနိုင်ချေ။ လုပ်ထုံးလုပ်နည်းနှင့်သာသက်ဆိုင်သောကိစ္စရပ်များသည် အဆိုပါ ဥပဒေတွင် တစ်နည်းတစ်ဖုံ ဖော်ပြထားခြင်းမရှိလျှင် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိသည်ဖြစ်ရာ လျှောက်ထားခံရသူ (၂)၊ (၃)၊(၄) တို့၏ တရားလွှတ်တော်ရှေ့နေများက ယခုအမှုသည် နောက်ကြောင်းပြန် အာဏာသက်ရောက်စေသည့် အမှုဖြစ်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ - က အရ ချေဖျက်ပေးရန် လျှောက်ထားမှုအား လက်ခံရန်အကြောင်း မရှိပေ။

ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၉၄ (ခ)/၂၀၁၉ နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ရာဇဝတ်ကြီးမှုအမှတ် ၆/၂၀၁၈၊ ဦးမိုးနိုင်နှင့် ဒေါ်သစ်သစ်ခင် ပါ (၅) ဦး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅၊ ၅၆ အရ စွဲဆိုမှုတွင် တရားလိုဦးမိုးနိုင်အား စစ်ဆေးနေဆဲအဆင့်ဖြစ်သည်။ စွပ်စွဲခံရသူ ဦးကိုကိုလေးက တရားလိုအား ပြန်လှန်စစ်မေးစဉ် ရန်ကုန်အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး၏ ၁၅-၁၀-၂၀၁၈ ရက်စွဲပါ စာအမှတ် ၂/ ၅-၄/ ဦး ၁ ဖြင့် ခရိုင်ဥပဒေအရာရှိ ဦးကိုကိုလေးသည် ၁၈-၇-၂၀၁၈ ရက်နေ့ နေ့လည် ၁ နာရီမှ ညနေ ၁၆:၃၀

နာရီအချိန်ထိ အစည်းအဝေးခန်းမ၌ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့သည်မှာ မှန်ကြောင်းထောက်ခံစာကို သက်သေခံ တင်သွင်းနိုင်ရေးအတွက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဒေါ်ခင်မာချို အား ရုံးခေါ်သက်သေအဖြစ် စစ်ဆေးပေးရန် လျှောက်ထားရာ တရားရုံးကခွင့်ပြုပြီး ဒေါ်ခင်မာချိုကို သမ္မန်စာထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရသည်။

မှုခင်းများကိုစစ်ဆေးကြားနာရာတွင် နှစ်ဖက်အမှုသည်တို့ အကြား မျှတမှု၊ ဥပဒေနှင့်ညီညွတ်မှု၊ ထုချေပိုင်ခွင့် အပြည့်အဝ ရရှိစေမှုတည်းဟူသော တရားမျှတမှုကို တရားရုံးများက ဟန်ချက်ညီညီ ကျင့်သုံးလေ့ရှိကြသည်။ ရာဇဝတ်မှုခင်းများကို စစ်ဆေးရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကြသည်။ ယခုအမှုမှာ ဝရမ်းမှုအမျိုးအစားဖြစ်သဖြင့် ထူးခြားသောအကြောင်းအချက် တစ်စုံတစ်ရာမပေါ်ပေါက်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အခန်း ၂၁၊ ပုဒ်မ ၂၅၁ မှ ၂၅၉ ထိ ပြဋ္ဌာန်းချက်များကို လိုက်နာလေ့ရှိသည်။ ဝရမ်းမှုများကို စစ်ဆေးသည့် တရားရုံးများသည် တရားလိုနှင့် တရားလိုပြ သက်သေများကို စစ်ဆေးခြင်း၊ စွပ်စွဲခံရသူအပေါ် စွဲချက် တင်သင့် မတင်သင့် လျှောက်လဲချက်ကြားနာခြင်း၊ စွပ်စွဲခံရ

သူအပေါ် ပြစ်မှုတစ်စုံတစ်ရာဖြင့် စွဲချက်တင်ထုချေရှင်းလင်းရန် အကြောင်းအချက်များပေါ်ပေါက်ပါက စွဲချက်တင်ခြင်း၊ စွပ်စွဲခံရသူက စစ်ဆေးပြီး တရားလိုပြသက်သေများကို ထပ်မံစစ်မေးလိုပါက ပြန်ခေါ်သက်သေအဖြစ် ဆင့်ခေါ်စစ်ဆေးခြင်း၊ တရားခံနှင့် တရားခံပြသက်သေများကို စစ်ဆေးခြင်း၊ အပြီးသတ်အမိန့်အတွက် လျှောက်လဲချက်ကြားနာခြင်း၊ အမိန့်ချမှတ်ခြင်းတို့သည် သာမန်အခြေအနေတွင် ဆောင်ရွက်လေ့ရှိသော လုပ်ထုံးလုပ်နည်းများဖြစ်သည်။ သို့ရာတွင် အမှုစစ်ဆေးနေစဉ် သာမန်ထက်ထူးကဲသော အခြေအနေများပေါ်ပေါက်လာပါက တရားမျှတမှုပေါ်ပေါက်ရေးအတွက် အခင်းဖြစ်ရပ်သို့ သွားရောက်ကြည့်ရှုခြင်း၊ ရုံးခေါ်သက်သေဆင့်ခေါ် စစ်ဆေးခြင်း၊ တရားခံဖြည့်စွက်ခြင်းတို့ကို အပ်နှင်းထားသည့်အာဏာများအရ အခါအားလျော်စွာဆောင်ရွက်လေ့ရှိကြသည်။

ယခုအမှုဖြစ်စဉ်မှာ တရားလိုအား စစ်ဆေးမှုမပြီးပြတ်မီ စွပ်စွဲခံရသူ (၂) ကညွှန်ပြလာသည့် ထောက်ခံချက်အား သက်သေခံတင်သွင်းနိုင်ရန် ရုံးခေါ်သက်သေအဖြစ် ဒေါ်ခင်မာချိုကို စစ်မေးရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ တွင် “ မည်သည့် တရားရုံးကမဆို ဤဥပဒေ

အရ စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု သို့မဟုတ် အခြားမှုခင်းကိစ္စ ဆောင်ရွက်မှုပြုလုပ်သည့် မည်သည့်အဆင့်၌မဆို တစ်ဦးတစ်ယောက်ကို သက်သေအဖြစ် လာရောက်စေရန် သမ္မန်စာဖြင့် ဆင့်ခေါ်နိုင်သည် " ဟု ပထမဝါကျတွင် ပြဋ္ဌာန်းထားသည်။

အဆိုပါ ပြဋ္ဌာန်းချက်အရ အပ်နှင်းထားသော အာဏာကို အမှုစစ်တရားရုံးများက ကျင့်သုံးရာတွင် အမှုတွင် ပေါ်ပေါက်လာသည့် ထူးခြားသည့် အခြေအနေပေါ်မူတည်၍ ဆင်ခြင်သုံးသပ်ဆုံးဖြတ်ရန် လိုအပ်သည်။ ယခုအမှုမှာ တရားလိုအားစစ်ဆေးဆဲအဆင့်ဖြစ်ပြီး စွပ်စွဲခံရသူတင်ပြလိုသော စာမှတ်စာတမ်းကို သက်သေတင်ပြခွင့် ကျန်ရှိနေသေးသည့် အခြေအနေတွင် ရုံးခေါ်သက်သေ ခေါ်ယူစစ်ဆေးခွင့်ပြုမည်ဆိုပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၁ မှ ၂၅၉ ပါ ပြဋ္ဌာန်းချက်များကို အဟောသိကံဖြစ်စေသည်မှာ မြင်သာသည်။ သို့ဖြစ်၍ တရားလို ဦးမိုးနိုင်အား စစ်မေးနေစဉ် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာချိုအား ရုံးခေါ်သက်သေအဖြစ်စစ်ဆေးရန် သမ္မန်စာထုတ်ဆင့်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် ယခုအဆင့်တွင် မှုတမှန်ကန်သည်ဟုဆိုနိုင်မည်မဟုတ်ရာ ဤပြင်ဆင်မှုအားခွင့်ပြု၍ ဒေါ်ခင်မာချိုအား ရုံးခေါ်

သက်သေအဖြစ် ယခုအဆင့်တွင်စစ်ဆေးရန် သမ္မန်စာထုတ်ဆင့်ခဲ့သည့်အမိန့်အား ပယ်ဖျက်လိုက်သည်။

ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၂၉(ခ)/၂၀၁၉၊ ၇၇၀(ခ)/၂၀၁၉ နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆ တွင် တရားလို ဦးမိုးနိုင်အား စွပ်စွဲခံရသူ (၃) ၏ တရားလွှတ်တော်ရှေ့နေမှ ပြန်လှန်စစ်မေးစဉ် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တွဲဖက်ခရိုင်တရားသူကြီး (၂) ရုံး၏ ၁၅-၆-၂၀၁၈ ရက်နေ့ အမှုခေါ်စာရင်းနှင့် အမှုတွဲနေ့စဉ်မှတ်တမ်း၊ ၃-၇-၂၀၁၈ ရက်စွဲပါ အမှုနေ့စဉ်မှတ်တမ်းများ၏ တာဝန်ခံမိတ္တူများကို သက်သေခံတင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က သက်သေခံအဖြစ်လက်ခံခဲ့သော စာမှတ်စာတမ်းများသည် သက်သေခံဥပဒေပုဒ်မ ၅ နှင့် ၉ တို့အရ အမှုနှင့်စပ်ဆိုင်ကြောင်း ပေါ်ပေါက်လျက်ရှိသည့်အပြင် သက်သေခံဥပဒေပုဒ်မ ၇၄၊ ၇၆ တို့အရ လက်ခံထိုက်သည့် သက်သေခံအရာများဖြစ်ကြောင်း မြင်သာထင်ရှားသဖြင့် သက်သေခံအဖြစ်လက်ခံရန် စောလွန်းနေကြောင်း ရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး၏ အကြောင်းပြလျှောက်ထားမှုကို လက်ခံသင့်မည် မဟုတ်ပေ။

သို့ဖြစ်၍ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၉၄(ဃ)/၂၀၁၉ ကို ခွင့်ပြုပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၂-၃-၂၀၁၉ ရက်စွဲပါ အမိန့်ကိုပယ်ဖျက်လိုက်သည်။ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၇၂၉(ခ)/၂၀၁၉၊ ၇၇၀(ခ)/၂၀၁၉ တို့ကို ပလပ်သည်။

+၂၀၁၉ ခုနှစ်

မတ်လ ၁၁ ရက်

**ရာဇဝတ်အထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးသာဌေး၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊**

**ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည်၊ ဦးမျိုးဝင်းတို့ရှေ့တွင်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နှင့်**

**ဦးအောင်စိုး ***

**တရားရုံးတစ်ရုံးသည် မိမိဆည်းပူးလေ့လာမှုမရှိသော စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်သည့်ကိစ္စတွင် အထူးတတ်သိ၍ ကျွမ်းကျင်သောသူပါရဂူများကကျွမ်းကျင်မှုအပေါ် အခြေပြုပြီး ဆောင်ရွက်ရမည့် သီးခြားကိစ္စများတွင် ပါရဂူ၏ ထင်မြင်ချက်သက်သက်အပေါ် ပါရဂူကို စစ်ဆေးခြင်းဖြင့် ၄င်းပါရဂူက ရှင်းလင်းတင်ပြသည့် အထောက်အကူ**

* ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၂၁

\+ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၄၃ (ခ) တွင်ချမှတ်သော ၂၀၁၈ ခုနှစ်၊ မေလ ၁၁ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကို အထူးအယူခံမှု

| ၂၀၁၉ ခုနှစ် |
|---|
| ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးအောင်စိုး |

မရှိဘဲ မဆုံးဖြတ်သင့်ခြင်း။

**ဆုံးဖြတ်ချက် ။** ။ စုံစမ်းစစ်ဆေးသော အမှုနှင့်ပတ်သက်သည့် ကိစ္စတွင် အထူးတတ်သိ၍ ကျွမ်းကျင်သောသူ တစ်နည်းအားဖြင့် ပါရဂူ၏ထင်မြင်ချက်သည် သက်သေခံအက်ဥပဒေပုဒ်မ ၄၅ အရ သက်သေခံဝင်သော်လည်း ပါရဂူ၏ထင်မြင်ချက်ကို ရယူသောအခါ သက်သေခံအက်ဥပဒေပုဒ်မ ၆၀ အရ အခြားသက်သေများနည်းတူ ရုံးသို့ခေါ်ယူစစ်ဆေးရမည်ဖြစ်သည်။ ပါရဂူသေဆုံးခဲ့လျှင်ဖြစ်စေ၊ သက်သေအဖြစ်ဆင့်ခေါ်ပါက အချိန်ကြန့်ကြာရန် စရိတ်စကအကုန်အကျများရန် အကြောင်းရှိလျှင်ဖြစ်စေ သက်သေခံအက်ဥပဒေပုဒ်မ ၅၇ အရ ၎င်းရေးသားထားသည့် ကျမ်းကို သက်သေခံအဖြစ်အသုံးပြုခွင့်ရှိပြီး ပါရဂူကို ရုံးသို့ခေါ်ယူစစ်ဆေးရန်မလွယ်ကူက ကော်မရှင်နာခန့်အပ်စစ်ဆေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ပြစ်မှုများ၌ ပါရဂူကို ရုံးသို့ခေါ်ယူစစ်ဆေးမှသာ တရားရုံးအနေဖြင့် ပါရဂူ၏ထင်မြင်ချက် ချိန်ဆရာ၌လွယ်ကူမည်ဖြစ်သည်။

စာချုပ်ပေါ်ရှိလက်မှတ်ကို တရားရုံးက မိမိကိုယ်တိုင်ထင်မြင်ချက်နှင့် လက်ရေးပါရဂူ၏ထင်မြင်ချက်ကို အထောက်အပံ့ယူပြီး ဆုံးဖြတ်ထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ လက်ရေး

ပါရဂူ၏ထင်မြင်ချက်ကို သက်သေခံတင်သွင်းထားသော်လည်း လက်ရေးပါရဂူကို ရုံးရှေ့တွင် သက်သေအဖြစ် ခေါ်ယူခြင်းမရှိသည့်အတွက် တရားခံဘက်မှ ပြန်လှန်စစ်မေးခွင့်လည်း ဆုံးရှုံးခဲ့သည်ကိုတွေ့ရသည်။

တရားရုံးတစ်ရုံးသည် မိမိဆည်းပူးလေ့လာမှုမရှိသော စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်သည့်ကိစ္စတွင် အထူးတတ်သိ၍ ကျွမ်းကျင်သောသူ ပါရဂူများက ကျွမ်းကျင်မှုအပေါ်အခြေပြုပြီး ဆောင်ရွက်ရမည့် သီးခြားကိစ္စများတွင် ပါရဂူ၏ထင်မြင်ချက် သက်သက်အပေါ် ပါရဂူကိုစစ်ဆေးခြင်းဖြင့် ၎င်းပါရဂူက ရှင်းလင်းတင်ပြသည့် အထောက်အကူမရှိဘဲ မဆုံးဖြတ်သင့်ချေ။

အယူခံတရားလိုအတွက် - ဒေါ်သီသီရွှေ၊ ညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် - ဦးဝင်းတင်၊
တရားလွှတ်တော်ရှေ့နေ

ပုဗ္ဗန်တောင်မြို့နယ်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၃ တွင် တရားခံ ဦးအောင်စိုးအား ရာဇသတ်ကြီးပုဒ်မ ၄၆၈ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်ကျခံစေရန် ချမှတ်

သည့်အမိန့်ကို တရားခံက ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၆၈ ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၈၁ (ခ) ဖြင့်လည်းကောင်း တင်သွင်းရာ အောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၄၃ (ခ) ဖြင့် ဆက်လက်တင်သွင်းရာ တရားခံကို အမှုမှအပြီးအပြတ်လွှတ်သည့် အမိန့်ချမှတ်သည်။ ယင်းအမိန့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အထူးအယူခံဝင်ခွင့်ရရှိရန် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာ (အထူး) အမှတ် - ၁၂၆ ကို ဆက်လက်တင်သွင်းလျှောက်ထားရာ အောက်ပါပြဿနာအား ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

> "တရားခံ ဦးအောင်စိုးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၆၈ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ သံသယဖြင့် စီရင်ခဲ့ခြင်းသာဖြစ်ကြောင်း ကောက်ယူသုံးသပ်၍ ပုဒ်မ ၄၆၈ အရ ပြစ်မှုထင်ရှားစီရင်သည့် ပုဇွန်တောင်မြို့နယ်တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော ရန်ကုန်

အရှေ့ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်တို့ကိုပယ်ဖျက်၍ အမှုမှ အပြီးအပြတ်လွှတ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန် မှု ရှိ မရှိ”

အမှုမှာ ၇၃/၆၀ x ၆၀ ပေကျယ်ဝန်းသော ရန်ကင်းမြို့နယ်၊ ကံဘဲ့ ၈ ရပ်ကွက် ၊ သဇင်ဖြူ ၄ လမ်း၊ မြေတိုင်းရပ်ကွက် အမှတ် ၄၁/ကံဘဲ့ မြေကွက်အမှတ် ၃/၁၄၉ မြေကွက်ကို ၂-၁၀-၂၀၀၁ ရက်စွဲပါ အရပ်စာချုပ်ဖြင့် ဖခင်ဦးမောင်စိန်ထံမှ သား ဦးစိန်လွင်က ဝယ်ယူလက်ရှိရယူထားပြီး မြေငှားဂရန်သစ်လျှောက်ထားမှုနှင့်ပတ်သက်၍ ကြန့်ကြာနေသဖြင့် စည်ပင်သာယာဌာနတွင်စုံစမ်းရာ ၁၉၉၉ ခုနှစ်က အချင်းဖြစ်မြေကွက်ဝယ်ယူခဲ့သည့်စာချုပ်တင်ပြ၍ ဦးအောင်စိုးက မြေငှားဂရန်အပြိုင်လျှောက်ထားကြောင်း ဌာနဆိုင်ရာလူကြီးများရှေ့ စစ်ဆေးရာ စာချုပ်ပါရောင်းသူ ဦးမောင်စိန်၏လက်မှတ်မှာ အတုဖြစ်နေသဖြင့် စာချုပ်အတုအပပြုလုပ်သူ ဦးအောင်စိုးနှင့် ပါဝင်သူများကို အရေးယူပေးရန် ဦးစိန်လွင်က သတင်းပေးတိုင်တန်းရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက

အချင်းဖြစ်မြေကွက်ကို ၂-၁၀-၂၀၀၁ ခုနှစ်က ဖခင်ဦးမောင်စိန်ထံမှ သားဦးစိန်လွင်က သက်သေခံ (ခ-၁) စာချုပ်ဖြင့်ဝယ်ယူပြီး လက်ရောက်ရရှိခဲ့ကြောင်း၊ အချင်းဖြစ်မြေကွက်ကို ၁၉၉၉ ခုနှစ်တွင် ဦးစိန်လွင်၏ဖခင်ဦးမောင်စိန်ထံမှ ငွေကျပ် ၇၂ သိန်း တစ်လုံးတစ်ခဲတည်း ပေးချေဝယ်ယူခဲ့ကြောင်း တရားခံဦးအောင်စိုးက တင်ပြထားသော်လည်း မြေကွက်ကို လက်ရောက်ရရှိခဲ့သည့် အထောက်အထား တင်ပြနိုင်ခြင်းမရှိခဲ့ကြောင်း၊ သက်သေခံ (ဆ-၄) စာချုပ်ပါ သက်သေများမှာ ကြုံကြိုက်သက်သေများဖြစ်ပြီး ခံပြသက်သေများအဖြစ် ထွက်ဆိုရာတွင်လည်း ဦးအောင်စိုး၏ ထွက်ဆိုချက်နှင့်ကွဲလွဲနေကြောင်း၊ မြေကွက်ရောင်းသူ ဦးမောင်စိန်နေရာတွင် တရားလို၏ဖခင် ဦးမောင်စိန် ရေးထိုးသည်ဟု အတိအကျထွက်ဆိုနိုင်ခြင်းမရှိကြောင်း၊ ရောင်းချသူ ဦးမောင်စိန်၏ နေရာတွင်ရေးထိုးထားသော လက်ရေးလက်မှတ်မှာ ဦးမောင်စိန်ရေးထိုးခြင်းမဟုတ်ကြောင်း မှုခင်းရဲတပ်ဖွဲ့မှူးရုံးက ပြန်ကြားစာ သက်သေခံ - စ အရ ပြန်ကြားထားကြောင်း၊ အဆိုပါအရောင်းအဝယ်စာချုပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဦးအောင်စိုးကတင်ပြ၍ မြေငှားဂရန်လျှောက်ထားကြောင်း၊ ၉-၉-၂၀၁၃ ရက်စွဲပါ ရန်ကုန်မြို့တော်

စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ပြန်ကြားစာ သက်သေခံ (ခ-၅) အရ ပေါ်ပေါက်ကြောင်း၊ သက်သေခံ (ဆ-၄) မြေအရောင်း အဝယ်စာချုပ်ကို ရောင်းသူဦးမောင်စိန်နေရာတွင် ဦးအောင်စိုးက လက်မှတ်တုရေးထိုး၍ မြေငွေဂရန် လိမ်လည်လွှဲပြောင်းထားခဲ့ကြောင်း သက်သေခံချက်များအရ ကွင်းဆက်မပြတ်ပေါ်ပေါက်ကြောင်း၊ စာချုပ်လိမ်လည်အတုပြုလုပ်သူမှာ ဦးအောင်စိုးမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်က ပြုလုပ်သည်ဟု ထင်ရှားပေါ်ပေါက်ခြင်းမရှိကြောင်း သုံးသပ်ပြီး တရားခံဦးအောင်စိုးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၆၈ အရ ပြစ်မှုထင်ရှားစီရင်သည့် တရားရုံးအဆင့်ဆင့်၏အမိန့်တို့ကို ပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှု မရှိကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် တရားရုံးအဆင့်ဆင့်၏ အမိန့်ကို ပြန်လည်အတည်ပြုပေးရန် လျှောက်ထားတင်ပြသည်။

အယူခံတရားခံ၏ရှေ့နေက သက်သေခံ-ခ ရှာဖွေပုံစံဖြင့် ဦးစိန်လွင်ပေးအပ်ထားသော မြေကွက်အရောင်းအဝယ်စာချုပ်မှာ ဖခင်ဦးမောင်စိန်ထံမှ သားဦးစိန်လွင်က ငွေကျပ်သိန်း ၇၀ ဖြင့် ဝယ်ယူထားသော အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်

ကတိစာချုပ်သာဖြစ်ပြီး ယင်းမြေကွက်များကို ဦးမောင်စိန် ပိုင်ဆိုင်ကြောင်း ဆက်စပ်စာချုပ်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိကြောင်း၊ ဦးစိန်လွင်နှင့် ဦးမောင်စိန်ရေးထိုးထားသော အရောင်းအဝယ်စာချုပ်ပေါ်ရှိလက်မှတ်တွင် ဦးမောင်စိန်ရေးထိုးခြင်း ဟုတ် မဟုတ် စစ်ဆေးရန် အထောက်အထားနည်းပါး၍ ထင်မြင်ချက်မပေးပါဟု လက်ရေးပါရဂူကပြန်ကြားထားရာ မူလရုံးတရားလို ဦးစိန်လွင်ကိုယ်တိုင် ဖခင်ဦးမောင်စိန်၏ လက်မှတ်ကို တုပရေးထိုးခြင်း ဟုတ် မဟုတ်ဆိုသော ပြဿနာကိုလည်း ထည့်သွင်းသုံးသပ်သင့်ကြောင်း၊ သက်သေခံ (ခ-၁) ၂-၁၀-၂၀၀၁ ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်တွင် ရောင်းသူနေရာ၌ ရေးထိုးထားသော ဦးမောင်စိန်လက်မှတ်နှင့် သက်သေခံ (ဆ-၄) ၁၀-၁၂-၁၉၉၉ ရက်စွဲပါ ရောင်းသူ ဦးမောင်စိန်နှင့် ဝယ်သူဦးအောင်စိုးတို့၏ မြေအရောင်းအဝယ် ကတိစာချုပ်တွင် ရောင်းသူနေရာ၌ ရေးထိုးထားသော ဦးမောင်စိန်၏လက်မှတ်တို့သည် သာမန်ကြည့်ရှုမှုနှင့်ပင် တူညီမှုမရှိသည်ကို တွေ့ရကြောင်း၊ မူလမြို့နယ်တရားရုံးက ထည့်သွင်းသုံးသပ်ထားသည်မှာ ဖခင်ဦးမောင်စိန်က သားဦးစိန်လွင်ကို အမှန်တကယ်ရောင်းချသည်ဟု သုံးသပ်ရာရောက်သည့်အပြင်

သက်သေခံ (ခ-၁) စာချုပ်တွင်ပါရှိသော ဦးမောင်စိန်လက်မှတ်သည် နမူနာပေးပို့သော မှတ်ပုံတင်စာချုပ်ပါ လက်မှတ်ရေးထိုးသူ ဦးမောင်စိန်ကရေးထိုးခြင်း ဟုတ် မဟုတ် စစ်ဆေးရန် အထောက်အထားနည်းပါး၍ ထင်မြင်ချက်မပေးပါဆိုသော လက်ရေးပါရဂူ၏ ထင်မြင်ချက်ကို မျက်ကွယ်ပြုရာရောက်ကြောင်း၊ ဦးအောင်စိုး၏လက်မှတ်နှင့် နှိုင်းယှဉ်ခြင်းမပြုဘဲ လွန်ခဲ့သော ၁၅ နှစ်ခန့်က ဦးမောင်စိန်ရေးထိုးသည့် စာချုပ်စာတမ်းပါလက်မှတ်နှင့် နှိုင်းယှဉ်ထင်မြင်ချက်ပေးထားခြင်းဖြစ်ကြောင်း၊ လိမ်လည်အတုပြုလုပ်မှု ကျူးလွန်သူမှာ ဦးအောင်စိုးဖြစ်သည်ဟု နှုတ်သက်သေခံချက်များဖြင့် အလွယ်ထွက်ဆိုထားသဖြင့် ဦးအောင်စိုးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၆၈ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် သံသယဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းဖြစ်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်သည့် တရားရုံးအဆင့်ဆင့်၏ အမိန့်တို့ကိုပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်ကို အတည်ပြုပြီး အထူး အယူခံမှုကို ပလပ်ပေးရန် လျှောက်ထားတင်ပြသည်။

အချင်းဖြစ်မြေနှင့်ပတ်သက်၍ တရားလိုဦးစိန်လွင်က ဖခင်ဦးမောင်စိန်ထံမှ ၎င်းဝယ်ယူခဲ့သည်ဆိုသော မှတ်ပုံမတင်

သည့်အရပ်စာချုပ် သက်သေခံ (ခ-၁) ကိုသာ တင်ပြထားကြောင်း၊ အချင်းဖြစ်မြေကို ဦးလှအေး၊ ဦးသန်းလင်းတို့အားဖခင်က အကျိုးအမြတ်ပေး၍ရရှိခဲ့သည်ဟု နှုတ်သက်သေခံချက်သာ ထွက်ဆိုထားပြီး ၎င်းတို့နှစ်ဦးထံမှ လွှဲပြောင်းရရှိထားသော စာတမ်းအမှတ်အသား သက်သေခံချက် တင်ပြနိုင်ခြင်းမရှိသည့်အပြင် အိမ်အပြောင်းအရွှေ့ပြုလုပ်စဉ်က အထားမှား၍ စာရွက်စာတမ်းများ ပျောက်ဆုံးသွားသည်ဟု တရားလိုဘက်က ထွက်ဆိုထားကြောင်း၊ ဦးလှအေး၊ ဦးသန်းလင်းတို့နှစ်ဦးကိုလည်း သက်သေအဖြစ်တင်ပြထားခြင်းမရှိကြောင်း၊ ရာဇဝတ်မှုများတွင် ပြည့်စုံစွာသက်သေထင်ရှားပြရန်တာဝန်သည် တရားလိုအပေါ်တွင်ကျရောက်ကြောင်း၊ တရားခံဦးအောင်စိုးသည် ဦးမောင်စိန်၏ လက်မှတ်ကို လိမ်လည်အတုပြုမှု ကျူးလွန်သည်ဟု နှုတ်သက်သေခံချက်များဖြင့် အလွယ်ထွက်ဆိုထားသဖြင့် ခိုင်လုံစွာသက်သေပြရန်တာဝန်ရှိသည့် တရားလိုဘက် တာဝန်မကျေပွန်ကြောင်း၊ ဦးမောင်စိန်ထံမှ တရားခံဦးအောင်စိုးဝယ်ယူသည့် မြေရောင်းအဝယ်စာချုပ်နှင့်အတူ သီရိစူဘရာမနိယာဆွာမိဘုရားကျောင်းဂေါပကအဖွဲ့က ဦးလှအေး၊ ဦးသန်းလင်းတို့ကိုထုတ်ပေးသည့် မြေအပြီးအပိုင် ငွားရမ်းပိုင်ဆိုင်ကြောင်း

၂၀၁၉ ခုနှစ်

ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
ဦးအောင်စိုး

သက်သေခံလက်မှတ်မူရင်း သက်သေခံ(ဆ-၁) ၊ (ဆ-၂) တို့ကို တရားခံဦးအောင်စိုးက သက်သေခံတင်ပြနိုင်ကြောင်း၊ ယင်း သက်သေခံ (ဆ-၁)၊ (ဆ-၂) တွင် ဥက္ကဋ္ဌနေရာတွင် ရေးထိုး ထားသော ဦးဇော်ဝင်းလက်မှတ်၊ အတွင်းရေးမှူးနေရာတွင် ရေးထိုးထားသော ဦးအောင်စိုး (ခ) ဦးအောင်ဆန်း လက်မှတ် များ မှန်ကန်ကြောင်း ဦးတန်ဘီ (ခံပြ-၂) က ထောက်ခံထွက်ဆို ထားသည့် သက်သေခံချက်များရှိကြောင်း၊ အကောင်းဆုံးသော သက်သေခံချက်တင်ပြရမည့် တရားလိုဘက်က မတင်ပြနိုင် သည့် အခြေအနေများကို တရားခံဘက်မှ တင်ပြနိုင်သည့် အခြေအနေရှိကြောင်း၊ အဆိုပါအခြေအနေများ ထင်ရှားပါလျက် တရားခံဘက်မှ ပျော့ကွက်ရှိသည်ဆိုသော အကြောင်းပြချက် ဖြင့် ပြစ်မှုထင်ရှားစီရင်ခဲ့သည့်အမိန့်များသည် တရားခံအပေါ် သံသယဖြင့်အပြစ်ပေးခြင်းဖြစ်ကြောင်း ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ကောက်ယူသုံးသပ်ပြီး တရားခံဦးအောင်စိုး ကို အမှုမှအပြီးအပြတ်လွှတ်ခဲ့ခြင်းဖြစ် သည်။

သို့ဖြစ်၍ လက်အောက်ခံတရားရုံးများက တရားခံ ဦးအောင်စိုးအပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၆၈ အရ ပြစ်မှုထင်ရှား စီရင်ခြင်းသည် သံသယဖြင့်စီရင်ခဲ့ခြင်းသာဖြစ်ကြောင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကောက်ယူသုံးသပ်၍ အမှုမှအပြီးအပြတ်လွှတ်ကြောင်း ချမှတ်သည့်အမိန့်သည် ဥပဒေနှင့်ညီညွတ်ခြင်း၊ မှန်ကန်ခြင်း ရှိ မရှိ စိစစ်ဆုံးဖြတ်ရန်ဖြစ်သည်။

လက်ရေးလက်မှတ်များကို သာမန်ထင်ရှားအောင် ပြုလုပ်နည်းများမှာ -

(၁) စာမှတ်စာတမ်း ကိုယ်တိုင်ရေးသားသူကိုဖြစ်စေ၊ အခြားသူရေးသားသည်ကို မြင်တွေ့ဖူးသူကိုဖြစ်စေ သက်သေအဖြစ် ခေါ်ယူစစ်ဆေးခြင်း၊

(၂) လက်ရေးလက်မှတ်ရေးထိုးကြောင်း ထင်မှတ်ခံရသူ၏ လက်ရေးလက်မှတ်ကိုသိသူက သက်သေခံအက်ဥပဒေပုဒ်မ ၄၇ အရ သက်သေခံခြင်း၊

(၃) အငြင်းပွားသော လက်ရေး၊ လက်မှတ်နှင့် စွပ်စွဲခံရသူ၏ လက်ရေး၊ လက်မှတ်တို့ကို သက်သေခံအက်ဥပဒေပုဒ်မ ၇၃ အရ နှိုင်းယှဉ်ကြည့်ခြင်း၊

(၄) သက်သေခံအက်ဥပဒေပုဒ်မ ၄၅ အရ လက်ရေးလက်မှတ်ပါရဂူ၏ ထင်မြင်ချက် ရယူခြင်းတို့

ဖြစ်သည်။

ပုဇွန်တောင်မြို့မရဲတပ်ဖွဲ့စခန်းက နေပြည်တော်မှုခင်း တပ်ဖွဲ့မှူးရုံး၊ မှုခင်းတပ်ဖွဲ့မှူးထံ ထင်မြင်ချက်တောင်းခံစာ သက်သေခံ - င တွင် -

(၁) ၂-၁၀-၂၀၀၁ ရက်စွဲဖြင့် ငွေ ၂၅ ကျပ်တန် အခွန်တံဆိပ်ခေါင်းပေါ်တွင် ရောင်းသူနေရာ၌ ဦးမောင်စိန်၊ ဝယ်ယူသူနေရာ၌ ဦးစိန်လွင် လက်မှတ်ရေးထိုးထားသည့် အိမ်ခြံမြေ နှစ်ဦး သဘောတူ အရောင်းအဝယ် ကတိစာချုပ်မူရင်း (သက်သေခံ - က)၊

(၂) စွပ်စွဲခံရသူ ဦးအောင်စိုးထံမှ သိမ်းဆည်းခဲ့သည့် ၃-၁၀-၁၉၉၇ ရက်စွဲပါ ငွေ ၁၀ ကျပ်တန် အခွန် တံဆိပ်ခေါင်းပေါ်တွင် ရောင်းချသူ ဦးလှအေးပါ ၃ နှင့် ဝယ်ယူသူနေရာ၌ ဦးမောင်စိန်တို့ လက်မှတ် ရေးထိုးထားသည့် မြေအရောင်းအဝယ်ကတိ စာချုပ်မူရင်း (သက်သေခံ - ခ)၊

(၃) စွပ်စွဲခံရသူဦးအောင်စိုးထံမှ သိမ်းဆည်းခဲ့သည့် ၁၀-၁၂-၁၉၉၉ ရက်စွဲပါ ငွေ ၁၀ ကျပ်တန် အခွန်တံဆိပ်ခေါင်းပေါ်တွင် ရောင်းချသူနေရာ၌ ဦးမောင်စိန်၊ ဝယ်ယူသူနေရာ၌ ဦးအောင်စိုး လက်မှတ်ရေးထိုးထားသည့် မြေအရောင်းအဝယ် ကတိစာချုပ်မူရင်း သက်သေခံ (ခ-၁)၊

(၄) ၂၄-၇-၁၉၈၄ ရက်စွဲဖြင့် အိမ်နှင့်မြေအရောင်း အဝယ်စာချုပ်ပေါ်တွင် ဦးမောင်စိန်မကွယ်လွန်မီ က ရေးထိုးခဲ့သည့် လက်မှတ်နမူနာများပါ အရောင်းအဝယ်စာချုပ် (သက်သေခံ-ဂ) တို့ကို ပေးပို့ခဲ့သည်။

သက်သေခံ - င ဖြင့် ထင်မြင်ချက်တောင်းခံစာအပေါ် နေပြည်တော်မှုခင်းတပ်ဖွဲ့မှူးရုံးက သက်သေခံ - စ ဖြင့် ထင်မြင် ချက်ပြန်ကြားစာပေးပို့ခဲ့သည်။ ယင်းသက်သေခံ - စ ပါရဂူ၏ ထင်မြင်ချက်ပြန်ကြားစာတွင် ၂-၁၀-၂၀၀၁ ရက်စွဲပါ ဦးမောင်စိန် နှင့်ဦးစိန်လွင် လက်မှတ်ရေးထိုးထားသည့် သက်သေခံ-က စာချုပ်နှင့် ဦးမောင်စိန် မကွယ်လွန်မီက လက်မှတ်ရေးထိုးထား သော လက်မှတ်နမူနာများ သက်သေခံ - ဂ၊ ၃-၁၀-၁၉၉၇ ရက်စွဲ

ပါ ဦးလှအေး ပါ - ၃ နှင့် ဦးမောင်စိန် လက်မှတ် ရေးထိုးထားသည့်စာချုပ် သက်သေခံ-ခ နှင့် ဦးမောင်စိန် မကွယ်လွန်မီက လက်မှတ်ရေးထိုးထားသည့် လက်မှတ်နမူနာ သက်သေခံ - ဂ တို့ကိုစစ်ဆေးရန် အထောက်အထားနည်းပါး၍ ထင်မြင်ချက်မပေးနိုင်ကြောင်းပြန်ကြားထားပြီး ၁၀-၁၂-၁၉၉၉ ရက်စွဲပါ ဦးမောင်စိန်နှင့် ဦးအောင်စိုးတို့ လက်မှတ်ရေးထိုးထားသည့် စာချုပ်သက်သေခံ (ခ - ၁) နှင့် ဦးမောင်စိန် မကွယ်လွန်မီက လက်မှတ်ရေးထိုးထားသော စာချုပ်ပေါ်ရှိလက်မှတ် သက်သေခံ - ဂ ကိုသာ ဦးမောင်စိန်လက်မှတ်ရေးထိုးထားခြင်းမဟုတ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ထင်မြင်ချက်ပေးထားသည်ကို တွေ့ရသည်။ စစ်ဆေးရန် အထောက်အထားနည်းပါး၍ ထင်မြင်ချက်မပေးနိုင်ကြောင်း၊ ယေဘုယျသဘောသာ ပြန်ကြားထားပြီး မည်သည့်အတွက်ကြောင့် ထင်မြင်ချက်မပေးနိုင်ကြောင်း၊ ထင်မြင်ချက်ပေးရသည့်ကိစ္စရပ်သည် မည်သည့်အတွက် ထင်မြင်ချက်ပေးရခြင်းဖြစ်ကြောင်း တိကျစွာခွဲခြားဖော်ပြထားခြင်းမရှိပေ။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၀ တွင် တရားခံရှေ့တွင် ရာဇဝတ်တရားသူကြီးတစ်ဦးကရယူ၍ မှန်ကြောင်းလက်မှတ်ရေးထိုးထားသော သို့မဟုတ် ကော်မရှင်ဖြင့် ရယူထား

သော ဆရာဝန်ကြီးတစ်ဦး၏ သို့မဟုတ် အခြားဆေးဘက်သက်သေတစ်ဦး၏ အစစ်ခံချက်ကို စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု သို့မဟုတ် အခြားမှုခင်းဆောင်ရွက်မှုတစ်ခုခုတွင် အဆိုပါ အစစ်ခံခဲ့သူကို သက်သေတစ်ဦးအဖြစ် ဆင့်ခေါ်ခြင်းမပြုဘဲနှင့် သက်သေခံချက်အဖြစ်တင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၀ တွင် မှုခင်းကိစ္စတစ်ခုကို ဆောင်ရွက်နေစဉ်အတွင်း ပစ္စည်း သို့မဟုတ် အရာဝတ္ထုတစ်စုံတစ်ရာကို စစ်ဆေးပေးရန် သို့မဟုတ် ဓာတ်ခွဲပေးရန် အစီရင်ခံစာ နည်းလမ်းတကျပေးပို့ခဲ့သဖြင့် ဓာတုဗေဒဝန် သို့မဟုတ် လက်ထောက်ဓာတုဗေဒဝန်က လက်မှတ်ရေးထိုးပြန်ကြားသည့် အစီရင်ခံစာဟုဆိုသော စာတမ်းအမှတ်အသားကို စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု သို့မဟုတ် အခြားမှုခင်းဆောင်ရွက်မှုတစ်ခုခုတွင် သက်သေခံချက်အဖြစ် အသုံးပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အဆိုပါပြဋ္ဌာန်းချက်များကို နှိုင်းယှဉ်ကြည့်လျှင် တရားခံရှေ့တွင် ရာဇဝတ်တရားသူကြီးတစ်ဦးကရယူ၍ မှန်ကြောင်းလက်မှတ်ရေးထိုးထားသော သက်သေခံချက်၊ ကော်မရှင်ဖြင့် ရယူထားသော ဆရာဝန်ကြီးတစ်ဦး သို့မဟုတ် အခြားဆေးဘက်

သက်သေတစ်ဦး၏ သက်သေခံချက်ကိုသာ တရားရုံးရှေ့၌ သက်သေအဖြစ်အစစ်မခံဘဲ သက်သေခံချက်ကို သက်သေခံအဖြစ် တင်သွင်းနိုင်ခွင့်ရှိပြီး ဓာတုဗေဒပြန်ကြားစာကို ဓာတုဗေဒဝန်က တရားရုံးရှေ့၌ သက်သေအဖြစ်အစစ်မခံဘဲ သက်သေခံချက်ကို သက်သေခံအဖြစ် တင်သွင်းနိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားခြင်းမရှိသည်မှာ မြင်သာပေသည်။

ထို့ကြောင့် စုံစမ်းစစ်ဆေးသောအမှုနှင့် ပတ်သက်သည့်ကိစ္စတွင် အထူးတတ်သိ၍ကျွမ်းကျင်သူ၊ တစ်နည်းအားဖြင့် ပါရဂူ၏ထင်မြင်ချက်သည် သက်သေခံအက်ဥပဒေပုဒ်မ ၄၅ အရ သက်သေခံဝင်သော်လည်း ပါရဂူ၏ထင်မြင်ချက်ကို ရယူသောအခါ သက်သေခံအက်ဥပဒေပုဒ်မ ၆၀ အရ အခြားသက်သေများနည်းတူ ရုံးသို့ခေါ်ယူစစ်ဆေးရမည်ဖြစ်သည်။ ပါရဂူသေဆုံးခဲ့လျှင်ဖြစ်စေ သက်သေအဖြစ်ဆင့်ခေါ်ပါက အချိန်ကြန့်ကြာရန် စရိတ်စကအကုန်အကျများရန် အကြောင်းရှိလျှင်ဖြစ်စေ သက်သေခံအက်ဥပဒေပုဒ်မ ၅၇ အရ ၎င်းရေးသားထားသည့်ကျမ်းကို သက်သေခံအဖြစ် အသုံးပြုခွင့်ရှိပြီး ပါရဂူကို ရုံးသို့ခေါ်ယူစစ်ဆေးရန်မလွယ်ကူက ကော်မရှင်နာခန့်အပ်စစ်ဆေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ပြစ်မှုများ၌ ပါရဂူကို ရုံးသို့ခေါ်ယူ စစ်ဆေး

မှသာ တရားရုံးအနေဖြင့် ပါရဂူ၏ထင်မြင်ချက် ချိန်ဆရာ၌ လွယ်ကူမည်ဖြစ်သည်။

လက်ရေးလက်မှတ်ကိုနှိုင်းယှဉ်ကြည့်ခြင်းသည် လက်ရေးလက်မှတ်ကို ထင်ရှားအောင်ပြုလုပ် နည်းများအနက် နည်းတစ်နည်းအဖြစ်ပါဝင်ပြီး လက်ရေးပါရဂူများထံ လက်ရေးလက်မှတ် အလားတူညီနေခြင်းများကိုသာမက မတူညီသည့်အချက်များကိုလည်း ကြည့်ရှုစစ်ဆေးရကြောင်း **U SAN KYAW Vs MAUNG MAUNG KYWE အမှု** [၁] တွင် လမ်းညွှန်ဆုံးဖြတ်ထားသည်ကို တွေ့ရှိရသည်။

ဓာတုဗေဒဝန်၏ ထင်မြင်ချက်ပေါ်တွင် လုံးဝအခြေပြု၍ ပြစ်ဒဏ်စီရင်ရမည့်အမှုတွင် ဓာတုဗေဒဝန်ကို သက်သေအဖြစ် ခေါ်ယူစစ်ဆေးခြင်းဖြင့် တရားခံရထိုက်သော ပြန်လှန်စစ်မေးခွင့်ကို မဆုံးရှုံးစေသင့်ကြောင်းလည်း **Behram Sheriar Irani V Emperor အမှု** [၂] တွင် လမ်းညွှန်ထုံးဖွဲ့ ထားသည်။

မူလမြို့နယ်တရားရုံးက တရားလိုတင်ပြထားသည့်

---

၁။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၉၂

၂။ AIR 1944 Bombay 321

သက်သေခံ (ခ-၁) စာချုပ်ပေါ်ရှိ ဦးမောင်စိန် အမည်ပေါ်တွင် ရေးထိုးထားသည့်လက်မှတ်နှင့် တရားခံဦးအောင်စိုးတင်ပြသည့် သက်သေခံ (ဆ-၄) စာချုပ်ပေါ်ရှိ ဦးမောင်စိန်အမည်ပေါ်တွင် ရေးထိုးထားသည့်လက်မှတ်မှာ သာမန်ကြည့်ရှုမှုဖြင့်ပင် တူညီမှု မရှိသည်ကိုတွေ့မြင်ရခြင်း၊ ၁၀-၁၂-၁၉၉၉ ရက်စွဲပါ၊ သက်သေခံ (ဆ-၄) စာချုပ်ပေါ်ရှိ ဦးမောင်စိန်နေရာတွင် ရေးထိုးထားသောလက်မှတ်မှာ ဦးမောင်စိန်ရေးထိုးခြင်းမဟုတ်ကြောင်း မြန်မာနိုင်ငံမှုခင်းရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်၏ထင်မြင်ချက် ပြန်ကြားစာ သက်သေခံ-စ အရ ထင်ရှားခြင်းကြောင့် တရားခံ ဦးအောင်စိုးသည် သက်သေခံ (ဆ-၄) စာချုပ်ပေါ်ရှိ ဦးမောင်စိန် လက်မှတ်ကို လိမ်လည်တုပရေးထိုးပြီး ၎င်းအမည်ပါ မြေငွား ဂရန်ရရှိအောင် လိမ်လည်လျှောက်ထားခဲ့ကြောင်း သုံးသပ်၍ ရာဇသတ်ကြီးပုဒ်မ ၄၆၈ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ် သည်။ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသ ကြီးတရားလွှတ်တော်တို့ကလည်း အဆိုပါအမိန့်ကို ဆက်လက် အတည်ပြုခဲ့သည်။

မြို့နယ်တရားရုံး၏ သုံးသပ်ချက်ကို လေ့လာလျှင် စာချုပ်ပေါ်ရှိလက်မှတ်ကို တရားရုံးက မိမိကိုယ်ပိုင်ထင်မြင်ချက်

နှင့် လက်ရေးပါရဂူ၏ထင်မြင်ချက်ကို အထောက်အပံ့ရယူပြီး ဆုံးဖြတ်ထားသည်ကိုတွေ့ရှိရမည်ဖြစ်သည်။ လက်ရေးပါရဂူ၏ ထင်မြင်ချက်ကိုသက်သေခံတင်သွင်းထားသော်လည်း လက်ရေး ပါရဂူကို ရုံးရှေ့တွင်သက်သေအဖြစ် ခေါ်ယူခြင်းမရှိသည့် အတွက် တရားခံဘက်မှ ပြန်လှန်စစ်မေးခွင့်လည်း ဆုံးရှုံးခဲ့သည် ကိုတွေ့ရသည်။

တရားရုံးတစ်ရုံးသည် မိမိဆည်းပူးလေ့လာမှုမရှိသော စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်သည့်ကိစ္စတွင် အထူးတတ်သိ၍ ကျွမ်းကျင်သောသူပါရဂူများက ကျွမ်းကျင်မှုအပေါ်အခြေပြုပြီး ဆောင်ရွက်ရမည့် သီးခြားကိစ္စများတွင် ပါရဂူ၏ထင်မြင်ချက် သက်သက်အပေါ် ပါရဂူကိုစစ်ဆေးခြင်းဖြင့် ၎င်းပါရဂူက ရှင်းလင်းတင်ပြသည့် အထောက်အကူမရှိဘဲ မဆုံးဖြတ်သင့်ချေ။

ထို့ပြင် လက်ရေးပါရဂူ၏ အစီရင်ခံချက်သည် လက်ရေး များနှိုင်းယှဉ်စစ်ဆေးပြီး ပေးထားသောထင်မြင်ယူဆချက်မျှသာ ဖြစ်၍ ကိစ္စတစ်ရပ်ကို အပြီးသတ်အဆုံးအဖြတ်ပေးနိုင်သည့် တစ်ခုတည်းသော အထောက်အထားအဖြစ် လက်ခံရန်ခဲယဉ်း ကြောင်း **ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့်**

၂၀၁၉ ခုနှစ်

ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
ဦးအောင်စိုး

**ဦးခင်မောင်သွင် အမှု** [၃] တွင် လမ်းညွှန်ထုံးဖွဲ့ထားပြီးဖြစ်သည်။

အဆိုပါအခြေအနေများကိုထောက်ရှုပြီး ၁၀-၁၂-၁၉၉၉ ရက်စွဲပါ ရောင်းသူ ဦးမောင်စိန်နှင့် ဝယ်သူဦးအောင်စိုးတို့ လက်မှတ်ရေးထိုးထားသည့် မြေကွက်အရောင်းအဝယ်စာချုပ် သက်သေခံ (ဆ-၄) ပေါ်ရှိ ဦးမောင်စိန်၏လက်မှတ်သည် အတု ဖြစ်ကြောင်း၊ အတုပြုလုပ်သူမှာ တရားခံဦးအောင်စိုးမှအပ အခြားမည်သူမျှပြုလုပ်ရန် အကြောင်းမပေါ်ပေါက်ဟု တထစ်ချ ကောက်ယူသုံးသပ်နိုင်မည် မဟုတ်သည်မှာမြင်သာပေသည်။ ထို့ကြောင့် ဦးမောင်စိန်၏လက်မှတ်ကို တုပရေးထိုးသူသည် ဦးအောင်စိုး ဖြစ်ကြောင်း တထစ်ချကောက်ယူရန်မသင့်သဖြင့် သံသယအကျိုးကို တရားခံ ခံစားခွင့်ရှိကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်သည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟု ဆိုနိုင်မည်မဟုတ်ပေ။ **ဘား (လ်) ဘဟာဒူး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှု** [၄] ကို ရည်ညွှန်းသည်။

---

၃။ ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၈၂

၄။ ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၉ (အထူးရာဇဝတ်ရုံး အယူခံအဖွဲ့)

သို့ဖြစ်၍ အရေးယူလောက်သော ဥပဒေပြဿနာအပေါ် အောက်ပါအတိုင်းဖြေကြား လိုက်သည် -

“တရားခံ ဦးအောင်စိုးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၆၈ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ သံသယဖြင့်စီရင်ခဲ့ခြင်းသာဖြစ်ကြောင်း ကောက်ယူသုံးသပ်၍ ပုဒ်မ ၄၆၈ အရ ပြစ်မှုထင်ရှားစီရင်သည့် ပုဗ္ဗန်တောင်မြို့နယ်တရားရုံး အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်တို့ကိုပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန် မှုရှိကြောင်း။”

ထို့ကြောင့် ဤအထူးအယူခံမှုကို ပလပ်သည်။

+၂၀၁၉ ခုနှစ်

ဩဂုတ်လ ၂၇ ရက်

**ရာဇဝတ်ပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

**ဦးမြင့်အောင် ရှေ့တွင်**

**မမိဦး ပါ ၂၀**

**နှင့်**

**၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**၂။ ဒေါ်စုစုလှိုင် ***

**ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းအတွက် အယူခံသူ သို့မဟုတ် လျှောက်ထားသူက မဟုတ်ဘဲ ရှေ့နေက လျှောက်ထားခြင်းသည် လျှောက်ထားပိုင်ခွင့်ရှိ မရှိ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၆) ပါ အခွင့်အရေး ရရှိရန်အတွက် မည်သို့လျှောက်ထားရန်လိုအပ်ခြင်း၊ ပြစ်မှုကျူးလွန်စဉ်အချိန်က အတည်ဖြစ်လျက်ရှိသော**

---

* ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၁၅ (ခ)

\+ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၄ (ခ) တွင်ချမှတ်သော ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်အပေါ်ပြင်ဆင်မှု

၂၀၁၉ ခုနှစ်

မမိဦး ပါ - ၂၀

နှင့်

ပြည်ထောင်စု

သမ္မတမြန်မာ

နိုင်ငံတော် ပါ - ၂

**သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်သာ သက်ဆိုင်သည့်အချက်ဖြစ်လျှင် နောက်ကြောင်းပြန်အာဏာသက်ရောက်နိုင်ခြင်း ရှိ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ ပြဋ္ဌာန်းချက်အရ ကာလစည်းကမ်းသတ်ကျော်လွန်သည့်ကိစ္စတွင် အယူခံသူကဖြစ်စေ၊ လျှောက်ထားသူကဖြစ်စေ၊ လုံလောက်သော အကြောင်းပြနိုင်ရမည်ဖြစ်သည်။ သို့သော် အယူခံသူ သို့မဟုတ် လျှောက်သူကခန့်အပ်သည့်ရှေ့နေသည် မိမိကို လွှဲအပ်သည့်အမှုသည်ကိုယ်စား မှုခင်းကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ခွင့်ရှိသူဖြစ်ပြီး ရှေ့နေ၏ဆောင်ရွက်မှုသည် အမှုသည်ကိုယ်တိုင်၏ ဆောင်ရွက်မှုဟုမှတ်ယူရမည်ဖြစ်သည်။ ကာလစည်းကမ်းသတ်ကျော်လွန်သည့်ကိစ္စတွင် အမှုသည်ကိုယ်စား ရှေ့နေက ကျမ်းကျိန်လျှောက်ထားခွင့်မရှိကြောင်း ကန့်သက်သည့် စီရင်ထုံးဖွဲ့မှုမျိုးမတွေ့ရှိရပေ။ လျှောက်ထားခံရသူ အမှတ် (၂) ၏ ရှေ့နေတင်ပြသော **ဒေါ်အုန်းစိန်နှင့် ဒေါ်နှင်းဆီ (ခ) ဟဖိဘီဘီ အမှု** [၂] တွင် အမှုသည်၏ ပေါ့လျော့မှုလည်းရှိနေ၍ ထိုအချက်ကြောင့် ကာလစည်းကမ်းသက်ကျော်လွန်သည့် ကိစ္စကို

၂၀၁၉ ခုနှစ်

မမိဦး ပါ - ၂၀

နှင့်

ပြည်ထောင်စု

သမ္မတမြန်မာ

နိုင်ငံတော် ပါ - ၂

ခွင့်ပြုပေးရန် ရှေ့နေကအကြောင်းပြခြင်းကို လက်ခံရန်မသင့်ကြောင်း ဆုံးဖြတ်ထားခြင်းဖြစ်၍ ရှေ့နေက ကျမ်းကျိန်လျှောက်ထားခွင့်မရှိဟူသော တင်ပြချက်နှင့် မကိုက်ညီသောကြောင့် လျှောက်ထားခံရသူအမှတ် (၂) ရှေ့နေ၏ လျှောက်ထားချက်ကို လက်ခံရန်မသင့်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၁) ပြဋ္ဌာန်းချက်အရ ပြင်ဆင်မှုရုံးသည် ပုဒ်မ ၄၂၃၊ ၄၂၆၊ ၄၂၇ နှင့် ၄၂၈ တို့အရ အယူခံရုံးအား အပ်နှင်းထားသည့် အာဏာကို ရရှိသည်။ မူလရုံးတရားလို (လျှောက်ထားခံရသူအမှတ် ၂) က မူလရုံးတရားခံများ (လျှောက်ထားသူများ) အပေါ် ပြစ်ဒဏ်တိုးမြှင့်ပေးရန် တိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်မှုတင်သွင်းစဉ်က လျှောက်ထားသူတို့သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၆) ပြဋ္ဌာန်းချက်နှင့်အညီ ပြစ်မှုထင်ရှားစီရင်ခြင်းမပြုထိုက်ကြောင်း တင်ပြခွင့်ရှိသော်လည်း လာရောက်တင်ပြတောင်းဆိုခြင်းမပြုသဖြင့် ဥပဒေနှင့်အညီ တောင်းဆိုနိုင်သည့် အခွင့်အရေးမှာ ဆုံးရှုံးသွားပြီဖြစ်၍ ဤပြင်ဆင်မှုတွင် အပြီးအပြတ်လွှတ်ပေးရန် တောင်းဆိုခွင့်မရှိတော့ပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်

၂၀၁၉ ခုနှစ်
မမိဦး ပါ - ၂၀
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ - ၂

သည့်ဥပဒေကို ၂၀-၁-၂၀၁၆ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေပုဒ်မ ၇ (ဃ) အရ ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးသည် တရားဥပဒေကခွင့်ပြုသည့် အလုပ်ထောင်ဒဏ်နှင့်တကွ တစ်နှစ်ထက်မပိုသောထောင်ဒဏ်၊ ကျပ်ငါးသောင်းထက်မပိုသည့် ငွေဒဏ်ကို ချမှတ်နိုင်သည်။ ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ (စ) တွင် လုပ်ထုံးလုပ်နည်းနှင့်သာသက်ဆိုင်သော ဥပဒေတွင် တစ်နည်းတစ်ဖုံဖော်ပြထားခြင်းမရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိစေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

မူလရုံးအမိန့်ချမှတ်သည့် တရားသူကြီးသည် ဒုတိယတန်းရာဇဝတ်အာဏာရ တရားသူကြီးဖြစ်၍ ငွေဒဏ်ကျပ်ငါးသောင်းအထိချမှတ်နိုင်သဖြင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ကလျှောက်ထားသူများအပေါ် ငွေဒဏ်ကျပ်နှစ်သောင်းစီ ပေးဆောင်စေရန် တိုးမြှင့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှုရှိပေသည်။

လျှောက်ထားသူများအတွက် - ဦးလှထွန်းရွှေ၊
တရားလွှတ်တော်ရှေ့နေ

၂၀၁၉ ခုနှစ်
မမိဦး ပါ - ၂၀
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ - ၂

လျှောက်ထားခံရ - (၁) ဦးစိုင်းဝင်းမင်းထွန်း၊
သူများအတွက် လက်ထောက်ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး
(၂) ဦးစိုးမြင့်၊
တရားလွှတ်တော်ရှေ့နေ

ပြင်ဦးလွင်မြို့နယ်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃၅၂၁ တွင် တရားခံ ဦးကျော်လွင် ပါ - ၂၂ ဦး အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၄၇ အရ ငွေဒဏ် ၅၀၀ ကျပ်စီ ပေးဆောင် စေရန်နှင့် မဆောင်က ထောင် ၁၅ ရက်စီကျခံစေရန်နှင့် ယင်း ဥပဒေပုဒ်မ ၄၂၇ အရ ငွေဒဏ် ၁၀၀၀ ကျပ်စီပေး ဆောင်စေရန်၊ မဆောင်က ထောင် ၁ လ စီကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်အပေါ် တရားလိုဒေါ်စုစုလှိုင်က ပြင်ဦးလွင်ခရိုင် တရားရုံးသို့ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၀ ဖြင့်တင်သွင်းရာ ပလပ်ခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီးတရား လွှတ်တော်သို့ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၄(ခ) ဖြင့် တင်သွင်းရာတွင် ရာဇသတ်ကြီးပုဒ်မ ၄၂၇ အရ ငွေဒဏ် ၁၀၀၀ ကျပ်စီပေးဆောင်စေရန်၊ မဆောင်ကထောင် ၁ လစီ ကျခံစေရန်အစား ၂ - တရားခံဦးကျော်လွင်မှအပ ကျန်တရားခံ

၂၀၁၉ ခုနှစ်

မမိဦး ပါ - ၂၀

နှင့်

ပြည်ထောင်စု

သမ္မတမြန်မာ

နိုင်ငံတော် ပါ - ၂

များအား ငွေဒဏ် ၂၀၀၀၀ ကျပ်စီပေးဆောင်စေရန်၊ ပျက်ကွက်က ထောင်ဒဏ် ၆လ စီကျခံစေရန်နှင့် ကျန်အမိန့်များကို အတည်ပြုကြောင်း အမိန့်ချမှတ်ခဲ့သဖြင့် လျှောက်ထားသူ မူလရုံး တရားခံမမိဦး ပါ ၂၀ ဦးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာ၊ ကွင်းပြင်အမှတ် ၆၈၃/၇၅၉ ဦးပိုင်အမှတ် N/၁၈၀ ဧရိယာ ၁၃. ၉၅ ဧကရှိ ယာမြေကို အစ်မဝမ်းကွဲတော်သူ ဒေါ်သူဇာလတ်က စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးထား၍ ၂၀၁၀ ခုနှစ်၊ ၇ လပိုင်းတွင် မြေ၏ တောင်ဘက်ခြမ်းတွင် ကျောက်တိုင်စိုက်ထူပြီး သံဇကာများကာခြင်း၊ အနောက်ခြမ်းကိုအုတ်တံတိုင်းခတ်ခြင်းတို့ ဒေါ်စုစုလှိုင်ကပြုလုပ်ခဲ့ရာ ၂၅-၇-၂၀၁၃ ရက်နေ့တွင် ဦးကျော်လွင် ပါ -၂၂ ဦးတို့က အုတ်တံတိုင်းများကို ဖျက်ဆီးဝင်ရောက်၍ တဲများဆောက်လုပ်ကျူးကျော် နေထိုင်သောကြောင့် အရေးယူပေးရန် ဒေါ်စုစုလှိုင်ကတိုင်တန်းမှုဖြစ်သည်။

လျှောက်ထားသူများ၏ တရားလွှတ်တော်ရှေ့နေက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၁၆-၁၁-၂၀၁၈ ရက်စွဲပါ အမိန့်အား တာဝန်ခံမိတ္တူမှန်ကူးယူရာတွင် အမှုတွဲ

၂၀၁၉ ခုနှစ်
မမိဦး ပါ - ၂၀
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ - ၂

ပြန်ပို့သည်ကို စောင့်ဆိုင်းနေရသဖြင့် ၂၉-၁-၂၀၁၉ ရက်နေ့ မှရရှိခြင်း၊ လျှောက်ထားသူ ဒေါ်ဖြူတုတ်၊ ဦးကျော်ဝင်း၊ ဦးရန်သိမ်းတို့သည် ကျန်းမာရေးမကောင်းခြင်း၊ လျှောက်ထားသူ ကိုနေဇင်ထွန်း၊ မဌေးအေးတို့သည် ခရီးလွန်နေခြင်းတို့ကြောင့် ပြင်ဆင်မှုတင်သွင်းရာတွင် ကာလစည်းကမ်းသတ်ကျော်လွန်ရခြင်းဖြစ်၍ ကင်းလွတ်ခွင့်ပြုပါရန်နှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသော ပြစ်မှုကျူးလွန်သူမည်သူကိုမဆို ယင်းပြစ်မှုကျူးလွန်စဉ်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်ဆိုသည့်အချက်ကို လျစ်လျူရှုပြီးဆုံးဖြတ်ခဲ့သောကြောင့်မှားယွင်းကြောင်း၊ ပထမသတင်းပေးတိုင်ချက်တွင် ဦးပိုင်အမှတ် N/၁၈၀ ဖြစ်ပြီး ဒေါ်စုစုလှိုင်၏ရုံးရှေ့ထွက်ချက်၌ N/၁၈၃ ဟု ထွက်ဆိုသဖြင့် ဦးပိုင်အမှတ် ကွဲလွဲနေကြောင်း၊ မြေစာရင်း ပုံစံ ၁၀၅ မှာလည်း တရားဝင်နည်းလမ်းတကျ ထုတ်ပေးခြင်း မဟုတ်သည့်အပြင် မြေစာရင်းဝန်ထမ်း၏ ထွက်ဆိုချက်အရ ၂၀၁၂ ခုနှစ်နောက်ပိုင်း မြေခွန်ပေးဆောင်ခြင်းမရှိသဖြင့် အချင်းဖြစ်ယာမြေသည် ဒေါ်စုစုလှိုင်၏လက်ရှိဖြစ်သည်ဟု မပေါ်ပေါက်

၂၀၁၉ ခုနှစ်

မမိဦး ပါ - ၂၀

နှင့်

ပြည်ထောင်စု

သမ္မတမြန်မာ

နိုင်ငံတော် ပါ - ၂

ကြောင်း၊ လျှောက်ထားသူတို့သည် ဒေါ်စုစုလှိုင် ထက် ၁၀ နှစ်ခန့်စော၍ အချင်းဖြစ်ယာမြေများကို လက်ဝယ်ထားရှိ လုပ်ကိုင်နေထိုင်သူများဖြစ်သောကြောင့် ဒေါ်စုစုလှိုင်သည် အချင်းဖြစ်မြေကွက်ကို လက်ရှိဖြစ်ကြောင်းသုံးသပ်သည့် တရားရုံးအဆင့်ဆင့်၏ဆုံးဖြတ်ချက်သည် မှားယွင်းနေသဖြင့် လျှောက်ထားသူတို့အား အပြီးအပြတ်လွှတ်ပေးရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက လျှောက်ထားသူများသည် တရားလိုလက်ရှိလုပ်ကိုင်သည့် အချင်းဖြစ်မြေကွက် N/၁၈၃ တွင် ကာရံထားသည့် အုတ်တံတိုင်းများကိုဖျက်ဆီးဝင်ရောက်၍ တဲအိမ်များကျူးကျော်ဆောက်လုပ်နေထိုင်ခဲ့ကြောင်း သက်သေခံမှတ်တမ်းဓာတ်ပုံများနှင့် တရားလိုပြသက်သေ ဦးကျော်လင်း၊ ဦးရန်အောင်လှိုင်တို့၏ထွက်ဆိုချက်များအရ ပေါ်ပေါက်ကြောင်း၊ လျှောက်ထားသူများက အချင်းဖြစ်မြေကွက်ထဲသို့ တရားလိုထက် ၅/၆ နှစ်ခန့်စော၍ နေထိုင်လုပ်ကိုင်ခဲ့ကြောင်းထုချေသော်လည်း သက်သေအထောက်အထား တင်ပြနိုင်ခြင်းမရှိဘဲ နှုတ်ဖြင့်အလွယ်တကူထုချေချက်သာဖြစ်၍ တရားခံများအား ရာဇသတ်ကြီးပုဒ်မ ၄၄၇ နှင့် ပုဒ်မ ၄၂၇ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်

၂၀၁၉ ခုနှစ်

မမိဦး ပါ - ၂၀
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ - ၂

ကြောင်း၊ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃(စ) ပြဋ္ဌာန်းချက်နှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၇ တွင် ပြဋ္ဌာန်းချက်တို့အရ ရာဇသတ်ကြီးပုဒ်မ ၄၂၇ တွင် ငွေဒဏ်နှင့်စပ်လျဉ်း၍ ကန့်သတ်ချက်မပါခြင်း၊ အမိန့်ချမှတ်သည့် မူလရုံးတရားသူကြီးမှာ ဒုတိယတန်းအာဏာရ တရားသူကြီးတစ်ဦးဖြစ်၍ အမိန့်ချမှတ်သည့် ၂၁-၇-၂၀၁၇ ရက်နေ့တွင် ၎င်း၏စီရင်ပိုင်ခွင့်အာဏာမှာ ငွေဒဏ် ၅၀၀၀၀ ကျပ်အထိ ချမှတ်နိုင်သဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ရာဇသတ်ကြီး ပုဒ်မ ၄၂၇ အရ ငွေဒဏ် ၂၀၀၀၀ ကျပ်ပေးဆောင်စေရန်နှင့် ပျက်ကွက်က ထောင်ဒဏ် ၆ လကျခံစေရန် ချမှတ်သောအမိန့်မှာ ဥပဒေအရမှားယွင်းသည်ဟု မဆိုနိုင်ပါကြောင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းနှင့်စပ်လျဉ်း၍ **ဒေါ်ဝင်းကြည် နှင့် အမ်အေအယ်လ်ချစ်တီးယားဖမ်းအမှု** [၁] တွင် တရားရုံးက အဆုံးအဖြတ်ပြုရာ၌ လျှောက်ထားသူသည် ကာလစည်းကမ်းသတ်မကျော်လွန်စေရန် ကျိုးကြောင်းဆီလျော်သော ဝီရိယစိုက်ထုတ်မှုရှိ မရှိ စဉ်းစားဆင်ခြင်ရမည်ဟု ထုံးဖွဲ့ထားသဖြင့် လျှောက်ထားသူများသည် ကျိုးကြောင်း

၁။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄၂၀

၂၀၁၉ ခုနှစ်
မမိဦး ပါ - ၂၀
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ - ၂

ဆီလျော်သောဝီရိယ စိုက်ထုတ်မှုမရှိသောကြောင့် ကာလ စည်းကမ်းသတ်ကျော်လွန်ခြင်းအပေါ် လက်ခံရန်မသင့်ပါ၍ ဤရာဇဝတ်ပြင်ဆင်မှုကို ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူအမှတ် ၂ ၏ရှေ့နေက လျှောက်ထားသူများသည် ပြင်ဦးလွင်မြို့နယ်တရားရုံးနှင့် ပြင်ဦးလွင်ခရိုင်တရားရုံး၏ အမိန့်များအပေါ် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံဝင်ရောက်ခဲ့ခြင်းမရှိသောကြောင့် ယင်းအမိန့်များမှာ အတည်ဖြစ်လျက်ရှိကြောင်း၊ ထိုသို့ အတည်ဖြစ်နေစဉ်အတွင်းတင်သွင်းသော ယခုရာဇဝတ်ပြင်ဆင်မှုပါ အကြောင်းပြချက်များသည် အမှုဖြစ်အကြောင်းခြင်းရာများကို တင်ပြခြင်းဖြစ်သည့်အပြင် တရားသေလွှတ်ရန် တင်ပြလျှောက်ထားခြင်းမှာ ဥပဒေအရမှားယွင်းနေကြောင်း၊ လျှောက်ထားသူများအနေဖြင့် လျှောက်ထားခံရသူ - ၂ မှ တိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြစ်ဒဏ်တိုးမြှင့်ပေးရန် လျှောက်ထားသည့်အချိန်တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ ပိုဒ်ခွဲ (၆) အရ တရားသေလွှတ်ပေးရန် လျှောက်ထားခွင့်ရှိသော်လည်း ထိုသို့လာရောက်လျှောက်ထားခြင်း မရှိသည့်အတွက် ဥပဒေအရရခွင့်ရှိသောအခွင့်အရေးကို စွန့်လွှတ်ပြီးဖြစ်၍ ယခုရုံးတော် တွင်

၂၀၁၉ ခုနှစ်

မမိဦး ပါ - ၂၀
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ - ၂

အမှုဖြစ် အကြောင်းခြင်းရာများကို တင်ပြခွင့်မရှိသကဲ့သို့ တရားသေလွှတ်ပေးရန်လည်း တောင်းဆိုခွင့်မရှိတော့ကြောင်း ၎င်းတို့အနေဖြင့် ပြစ်ဒဏ်တိုးမြှင့်ခြင်းမှန်ကန်မှုရှိမရှိ ကိစ္စတစ်ရပ်တည်းအပေါ်တွင်သာ တင်ပြပိုင်ခွင့်ရှိပါကြောင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူများမှ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းကို ခွင့်ပြုပေးရန် လျှောက်ထားခဲ့ခြင်းမရှိဘဲ ၎င်းတို့၏ရှေ့နေကသာလျှင် ကျမ်းသစ္စာပြုလက်မှတ်ထိုး၍ လျှောက်ထားသည်ကိုတွေ့ရကြောင်း၊ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ တွင် ကာလစည်းကမ်းသတ် တိုးချဲ့သတ်မှတ်ဆောင်ရွက်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ When the appellant or applicant satisfies the Court that he had sufficient cause of not preferring the appeal or making the application within such period ဟု ပြဋ္ဌာန်းထားကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်အရ အယူခံသူ (သို့မဟုတ်) လျှောက်ထားသူကသာလျှင် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းကို လျှောက်ထားရမည်ဖြစ်ကြောင်း၊ အယူခံသူ၏ရှေ့နေက လျှောက်ထားပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားခြင်းမရှိသကဲ့သို့ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅

၂၀၁၉ ခုနှစ်

မမိဦး ပါ - ၂၀
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ - ၂

နှင့်ပတ်သက်၍ ထုံးဖွဲ့ထားသည့်စီရင်ထုံးများတွင် ရှေ့နေမှ လျှောက်ခွင့်ရှိကြောင်း စီရင်ထုံးပြုလမ်းညွှန်ခြင်းမျိုး မတွေ့ရကြောင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းနှင့်ပတ်သက်၍ မှန်ကန်သောအကြောင်းပြခြင်း၊ ပေါ့ဆမှုကင်းခြင်း၊ လုံ့လဝီရိယရှိခြင်းတို့အပေါ်အခြေခံ၍ ခွင့်ပြု၊ မပြု စဉ်းစားလေ့ရှိကြောင်း၊ လျှောက်ထားသူများမှ အကြောင်းပြရာတွင် ဒေါ်ဖြူတုတ်၊ ဦးကျော်ဝင်း၊ ဦးရန်သိမ်းတို့မှာ အသက်ကြီးသူများဖြစ်၍လည်းကောင်း၊ ကိုနေဇင်ထွန်း၊ မဌေးအေးတို့သည် ခရီးလွန်နေသည်ဟု အကြောင်းပြလျှောက်ထားချက်သည် ခိုင်လုံသည့်အကြောင်းပြချက်မဟုတ်ကြောင်း၊ ထိုကဲ့သို့ကိစ္စရပ်များနှင့်ပတ်သက်၍ ရှေ့နေက အကြောင်းပြသည့်ကိစ္စကို လက်ခံရန်မသင့်ကြောင်း၊ **ဒေါ်အုန်းစိန် နှင့် ဒေါ်နှင်းဆီ(ခ) ဟဖီဘီဘီ အမှု** [၂] တွင် ထုံးပြုထားကြောင်း၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ဥပဒေမဲ့မပြုလုပ်နိုင်စေရန်အတွက် နှောင်ကြဉ်ဟန့်တားရန်ရည်ရွယ်ပြီး ပြစ်ဒဏ်တိုးမြှင့်သတ်မှတ်ခြင်းသည် မှားယွင်းမှုမရှိဘဲ တိုးမြှင့်သည့်ဒဏ်ငွေကိုသာလျှင် မှန်ကန်ခြင်းရှိမရှိ လက်ခံစဉ်းစားရန်ဖြစ်သော်လည်း ကာလစည်းကမ်းသတ်

၂။ ၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်)၊ စာ - ၂၆၄

၂၀၁၉ ခုနှစ်
မမိဦး ပါ - ၂၀
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ - ၂

ကျော်လွန်နေသည့်အပြင် လုံလောက်သောအကြောင်းပြချက်ဖြင့် လျှောက်ထားသူများမှ လျှောက်ထားခြင်းမရှိသည့်အတွက် ခွင့်ပြုရန်မသင့်သဖြင့် အခြားအကြောင်းခြင်းရာများအား လက်ခံစဉ်းစားရန်မသင့်တော့၍ ဤရာဇဝတ်ပြင်ဆင်မှုကို ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ တွင် စည်းကမ်းသတ်ကာလကုန်ဆုံးပြီးမှ အယူခံမှုကို တင်သွင်းသည့်ကိစ္စတွင် သို့တည်းမဟုတ် စီရင်ချက်ကို ပြန်လည်စစ်ဆေးရန်သော်လည်းကောင်း၊ အယူခံဝင်ခွင့်ရရှိစေရန်သော်လည်းကောင်း ပြုသောလျှောက်ထားမှုကို တင်သွင်းသည့်ကိစ္စတွင် သို့တည်းမဟုတ် တည်ဆဲဖြစ်သောပြဋ္ဌာန်းသည့် ဥပဒေတစ်ခုခုဖြင့်ဖြစ်စေ၊ အရဖြစ်စေ ဤပုဒ်မနှင့်သက်ဆိုင်စေသည့် အခြားလျှောက်ထားမှုကိုတင်သွင်းသည့်ကိစ္စတွင် အယူခံသူကဖြစ်စေ၊ လျှောက်ထားသူကဖြစ်စေ၊ စည်းကမ်းသတ်ကာလအတွင်း အဘယ်ကြောင့် မတင်သွင်းခဲ့သည်ကိုတရားရုံးကျေနပ်အောင် လုံလောက်သောအကြောင်းပြနိုင်လျှင် တရားရုံးသည် အဆိုပါအယူခံမှုကိုသော်လည်းကောင်း၊ လျှောက်ထားမှုကိုသော်လည်းကောင်း လက်ခံနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ အရ အခွင့်အရေးကိုခံစားလိုမှု မိမိမှာ စည်းကမ်းသတ်ကျော်လွန်သည့် ကာလအတွက် ပေါ့လျော့ခြင်း၊ သို့မဟုတ် ဥပဒေကိုလေးစားလျက် ပြုလုပ်နိုင်ခြင်းမရှိကြောင်းများကို ပေါ်လွင်အောင်ပြဆိုနိုင်မှသာ ထိုပုဒ်မ ၅ အရ အကျိုးခံစားခွင့်ရှိနိုင်မည်။ **အွန်ကျင် ပါ-၂ နှင့် လမ်းခေါ်မန်ပါ-၇ အမှု** [၃] တွင်ကြည့်ပါ။

အမှုတွင် လျှောက်ထားသူ ၂၀ ဦးရှိရာ ၃ ဦးသည် အသက်အရွယ်ကြီး၍ မကျန်းမာခြင်း၊ ၂ ဦးမှာ ခရီးလွန်နေခြင်း ကြောင့်ကာလစည်းကမ်းသတ်ကျော်လွန်ရကြောင်း ကျမ်းကျိန်လွှာတင်ပြထားသည်။ ယင်းအကြောင်းပြချက်သည် လုံလောက်သောအကြောင်းမဟုတ်သဖြင့်လက်ခံရန်မဖြစ်နိုင်ပေ။ ထို့ကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းကို ခွင့်ပြုပေးရန် လျှောက်ထားမှုကို ခွင့်မပြုသင့်ကြောင်း သုံးသပ်ရရှိသည်။

ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းကိစ္စကို ခွင့်ပြုရန် အယူခံသူ သို့မဟုတ် လျှောက်ထားသူက လျှောက်ထားခြင်း မရှိဘဲ ရှေ့နေကလျှောက်ထားခြင်းမှာ လျှောက်ထားပိုင်ခွင့်

၃။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၅၇

၂၀၁၉ ခုနှစ်

မမိဦး ပါ - ၂၀

နှင့်

ပြည်ထောင်စု

သမ္မတမြန်မာ

နိုင်ငံတော် ပါ - ၂

မရှိဘဲ လျှောက်ထားခြင်းဖြစ်၍ ခွင့်မပြုသင့်ကြောင်း လျှောက်ထားခံရသူအမှတ်-၂ ၏ ရှေ့နေက တင်ပြထားသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ ပြဋ္ဌာန်းချက်အရ ကာလစည်းကမ်းသတ်ကျော်လွန်သည့်ကိစ္စတွင် အယူခံသူကဖြစ်စေ၊ လျှောက်ထားသူကဖြစ်စေ၊ လုံလောက်သောအကြောင်းပြနိုင်ရမည်ဖြစ်သည်။ သို့သော် အယူခံသူ သို့မဟုတ် လျှောက်သူကခန့်အပ်သည့်ရှေ့နေသည် မိမိကိုလွှဲအပ်သည့် အမှုသည်ကိုယ်စား မှုခင်းကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ခွင့်ရှိသူဖြစ်ပြီး ရှေ့နေ၏ဆောင်ရွက်မှုသည် အမှုသည်ကိုယ်တိုင်၏ဆောင်ရွက်မှုဟု မှတ်ယူရမည်ဖြစ်သည်။ ကာလစည်းကမ်းသတ်ကျော်လွန်သည့်ကိစ္စတွင် အမှုသည်ကိုယ်စားရှေ့နေက ကျမ်းကျိန်လျှောက်ထားခွင့်မရှိကြောင်း ကန့်သတ်သည့် စီရင်ထုံးဖွဲ့မှုမျိုးမတွေ့ရှိရပေ။ လျှောက်ထားခံရသူအမှတ် ၂ ၏ ရှေ့နေတင်ပြသော **ဒေါ်အုန်းစိန် နှင့် ဒေါ်နှင်းဆီ (ခ) ဟာဖီဘီဘီအမှု** တွင် အမှုသည်၏ပေါ့လျော့မှုလည်းရှိနေ၍ ထိုအချက်ကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်သည့် ကိစ္စကို ခွင့်ပြုပေးရန် ရှေ့နေကအကြောင်းပြခြင်းကို လက်ခံရန် မသင့်ကြောင်း ဆုံးဖြတ်ထားခြင်းဖြစ်၍ ရှေ့နေက ကျမ်းကျိန်

လျှောက်ထားခွင့်မရှိဟူသောတင်ပြချက်နှင့် မကိုက်ညီသောကြောင့် လျှောက်ထားခံရသူအမှတ်-၂ ရှေ့နေ၏ လျှောက်ထားချက်ကို လက်ခံရန်မသင့်ပေ။

ယေဘုယျအားဖြင့် ကိုယ်တိုင်သိသည်ကို ကိုယ်တိုင်ကျမ်းကျိန်ရမည်ဖြစ်သော်လည်း ကိုယ်စားဆောင်ရွက်ခွင့်ရှိသူက ကျမ်းကျိန်ခြင်းကို ခွင့်မပြုရဟူသော တားမြစ်ချက်မရှိသဖြင့် လျှောက်ထားသူများကိုယ်စား ရှေ့နေက ကျမ်းကျိန်လျှောက်ထားခြင်းကို လက်ခံရမည်ဖြစ်သည်။ ရှေ့နေ၏ကျမ်းကျိန်လျှောက်ထားလွှာကို လက်ခံသော်လည်း လျှောက်ထားသူများသည် ကာလစည်းကမ်းသတ်မကျော်လွန်စေရန် ထိုက်သင့်သောလုံ့လဝိရိယစိုက်ထုတ်၍ ကြိုးစားဆောင်ရွက်ကြောင်း မတွေ့ရှိရသဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းကို ခွင့်မပြုကြောင်း ဆုံးဖြတ်သည်။

မူလပြင်ဦးလွင်မြို့နယ်တရားရုံးက လျှောက်ထားသူများအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၄၇ နှင့် ပုဒ်မ ၄၂၇ ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းအပေါ် တရားလို၊ တရားခံနှစ်ဘက်လုံးက ပြင်ဦးလွင်ခရိုင်တရားရုံးသို့ ပြင်ဆင်မှု၊ အယူခံမှုတင်သွင်းခဲ့ရာ ၂ မှုလုံးကို ပလပ်ခဲ့သည်။ တရားလိုက မန္တလေးတိုင်း



မမိဦး ပါ - ၂၀
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ - ၂

၂၀၁၉ ခုနှစ်

မမိဦး ပါ - ၂၀

နှင့်

ပြည်ထောင်စု

သမ္မတမြန်မာ

နိုင်ငံတော် ပါ - ၂

ဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်မှုဆက်လက်တင်သွင်းခဲ့ရာတွင် တရားခံများ (လျှောက်ထားသူများ) သည် ရုံးရှေ့သို့ လာရောက်ခြင်း၊ လျှောက်လဲတင်ပြခြင်းမပြုခဲ့ကြပေ။

လျှောက်ထားသူများသည် ပြင်ဦးလွင်မြို့နယ်တရားရုံးနှင့် ပြင်ဦးလွင်ခရိုင်တရားရုံး၏အမိန့်ကို မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံလျှောက်ထားခြင်းမရှိသဖြင့် အဆိုပါအမိန့်များမှာလည်း ၎င်းတို့အပေါ် အတည်ဖြစ်နေသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၁) ပြဋ္ဌာန်းချက်အရ ပြင်ဆင်မှုရုံးသည် ပုဒ်မ ၄၂၃၊ ၄၂၆၊ ၄၂၇ နှင့် ၄၂၈ တို့အရ အယူခံရုံးအား အပ်နှင်းထားသည့်အာဏာကိုရရှိသည်။ မူလရုံးတရားလို (လျှောက်ထားခံရသူအမှတ်-၂) က မူလရုံးတရားခံများ (လျှောက်ထားသူများ) အပေါ် ပြစ်ဒဏ်တိုးမြှင့်ပေးရန် တိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်မှုတင်သွင်းစဉ်က လျှောက်ထားသူတို့သည် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉(၆) ပြဋ္ဌာန်းချက်နှင့်အညီ ပြစ်မှုထင်ရှားစီရင်ခြင်းမပြုထိုက်ကြောင်း တင်ပြခွင့်ရှိသော်လည်း လာရောက်တင်ပြတောင်းဆိုခြင်းမပြုသဖြင့် ဥပဒေနှင့်အညီ တောင်းဆိုနိုင်သည့်အခွင့်အရေးမှာ ဆုံးရှုံးသွားပြီဖြစ်၍ ဤပြင်ဆင်မှုတွင် အပြီးအပြတ်လွှတ်ပေးရန်

၂၀၁၉ ခုနှစ်
မမိဦး ပါ - ၂၀
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ - ၂

တောင်းဆိုခွင့်မရှိတော့ပေ။ ဤအခြေအနေတွင် တိုင်းဒေသကြီးတရားလွှတ်တော်က ပြစ်ဒဏ်တိုးမြှင့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှု ရှိ မရှိ ကိုသာ စိစစ်ရန်ရှိပေသည်။

ရာဇသတ်ကြီးပုဒ်မ ၄၂၇ အရ ပြစ်မှုထင်ရှားစီရင်လျှင် ၂ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်သည်။ ငွေဒဏ်နှင့်စပ်လျဉ်း၍ကန့်သတ်ထားခြင်းမရှိပေ။ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀-၁-၂၀၁၆ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေပုဒ်မ ၇ (ဃ) အရ ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးသည်တရားဥပဒေကခွင့်ပြုသည့် အလုပ်ထောင်ဒဏ်နှင့်တကွ တစ်နှစ်ထက်မပိုသောထောင်ဒဏ် ကျပ်ငါးသောင်းထက် မပိုသည့်ငွေဒဏ်ကို ချမှတ်နိုင်သည်။ ၁၉၇၃ ခုနှစ်စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃(စ) တွင်လုပ်ထုံးလုပ်နည်းနှင့်သာ သက်ဆိုင်သောဥပဒေတွင် တစ်နည်းတစ်ဖုံဖော်ပြထားခြင်းမရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိစေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ မူလရုံးအမိန့်ချမှတ်သည့် တရားသူကြီးသည်ဒုတိယတန်းရာဇဝတ်အာဏာရတရားသူကြီးဖြစ်၍ ငွေဒဏ်

၂၀၁၉ ခုနှစ်
မမိဦး ပါ - ၂၀
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ - ၂

ကျပ်ငါးသောင်းအထိ ချမှတ်နိုင်သဖြင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က လျှောက်ထားသူများအပေါ် ငွေဒဏ်ကျပ်နှစ်သောင်းစီပေးဆောင်စေရန် တိုးမြှင့်ချမှတ်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှု ရှိပေသည်။

လျှောက်ထားသူများ၏ ပြင်ဆင်မှုလျှောက်လွှာသည် ကာလစည်းကမ်းသတ်ကျော်လွန်ပြီး ထိုသို့ကျော်လွန်ခြင်းအပေါ် ခွင့်ပြုနိုင်ရန် လုံလောက်သော အကြောင်းမပြနိုင်ခြင်း၊ လျှောက်ထားသူများသည် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ဆက်လက်လျှောက်ထားမှုမရှိခြင်းကြောင့် ယခုအမှုတွင် အမှုဖြစ်အကြောင်းခြင်းရာအပေါ် စိစစ်သုံးသပ်ရန်မလိုအပ်တော့ခြင်း၊ ပြင်ဆင်ရုံးက လျှောက်ထားသူများအပေါ် ပြစ်ဒဏ်တိုးမြှင့်ချမှတ်သောအမိန့်တွင် ဥပဒေပြဿနာပေါ်ပေါက်မှုမရှိခြင်းတို့ကြောင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်အပေါ် ဝင်ရောက်စွက်ဖက်ပြင်ဆင်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ပလပ်သည်။

+၂၀၁၉ ခုနှစ်

ဇန်နဝါရီလ ၂၈ ရက်

## ရာဇဝတ်အထူးအယူခံမှု

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**
**ဦးသာဌေး၊ ဦးမြင့်အောင်၊ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊**
**ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည်၊ ဦးမျိုးဝင်းတို့ရှေ့တွင်**
**မင်းသူကျော်**

**နှင့်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ***

**ရောင်းချရန် အသင့်ပြင်ဆင်ထားသည့် မူးယစ်ဆေးဝါးများ တွေ့ရှိခြင်းအပေါ် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားမှုနှင့် ဖြန့်ဖြူးရောင်းချမှုပြုလုပ်ရာတွင် အားပေးကူညီကြောင်း ကောက်ယူ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂၀(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ ။**

---

* ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၈

\+ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၉၉ (ခ) တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊အောက်တိုဘာလ ၁၁ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကို အထူးအယူခံမှု

**ဆုံးဖြတ်ချက်။** ။ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း ပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်လျှင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ ပြစ်မှုထင်ရှားစီရင်နိုင်ပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်လျှင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၀ (က)အရ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်း လဲစေသောဆေးဝါးကို ရောင်းချရန်ကမ်းလှမ်းခြင်း၊ သဘောတူခြင်း သို့မဟုတ် ရောင်းဝယ်ရန်ဆက်သွယ်ခြင်း ပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်လျှင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (ခ) အရ ပြစ်မှုထင်ရှား စီရင်ရမည် ဖြစ်ကြောင်းပြဋ္ဌာန်းထားသည်။

မူးယစ်ဆေးဝါးဖြစ်သည့် ဘိန်းဖြူများကို ပင်နယ်ဆလင်

ပုလင်းများတွင် အသင့်ထည့်ထားသည့် အခြေအနေသည် ရောင်းချခြင်းပြုရန်ရည်ရွယ်ချက်ရှိပြီး ရည်ရွယ်သည့်အတိုင်း မူးယစ်ဆေးဝါးဝယ်လက်ရှာခြင်း၊ ဈေးကွက်ရှာခြင်းစသည့် ရောင်း ချခြင်းပြစ်မှုကို ကျူးလွန်ရန်အားထုတ်ခြင်းနှင့် မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ရောင်းချရန်ကမ်းလှမ်းခြင်း၊ သဘောတူခြင်း သို့မဟုတ် ရောင်းဝယ်ရန် ဆက်သွယ်ခြင်းတို့ကြားတွင်ရှိသည့် ပြစ်မှုကျူး လွန်ရန် ပြင်ဆင်ခြင်းသာရှိသေးသည်ဟု ကောက်ယူရမည် ဖြစ်သဖြင့် ရောင်းချခြင်းမမြောက်သည်မှာ မြင်သာသည်။

ရောင်းချရန် အသင့်ပြင်ဆင်ထားသည့် မူးယစ်ဆေးဝါး များတွေ့ရှိခြင်းအပေါ် ဖြန့်ဖြူးရောင်းချမှုမြောက်ကြောင်း၊ ဖြန့် ဖြူးရောင်းချမှုပြုလုပ်ရာတွင် အားပေးကူညီကြောင်း ကောက် ယူ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၂၀(က)/၂၂ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိပေ။

အယူခံတရားလိုအတွက် - ဦးဉာဏ်ထွန်း၊
တရားလွှတ်တော်ရှေ့နေ

"ရောင်းချရန် အသင့်ပြင်ဆင်ထားသည့် မူးယစ်ဆေးဝါးများတွေ့ရှိခြင်းအပေါ် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားမှုနှင့် ဖြန့်ဖြူးရောင်းချမှုပြုလုပ်ရာတွင် အားပေးကူညီကြောင်းကောက်ယူ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၉(က)/၂၁ နှင့် ပုဒ်မ ၂၀(က)/၂၁ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ"

အမှုမှာ ၂၂-၅-၂၀၁၆ ရက်နေ့ ၁၃:၃၀ နာရီအချိန်တွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ ပျဉ်းမနားမြို့၊ ရန်အောင် (၁) ရပ်ကွက်၊ မကျီးတောရပ်၊ မြသီတာလမ်းရှိ ဒေါ်လှမြင့်၏ နေအိမ်ကိုရှာဖွေရာ ဒေါ်လှမြင့်နှင့်အတူ ၎င်း၏သား အောင်ဇော်ဖြိုး၊ ငြိမ်းချမ်း၊ မင်းသူကျော်တို့ကိုတွေ့ရသည့်အပြင် ဘိန်းဖြူအမှုန့် ၁၂.၁၂ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၀ ပြား (အလေးချိန် ၆.၅ ဂရမ်ခန့်)၊ ဆေးခြောက် ၃၅.၀၁ ဂရမ်တို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ဒေါ်လှမြင့်၊ အောင်ဇော်ဖြိုး၊ ငြိမ်းချမ်း၊ မင်းသူကျော်တို့ကို အရေးယူပေးရန် ဒုရဲမှူးခင်မောင်က သတင်းပေးတိုင်တန်းရာမှ ပေါ်ပေါက်လာသည့် အမှုဖြစ်သည်။

၂၀၁၉ ခုနှစ်

မင်းသူကျော်

နှင့်

ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော်

အယူခံတရားလို၏ရှေ့နေက မူးယစ်ဆေးဝါးတွေ့ရှိသော နေအိမ်အပေါ်ထပ်မှာ ၁ တရားခံ ဒေါ်လှမြင့် (ခ) ဒေါ်ပိုနှင့် ၂ တရားခံ အောင်ဇော်ဖြိုးတို့၏ နေအိမ်ဖြစ်ပြီး နှစ်ဦးလုံးမှာ မူးယစ်ဆေးဝါးသုံးစွဲသူများဖြစ်ကြောင်း၊ တရားခံ မင်းသူကျော်သည် မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိကြောင်း သက်သေခံ - ဆ ဆေးစာနှင့် ဆ - ၁ ဓာတုဗေဒပြန်ကြားစာအရ ပေါ်ပေါက်ကြောင်း၊ တရားခံ မင်းသူကျော်ထံမှ ဘိန်းဖြူထိုးသွင်းရာတွင် အသုံးပြုသည့်အပ်တပ်လျက် ပလပ်စတစ်ဆေးထိုးပိုက် ၂ ချောင်းတွေ့ရှိ၍ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးများကို တရားခံ အောင်ဇော်ဖြိုးမှလက်ဝယ်ထားခြင်း၊ ရောင်းချခြင်းဖြစ်ကြောင်း သုံးသပ်ပြီး တရားခံမင်းသူကျော်က တရားခံအောင်ဇော်ဖြိုးအားပူးပေါင်းကြံစည်ကြောင်း၊ အားပေးကူညီကြောင်း ဆုံးဖြတ်ခဲ့ခြင်းသည်ရှာဖွေပုံစံတွင် ပစ္စည်းအပ်နှံသူအဖြစ်ပါဝင်လက်မှတ်ရေးထိုးရုံမျှနှင့် ထိုပစ္စည်းကို လက်ဝယ်ထားရှိသည်ဖြစ်ကြောင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းကို အားပေးကူညီသူဖြစ်ကြောင်း အခါခပ်သိမ်း တထစ်ချကောက်ယူရန်မဟုတ်ကြောင်း လမ်းညွှန်ထားသည့် **ဦးစိုးနိုင် ပါ ၃ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမှု** [၁] စီရင်ထုံးနှင့် လည်းကောင်း၊

၁။ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၆

ပူးတွဲတရားခံက မူးယစ်ဆေးဝါးများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်းနှင့်စပ်လျဉ်း၍သိရှိကြောင်း၊ အားပေးကူညီကြောင်း ငြိစွန်းသည့်သက်သေခံချက် တစ်စုံတစ်ရာမရှိသည့် အခြေအနေတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် မှန်ကန်သည်ဟုမဆိုနိုင်ကြောင်း လမ်းညွှန်ထားသည့် **မဌေး (ခ) မကြည်ကြည်ဌေး နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမှု** [၂] စီရင်ထုံးနှင့် လည်းကောင်း ဆန့်ကျင်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ နှင့် ပုဒ်မ ၂၀ (က)/၂၁ ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် ချမှတ်ထားသည့်အမိန့်သည် ရာဇသတ်ကြီးပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်အရ မှန်ကန်မှုမရှိသဖြင့် အယူခံတရားလိုအား အမှုမှအပြီးအပြတ်လွှတ်သည့် အမိန့်ချမှတ်ပေးရန်လျှောက်ထားတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ရောင်းချရန်အသင့်ပြင်ဆင်ထားသည့် မူးယစ်ဆေးဝါးများ တွေ့ရှိခြင်းအပေါ် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားမှုနှင့်

၂။ ၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၆

၂၀၁၉ ခုနှစ်

မင်းသူကျော်

နှင့်

ပြည်ထောင်စု

သမ္မတမြန်မာ

နိုင်ငံတော်

ဖြန့်ဖြူးရောင်းချမှုပြုလုပ်ရာတွင် အားပေးကူညီကြောင်း ကောက်ယူ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ နှင့် ပုဒ်မ ၂၀ (က)/၂၁ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ဆုံးဖြတ်ရန်ဖြစ်ကြောင်း၊ တရားခံ အောင်ဇော်ဖြိုး၏နေအိမ်တွင် သက်သေခံမူးယစ်ဆေးဝါးများနှင့် ပြန်လည်ရောင်းချရန် အသင့်ပြုလုပ်ထားသော မူးယစ်ဆေးဝါး ပါ ပင်နယ်ဆလင်ပုလင်းများ သိမ်းဆည်းရမိသည့်အပြင် ငွေ ၁၂၀၀၀၀ ကျပ် တွေ့ရှိသဖြင့် မူးယစ်ဆေးဝါးရောင်းချရရှိငွေဟု ယူဆရန်ရှိကြောင်းသုံးသပ်ပြီး တရားခံအောင်ဇော်ဖြိုးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)၊ ပုဒ်မ ၂၀(က) ဖြင့်လည်းကောင်း၊ တရားခံ မင်းသူကျော်အပေါ် ပုဒ်မ ၁၉(က)/၂၁၊ ပုဒ်မ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် ချမှတ် ထားသည့်အမိန့်သည် ရာဇသတ်ကြီးပုဒ်မ ၇၁ နှင့် ဆန့်ကျင်နေ ကြောင်း၊ တရားရုံးအဆင့်ဆင့်၏ အမိန့်များသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသဖြင့် ဥပဒေနှင့်အညီ သင့်မြတ်သည့် အမိန့် ချမှတ်ပေးရန် လျှောက်ထားတင်ပြသည်။

၂၀၁၉ ခုနှစ်

မင်းသူကျော်

နှင့်

ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော်

မူလခရိုင်တရားရုံးက ဒေါ်လှမြင့်၏သား ၂ တရားခံ အောင်ဇော်ဖြိုး၏နေအိမ်တွင် သက်သေခံမူးယစ်ဆေးဝါးများနှင့် ပြန်လည်ရောင်းချရန် အသင့်ပြုလုပ်ထည့်သွင်းထားသော မူးယစ်ဆေးဝါးများပါ ပင်နယ်ဆလင်ပုလင်းများ သိမ်းဆည်း ရမိသည့်အပြင် ယင်းပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိသော ငွေ ၁၂၀၀၀၀ ကျပ်သည် မူးယစ်ဆေးဝါးရောင်းချရာမှ ရရှိသည့် ငွေဖြစ်သည်ဟုယူဆရန်သာရှိကြောင်းသုံးသပ်ပြီး အောင်ဇော်ဖြိုး အပေါ် မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားမှု၊ မူးယစ်ဆေးဝါးရောင်းချမှုကျူးလွန်ကြောင်း၊ ကျန်တရားခံ ဒေါ်လှမြင့်၊ ငြိမ်းချမ်း၊ မင်းသူကျော်တို့သည် မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားမှု၊ မူးယစ်ဆေးဝါးရောင်းချ မှုကျူးလွန်ရာ၌ ပူးပေါင်းကြံစည်ကြောင်း၊ အားပေးကူညီသူများ ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မူလခရိုင်တရားရုံး၏အမိန့်ကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်က အတည်ပြုခဲ့သည်။ ထို့ကြောင့် မူးယစ် ဆေးဝါးရောင်းချရန်အလို့ငှာ အသင့်ပြုလုပ်ထားသည့် အနေအ ထား ရောင်းချရန်အသင့်ပြင်ဆင်ထားရုံမျှဖြင့် ရောင်းချသည်ဟု ကောက်ယူနိုင်ခြင်း ရှိ မရှိ၊ မူးယစ်ဆေးဝါးများကို ရောင်းချရန်

အလို့ငှာ လက်ဝယ်ထားခြင်းနှင့် ရောင်းချခြင်းအတွက် ပြစ်ဒဏ် နှစ်ရပ်ချမှတ်ထားခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ဆုံးဖြတ်ရန်ဖြစ်သည်။

မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းပြုလုပ်မှု တစ်ရပ်ရပ်ကိုကျူးလွန်လျှင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှု ထင်ရှားစီရင်နိုင်ပြီး မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၀ (က) အရ ပြစ်မှုထင်ရှားစီရင်နိုင်သည်။ အဆိုပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေကြေးထောက်ပံ့ခြင်းပြုလျှင်ဖြစ်စေ၊ ပြစ်မှု တစ်ခုခုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင်ဖြစ်စေ၊ ယင်း ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည် ဖြစ်ကြောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော

ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၁ တွင် ပြဋ္ဌာန်းထားသည်။

မူးယစ်ဆေးဝါးဖြစ်သည့်ဘိန်းဖြူများကို ပင်နယ်ဆလင် ပုလင်းများတွင် အသင့်ထည့်ထားသည့် အခြေအနေသည် ရောင်းချခြင်း မြောက် မမြောက် သုံးသပ်ရန်ဖြစ်သည်။ ပြစ်မှုများကိုကျူးလွန်ရာ၌ အဆင့် ၄ ဆင့်ရှိပြီး ၎င်းတို့မှာ (၁) ကြံရွယ်ခြင်း (၂) ပြင်ဆင်ခြင်း၊ (၃) အားထုတ်ခြင်း၊ (၄) ပြစ်မှုကိုပြုလုပ်ခြင်းတို့ဖြစ်သည်။ ပထမအဆင့်ဖြစ်သည့် ပြစ်မှုကျူးလွန်ရန်ကြံရွယ်ချက် သို့မဟုတ် မနောကံသည် စိတ်ကူးမျှသာဖြစ်ပြီး ပြစ်မှုကျူးလွန်ရန် အကောင်အထည်ဖော်သည့်အဆင့်သို့ မရောက်ရှိသေး သဖြင့် ပြစ်ဒဏ်စီရင်ခြင်း မပြုနိုင်ပေ။

ပြင်ဆင်မှုဆိုသည်မှာ ပြစ်မှုကျူးလွန်ရန် ကြံရွယ် (ရည်ရွယ်) ပြီးနောက် ကြံရွယ်ချက် (ရည်ရွယ်ချက်) အတိုင်း ဆောင်ရွက်နိုင်ရန်အလို့ငှာ နည်းလမ်းရှာဖွေခြင်း၊ လိုအပ်သည်ကိုစုဆောင်းခြင်းဖြစ်သည်။ ပြစ်မှုကျူးလွန်ခြင်းအဆင့်နှင့် အလှမ်းဝေးသည့်ပြုလုပ်မှုသည် ပြင်ဆင်မှုဖြစ်သည်။

အားထုတ်မှုဆိုသည်မှာ ပြင်ဆင်ပြီးနောက် ပြစ်မှုကျူးလွန်ရန် ရှေးရှုသောပြုလုပ်မှုတစ်ခုခုကို ပြုခြင်းဖြစ်သည်။

ဖြစ်မှုကျူးလွန်သည့်အဆင့်နှင့်နီးကပ်သည့် ပြုလုပ်မှုသည် အားထုတ်မှုဖြစ်သည်။

မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ရောင်းချရန်ကမ်းလှမ်းခြင်း၊ သဘောတူခြင်း သို့မဟုတ် ရောင်းဝယ်ရန်ဆက်သွယ်ခြင်း ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(ခ) အရ ပြစ်မှုထင်ရှားစီရင်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် မူးယစ်ဆေးဝါးဖြစ်သည့် ဘိန်းဖြူများကို ပင်နယ်ဆလင်ပုလင်းများတွင် အသင့်ထည့်ထားသည့် အခြေအနေသည် ရောင်းချခြင်းပြုရန် ရည်ရွယ်ချက်ရှိပြီး ရည်ရွယ်သည့်အတိုင်း မူးယစ်ဆေးဝါးဝယ်လက်ရှာခြင်း၊ ဈေးကွက်ရှာခြင်းစသည့် ရောင်းချခြင်းပြစ်မှုကို ကျူးလွန်ရန်အားထုတ်ခြင်းနှင့် မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ရောင်းချရန်ကမ်းလှမ်းခြင်း၊ သဘောတူခြင်း သို့မဟုတ် ရောင်းဝယ်ရန်ဆက်သွယ်ခြင်းတို့ကြားတွင်ရှိသည့် ပြစ်မှုကျူးလွန်ရန် ပြင်ဆင်ခြင်းသာရှိသေးသည်ဟု ကောက်ယူရမည်ဖြစ်သဖြင့် ရောင်းချခြင်းမမြောက်သည်မှာမြင်သာသည်။

အောင်ဇော်ဖြိုးက မူးယစ်ဆေးဝါးဖြစ်သည့် ဘိန်းဖြူများကို ပင်နယ်ဆလင်ပုလင်းများတွင် အသင့်ထည့်ထားသည့် အခြေအနေသည် ရောင်းချခြင်းမမြောက်သေးသည့်အတွက် အယူခံတရားလိုက ၎င်းကိုအားပေးကူညီမှုပြုကြောင်း ကောက်ယူနိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ ရောင်းချရန်အသင့်ပြင်ဆင်ထားသည့် မူးယစ်ဆေးဝါးများတွေ့ရှိခြင်းအပေါ် အောင်ဇော်ဖြိုးက ဖြန့်ဖြူးရောင်းချမှုမြောက်ကြောင်း၊ မင်းသူကျော်၊ ဒေါ်လှမြင့်၊ ငြိမ်းချမ်းတို့က အောင်ဇော်ဖြိုး ဖြန့်ဖြူးရောင်းချမှုပြုလုပ်ရာတွင် အားပေးကူညီကြောင်းကောက်ယူ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၀ (က)/ ၂၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိပေ။

သို့ဖြစ်၍ အောက်ဖော်ပြပါ အရေးယူလောက်သော ဥပဒေပြဿနာအပေါ် အောက်ပါအတိုင်း ဖြေကြားလိုက်သည် -

"ရောင်းချရန်အသင့်ပြင်ဆင်ထားသည့် မူးယစ်ဆေးဝါးများတွေ့ရှိခြင်းအပေါ် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားမှုနှင့် ဖြန့်ဖြူးရောင်းချမှုပြုလုပ်ရာတွင် အားပေး

၂၀၁၉ ခုနှစ်

မင်းသူကျော်
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော်

ကူညီကြောင်း ကောက်ယူ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ နှင့် ပုဒ်မ ၂၀(က)/၂၁ တို့အရ ပြစ်မှုထင်ရှား စီရင်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း မရှိကြောင်း။ ”

ဤအထူးအယူခံမှုတွင် တရားခံ အောင်ဇော်ဖြိုး၊ ဒေါ်လှမြင့် (ခ) ဒေါ်ပို၊ ငြိမ်းချမ်းတို့သည် အယူခံဝင်ရောက်ခြင်း မရှိပေ။ ၎င်းတို့သည်ရာဇဝတ်ကြီးမှုတစ်မှုတည်းတွင် အတူပူးတွဲ စွဲဆိုခံရသူများဖြစ်ပြီး အယူခံဝင်ရောက်ခြင်းမရှိသော တရားခံ အောင်ဇော်ဖြိုး၊ ဒေါ်လှမြင့်(ခ) ဒေါ်ပို၊ ငြိမ်းချမ်းတို့အပေါ် ပြစ်မှုထင်ရှားစီရင်သည့်အမိန့်တို့ကို ဝင်ရောက်စွက်ဖက်ပြီး ၎င်းတို့နှင့်စပ်လျဉ်းသည့် ဤအမှုတွင်အမိန့်ချမှတ်သင့်ကြောင်း တွေ့ရှိရသည်။ **မနာရူး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု** [၃] ကို ရည်ညွှန်းသည်။

ထို့ကြောင့် ဤအထူးအယူခံမှုကိုခွင့်ပြုပြီး တရားခံ အောင်ဇော်ဖြိုးအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၀ (က) အရလည်း ကောင်း၊ တရားခံ မင်းသူကျော်၊ ဒေါ်လှမြင့် (ခ) ဒေါ်ပိုနှင့်

၃။ ၂၀၀၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄၉

ငြိမ်းချမ်းတို့အား ယင်းဥပဒေပုဒ်မ ၂၀(က)/၂၁ အရ လည်းကောင်း ပြစ်မှုထင်ရှားစီရင်သည့် တရားရုံးအဆင့်ဆင့်၏ အမိန့်တို့ကို ပယ်ဖျက်ပြီး ၎င်းပုဒ်မတို့နှင့်စပ်လျဉ်း၍ အမှုမှအပြီးအပြတ် လွှတ်လိုက်သည်။ ၎င်းတို့အသီးသီးအပေါ် ယင်း ဥပဒေပုဒ်မ ၁၉ (က)အရ လည်းကောင်း၊ ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း ပြစ်မှုထင်ရှားစီရင်သည့် အမိန့်အသီးသီးကို ဆက်လက်အတည် ပြုလိုက်သည်။

# ၂၀၁၉ ခုနှစ်

# တရားမဆိုင်ရာအမှုများ

ဥပဒေများ -　　　　စာမျက်နှာ

- ကာလစည်းကမ်းသတ်အက်ဥပဒေ
- ချင်းဝိသေသတိုင်းအက်ဥပဒေ
- တရားမကျင့်ထုံးဥပဒေ
- တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေ
- မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ
- လယ်ယာမြေဥပဒေ

**ပူးတွဲပိုင်ဆိုင်သောမြေတွင် ပူးတွဲပိုင်သူတစ်ဦးကအခြားပူးတွဲပိုင်သူများ၏ ပိုင်ရေးပိုင်ခွင့်ကို ဆန့်ကျင်တရားစွဲဆိုပိုင်ခွင့်မရှိသဖြင့် ဆန့်ကျင်တရားစွဲဆိုခဲ့သည့်အခါကစ၍ ပူးတွဲပိုင်ပစ္စည်းကို ဆန့်ကျင်လက်ရှိထားရာမရောက်ကြောင်း။**

**ဆုံးဖြတ်ချက်။** ပူးတွဲပိုင်ဆိုင်သူတစ်ဦးသည် အခြားပူးတွဲပိုင်ဆိုင်သူများအပေါ် ပူးတွဲပိုင်ဆိုင်သည့်ပစ္စည်းမှာ မိမိပိုင်ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်ဖြစ်စေ၊ ပူးတွဲပိုင်ဆိုင်သူတို့အား ပူးတွဲပိုင်ဆိုင်သည့်ပစ္စည်းမှ နှင်ထုတ်ပေးရန်ဖြစ်စေ စွဲဆိုခွင့်မရှိပေ။ **ဒေါ်မဲ့ကျောင်းမွန် နှင့် ဒေါ်နန်းပို ပါ ၃ အမှု** (၂) ကို

ရည်ညွှန်းသည်။ စာမျက်နှာ

တရားပြိုင် ဦးသန်းထွန်းနှင့် ၎င်း၏မိခင်ဒေါ်ငယ်တို့သည် ဦးတိုင်း၏သားသမီးများအပေါ် အချင်းဖြစ်မြေသည် ၎င်းတို့ပိုင်ဆိုင်ကြောင်းကြေညာပေးရန် မိတ္ထီလာခရိုင်တရားရုံးတွင် ၁၉၈၃ ခုနှစ်က စွဲဆိုခဲ့ခြင်းမှာ ဒေါ်မဲ့ကျောင်းမွန်အမှုပါ လမ်းညွှန်ချက်အရ စွဲဆိုပိုင်ခွင့်မရှိဘဲ စွဲဆိုခြင်းဖြစ်ပြီး ၎င်းတို့ စွဲဆိုသောအမှုမှာလည်း ပလပ်ခံရသည်ဖြစ်၍ ဦးတိုင်းနှင့်ဦးအေးတို့၏ ပူးတွဲပိုင်ဆိုင်မှုသည် ပျက်ပြယ်ခြင်းမရှိ၊ ဆက်လက်တည်ရှိနေမည်သာဖြစ်သည်။

ဥပဒေအမြင်တွင် ပူးတွဲပိုင်ရှင်တစ်ဦး၏ လက်ရှိထားခြင်းသည် ကျန်ပူးတွဲပိုင်ရှင်တစ်ဦး၏ကိုယ်စား လက်ရှိထားခြင်းဖြစ်သည်။ ယခုအမှုတွင် ဦးသန်းထွန်းသည် အချင်းဖြစ်မြေကို တစ်ဦးတည်းပိုင်ရှင်အဖြစ် ကျန်ပူးတွဲပိုင်ဆိုင်သူများကို ဆန့်ကျင်လက်ရှိထားခဲ့ကြောင်း ပေါ်ပေါက်မှုမရှိပေ။ ဦးအေးနှင့်ဦးတိုင်းတို့၏ ပူးတွဲပိုင်ဆိုင်မှုသည် ဆက်လက်တည်ရှိနေသည်ဖြစ်၍ ဦးသန်းထွန်းက ဦးတိုင်း၏သားသမီးများအပေါ် အချင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်စွဲဆိုသဖြင့် ထို

အချိန်မှစပြီး အချင်းဖြစ်မြေကို ဦးသန်းထွန်းက ဦးတိုင်း၏ စာမျက်နှာ
သားသမီးများအပေါ် ဆန့်ကျင်လက်ရှိထားရာ ရောက်သည်ဟု
ဆိုနိုင်မည်မဟုတ်ပေ။

ဒေါ်မြမြ (ကိုယ်တိုင်နှင့် - ဦးသန်းထွန်း ၅၅
အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏
အခွင့်ရကိုယ်စားလှယ်) ပါ ၇

**၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) ဥပဒေအရ မည်သူသည် ချင်းအမျိုးသားများဆိုသောစကားရပ်တွင် ပါဝင်ခြင်း၊ ယင်းဥပဒေအရ သားသမီးအားလုံးက အမွေဆက်ခံခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ချင်းဝိသေသတိုင်းအက်ဥပဒေကို ၁၉၄၈ ခုနှစ် တွင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင် ချက်) အက်ဥပဒေဖြင့် ပြင်ဆင်ချက်ပြုခဲ့သည်။ ပြင်ဆင်သည့် ဥပဒေတွင် "ချင်းအမျိုးသားများ" ဆိုသည့်စကားရပ်တွင် ချင်း ဝိသေသတိုင်း၌ အိုးအိမ်အတည်တကျရှိသော ပြည်ထောင်စု မြန်မာနိုင်ငံသားများပါဝင်သည်" ဟု ပြဋ္ဌာန်းထားသည်။

(ကဃ) ညွှန်းချက်

အယူခံတရားလိုဘက်ကတင်ပြသကဲ့သို့ တရားလို၊ စာမျက်နှာ တရားပြိုင်တို့၏ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုကို အမွေဆက်ခံရေးအက်ဥပဒေအရ ဆုံးဖြတ်ခြင်းမပြုဘဲ ချင်းဝိသေသတိုင်းအက်ဥပဒေနှင့် သက်ဆိုင်သူများအဖြစ် သတ်မှတ်ဆုံးဖြတ်ပေးမည်ဆိုပါက ၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၃၁ အရ ထည့်သွင်းသောဇယား၏ အပိုဒ် ၃၊ ရှင်းလင်းချက် ၃ တွင် "ဒေသတစ်ခုလုံး၏ ထုံးတမ်းစဉ်လာဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ သားသမီးအားလုံးမှာ အမွေဆက်ခံခွင့်ရှိစေရမည်" ဟု အတိအလင်းပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ လူရှိုင်းဓလေ့ထုံးတမ်းအရ အငယ်ဆုံးသားကသာ အမွေဆက်ခံခွင့်ရှိသည်ဟုဆိုသော အယူခံတရားလိုဘက်၏တင်ပြချက်မှာ ချင်းဝိသေသတိုင်းအက်ဥပဒေနှင့် သက်ဆိုင်သူများသည်ပင်လျှင်၊ အဆိုပါဥပဒေအရ လက်ခံကျင့်သုံးဆောင်ရွက်ခွင့်ရှိမည်မဟုတ်ဘဲ သားသမီးအားလုံး အမွေဆက်ခံခွင့်ရှိမည်ဖြစ်သောကြောင့် အဆိုပါအယူခံအကြောင်းပြချက်ကို လက်ခံခွင့်ပြုနိုင်မည်မဟုတ်ပေ။

မောင်ဇော်ထွန်းလင်း ပါ ၃ နှင့် ဦးဇော်လှ ၂၄

**တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်း ရှိ မရှိကို အဆိုလွှာပါ ဖော်ပြချက်များအပေါ် စိစစ်ဆုံးဖြတ်ရန်ဖြစ်ပြီး သက်သေခံချက်များ ရယူဆုံးဖြတ်ရန် အကြောင်းမရှိခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁ (င) တွင် တရားစွဲဆိုရန်အကြောင်း ဖြစ်မြောက်စေသော အကြောင်းခြင်းရာများကို အဆိုလွှာ၌ အဆိုပြုရမည်ဟုလည်းကောင်း၊ နည်းဥပဒေ ၁၁ (က) တွင် အဆိုလွှာက တရားစွဲဆိုရန် အကြောင်း ဖြစ်မြောက်စေသော အကြောင်းခြင်းရာများကို ထင်ရှား သိသာစေခြင်းမရှိလျှင် အဆိုလွှာကိုပယ်ရမည်ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ အဆိုလွှာ၌ အဆိုပြုသော အကြောင်းအရာများသည် တရားစွဲဆိုရန်အကြောင်း ဖြစ်မြောက်စေခြင်း ရှိ မရှိသာလျှင် စိစစ်ဆုံးဖြတ်နိုင်သည်။ တစ်နည်းဆိုရသော် ထိုအကြောင်းခြင်းရာများသည် အခြေအမြစ် ရှိ မရှိကို အဆိုလွှာပါဖော်ပြချက်များအရ စိစစ်ရန်သာဖြစ်သည့်အတွက် သက်သေခံချက်များရယူပြီး ဆုံးဖြတ်ရန် အကြောင်း မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ၎င်းအပြင် အမှု၏အဆုံးအဖြတ်ကိုပြုနိုင်သော ပဏာမငြင်းချက်ဖြစ်သည့် တရားစွဲဆိုရန်အကြောင်း

(ကစ) ညွှန်းချက်

ပေါ်ပေါက်ကြောင်း ထင်ရှားသိသာစေခြင်း ရှိ မရှိအပေါ် နှစ်ဖက် စာမျက်နှာ ကြားနာမှုမပြုဘဲ ဆုံးဖြတ်ခဲ့သည်မှာလည်း ဥပဒေလုပ်ထုံး လုပ်နည်းနှင့် ညီညွတ်မှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ဒေါ်ကြည်ကြည်ဒိုင် ပါ ၂ နှင့် ဒေါ်စန္ဒြာတင့် (ခ) ဒေါ်စန္ဒြာဆွေတင် ၁

**နောက်ဆက်တွဲဒီကရီ ရရှိထားသူအမွေဆိုင်သည် ဒီကရီအတိုင်း ပြည့်စုံစွာ ခွဲဝေမရရှိသေးသရွေ့ အတည်ပြုဆောင်ရွက် ပေးရန် တောင်းဆိုခွင့်ရှိကြောင်း၊**

**ဆုံးဖြတ်ချက်။** နောက်ဆက်တွဲဒီကရီ ရရှိထားသူအမွေဆိုင်သည် ဒီကရီအတိုင်း ပြည့်စုံစွာခွဲဝေမရရှိသေးသရွေ့ အတည်ပြု ဆောင်ရွက်ပေးရန် တောင်းဆိုခွင့်ရှိပေသည်။ သို့ဖြစ်၍ ယခင် ဇာရီမှုအမှတ် ၅၃/၂၀၁၁ တွင် ယခုအမှုလျှောက်ထားခံရသူများ က ပါဝင်လျှောက်ထားပြီး ဇာရီမှုပိတ်သိမ်းပြီးဖြစ်သည့်အတွက် ထပ်မံလျှောက်ထားခွင့်မရှိကြောင်း၊ မီးသေပြီးဖြစ်ကြောင်း လျှောက်ထားသူရှေ့နေ၏တင်ပြချက်ကို လက်ခံရန်အကြောင်း

| | | | |
|---|---|---|---|
| မရှိပေ။ | | | စာမျက်နှာ |
| ဦးသိန်းလွင် | နှင့် | ဒေါ်စန်းစန်းတင့် (ကိုယ်တိုင်နှင့် ၂ မှ ၁၃ ထိ လျှောက်ထားခံရသူများ၏ အထွေထွေကိုယ်စားလှယ်စာရသူ) ပါ ၂၇ | ၁၀၉ |

**တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၂ (ဂ) တွင် ရည်ညွှန်းသည့် တရားရုံးတစ်ရုံးကချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက်ဆိုသော စကားရပ်တွင် ခရီးသွားဟန်လွှဲဆုံးဖြတ်ချက် Obiter Dictum ပါဝင်သည်ဟု ယူဆရန်မသင့်ခြင်း။**

**ဆုံးဖြတ်ချက်**။ တရားလိုရှေ့နေက ပြစ်မှုစီရင်ချက်တာဝန်ခံမိတ္တူမှန်ကို တင်သွင်းရန်ရှိပါသည်ဟု လျှောက်ထားခဲ့မှုအပေါ် တရားရုံးကအဆိုပါစီရင်ချက်ကို ထည့်သွင်းမစဉ်းစားကြောင်း ခရီးသွားဟန်လွှဲ ဆုံးဖြတ်ချက်ကိုလိုက်နာရန် လိုအပ်မည်မဟုတ်ပေ။ တရားလိုရှေ့နေက ပြစ်မှုစီရင်ချက်တာဝန်ခံမိတ္တူ

မှန်ကို သက်သေခံအဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားခဲ့ စာမျက်နှာ
ခြင်းသည် တရားရုံးကချမှတ်ခဲ့သည့် အမိန့်ကိုမလိုက်နာခြင်း
ဖြစ်ပါသည်ဟု လက်ခံနိုင်ရန်အကြောင်းမရှိပေ။

ဒေါ်နန်စီ (ခ) ဒေါ်မာစီ ပါ ၂          နှင့်          ဒေါ်စီစီစိုး ပါ ၂          ၃၇

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ စွဲဆိုသောအမှုများတွင် ကန့်ကွက်သူရှိပါက လိုက်နာဆောင်ရွက်ရန်နည်းလမ်း။**

**ဆုံးဖြတ်ချက်။** မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ စွဲဆိုမှုများတွင် ကန့်ကွက်သူရှိပါက မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၈၁ အရ စွဲဆိုသည့်မှုခင်းအဖြစ် ပြောင်းလဲစစ်ဆေးရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိချေ။

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်က အမှုကို နှစ်ဖက်သက်သေခံချက်ရယူဆုံးဖြတ်ရန် ညွှန်ကြားလိုက်ခြင်းမှာ မှားယွင်းခြင်းမရှိသော်လည်း စွဲဆိုသည့်မှုခင်းအဖြစ် ပြောင်းလဲ စစ်ဆေးရန်မဟုတ်ပေ။ မူလလျှောက်ထားသော တရားမ အထွေထွေမှုတွင်ပင် လျှောက်ထားသူ၊ ကန့်ကွက်သူနှင့် ၎င်းတို့က

တင်ပြသော သက်သေများကိုစစ်ဆေးပြီးမှ အမိန့်တစ်စုံတစ်ရာ စာမျက်နှာ ချမှတ်ရန်ဖြစ်သည်။

မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက် နှင့် ဦးအောင်မျိုးလတ် ၇၉
ရေး အများနှင့်သက်ဆိုင်သော
ကုမ္ပဏီလီမိတက် (၎င်းအတွက်
ဦးခင်မောင်ဝင်းချို၊ တွဲဖက်
အတွင်းရေးမှူး)

**လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားခြင်းမရှိသူ မူလရုံးတရားလိုက စွဲဆိုသော အမွေပုံစီမံခန့်ခွဲ ပေးစေလိုမှုတွင် မူလရုံး အမှတ် (၁) တရားပြိုင် လုပ်ပိုင်ခွင့်ရရှိထားသော လယ် ယာမြေများအား အမွေကျန်ပစ္စည်းအဖြစ် တရားရုံးမှ ထည့်သွင်းခွဲဝေပေးထားခြင်းသည် လယ်ယာမြေဥပဒေ ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက် နှင့် ညီညွတ်မှု ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ဆိုလွှာနောက်ဆက်တွဲ (ခ) စာရင်းပါ အချင်း ဖြစ်ယာမြေများကို အမွေရှင်ဟုအဆိုရှိသူ ဦးကျော်ရှိန်သည် လည်းကောင်း၊ မူလရုံးတရားလိုသည်လည်းကောင်း၊ လယ်ယာ

(ကည)                    ညွှန်းချက်

မြေလုပ်ပိုင်ခွင့်ရရှိခဲ့ကြောင်း အထောက်အထားတစ်စုံတစ်ရာ စာမျက်နှာ မရှိပေ။ အချင်းဖြစ်ယာမြေများ၏ အမွေရှင်ဖြစ်သည်ဟု အဆိုရှိသူ ဦးကျော်ရှိန်သည်လည်းကောင်း၊ မူလရုံးတရားလိုသည်လည်းကောင်း၊ အချင်းဖြစ်ယာမြေများနှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်၊ လယ်ယာမြေပုံစံ (၇) ရရှိထားခဲ့ခြင်း မရှိကြောင်း၊ ပေါ်ပေါက်သည်ဖြစ်၍ လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) ပါအခွင့်အရေးကို တရားလိုမှ ရထိုက်ခွင့်မရှိကြောင်း မြင်သာပေသည်။ ထိုသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားခြင်းမရှိသူ မူလရုံးတရားလိုက စွဲဆိုသော အမွေပုံစီမံခန့်ခွဲပေးစေလိုမှု တွင် တရားပြိုင်အမှတ် (၁) ဒေါ်ကြည်မ အမည်ဖြင့် လုပ်ပိုင်ခွင့် ရရှိထားသော လယ်ယာမြေများအား အမွေကျန်ပစ္စည်းအဖြစ် တရားရုံးမှထည့်သွင်း ခွဲဝေပေးခြင်းသည် လယ်ယာမြေဥပဒေ နှင့် ညီညွတ်ခြင်းမရှိပေ။

ဒေါ်ကြည်မ          နှင့်          ဒေါ်ခင်မာဝေ ပါ ၃          ၈

**လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ တရားလိုလက်ရှိထားသော လယ်မြေအတွင်းသို့ ကျူးကျော်သူအား နှင်ထုတ်ခွင့် ရှိခြင်း။**

**ဆုံးဖြတ်ချက်။** တရားပြိုင်များ အချင်းဖြစ်မြေပေါ်တွင် တဲစတင် စာမျက်နှာ ဆောက်စဉ်က တရားလိုသည် အချင်းဖြစ်မြေကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအဖြစ် လက်ရှိထားသူဖြစ်ကြောင်း ပေါ်ပေါက်သည်။ ယခုအမှုတွင် အချင်းဖြစ်မြေ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူမှာ တရားလိုဒေါ်လှိုင်လှိုင်ဝင်းသာဖြစ်သဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၉ (က) အရ ဒေါ်လှိုင်လှိုင်ဝင်းသာ အချင်းဖြစ်ယာမြေကို လက်ရှိထားပိုင်ခွင့်ရှိမည်ဖြစ်သည်။ တရားပြိုင်များသည် အချင်းဖြစ်မြေကို ရှေးဦးမဆွကပင် လက်ရှိထားခဲ့ကြောင်း ထင်ရှားမှုမရှိသည့်အပြင် တရားစွဲဆိုချိန်ထိ အချင်းဖြစ်မြေအား လက်ရှိထားပိုင်ခွင့်ရှိစေသော အထောက်အထားကိုလည်း တင်ပြနိုင်မှုမရှိသည့်အတွက် အချင်းဖြစ်မြေအတွင်း၌ တရားပြိုင်များ၏ တဲဆောက်လုပ်မှုသည် တရားလို၏ လက်ရှိထားသော မြေအတွင်းသို့ ဝင်ရောက်ကျူးကျော်တဲဆောက်လုပ်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၆-၃-၂၀၁၅ ရက်စွဲပါ သက်သေခံ (ဆ) စာအရ လူနေအိမ်ဆောက်လုပ်အသုံးပြုရန်အတွက် အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့သည်ဖြစ်သဖြင့် တရားလိုဒေါ်လှိုင်လှိုင်ဝင်းသည် တရားစွဲဆိုချိန်တွင် အချင်းဖြစ်မြေအားအခြားနည်းအသုံးပြုခွင့်ဖြင့် လက်ရှိ

(က၄)                              ညွှန်းချက်

ထားပိုင်ခွင့်ရှိသူဖြစ်၍ တရားပြိုင်များ ကျူးကျော်ဆောက်လုပ် စာမျက်နှာ ထားသည့် သွပ်မိုးတဲအားဖျက်သိမ်းပြီး အချင်းဖြစ်မြေကို တရားလိုသို့ လက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ခဲ့သည့် သံတွဲခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီမှာ မှားယွင်းခြင်း မရှိပေ။

ဒေါ်လှိုင်လှိုင်ဝင်း နှင့် ဦးလှထွေး ပါ ၃ ၆၂

+၂၀၁၉ ခုနှစ်

ဒီဇင်ဘာလ ၁၈ ရက်

**တရားမပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

**ဦးအောင်ဇော်သိန်း ရှေ့တွင်**

**ဒေါ်ကြည်ကြည်ဒိုင် ပါ ၂**

**နှင့်**

**ဒေါ်စန္ဒာတင့် (ခ) ဒေါ်စန္ဒာဆွေတင် ***

**တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်း ရှိ မရှိကို အဆိုလွှာပါ ဖော်ပြချက်များအပေါ် စိစစ်ဆုံးဖြတ်ရန်ဖြစ်ပြီး သက်သေခံချက်များ ရယူဆုံးဖြတ်ရန် အကြောင်းမရှိခြင်း။**

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁ (င) တွင် တရားစွဲဆိုရန်အကြောင်း ဖြစ်မြောက်စေသော အကြောင်းခြင်းရာများကို အဆိုလွှာ၌ အဆိုပြုရမည်ဟုလည်းကောင်း၊ နည်းဥပဒေ ၁၁ (က) တွင် အဆိုလွှာက တရားစွဲဆိုရန် အကြောင်း ဖြစ်မြောက်စေသော အကြောင်းခြင်းရာများကို

* ၂၀၁၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၄၇

\+ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၉ တွင်ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်အပေါ် တင်သွင်းသည့်ပြင်ဆင်မှု

ထင်ရှားသိသာစေခြင်းမရှိလျှင် အဆိုလွှာကိုပယ်ရမည်ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ အဆိုလွှာ၌ အဆိုပြုသော အကြောင်းအရာများသည် တရားစွဲဆိုရန်အကြောင်း ဖြစ်မြောက်စေခြင်း ရှိ မရှိသာလျှင် စိစစ်ဆုံးဖြတ်နိုင်သည်။ တစ်နည်းဆိုရသော် ထိုအကြောင်းခြင်းရာများသည် အခြေအမြစ်ရှိ မရှိကို အဆိုလွှာပါဖော်ပြချက်များအရ စိစစ်ရန်သာဖြစ်သည့်အတွက် သက်သေခံချက်များရယူပြီး ဆုံးဖြတ်ရန် အကြောင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ၎င်းအပြင် အမှု၏အဆုံးအဖြတ်ကိုပြုနိုင်သော ပဏာမငြင်းချက်ဖြစ်သည့် တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်ကြောင်း ထင်ရှားသိသာစေခြင်း ရှိ မရှိအပေါ် နှစ်ဖက်ကြားနာမှုမပြုဘဲ ဆုံးဖြတ်ခဲ့သည်မှာလည်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

လျှောက်ထားသူများအတွက် - ဒေါ်လှလှလွင်၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ဒေါ်စန္ဒာအောင်၊
တရားလွှတ်တော်ရှေ့နေ

၂၀၁၈ ခုနှစ်
ဒေါ်ကြည်ကြည်ဒိုင်
ပါ - ၂
နှင့်
ဒေါ်စန္ဒာတင့် (ခ)
ဒေါ်စန္ဒာဆွေတင်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၉ တွင် တရားလို ဒေါ်စန္ဒာတင့် (ခ) ဒေါ်စန္ဒာဆွေတင်က တရားပြိုင် ဒေါ်ကြည်ကြည်ဒိုင် ပါ ၂ ဦး အပေါ် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၃၉ အရ ၂၂-၁၁-၂၀၁၆ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၆၉၁၀/ ၂၀၁၆ ဖြစ်သည့် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်အား ပယ်ဖျက်ပေးစေလိုမှုစွဲဆိုသည်။ အဆို၊ အချေများအရ ငြင်းချက် ၄ ရပ် ထုတ်နုတ်ပြီးနောက် ဤအမှုသည် တရားလိုက တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ဆိုသည်မှာ မှန်သလားဟူသော ငြင်းချက် အမှတ် (၁) ကို ပဏာမငြင်းချက်အဖြစ် သတ်မှတ်သော်လည်း ဥပဒေအချက်အလက်နှင့် အကြောင်းခြင်းရာအချက်အလက် ရောထွေးနေသဖြင့် နှစ်ဖက်သက်သေခံချက်ရယူပြီးမှ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်းအမိန့်ချမှတ်သည်။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏အမိန့်ကို တရားပြိုင် ဒေါ်ကြည်ကြည်ဒိုင် ပါ ၂ ဦးက မကျေနပ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ တရားလွှတ်တော်ရှေ့နေက အမှုတစ်မှုတရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်မှု ရှိ မရှိ အဆိုလွှာ

၂၀၁၈ ခုနှစ်
ဒေါ်ကြည်ကြည်ဒိုင်
ပါ - ၂
နှင့်
ဒေါ်စန္ဒာတင့် (ခ)
ဒေါ်စန္ဒာဆွေတင်

ကိုစိစစ်ရပြီး အမှုစွဲဆိုနိုင်ရန်အကြောင်း အဆိုလွှာတွင် ထင်ရှား ပေါ်ပေါက်ခြင်းမရှိက အဆိုလွှာကို ပယ်ရမည်ဖြစ်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁ တွင် ပြဋ္ဌာန်းထား ကြောင်း၊ သို့ဖြစ်ရာ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်း ရှိ မရှိ သက်သေစစ်ချက်များ ရယူရန်မလိုဘဲ အဆိုလွှာအရ ဦးစွာ ကြားနာအဆုံးအဖြတ်ပေးနိုင်သဖြင့် ဥပဒေငြင်းချက်သက်သက် ဖြစ်ကြောင်း၊ ဥပဒေငြင်းချက်ကို ရှေးဦးစွာ မလွဲမသွေအဆုံး အဖြတ်ပေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်းဥပဒေ ၂ တွင် ပြဋ္ဌာန်းထားကြောင်း၊ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက် မှု ရှိ မရှိ ဥပဒေအချက်ကို ပဏာမငြင်းချက်အဖြစ် သတ်မှတ် ခဲ့သော်လည်း နှစ်ဖက်လျှောက်လဲချက် ကြားနာခြင်းမရှိဘဲ ဥပဒေအချက်အလက်နှင့် အကြောင်းခြင်းရာအချက်အလက် ရောထွေးနေသဖြင့် နှစ်ဖက်သက်သေခံချက်ရယူပြီးမှ ဆုံးဖြတ် သွားမည်ဟု စီရင်ဆုံးဖြတ်ခဲ့ခြင်းမှာ တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ဆုံးဖြတ်ခြင်းဖြစ်ကြောင်း၊ ရန်ကုန် တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကိုပယ်ဖျက်၍ ဤ အမှုသည် တရားလိုက တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက် ဆိုသည်မှာ မှန်သည်ဟုဖြေဆို၍ မူလရုံးတရားလို၏ အဆိုလွှာ

ကို ပယ်သည့်အမိန့် ချမှတ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ တရားလွှတ်တော်ရှေ့နေက လျှောက်ထားသူများနှင့် လျှောက်ထားခံရသူတို့သည် မိသားစုစီမံမှုပုံသေပေးအပ်ခြင်း အမှန်တကယ် ရှိ မရှိ၊ စီမံမှုအရရရှိသည့် အချင်းဖြစ်အိမ်နှင့်မြေကို ယုံကြည်အပ်နှံခဲ့ခြင်း ဟုတ်မဟုတ်၊ ယုံကြည်အပ်နှံမှုအပေါ် အခွင့်အရေးယူပြီး မှတ်ပုံတင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုခြင်းမှာ မှန် မမှန်၊ ဥပဒေကြောင်းသက်သေခံတင်သွင်းလက်ခံမှု၊ သက်သေထွက်ဆိုချက်များကိုစစ်ဆေးပြီးမှသာ အမှုကို ဥပဒေနှင့်အညီ အဆုံးအဖြတ်ပြုနိုင်မည်ဖြစ်သဖြင့် မူလတိုင်းဒေသကြီးတရားလွှတ်တော်က အမှတ် (၁) ငြင်းချက်ကို ပဏာမငြင်းချက်အဖြစ် သတ်မှတ်ပေးသော်လည်း ဥပဒေအချက်အလက်နှင့် အကြောင်းခြင်းရာအချက်အလက် ရောထွေးနေသဖြင့် နှစ်ဖက်သက်သေခံချက်ရယူပြီးမှ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ အဆုံးအဖြတ်ပြုခဲ့ခြင်းမှာ မှန်ကန်မျှတကြောင်း၊ ပြင်ဆင်မှုအား ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ငြင်းချက် ၄

၂၀၁၈ ခုနှစ်

ဒေါ်ကြည်ကြည်ဒိုင်
ပါ - ၂
နှင့်
ဒေါ်စန္ဒာတင့် (ခ)
ဒေါ်စန္ဒာဆွေတင်

၂၀၁၈ ခုနှစ်
ဒေါ်ကြည်ကြည်ဒိုင်
ပါ - ၂
နှင့်
ဒေါ်စန္ဒာတင့် (ခ)
ဒေါ်စန္ဒာဆွေတင်

ရပ်ထုတ်နုတ်ပြီးနောက် ဤအမှုသည် တရားလိုက တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မှန်သလားဟူသော ငြင်းချက် (၁) ကို ပဏာမငြင်းချက်အဖြစ် သတ်မှတ်သော်လည်း ဥပဒေအချက်အလက်နှင့် အကြောင်းခြင်းရာအချက်အလက် ရောထွေးနေသဖြင့် နှစ်ဖက်သက်သေခံချက်ရယူပြီးမှ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁ (င) တွင် တရားစွဲဆိုရန်အကြောင်း ဖြစ်မြောက်စေသော အကြောင်းခြင်းရာများကို အဆိုလွှာ၌ အဆိုပြုရမည်ဟုလည်းကောင်း၊ နည်းဥပဒေ ၁၁ (က) တွင် အဆိုလွှာက တရားစွဲဆိုရန် အကြောင်းဖြစ်မြောက်စေသော အကြောင်းခြင်းရာများကို ထင်ရှားသိသာစေခြင်းမရှိလျှင် အဆိုလွှာကိုပယ်ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ အဆိုလွှာ၌ အဆိုပြုသော အကြောင်းခြင်းရာများသည် တရားစွဲဆိုရန်အကြောင်း ဖြစ်မြောက်စေခြင်း ရှိမရှိသာလျှင် စိစစ်ဆုံးဖြတ်နိုင်သည်။ တစ်နည်းဆိုရသော် ထိုအကြောင်းခြင်းရာများသည် အခြေအမြစ် ရှိ မရှိကို အဆိုလွှာပါဖော်ပြချက်များအရ စိစစ်ရန်သာဖြစ်သည့်အတွက် သက်သေခံချက်များရယူပြီး ဆုံးဖြတ်ရန်အကြောင်းမရှိပေ။ ၎င်းအပြင်

အမှု၏အဆုံးအဖြတ်ကိုပြုနိုင်သော ပဏာမငြင်းချက်ဖြစ်သည့် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ကြောင်း ထင်ရှားသိသာစေခြင်း ရှိ မရှိအပေါ် နှစ်ဖက်ကြားနာမှုမပြုဘဲ ဆုံးဖြတ်ခဲ့သည်မှာလည်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

အထက်ပါအကြောင်းများကြောင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှာ ဥပဒေနှင့် ညီညွတ်ခြင်းမရှိ၍ ဤပြင်ဆင်မှုရုံးမှ ဝင်ရောက်ပြင်ဆင်တည့်မတ်ပေးရန်ဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ခွင့်ပြုသည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်ပြီး တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မှန်သလားဟူသော ပဏာမငြင်းချက်ကို နှစ်ဖက်ကြားနာပြီး ဥပဒေနှင့်အညီ အမိန့်ချမှတ်သွားရန် ညွှန်ကြားသည်။

ရှေ့နေစရိတ် ကျပ် ၁၀၀၀၀ သတ်မှတ်သည်။

+၂၀၁၉ ခုနှစ်

ဇူလိုင်လ ၁ ရက်

**တရားမအထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ**

**ဖြစ်ကြသော ဦးသာဋ္ဌေး၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊**

**ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည် နှင့် ဦးမျိုးဝင်း**

**တို့ရှေ့တွင်**

**ဒေါ်ကြည်မ**

**နှင့်**

**ဒေါ်ခင်မာဝေ ပါ ၃ ***

**လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားခြင်းမရှိသူ မူလရုံးတရားလိုက စွဲဆိုသော အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် မူလရုံး အမှတ် (၁) တရားပြိုင် လုပ်ပိုင်ခွင့်ရရှိထားသော လယ် ယာမြေများအား အမွေကျန်ပစ္စည်းအဖြစ် တရားရုံးမှ ထည့်သွင်းခွဲဝေပေးထားခြင်းသည် လယ်ယာမြေဥပဒေ**

* ၂၀၁၉ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၈

\+ ၂၀၁၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၇၅ တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု

၂၀၁၉ ခုနှစ်

ဒေါ်ကြည်မ
နှင့်
ဒေါ်ခင်မာဝေ ပါ
- ၃

## ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက် နှင့် ညီညွတ်မှု ရှိ မရှိ။

**ဆုံးဖြတ်ချက်။** ဆိုလွှာနောက်ဆက်တွဲ (ခ) စာရင်းပါ အချင်းဖြစ်ယာမြေများကို အမွေရှင်ဟုအဆိုရှိသူ ဦးကျော်ရှိန်သည်လည်းကောင်း၊ မူလရုံးတရားလိုသည်လည်းကောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိခဲ့ကြောင်း အထောက်အထားတစ်စုံတစ်ရာမရှိပေ။ အချင်းဖြစ်ယာမြေများ၏ အမွေရှင်ဖြစ်သည်ဟုအဆိုရှိသူ ဦးကျော်ရှိန်သည်လည်းကောင်း၊ မူလရုံးတရားလိုသည်လည်းကောင်း၊ အချင်းဖြစ်ယာမြေများနှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်၊ လယ်ယာမြေပုံစံ (၇) ရရှိထားခဲ့ခြင်းမရှိကြောင်း ပေါ်ပေါက်သည်ဖြစ်၍ လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) ပါ အခွင့်အရေးကို တရားလိုမှ ရထိုက်ခွင့်မရှိကြောင်း မြင်သာပေသည်။ ထိုသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားခြင်းမရှိသူ မူလရုံးတရားလိုက စွဲဆိုသော အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် တရားပြိုင်အမှတ် (၁) ဒေါ်ကြည်မ အမည်ဖြင့် လုပ်ပိုင်ခွင့်ရရှိထားသော လယ်ယာမြေများအား အမွေကျန်ပစ္စည်းအဖြစ် တရားရုံးမှထည့်သွင်း ခွဲဝေပေးခြင်းသည် လယ်ယာမြေဥပဒေနှင့် ညီညွတ်ခြင်းမရှိပေ။

၂၀၁၉ ခုနှစ်
ဒေါ်ကြည်မ
နှင့်
ဒေါ်ခင်မာဝေ ပါ
- ၃

အယူခံတရားလိုအတွက် - ဦးစိန်လွင်၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - (၁) ဒေါ်ခင်မျိုးဝင်း၊
တရားလွှတ်တော်ရှေ့နေ
(၂) (၃) ကိုယ်တိုင် (မလာ)

ကန့်ဘလူမြို့နယ်တရားရုံး ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ တွင် ဒေါ်ခင်မာဝေက ဒေါ်ကြည်မ ပါ ၄ ဦးအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ အမှုပလပ်ခံရသည်။ ထိုဒီကရီကို ဒေါ်ခင်မာဝေက ရွှေဘိုခရိုင်တရားရုံးသို့ ၂၀၁၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၂ ဖြင့် အယူခံတင်သွင်းရာ မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး တရားလိုသည် အမွေရှင်များကျန်ရစ်သည့် အမွေပုံပစ္စည်း၏ ၁၆ ပုံ ၅ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်သည်။ အဆိုပါ ပဏာမဒီကရီအပေါ် ဒေါ်ကြည်မက စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂၈ ဖြင့်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၆ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၇၇၅ ဖြင့်လည်းကောင်း အဆင့်ဆင့် တင်သွင်းသော်လည်း အောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စု

၂၀၁၉ ခုနှစ်
ဒေါ်ကြည်မ
နှင့်
ဒေါ်ခင်မာဝေ ပါ
- ၃

တရားစီရင်ရေးဥပဒေပုဒ်မ ၁၉ အရ ၂၀၁၈ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၉၆ ကို တင်သွင်းရာ အောက်ပါပြဿနာအပေါ် ပြန်လည်စိစစ်ကြားနာရန် အထူး အယူခံဝင်ခွင့်ပြုခဲ့သည် -

"(၁) လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိထားခြင်းမရှိသူ မူလရုံးတရားလိုကစွဲဆိုသော အမွေပုံစီမံခန့်ခွဲ ပေးစေလိုမှုတွင် မူလရုံးအမှတ် (၁) တရားပြိုင် လုပ်ပိုင်ခွင့်ရရှိထားသော လယ်ယာမြေများအား အမွေကျန်ပစ္စည်းအဖြစ် တရားရုံးမှထည့်သွင်းခွဲဝေ ပေးထားခြင်းသည် လယ်ယာမြေဥပဒေ ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှု ရှိ မရှိ။

(၂) အကယ်၍ လယ်ယာမြေဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်း ချက်နှင့်ညီညွတ်သည်ဆိုပါက အချင်းဖြစ်ယာမြေ လုပ်ကိုင်ခွင့်နှင့်စပ်လျဉ်းပြီး တရားလိုနှင့် တရားပြိုင်တို့ မြေယာမှုခင်းဖွင့်လှစ် ဖြေရှင်း ခဲ့ကြရာ ရုံးအဆင့်ဆင့်နှင့် နောက်ဆုံး စစ်ကိုင်း တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန၏ တိုင်းသီး စားချထားရေးဆိုင်ရာ အယူခံမှုအမှတ် ၈၀/

မယ/ ၂၀၁၁ - ၂၀၁၂ (ကန့်ဘလူ) တွင် မူလရုံးတရားပြိုင် (၁) မှ အနိုင်ရရှိခဲ့သည့်အပြင် ၎င်းအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) ရရှိပြီးသောယာမြေများကို တရားမရုံးမှ အမွေ ပစ္စည်း အဖြစ်ခွဲဝေပေးမည်ဆိုပါက ပြဋ္ဌာန်း ဥပဒေနှင့်အညီဆောင်ရွက်ခဲ့သော အုပ်ချုပ်မှု ဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ဆန့်ကျင်ကွဲလွဲရာ ရောက်၊ မရောက်။ ”

ဆိုလွှာတွင် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ ဦးကျော်ရှိန်၊ ဒေါ်ဂွက်ထော်တို့တွင် ဒေါ်ကြည်မ၊ ဦးကြည်ဝင်း (ခ) သုမေဓာ၊ ဒေါ်မြင့်ရီ၊ မခင်မာရွှေ၊ မခင်မာဝေဟူသည့် သားသမီး ၅ ဦးမွေးဖွားခဲ့ကြောင်း၊ ဦးကျော်ရှိန်သည် လွန်ခဲ့သည့် ၄ နှစ်ခန့်ကလည်းကောင်း၊ ဒေါ်ဂွက်ထော်သည် လွန်ခဲ့သော ၁၅ နှစ်ခန့်ကလည်းကောင်း၊ ဦးကြည်ဝင်း (ခ) သုမေဓာသည် လွန်ခဲ့သော ၂ နှစ်ခန့်က သာသနာ့ဝန်ထမ်းဘဝဖြင့် လည်းကောင်း ကွယ်လွန်ခဲ့ကြကြောင်း၊ ဒေါ်မြင့်ရီကွယ်လွန်ချိန်တွင် သမီးမမာလာဦးသည် အမွေမမီမြေးအဖြစ် ကျန်ရစ်ကြောင်း၊ အမွေရှင်ဖခင်ဦးကျော်ရှိန် ကွယ်လွန်ချိန်တွင် ခိုင်းနွား ၁ ရှဉ်း၊

၂၀၁၉ ခုနှစ်
ဒေါ်ကြည်မ
နှင့်
ဒေါ်ခင်မာဝေ ပါ
- ၃

လှည်း ၁ စီး၊ ကွင်းအမှတ် (၈၇၈-က)၊ ဦးပိုင်အမှတ် ၃၆၊ ဧရိယာ ၄၆.၃၂ ဧကရှိယာမြေတို့သည် အမွေပစ္စည်းအဖြစ်ကျန်ခဲ့ပြီး တရားပြိုင်အမှတ် ၁ ဒေါ်ကြည်မနှင့် တရားပြိုင်အမှတ် ၄ ဦးမျိုးဝင်းတို့ လက်ဝယ်ထိန်းသိမ်းထားကြောင်း၊ ၂၀၁၁ ခုနှစ်၊ မေလတွင် အထက်ပါယာမြေကို အမွေခွဲဝေလုပ်ကိုင်ခွင့် ချမှတ်ပါရန် ကန့်ဘလူမြို့နယ်၊ ရေရှင်ကျေးရွာအုပ်စု မြေယာကော်မတီသို့ လျှောက်ထားရာ မြေယာကော်မတီမှ တရားလိုအပါအဝင် ကျန်အမွေဆိုင်များအား အချိုးကျအသီးသီးခွဲဝေပေးရန် ဆုံးဖြတ်ခဲ့သော်လည်း တရားပြိုင် အမှတ် ၁ ဒေါ်ကြည်မက ခွဲဝေပေးခြင်းမရှိကြောင်း၊ သားဖြစ်သူ တရားပြိုင်အမှတ် ၄ ဦးမျိုးဝင်းကို ယာမြေအချို့အပေါ်ခွဲဝေလုပ်ကိုင်စေပြီး ယာမြေအချို့ကိုလည်း လယ်အဖြစ်ပြောင်းလဲစိုက်ပျိုးခဲ့သဖြင့် အမှုစွဲဆိုရကြောင်း အဆိုပြုသည်။

တရားပြိုင်အမှတ် ၁ ဒေါ်ကြည်မနှင့်အမှတ် ၄ ဦးမျိုးဝင်းတို့၏ချေလွှာတွင် ဒေါ်ကြည်မသည် အသက် ၁၆ နှစ်အရွယ်၌ တစ်ရွာတည်းနေ ဦးမြင့်အောင်နှင့် အိမ်ထောင်ပြုသည်ကို မိဘများကသဘောမတူ၍ ခင်ဦးမြို့သို့ ပြောင်းရွှေ့နေထိုင်သည်မှာ နှစ် ၃၀ ကြာပြီဖြစ်ကြောင်း၊ ဖခင်ဦးကျော်ရှိန်သည် တရားရော်ကိုင်း

ရွာတွင်နေထိုင်စဉ် တောင်သူလုပ်ငန်း လုံးဝလုပ်ကိုင်ခြင်း မရှိသဖြင့် ၎င်းပိုင် တောင်သူလုပ်ငန်းသုံး ထွန်၊ ထယ်၊ လှည်း၊ နွား၊ လယ်၊ ယာ လုံးဝမရှိကြောင်း၊ ဖခင်ဦးကျော်ရှိန်သည် ဒေါ်ကြည်မရှိရာ တရော်ကိုင်းရွာသို့အလည်လာရင်း ကွယ်လွန်ခဲ့ရာ နာရေးကုန်ကျစရိတ်ကို ဒေါ်ကြည်မမှ ကုန်ကျခံခဲ့ရကြောင်း၊ နောက်ဆက်တွဲ (ခ) စာရင်းပါယာမြေသည် ဒေါ်ကြည်မနှင့် ခင်ပွန်းဦးမြင့်အောင်တို့ ဓားမဦးချလုပ်ကိုင်လာသည့် ယာမြေဖြစ်ပြီး ဒေါ်ကြည်မလုပ်ပိုင်ခွင့်ရသည့်လယ်ယာမြေဖြစ်ကြောင်း၊ ၎င်းအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) ရပြီးဖြစ်၍ အမွေဆိုင်ပစ္စည်းမဟုတ်ကြောင်း၊ တရားပြိုင်အမှတ် ၄ ဦးမျိုးဝင်းသည် အမွေဆိုင်မဟုတ်သဖြင့် အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုခွင့်မရှိကြောင်းချေပသည်။

တရားပြိုင် အမှတ် ၂ မမာလာဦးနှင့် တရားပြိုင်အမှတ် ၃ မခင်မာရွှေတို့က ဝန်ခံချေလွှာတင်သွင်းသည်။

ကန့်ဘလူမြို့နယ်တရားရုံးက တရားပြိုင်အမှတ် ၄ ဦးမျိုးဝင်းအား အမှုသည်အဖြစ်မှ ဖယ်ထုတ်ခဲ့သည်။

ကန့်ဘလူမြို့နယ်တရားရုံးက အမွေရှင်ဦးကျော်ရှိန်၊

၂၀၁၉ ခုနှစ်
ဒေါ်ကြည်မ
နှင့်
ဒေါ်ခင်မာဝေ ပါ
- ၃

ဒေါ်ဂွက်ထော်တို့ကွယ်လွန်ချိန်တွင် အမွေပစ္စည်းကျန်သည်ဆိုခြင်းမှာ မမှန်ကြောင်းဖြေကြားကာ အမှုအားပလပ်ခဲ့သည်။

ရွှေဘိုခရိုင်တရားရုံးက ဒေါ်ကြည်မအမည်ဖြင့် မြေယာလုပ်ပိုင်ခွင့်ပုံစံ (၇) ရထားပြီး ဖြစ်စေကာမူ ထိုယာလုပ်ပိုင်ခွင့်ကို အမွေဆိုင်များအကြား အမွေခွဲဝေခြင်းမပြုရသေးဟု ပေါ်ပေါက်ကြောင်း၊ အမွေရှင် ဦးကျော်ရှိန်၊ ဒေါ်ဂွက်ထော်တို့၏သားသမီး ၅ ဦးအနက် သမီးဒေါ်မြင့်ရီနှင့် သားဦးကြည်ဝင်း(ခ) သုမေဓာတို့ကွယ်လွန်ခဲ့ကြောင်း၊ ဒေါ်မြင့်ရီ၏သမီး မမာလာဦးသည် အမွေမမီမြေးဖြစ်၍ ၎င်း၏မိဘအသက်ရှိလျှင် ရမည်ဖြစ်သောဝေစု၏ ၄ ပုံ ၁ ပုံ ရရှိမည်ဖြစ်ပြီး ကျန် ၄ ပုံ ၃ ပုံမှာ အမွေရှင်၏သားရင်း၊ သမီးရင်းများခွဲဝေယူရမည်ဖြစ်၍ တရားလိုသည် ၁၆ ပုံ ၅ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်က အချင်းဖြစ်မြေအတွက် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဦးကျော်ရှိန်အမည်ဖြင့် ထမ်းဆောင်ထားသည့်မြေခွန်ပြေစာ သက်သေခံ (ဂ) တွေ့ရှိရသည့်အတွက် ရှေးဦးစွာ ဦးကျော်ရှိန်လုပ်ပိုင်ခွင့်ရရှိသည့်မြေဟု ဆိုရမည်ဖြစ်ကြောင်း၊ ၂၀၁၂-၂၀၁၃ တွင် တရားပြိုင်က

မြေခွန်ထမ်းဆောင်၍ လုပ်ကိုင်ခွင့်ရခြင်းမှာ မြို့နယ်မြေစာရင်းဦးစီးဌာန၊ သီးစားချထားရေးဆိုင်ရာ အယူခံမှုနှင့် တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန၊ သီးစားချထားရေးဆိုင်ရာ အယူခံမှုများတွင် တရားပြိုင် အနိုင်ရ၍ ၂၀၁၂-၂၀၁၃ အတွက် မြေခွန်ပေးဆောင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇) ကို ရခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) ပြဋ္ဌာန်းချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံးက ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ ကွယ်လွန်သူအမွေရှင်တွင် အမွေပုံပစ္စည်းကျန်ရစ်ကြောင်း သုံးသပ်ပြီး ခရိုင်တရားရုံး၏ ပဏာမဒီကရီကိုအတည်ပြုခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အချင်းဖြစ်လယ်ယာမြေနှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ် ပိုင်ခွင့်ရရှိထားသူ ဒေါ်ကြည်မသည် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) ပြဋ္ဌာန်းချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူခွင့်ရှိမည်ဖြစ်ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် တရားစွဲဆိုခွင့်ရှိသကဲ့သို့ တရားစွဲဆို

ခံပိုင်ခွင့်လည်း ရှိသည်ဖြစ်ကြောင်းသုံးသပ်ပြီး ရွှေဘိုခရိုင်တရားရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့သည်။

ဆိုလွှာ နောက်ဆက်တွဲ (က) စာရင်းပါ ခိုင်းနွား (၁) ရှဉ်း၊ ကျွန်းလှည်း ၁ စီးတို့ အမွေပစ္စည်းအဖြစ် ကျန်ရှိကြောင်း သက်သေထင်ရှားပြနိုင်ခြင်းမရှိဟု ကန့်ဘလူမြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် ကန့်ဘလူခရိုင်တရားရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တို့က တစ်စုံတစ်ရာသုံးသပ်ခဲ့ခြင်းမရှိသကဲ့သို့ မူလရုံးတရားလိုဘက်မှလည်း ယင်းပစ္စည်းများနှင့် စပ်လျဉ်း၍ အယူခံတင်သွင်းခဲ့ခြင်းမရှိကြပေ။

နောက်ဆက်တွဲ (ခ) စာရင်းပါ ကန့်ဘလူမြို့နယ်၊ ရေရှင်ကျေးရွာအုပ်စု၊ တရော်ကိုင်းကျေးရွာ၊ ကွင်းအမှတ် ၈၇၈ - က၊ ဦးပိုင်အမှတ် ၃၆၊ ယာမြေဧရိယာ ၄၆.၃၂ ဧကသည် တရားလိုနှင့် တရားပြိုင်အမှတ် ၁ ဒေါ်ကြည်မ၊ အမှတ် ၃ ဒေါ်ခင်မာရွှေတို့၏ဖခင် ဦးကျော်ရှိန် အမည်ထွက်ရှိကြောင်း ၂၀၁၀ - ၂၀၁၁ ခုနှစ်မြေခွန်ပြေစာတစ်စောင် သက်သေခံ (ဂ) ကို တရားလိုဘက်မှတင်ပြထားသည်။ ယင်းပြေစာတွင် ကျေးရွာအမည်ရေရှင်၊ ကွင်းအမှတ် ၈၇၈ - က၊ ကွင်းအမည် တရော်ကိုင်း၊ ဦးပိုင်အမှတ်

၃၆၊ မြေလုပ်ကိုင်သူအမည် ဦးကျော်ရှိန်ဟု ဖော်ပြထားပြီး ဧရိယာ မည်မျှဟု ဖော်ပြထားခြင်းမရှိပေ။

နှစ်ဖက်ထွက်ဆိုချက်များအရ အမွေရှင်ဒေါ်ဂွက်ထော်သည် ဦးကျော်ရှိန်ထက်စောစွာ ကွယ်လွန်သည်။ ဦးကျော်ရှိန်သည် အမှုမစွဲဆိုမီ ၄ နှစ်ခန့် (သက်သေခံ ၁ အရ ၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) တွင်ကွယ်လွန်သည်။ ဦးကျော်ရှိန်ကွယ်လွန်ပြီးနောက် ၁၃-၅-၂၀၁၁ ရက်နေ့တွင် ရှေ့ရှင်ကျေးရွာအုပ်စုမြေယာကော်မတီက ကွင်းအမှတ် ၈၇၇၊ ဦးပိုင်အမှတ် ၃၆၊ မြေ ၄၁ ကေကို သားသမီး ၄ ဦး အား ခွဲဝေပေးကြောင်း ဆုံးဖြတ်သည်။ တရားပြိုင်အမှတ် ၁ ဒေါ်ကြည်မက လက်မှတ်ထိုးခဲ့ခြင်းမရှိပေ။

ဒေါ်ကြည်မနှင့် သား မောင်မျိုးဝင်းတို့က ကန့်ဘလူမြို့နယ် သီးစားချထားရေးဆိုင်ရာအယူခံမှု အမှတ် ၄/ ၂၀၁၁ ဖြင့် အယူခံဝင်ရောက်ရာကွင်းအမှတ် ၈၇၈ - က ဦးပိုင်အမှတ် ၃၆၊ ဧရိယာ ၄၆.၃၂ ယာမြေအား ဒေါ်ကြည်မ (သား) မောင်မျိုးဝင်းတို့အား လုပ်ကိုင်ခွင့်ပြုကြောင်း၊ ယင်းအမိန့်ကို ဒေါ်ခင်မာဝေ ပါ ၃ ဦးက ကျေနပ်မှုမရှိ၍ စစ်ကိုင်းတိုင်းဒေသကြီး သီးစားချထားရေးအယူခံမှုအမှတ် ၈၀/မလ/၂၀၁၁- ၂၀၁၂

၂၀၁၉ ခုနှစ်
ဒေါ်ကြည်မ
နှင့်
ဒေါ်ခင်မာဝေ ပါ
- ၃

(ကန့်ဘလူ)ကို တင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မြေစာရင်း ဦးစီးဌာနမှူးမှ ကန့်ဘလူမြို့နယ်မြေစာရင်းဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ကြောင်း သက်သေခံ ၃ နှင့် သက်သေခံ ၄ အမိန့်များအရ တွေ့ရှိရသည်။

၎င်းအပြင် သက်သေခံ ၅၊ ၆၊ ၇ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် လယ်ယာမြေ ပုံစံ (၇) များအရ ရေရှင် ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၈၇၈ - က၊ တရော်ကိုင်းကွင်း၊ ဦးပိုင်အမှတ် N ၃၆၊ ယာမြေ ၅.၀၃ ဧက၊ ဦးပိုင်အမှတ် N ၃၆/၂ ယာမြေ ၃၆.၈၄ ဧက၊ ဦးပိုင်အမှတ် ၃၆/၁၊ ယာမြေ ၁၁.၅၁ ဧက၊ စုစုပေါင်းယာမြေ ၅၃.၃၈ ဧကကို ဒေါ်ကြည်မက လယ်ယာ မြေလုပ်ပိုင်ခွင့်ရရှိခဲ့ကြောင်း နှစ်ဖက်အငြင်းမပွားပေါ်ပေါက် သည်။

အယူခံတရားပြိုင်အမှတ် (၁) ၏ ရှေ့နေက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃(ဂ)၊ ပုဒ်မ ၈၊ ပုဒ်မ ၉ (ဂ)၊ လယ် ယာမြေနည်းဥပဒေအပိုဒ် ၂၉ ပါ ပြဋ္ဌာန်းချက်တို့အရ လယ် ယာမြေလုပ်ပိုင်ခွင့် အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွား မှုပေါ်ပေါက်ပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး ၏အဆုံးအဖြတ်ခံယူခွင့်ရှိ၍ ဤအယူခံမှုအား ပလပ်ပေးရန်

တင်ပြသည်။

လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်ရှိသည်။

**ဒေါ်ခင်ဆွေမြင့် နှင့် ဦးဝင်းရွှေ (ခ) ဦးဝင်းဆွေ ပါ ၃ အမှု** [၁] တွင် တရားရုံးများသည် လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်းသည့်အငြင်းပွားမှုကိုသာ ဆုံးဖြတ်နိုင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ကို တရားရုံးများကအဆုံးအဖြတ်မပေးနိုင်ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရပြီးမှသာ အမွေဆက်ခံခွင့်အငြင်းပွားမှုကို တရားရုံးက အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ကြောင်း လမ်းညွှန်ထားသည်။

ဆိုလွှာနောက်ဆက်တွဲ (ခ) စာရင်းပါ အချင်းဖြစ်ယာမြေများကို အမွေရှင်ဟုအဆိုရှိသူ ဦးကျော်ရှိန်သည်လည်းကောင်း၊ မူလရုံးတရားလိုသည်လည်းကောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်

---

၁။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၇

၂၀၁၉ ခုနှစ်
ဒေါ်ကြည်မ
နှင့်
ဒေါ်ခင်မာဝေ ပါ
- ၃

ရရှိခဲ့ကြောင်း အထောက်အထားတစ်စုံတစ်ရာမရှိပေ။ အချင်းဖြစ်ယာမြေများ၏ အမွေရှင်ဖြစ်သည်ဟု အဆိုရှိသူ ဦးကျော်ရှိန်သည်လည်းကောင်း၊ မူလရုံး တရားလိုသည်လည်းကောင်း၊ အချင်းဖြစ်ယာမြေများ နှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်၊ လယ်ယာမြေပုံစံ (၇) ရရှိထားခဲ့ခြင်းမရှိကြောင်းပေါ်ပေါက်သည်ဖြစ်၍ လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) ပါ အခွင့်အရေးကို တရားလိုမှ ရထိုက်ခွင့်မရှိကြောင်း မြင်သာပေသည်။ ထိုသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားခြင်းမရှိသူ မူလရုံးတရားလိုက စွဲဆိုသော အမွေပုံစီမံခန့်ခွဲ ပေးစေလိုမှုတွင် တရားပြိုင်အမှတ် (၁) ဒေါ်ကြည်မအမည်ဖြင့် လုပ်ပိုင်ခွင့်ရရှိထားသော လယ်ယာမြေများအား အမွေကျန်ပစ္စည်းအဖြစ် တရားရုံးမှထည့်သွင်းခွဲဝေပေးခြင်းသည် လယ်ယာမြေဥပဒေနှင့် ညီညွတ်ခြင်းမရှိပေ။

ဒေါ်ကြည်မအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသော အချင်းဖြစ်ယာမြေအား အမွေကျန်ပစ္စည်းအဖြစ် သတ်မှတ်ဆုံးဖြတ်ပြီး ယင်းအမွေကျန်ပစ္စည်းအပေါ် တရားလိုက ၁၆ ပုံ ၅ ပုံ ရထိုက်ကြောင်း ချမှတ်ခဲ့သော ရွှေဘိုခရိုင်တရားရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့သော ပြည်ထောင်စုတရားလွှတ်တော်

ချုပ်၏ စီရင်ချက်နှင့်ဒီကရီသည် မှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ ကြားနာရမည့် ပြဿနာအမှတ် (၁) အပေါ် အောက်ပါအတိုင်းဖြေဆို လိုက်သည် -

> "လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားခြင်းမရှိသူ မူလရုံး တရားလိုကစွဲဆိုသော အမွေပုံစီမံခန့်ခွဲ ပေးစေလိုမှုတွင် မူလရုံးအမှတ် (၁) တရားပြိုင်လုပ်ပိုင်ခွင့် ရရှိထားသော လယ်ယာမြေများအား အမွေကျန်ပစ္စည်းအဖြစ် တရားရုံးမှ ထည့်သွင်းခွဲဝေပေးထားခြင်းသည် လယ်ယာမြေ ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိပါ ကြောင်း "

ပြဿနာအမှတ် (၁) တွင် တရားလိုစွဲဆိုသောအမှုသည် လယ်ယာမြေဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိကြောင်းဖြေဆိုခဲ့သည်ဖြစ်၍ ပြဿနာအမှတ် (၂) အား ဆက်လက်ဖြေဆိုရန်လိုအပ်ခြင်းမရှိပေ။

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို ခွင့်ပြုသည်။ ရွှေဘိုခရိုင်တရားရုံး၏ စီရင်ချက် နှင့်ဒီကရီကို အတည်ပြုခဲ့သည့်

၂၀၁၉ ခုနှစ်
ဒေါ်ကြည်မ
နှင့်
ဒေါ်ခင်မာဝေ ပါ
- ၃

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီ နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့၏ စီရင်ချက်နှင့် ဒီကရီတို့ကိုပယ်ဖျက်ပြီး ကန့်ဘလူမြို့နယ်တရားရုံး၏ စီရင်ချက် နှင့်ဒီကရီကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပြန်လည် အတည်ပြုသည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

+၂၀၁၉ ခုနှစ်

ဇူလိုင်လ ၁ ရက်

**တရားမအယူခံမှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

**ဦးအောင်ဇော်သိန်း ရှေ့တွင်**

**မောင်ဇော်ထွန်းလင်း ပါ ၃**

**နှင့်**

**ဦးဇော်လှ ***

**၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) ဥပဒေအရ မည်သူသည် ချင်းအမျိုးသားများဆိုသောစကားရပ်တွင် ပါဝင်ခြင်း၊ ယင်းဥပဒေအရ သားသမီးအားလုံးက အမွေဆက်ခံခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ချင်းဝိသေသတိုင်းအက်ဥပဒေကို ၁၉၄၈ ခုနှစ် တွင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင် ချက်) အက်ဥပဒေဖြင့် ပြင်ဆင်ချက်ပြုခဲ့သည်။ ပြင်ဆင်သည့်

* ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၀၄

\+ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၄၂ တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၏ ဒီကရီကို အယူခံမှု

ဥပဒေတွင် "ချင်းအမျိုးသားများ" ဆိုသည့်စကားရပ်တွင် "ချင်းဝိသေသတိုင်း၌ အိုးအိမ်အတည်တကျရှိသော ပြည်ထောင်စုမြန်မာနိုင်ငံသားများပါဝင်သည်" ဟု ပြဋ္ဌာန်းထားသည်။

အယူခံတရားလိုဘက်ကတင်ပြသကဲ့သို့ တရားလို၊ တရားပြိုင်တို့၏ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုကို အမွေဆက်ခံရေးအက်ဥပဒေအရ ဆုံးဖြတ်ခြင်းမပြုဘဲ ချင်းဝိသေသတိုင်းအက်ဥပဒေနှင့် သက်ဆိုင်သူများအဖြစ် သတ်မှတ်ဆုံးဖြတ်ပေးမည်ဆိုပါက ၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၃၁ အရ ထည့်သွင်းသောဇယား၏ အပိုဒ် ၃၊ ရှင်းလင်းချက် ၃ တွင် "ဒေသတစ်ခုလုံး၏ ထုံးတမ်းစဉ်လာဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ သားသမီးအားလုံးမှာ အမွေဆက်ခံခွင့်ရှိစေရမည်" ဟု အတိအလင်းပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ လူရှိုင်းဓလေ့ထုံးတမ်းအရ အငယ်ဆုံးသားကသာ အမွေဆက်ခံခွင့်ရှိသည်ဟုဆိုသော အယူခံတရားလိုဘက်၏တင်ပြချက်မှာ ချင်းဝိသေသတိုင်းအက်ဥပဒေနှင့် သက်ဆိုင်သူများသည်ပင်လျှင် အဆိုပါဥပဒေအရ လက်ခံကျင့်သုံးဆောင်ရွက်ခွင့်ရှိမည်မဟုတ်ဘဲ သားသမီးအားလုံး အမွေဆက်ခံခွင့်ရှိ

၂၀၁၉ ခုနှစ်

မောင်ဇော်ထွန်းလင်း
ပါ - ၃
နှင့်
ဦးဇော်လှ

မည်ဖြစ်သောကြောင့် အဆိုပါအယူခံအကြောင်းပြချက်ကို လက်ခံခွင့်ပြုနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုများအတွက် - ဦးခင်မောင်၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးနေလင်းအောင်၊
တရားလွှတ်တော်ရှေ့နေ

ပြင်ဦးလွင်ခရိုင်တရားရုံး ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင် တရားလို ဦးဇော်လှက တရားပြိုင် ဒေါ်လားလ်ဇွီးလျန်နီး အပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ အမွေရှင်ဦးမှင်ထန်ငှားတွင် အမွေပစ္စည်းများကျန်ရစ်ခဲ့ကြောင်း၊ အမွေပုံပစ္စည်းအားလုံး၏ (၂) ပုံ (၁) ပုံကို တရားလိုရထိုက်ခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်သည်။ အဆိုပါဒီကရီကို တရားပြိုင် ဒေါ်လားလ်ဇွီးလျန်နီးက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ အယူခံမှုအမှတ် ၂၄၂ ဖြင့် အယူခံဝင်ရောက်သော်လည်း အောင်မြင်မှုမရသဖြင့် ဤအယူခံမှုကို ဆက်လက်တင်သွင်းသည်။

အဆိုလွှာတွင် တရားလိုနှင့်တရားပြိုင်တို့သည် ခရစ်ယာန်

၂၀၁၉ ခုနှစ်
မောင်ဇော်ထွန်းလင်း
ပါ - ၃
နှင့်
ဦးဇော်လှ

ဘာသာဝင် ချင်းလူမျိုးများဖြစ်ကြပြီး တရားပြိုင်သည် တရားလို၏ ခယ်မတော်စပ်ကြောင်း၊ တရားလို၏ဖခင် ဦးမှင်ထန်ငှားနှင့် ဒေါ်ထန်းဘဲလ်လီတို့တွင် သား ၃ ဦး ထွန်းကားရာ အကြီးဆုံးသားမှာ ၂၀၀၃ ခုနှစ်က လူပျိုကြီးဘဝဖြင့်ကွယ်လွန်ခဲ့ပြီး ဒုတိယသားမှာ တရားလို ဦးဇော်လှ၊ တတိယသားမှာ တရားပြိုင်၏ခင်ပွန်းဖြစ်ကာ (၃၀.၆.၂၀၁၄) ရက်နေ့က ကွယ်လွန်ခဲ့ကြောင်း၊ ဖခင်သည် ၁၉၉၆ ခုနှစ်တွင်လည်းကောင်း၊ မိခင်သည် ၁၉၆၆ ခုနှစ်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြောင်း၊ အမွေပစ္စည်းအဖြစ် ရပ်ကွက်ကြီး (၇) ရှိ အိမ်ခြံမြေတစ်ကွက်နှင့် နောင်ခမ်းကြီးကျေးရွာရှိ (Y) အမျိုးအစား ခြံမြေတစ်ကွက်တို့ ကျန်ခဲ့ကြောင်း၊ အမွေခွဲဝေရခြင်းမရှိသေးကြောင်း၊ တရားပြိုင်အား အမွေခွဲဝေပေးရန်တောင်းဆိုရာ ငြင်းဆိုကြောင်း၊ တရားလိုသည် မိခင်ဖခင်တို့၏အမွေကို နှစ်ပုံတစ်ပုံရထိုက်သူဖြစ်ကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားလိုနှင့် တရားပြိုင်တို့သည် လူရှိုင်းမျိုးနွယ်စု၊ ချင်း ခရစ်ယာန်များ ဖြစ်ကြကြောင်း၊ ရပ်ကွက်ကြီး (၇) မြေကွက်မှာ ဖခင်ကြီးမသေဆုံးမီကပင် အမှန်တကယ်စောင့်ရှောက် လုပ်ကိုင်ကျွေးမွေးခဲ့သော တရားပြိုင်၏ခင်ပွန်းဖြစ်သည့် အငယ်ဆုံးသား ဦးစိုးမောင်အား လက်ရှိ လက်ရောက်

၂၀၁၉ ခုနှစ်

မောင်ဇော်ထွန်းလင်း
ပါ - ၃
နှင့်
ဦးဇော်လု

ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ချင်းလူမျိုး လူရှိုင်း မျိုးနွယ်စုဓလေ့ထုံးတမ်းနှင့်အညီ ပေးအပ်ခဲ့ပြီးဖြစ်သည့်အပြင် တရားပြိုင်နှင့်လက်ထပ်ပြီး တစ်လခန့်အကြာတွင် တရားလို သည် တရားပြိုင်၏ခင်ပွန်းထံ အမွေတောင်းခဲ့သဖြင့် ဆွေမျိုး လူကြီးများက ချင်းအနွယ်ဝင်လူရှိုင်းမျိုးနွယ်စုဝင်များဖြစ်၍ မိဘ များ၏အမွေကို အငယ်ဆုံးသားမှသာ ဆက်ခံခွင့်ရှိကြောင်း ပြော ဆိုခဲ့သည့်အတွက် တရားလိုက အမွေဆက်လက်မတောင်းဆို ခြင်းဖြစ်ကြောင်း၊ နောင်ခမ်းကြီးကျေးရွာရှိ (Y) မြေအမျိုးအစား ခြံမြေနှင့်စပ်လျဉ်း၍ ဖခင်ဖြစ်သူက တရားပြိုင်၏ခင်ပွန်း အား (၂၉-၁၀-၁၉၉၅) ရက်နေ့က “ကုန်းခြံမြေအလွှဲအပြောင်း လုပ်ပိုင် ခွင့်စာချုပ်” ဖြင့် ကျေးရွာငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရှေ့မှောက်၌ လွှဲပြောင်းပေးခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ လက်ရှိလုပ်ကိုင်ပိုင်ဆိုင်နေခြင်းဖြစ် သဖြင့် အမွေကျန်ပစ္စည်းမဟုတ်ကြောင်းချေပသည်။

ပြင်ဦးလွင်ခရိုင်တရားရုံးက အမွေရှင်တို့ထံမှ အမွေ ဆက်ခံသူတို့မှာ ချင်းလူမျိုးများဖြစ်ကြ၍ ချင်းဓလေ့ထုံးတမ်း နှင့်အညီ အငယ်ဆုံးသားဖြစ်သူ တရားပြိုင်က အမွေဆက်ခံခဲ့ သည်မှာ မမှန်ကြောင်း၊ အမွေရှင်မိဘများကွယ်လွန်ပြီးနောက်

အမွေခွဲဝေရခြင်းမရှိသေးကြောင်း၊ အမွေရှင်တို့တွင် အမွေပစ္စည်းကျန်ရှိကြောင်း သုံးသပ်ပြီး အမွေပစ္စည်းအားလုံး၏ (၂) ပုံ (၁) ပုံကို တရားလိုရထိုက်ခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က တရားလိုနှင့်တရားပြိုင်တို့မှာ ချင်းရိုးရာဥပဒေလွှမ်းမိုးရာ ချင်းပြည်နယ်တွင် နေထိုင်ကြသူများမဟုတ်ကြောင်း၊ အမွေဆိုင်ပစ္စည်းဟု အဆိုရှိသော ပစ္စည်းများမှာလည်း ချင်းပြည်နယ်အတွင်း တည်ရှိခြင်းမဟုတ်ဘဲ ပြင်ဦးလွင်မြို့နယ်အတွင်း၌သာ တည်ရှိသည်ဖြစ်ရာ ချင်းပြည်နယ် (ချင်းဝိသေသတိုင်း) တွင် အာဏာပျံ့နှံ့သည့် ချင်းရိုးရာဥပဒေနှင့်အညီ ဆုံးဖြတ်ရန်မဟုတ်ဘဲ အမွေဆက်ခံခြင်းအက်ဥပဒေ (The Succession Act) အရ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောင်ခမ်းကြီးကျေးရွာရှိ ခြံမြေကို အမွေရှင် ဦးမှင်ထန်ငွားက တရားပြိုင်၏ ခင်ပွန်းသို့ လုပ်ပိုင်ခွင့် လွှဲပြောင်းချထားသော်လည်း သက်ဆိုင်ရာမြေယာကော်မတီမှ အမည်ပေါက်ကို လွှဲပြောင်းပေးခဲ့သည်ဟု မပေါ်ပေါက်ကြောင်းသုံးသပ်ပြီး ပြင်ဦးလွင်ခရိုင်တရားရုံး၏ ဒီကရီကို အတည်ပြုခဲ့သည်။

၂၀၁၉ ခုနှစ်

မောင်ဇော်ထွန်းလင်း
ပါ - ၃
နှင့်
ဦးဇော်လှ

အယူခံတရားလိုတို့၏ တရားလွှတ်တော်ရှေ့နေက ချင်းအနွယ်ဝင် လူရိုင်းမျိုးနွယ်စုများတွင် မိဘများနှင့်အတူနေ အငယ်ဆုံးသားကသာ အမွေဆက်ခံခွင့်ရှိသည်ဆိုသော ဓလေ့ထုံးတမ်းမှာ မျိုးနွယ်စုအကြား ခိုင်မာပြီး လက်ခံကျင့်သုံးလျက်ရှိသော ဓလေ့ထုံးတမ်းအစဉ်အလာဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံသားတိုင်း တန်းတူအခွင့်အရေးရှိရမည်ဟု ပြဋ္ဌာန်းကြောင်း၊ ချင်းလူမျိုးတို့သည် ချင်းပြည်နယ်တွင် အခြေတကျနေထိုင်ခြင်းမရှိခြင်းကြောင့်ဟု အမွေဆက်ခံခြင်းအက်ဥပဒေ (Succession Act) အရ အမှုကိုဆုံးဖြတ်ခဲ့ခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း၊ တရားရုံးများက အိမ်ထောင်အရေးအခင်းတို့၌ တိုင်းရင်းသားတို့ နားလည်ကျင့်သုံးသော ဓလေ့ထုံးတမ်းဥပဒေကို လိုက်နာကြရမည်ဟု **နာစီးတီးနှင့် အဖူးစီ အမှု** (၁) တွင် ထုံးပြုကြောင်း၊ ပြင်ဦးလွင်ခရိုင်တရားရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့်ဒီကရီတို့ကို ပြောင်းလဲတည့်မတ်ပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏တရားလွှတ်တော်ရှေ့နေက တရားလို

၁။ ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၅၅

နှင့် တရားပြိုင်၏ခင်ပွန်းတို့သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင်နေထိုင်ပြီး အချင်းဖြစ်ပစ္စည်းသည်လည်း အဆိုပါတိုင်း၊ မြို့နယ်အတွင်း၌ပင် တည်ရှိနေရာ ချင်းဝလေ့အရ ဆုံးဖြတ်ရန်အကြောင်းမရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံသားများ၏ အခွင့်အရေးကို ပိတ်ပင်ရာရောက်သည် ဟူသော အယူခံအကြောင်းပြချက်မှာ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ ဦးမှင်ထန်ငှားအနေဖြင့် အိမ်ခြံမြေကို သားအငယ်ဆုံးဖြစ်သူ တရားပြိုင်၏ခင်ပွန်း ဦးစိုးမောင်အား နှုတ်ဖြင့်ပြော၍ ပေးခဲ့သည်ဆိုသော ရုံးရှေ့ထွက်ဆိုချက်မှာ တစ်ဆင့်ကြားထွက်ဆိုချက်ဖြစ်၍ လက်ခံရန်မသင့်ကြောင်း၊ နောင်ခမ်းကြီးကျေးရွာရှိခြံမြေမှာ ယနေ့အချိန်အထိ ဦးမှင်ထန်ငှား အမည်ပေါက်လျက်ရှိကြောင်း၊ အမွေပစ္စည်းကျန်ရစ်ခဲ့သည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ခရိုင်တရားရုံး၏ ပဏာမဒီကရီနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်ဒီကရီတို့ကို ဆက်လက်အတည်ပြုရန် လျှောက်လဲတင်ပြသည်။

အမှုတွင် တရားလို တရားပြိုင်တို့သည် ခရစ်ယာန်ဘာသာကိုးကွယ်သော ချင်းလူမျိုးအနွယ်ဝင် လူရှိုင်းမျိုးနွယ်ဖြစ်

ကြောင်း အငြင်းမပွား ပေါ်ပေါက်သည်။

တရားပြိုင်က ချင်းလူမျိုး လူရှိုင်းမျိုးနွယ်စုဓလေ့ထုံးတမ်းအရ မိဘ၏အမွေကို အတူနေအငယ်ဆုံးသားဖြစ်သူ တရားပြိုင်၏ခင်ပွန်းကသာ အမွေဆက်ခံခွင့်ရှိပြီး တရားလိုသည် အမွေဆက်ခံခွင့်မရှိကြောင်း ငြင်းဆိုချေပသည်။

ဤအယူခံမှုတွင် အယူခံတရားလို (တရားပြိုင်) ဘက်က ချင်းပြည်နယ်တွင် အခြေတကျနေထိုင်မှုမရှိခြင်းကြောင့် အမွေဆက်ခံခြင်းအက်ဥပဒေ (The Succession Act) အရ အမှုကို ဆုံးဖြတ်ခြင်းသည် မှန်ကန်မှုမရှိကြောင်း၊ တိုင်းရင်းသားတို့နားလည်ကျင့်သုံးသော ဓလေ့ထုံးတမ်းဥပဒေကိုသာ တရားရုံးများက ဆောင်ရွက်ရမည်ဖြစ်ကြောင်း အဓိကတင်ပြသည်။

ချင်းဝိသေသတိုင်းအက်ဥပဒေကို ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၇ ခုနှစ် ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေဖြင့် ပြင်ဆင်ချက်ပြုခဲ့သည်။ ပြင်ဆင်သည့်ဥပဒေတွင် "ချင်းအမျိုးသားများဆိုသည့်" စကားရပ်တွင် ချင်းဝိသေသတိုင်း၌ အိုးအိမ်အတည်တကျရှိသော ပြည်ထောင်စုမြန်မာနိုင်ငံသားများပါဝင်သည်"ဟု ပြဋ္ဌာန်းထားသည်။

မူလပြင်ဦးလွင်ခရိုင်တရားရုံးနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တို့က တရားလိုနှင့် တရားပြိုင်တို့သည် ခရစ်ယာန်ဘာသာကိုးကွယ်သူ ချင်းလူမျိုးများဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင်နေထိုင်ကြကာ အမွေပစ္စည်းဟုအဆိုရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများမှာလည်း ထိုတိုင်း၊ ထိုမြို့နယ်တွင်ပင် တည်ရှိသောကြောင့် ချင်းဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရန်မဟုတ်ဘဲ အမွေဆက်ခံခြင်းအက်ဥပဒေအရ ဆုံးဖြတ်ရမည်ဟုသုံးသပ်၍ တရားလိုသည် အမွေပစ္စည်း၏ (၂) ပုံ (၁) ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ပြီး ယင်းဒီကရီကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

အမွေဆက်ခံခြင်းအက်ဥပဒေအရ ဆုံးဖြတ်သဖြင့် တရားလိုသည် အမွေ၏ (၂) ပုံ(၁) ပုံ ရထိုက်ကြောင်း ချမှတ်သည့်အမိန့်တွင် အမွေဝေစုသတ်မှတ်ချက်အပေါ် အယူခံတရားလို (မူလရုံးတရားပြိုင်) က မှားယွင်းကြောင်း တင်ပြခြင်းမဟုတ်ပေ။

အမွေဆက်ခံခြင်းအက်ဥပဒေအရ ဆုံးဖြတ်ရန်မဟုတ်ဘဲ ချင်းလူမျိုး လူရိုင်းမျိုးနွယ်စုဓလေ့ထုံးတမ်းအရ ဆုံးဖြတ်ရန်

ဖြစ်ကြောင်း၊ ချင်းပြည်နယ်တွင် အခြေချနေထိုင်ခြင်းမရှိသော ချင်းနွယ်ဝင် လူရှိုင်းလူမျိုးများသည် လူမျိုးခြားတို့၏ဥပဒေကို မိမိဥပဒေဖြစ်သကဲ့သို့ လက်ခံရမည်ဆိုသော စီရင်ဆုံးဖြတ်ချက်တို့မှာ တည်ဆဲဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း၊ တည်မြဲခိုင်မြဲသောဓလေ့ထုံးတမ်းကို ချင်းပြည်နယ်အတွင်း နေထိုင်ခြင်းမရှိသောကြောင့် လက်မခံသော စီရင်ချက်နှင့်ဒီကရီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှုမရှိကြောင်း အယူခံအကြောင်းပြချက်အဖြစ် တင်ပြခြင်းဖြစ်သည်။

လူမျိုးထုံးစံအရ အငယ်ဆုံးသားကသာ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း တရားပြိုင်၏ထွက်ဆိုချက်ကို တရားပြိုင်ပြသက်သေတို့က ထောက်ခံထွက်ဆိုထားမှုရှိသည်ကို တွေ့ရသည်။ သို့သော် စာရွက်စာတမ်းသက်သေခံ တင်ပြမှုမရှိပေ။

အယူခံတရားလိုဘက်က တင်ပြသကဲ့သို့ တရားလို၊ တရားပြိုင်တို့၏ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုကို အမွေဆက်ခံရေးအက်ဥပဒေအရ ဆုံးဖြတ်ခြင်းမပြုဘဲ ချင်းဝိသေသတိုင်းအက်ဥပဒေနှင့် သက်ဆိုင်သူများအဖြစ် သတ်မှတ်ဆုံးဖြတ်ပေးမည်ဆိုပါက ၁၉၅၇ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၃၁ အရ ထည့်သွင်းသောဇယား၏ အပိုဒ် ၃၊

ရှင်းလင်းချက် ၃ တွင် "ဒေသတစ်ခုလုံး၏ ထုံးတမ်းစဉ်လာဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ သားသမီးအားလုံးမှာ အမွေဆက်ခံခွင့် ရှိစေရမည်" ဟု အတိအလင်းပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ လူရှိုင်းဓလေ့ထုံးတမ်းအရ အငယ်ဆုံးသားကသာ အမွေဆက်ခံခွင့်ရှိသည်ဟုဆိုသော အယူခံတရားလိုဘက်၏တင်ပြချက်မှာ ချင်းဝိသေသတိုင်းအက်ဥပဒေနှင့် သက်ဆိုင်သူများသည်ပင်လျှင် အဆိုပါဥပဒေအရ လက်ခံကျင့်သုံးဆောင်ရွက်ခွင့်ရှိမည်မဟုတ်ဘဲ သားသမီးအားလုံး အမွေဆက်ခံခွင့်ရှိမည်ဖြစ်သောကြောင့် အဆိုပါအယူခံအကြောင်းပြချက်ကို လက်ခံခွင့်ပြုနိုင်မည် မဟုတ်ပေ။

အမွေရှင်တွင် အမွေပစ္စည်းများကျန်ရစ်ခဲ့ကြောင်း မူလခရိုင်တရားရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့က တစ်သဘောတည်းတွေ့ရှိပြီးဖြစ်ရာ ယင်းအချက်အပေါ်တွင်လည်း ဤရုံးကဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိချေ။

အထက်ပါအကြောင်းများအရ တရားလိုတောင်းဆိုသည့်အတိုင်း အမွေပုံပစ္စည်းအားလုံး၏ (၂) ပုံ (၁) ပုံကို တရားလိုရထိုက်ခွင့်ရှိကြောင်းချမှတ်သည့် ပြင်ဦးလွင်ခရိုင်တရားရုံး၏

၂၀၁၉ ခုနှစ်

မောင်ဇော်ထွန်းလင်း
ပါ - ၃
နှင့်
ဦးဇော်လှ

ပဏ္ဍာမဒီကရီနှင့်ယင်းဒီကရီကို အတည်ပြုသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ဒီကရီတို့သည် ဥပဒေကြောင်းအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းသည်ဟုမဆိုနိုင်သဖြင့် ဝင်ရောက်စွက်ဖက်ပြင်ဆင်ရန် အကြောင်းမပေါ်ပေါက်ပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

+၂၀၁၉ ခုနှစ်

ဇန်နဝါရီလ ၂၈ ရက်

**တရားမအထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**
**ဦးသာဌေး၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊**
**ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည် နှင့် ဦးမျိုးဝင်း**
**တို့ရှေ့တွင်**

**ဒေါ်နန်စီ (ခ) ဒေါ်မာစီ ပါ - ၂**

**နှင့်**

**ဒေါ်စီစီစိုး ပါ - ၂ ***

**တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၂ (ဂ) တွင် ရည်ညွှန်းသည့် တရားရုံးတစ်ရုံးကချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက်ဆိုသော စကားရပ်တွင် ခရီးသွားဟန်လွှဲဆုံးဖြတ်ချက် Obiter Dictum ပါဝင်သည်ဟု**

---

* ၂၀၁၈ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၄၅

\+ ၂၀၁၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၅ တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကို အယူခံမှု

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂

နှင့်

ဒေါ်စီစီစိုး ပါ - ၂

**ယူဆရန်မသင့်ခြင်း။**

**ဆုံးဖြတ်ချက်**။ တရားလိုရှေ့နေက ပြစ်မှုစီရင်ချက်တာဝန်ခံ မိတ္တူမှန်ကို တင်သွင်းရန်ရှိပါသည်ဟု လျှောက်ထားခဲ့မှုအပေါ် တရားရုံးကအဆိုပါစီရင်ချက်ကို ထည့်သွင်းမစဉ်းစားကြောင်း ခရီးသွားဟန်လွှဲဆုံးဖြတ်ချက်ကိုလိုက်နာရန် လိုအပ်မည်မဟုတ်ပေ။ တရားလိုရှေ့နေက ပြစ်မှုစီရင်ချက်တာဝန်ခံမိတ္တူမှန်ကို သက်သေခံအဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားခဲ့ ခြင်းသည် တရားရုံးကချမှတ်ခဲ့သည့် အမိန့်ကိုမလိုက်နာခြင်း ဖြစ်ပါသည်ဟု လက်ခံနိုင်ရန်အကြောင်းမရှိပေ။

အယူခံတရားလိုများအတွက် - ကိုယ်တိုင်၊ ၎င်း၏ရေးသား လျှောက်လဲချက်ကို အမှတ် ၂ အယူခံတရားလို ဦးလှစိန်က ကိုယ်စားတင်သွင်းသည်။

အယူခံတရားပြိုင်များအတွက် - ၁။ ဦးမြင့်စိုး၊
တရားလွှတ်တော်ရှေ့နေ
၂။ ကိုယ်တိုင်

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂
နှင့်
ဒေါ်စီစီစိုး ပါ - ၂

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၃ တွင် ဒေါ်စီစီစိုးက ဒေါ်နန်စီ (ခ) ဒေါ်မာစီ၊ ဦးစောကျော်ငြိမ်းနှင့် ဦးလှစိန်တို့အပေါ် တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၁၁ အရ အရေးယူပေးရန်လျှောက်ထားရာ ဒေါ်နန်စီ (ခ) ဒေါ်မာစီနှင့် ဦးလှစိန်တို့အပေါ် ယင်းဥပဒေပုဒ်မ ၁၁ အရ ငွေဒဏ်ကျပ်နှစ်သောင်းစီ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်နန်စီ (ခ) ဒေါ်မာစီနှင့် ဦးလှစိန်တို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၅ ဖြင့် အယူခံရာအောင်မြင်မှုမရသဖြင့် အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၇ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၆၅ တွင် လျှောက်ထားရာ အောက်ပါပြဿနာကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

> " အယူခံတရားလို ဒေါ်နန်စီ (ခ) ဒေါ်မာစီ နှင့် ဦးလှစိန်တို့အပေါ် တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၁၁ အရ ငွေဒဏ်ကျပ်နှစ်သောင်းစီ ပေးဆောင်စေရန် ချမှတ်သော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီသည်

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂
နှင့်
ဒေါ်စီစီစိုး ပါ - ၂

မှန်ကန်မှု ရှိ မရှိ။ ”

ဤအထူးအယူခံတွင် အဓိကစိစစ်ရန်မှာ အယူခံတရားလိုတို့အပေါ် တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၁၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် မှန်ကန်မှု ရှိ မရှိ စိစစ်သုံးသပ်ဆုံးဖြတ်ရန်ဖြစ်သည်။

အမှတ် ၁ အယူခံတရားလို ဒေါ်နန်စီ (ခ) ဒေါ်မာစီက ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂ တွင် တရားပြိုင် ဒေါ်စီစီစိုးအား တရားလို ဒေါ်နန်စီ (ခ) ဒေါ်မာစီ၏ရှေ့နေ ဦးလှစိန်က တာဝန်ဝတ္တရားအရ ပြန်လှန်မေးမြန်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ တရားပြိုင်အား စစ်ဆေးစဉ်က တရားလို ဒေါ်နန်စီ (ခ) ဒေါ်မာစီသည် ကြည့်မြင်တိုင်မြို့နယ်တရားရုံးသို့ သွားရောက်ခဲ့ခြင်းမရှိသဖြင့် တရားရုံးကို မထီမဲ့မြင်ပြုမှု ကျူးလွန်ရန်အကြောင်းမရှိကြောင်း၊ ကြည့်မြင်တိုင်မြို့နယ်တရားရုံး၌ စမ်းချောင်းမြို့နယ်တရားရုံး၏ ပြစ်မှုစီရင်ချက်တာဝန်ခံမိတ္တူမှန်ကို သက်သေခံအဖြစ်တင်ပြရန် ဥပဒေနှင့်အညီလျှောက်ထားခြင်းသည် သက်သေပြရန်တာဝန်ကို

ထမ်းဆောင်ခြင်းသာဖြစ်သဖြင့် တရားရုံးကိုမထီမဲ့မြင်ပြုလုပ်ခြင်း မဟုတ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဒေါ်နန်စီ (ခ) ဒေါ်မာစီအပေါ် တရားရုံးများကိုမထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၁၁ အရ ငွေဒဏ်နှစ်သောင်းကျပ်ပေးဆောင်စေရန် ချမှတ်ခဲ့သည့်အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် မှားယွင်းသဖြင့် အဆိုပါအမိန့်များကို ပယ်ဖျက်ပေးရန် လျှောက်ထားတင်ပြသည်။

အမှတ် ၂ အယူခံတရားလို ဦးလှစိန်က ကြည့်မြင်တိုင် မြို့နယ်တရားရုံး၌ တရားလိုရှေ့နေက စမ်းချောင်းမြို့နယ်တရား ရုံး၏ ပြစ်မှုစီရင်ချက်တာဝန်ခံမိတ္တူမှန်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်းဥပဒေ၂ အရ တင်သွင်းမည်ဖြစ်ကြောင်း နှုတ်ဖြင့်တင်ပြခဲ့ခြင်းအပေါ် အဆိုပါ စာရွက်စာတမ်းသည် တရားရုံးရှေ့သို့ ရောက်ရှိခြင်းမရှိသေးပါဘဲလျက် သက်သေခံ အဖြစ်လက်မခံနိုင်ကြောင်း ကြိုတင်အမိန့်ချမှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်း၊ စမ်းချောင်းမြို့နယ်တရားရုံးတွင် ပြစ်မှုစွဲဆိုခဲ့ သည့်အကြောင်းကို မေးမြန်းခွင့်မပြုကြောင်း အမိန့်ချမှတ်ခဲ့ သဖြင့် ထပ်မံမေးမြန်းခဲ့ခြင်းမပြုဘဲ တရားရုံးအမိန့်ကို လိုက်နာ ခဲ့ကြောင်း၊ အမှတ် ၂ အယူခံတရားလိုက ရှေ့နေတစ်ဦး၏

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂

နှင့်

ဒေါ်စီစီစိုး ပါ - ၂

တာဝန်ဝတ္တရားအတိုင်း ဒေါ်စီစီစိုးက စမ်းချောင်းမြို့နယ်တရားရုံး၌ဖြစ်ပွားခဲ့သော အမှုနှင့်ပတ်သက်၍ အမျိုးမျိုးမမှန်မကန်ထွက်ဆိုခြင်းအား ထင်ရှားပေါ်လွင်စေရန် မေးမြန်းခြင်းသည် တရားရုံးကိုမထီမဲ့မြင်ပြုခြင်းမဟုတ်ကြောင်း၊ ရှေ့နေများ၏တာဝန်သည် အမှု၏အမှန်တရားကို အတတ်နိုင်ဆုံးပေါ်ပေါက်စေရန်အတွက် တရားရုံးသို့တင်ပြရန်ဖြစ်ပြီး တရားရုံးကလည်း ဥပဒေနှင့်အညီအမိန့်ချမှတ်ရန်သာဖြစ်ကြောင်း၊ ရှေ့နေတစ်ဦး၏တာဝန်ဝတ္တရားအရ စမ်းချောင်းမြို့နယ်တရားရုံး၏ ၂၀၀၉ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၅၅၆ ၏ စီရင်ချက်တာဝန်ခံမိတ္တူမှန်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်းဥပဒေ ၂ အရ တင်သွင်းလျှောက်ထားခြင်းပြုရုံဖြင့် တရားရုံး၏အမိန့်ကို လိုက်နာခြင်းမရှိဟု ကောက်ယူနိုင်မည်မဟုတ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့၏အမိန့်ကို ပယ်ဖျက်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

အမှတ် ၁ အယူခံတရားပြိုင်၏ရှေ့နေက ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂ တွင် တရားပြိုင်ဒေါ်စီစီစိုးအား တရားလိုရှေ့နေ ဦးလှစိန်က "စမ်းချောင်းမြို့နယ်တရားရုံး၊ ၂၀၀၉ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ်

၂၀၁၉ ခုနှစ်

ဒေါ်နန်းစီ (ခ)
ဒေါ်မာစီ ပါ - ၂

နှင့်

ဒေါ်စီစီစိုး ပါ - ၂

၅၅၆ တွင် ဒေါ်စီစီစိုးက ဒေါ်နန်းတောင်ဆိုသူအား တရားစွဲဆိုခဲ့တာမှန်သလား " ဟု မေးမြန်းရာ ၁၁-၃-၂၀၁၅ ရက်နေ့က အဆိုပါ မေးခွန်းကိုမေးခွင့်မပြုကြောင်းနှင့် အဆိုပါစီရင်ချက်တာဝန်ခံမိတ္တူမှန်ကို အားကိုးအားထားပြု စာရွက်စာတမ်းအဖြစ် တင်သွင်းလာမှုအပေါ် လက်ခံစဉ်းစားနိုင်မည်မဟုတ်ကြောင်း အမိန့်ချမှတ်ခဲ့ကြောင်း၊ ၃၀-၄-၂၀၁၅ ရက်နေ့တွင် တရားလိုရှေ့နေဦးလှစိန်က တရားပြိုင်ဒေါ်စီစီစိုးအား ဆက်လက်စစ်ဆေးစဉ် တရားရုံးက ငြင်းပယ်ထားပြီးဖြစ်သော စမ်းချောင်းမြို့နယ်တရားရုံး၊ ၂၀၀၉ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၅၅၆ ၏ စီရင်ချက်တာဝန်ခံမိတ္တူမှန်ကို သက်သေခံအဖြစ်တင်ပြခွင့်ပြုရန် ထပ်မံလျှောက်ထားလာခြင်းသည် တရားရုံးကချမှတ်သည့်အမိန့်ကို မလိုက်နာခြင်းပင် ဖြစ်ကြောင်း၊ အယူခံတရားလိုတို့အပေါ် တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၁၁ အရ ပြစ်မှုကျူးလွန်ကြောင်း သုံးသပ်ကာ ငွေဒဏ်ကျပ်နှစ်သောင်းမျှသာ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ခြင်းသည် မှားယွင်းခြင်းမရှိကြောင်း၊ ဤအထူးအယူခံမှုကို စရိတ်နှင့်တကွပလပ်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

အမှတ် ၂ အယူခံတရားပြိုင် ရုံးရှေ့လာရောက်သော်လည်း

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂

နှင့်

ဒေါ်စီစီစိုး ပါ - ၂

လျှောက်လဲတင်ပြခြင်းမရှိပေ။

လျှောက်ထားသူ ဒေါ်စီစီစိုးက ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂ တွင် ဒေါ်နန်စီ (ခ) ဒေါ်မာစီက ၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးစောကျော်ငြိမ်းမှတစ်ဆင့် တရားလိုပြုလုပ်၍ ဒေါ်စီစီစိုးအပေါ် တိုက်ခန်းအရောင်းအဝယ်စာချုပ်များ လက်ရောက်ရလိုမှုစွဲဆိုရာ တရားလို၏ ရှေ့နေမှာ ဦးလှစိန်ဖြစ်ကြောင်း၊ ထိုအမှုတွင် တရားပြိုင်အားစစ်ဆေးစဉ် တရားလိုရှေ့နေက "စမ်းချောင်းမြို့နယ်တရားရုံး၌ ဒေါ်စီစီစိုးက ဒေါ်နန်းတောင်ဆိုသူအား ၂၀၀၉ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၅၅၆ တွင် တရားစွဲဆိုခဲ့သည်ဆိုလျှင် မှန်သလား" ဟု မေးမြန်းရာ ၁၁-၃-၂၀၁၅ ရက်နေ့တွင် အဆိုပါမေးခွန်းကို မေးမြန်းခွင့်မပြုကြောင်း အမိန့်ချမှတ်ခဲ့ကြောင်း၊ ထို့နောက် တရားလိုရှေ့နေက ပြန်လှန်မေးခွန်းဆက်လက်မေးမြန်းရာ စမ်းချောင်းမြို့နယ်တရားရုံး၏ အဆိုပါပြစ်မှုစီရင်ချက်မှ သုံးသပ်ချက်များကို မေးမြန်းခဲ့သဖြင့် ၁၀-၄-၂၀၁၅ ရက်နေ့တွင် မေးမြန်းခွင့်မပြုကြောင်း ဒုတိယအကြိမ်အမိန့်ချမှတ်ခဲ့ကြောင်း၊ ၁၁-၃-၂၀၁၅ ရက်စွဲပါအမိန့်တွင် ပြစ်မှုစီရင်ချက်ကို လက်ခံစဉ်းစားနိုင်မည်မဟုတ်ကြောင်း အမိန့်ချမှတ်ထားပြီးဖြစ်ပါလျက်

၃၀-၄-၂၀၁၅ ရက်နေ့တွင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်းဥပဒေ ၂ အရ ပြစ်မှုဆိုင်ရာစီရင်ချက်ကို သက်သေခံအဖြစ် တင်သွင်းခွင့်ပြုရန် တရားလိုရှေ့နေက လျှောက်ထားလာခြင်း သည် တရားရုံးကိုမထီမဲ့မြင်ပြုရာရောက်ကြောင်း၊ ဒေါ်စီစီစိုးက ဒေါ်နန်စီ (ခ) ဒေါ်မာစီ ပါ ၃ ဦးအပေါ် တရားရုံးများကို မထီမဲ့မြင် ပြုမှုဥပဒေအရအရေးယူပေးရန် ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂ ၏ ၁၁-၃-၂၀၁၅ ရက်နေ့ နှင့် ၁၀-၄-၂၀၁၅ ရက်စွဲပါ အမိန့်များ၊ ပြစ်မှုဆိုင်ရာစီရင်ချက်ကို သက်သေခံအဖြစ် တင်သွင်းခွင့်ပြုရန် ၃၀-၄-၂၀၁၅ ရက်စွဲပါ လျှောက်လွှာ၊ ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြလျှောက်ထား သည်။

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂
နှင့်
ဒေါ်စီစီစိုး ပါ - ၂

လျှောက်ထားခံရသူ ဒေါ်နန်စီ (ခ) ဒေါ်မာစီ ပါ ၃ ဦးက ပြစ်မှုဆိုင်ရာစွဲဆိုမှုနှင့်စပ်လျဉ်း၍ တရားလိုဘက်မှမေးမြန်းချက် ကို မူလရုံးက မေးမြန်းခွင့်မပြုကြောင်း အမိန့်ချမှတ်ခဲ့သဖြင့် ထိုမေးခွန်းကို ဆက်လက်မေးမြန်းခြင်း မပြုတော့ကြောင်း၊ တရားလိုဘက်က စမ်းချောင်းမြို့နယ်တရားရုံး၊ ၂၀၀၉ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၅၅၆ ၏ စီရင်ချက်တာဝန်ခံမိတ္တူမှန်ကို တင်သွင်းရခြင်းမရှိသေးကြောင်း၊ အဆိုပါစီရင်ချက်တွင် မည်သည့်

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂
နှင့်
ဒေါ်စီစီစိုး ပါ - ၂

အချက်များပါသည်ကို မသိရှိသေးပါဘဲလျက် သက်သေခံအဖြစ် လက်မခံနိုင်ဟု အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားရုံးများကို မထိမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၇ ပါ ကင်းလွတ်ချက်အရ တရားရုံး တစ်ရုံး၏စီရင်ချက်အပေါ် မေးခွန်းမေးမြန်းခြင်း၊ သက်သေခံ အဖြစ်တင်သွင်းခြင်းသည် ရုံးတော်ကို မထီမဲ့မြင်ပြုလုပ်ခြင်း မဟုတ်ကြောင်း၊ လျှောက်ထားသူ၏လျှောက်လွှာကို ပလပ်သင့် ကြောင်းပြန်ကြားလွှာကို ကျမ်းကျိန်လွှာနှင့်အတူ တင်သွင်း သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ကြည့်မြင်တိုင် မြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂ တွင် ချမှတ်ခဲ့သော ၁၁-၃-၂၀၁၅ ရက်စွဲပါအမိန့်နှင့် ၁၀-၄-၂၀၁၅ ရက်စွဲပါ အမိန့်အပေါ် တရားလိုများက တရားရုံးအဆင့်ဆင့်သို့ ပြင်ဆင်မှုလျှောက်ထားခဲ့ခြင်းမရှိသဖြင့် အတည်ဖြစ်လျက်ရှိ ကြောင်း၊ မြို့နယ်တရားရုံး၏ ၁၁-၃-၂၀၁၅ ရက်စွဲပါ အမိန့်တွင် ၂၀၀၉ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၅၅၆ ၏စီရင်ချက်ကို ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂ တွင် ထည့်သွင်းစဉ်းစားနိုင်မည် မဟုတ်ဟု သုံးသပ်ဆုံးဖြတ်ထားပါလျက် လျှောက်ထားခံရသူ ဒေါ်နန်စီ (ခ) ဒေါ်မာစီနှင့် ၎င်း၏ရှေ့နေ ဦးလှစိန်တို့က ပြစ်မှု

၂၀၁၉ ခုနှစ်
ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂
နှင့်
ဒေါ်စီစီစိုး ပါ - ၂

ဆိုင်ရာစီရင်ချက်၏ သုံးသပ်ချက်များကိုမေးမြန်းခြင်း၊ ပြစ်မှုဆိုင်ရာတရားရုံး၏ စီရင်ချက်တာဝန်ခံမိတ္တူမှန်ကို သက်သေခံအဖြစ်တင်သွင်းရန် ဆောင်ရွက်ခြင်းသည် တရားရုံးကချမှတ်သည့်အမိန့်ကို မလိုက်နာခြင်းပင်ဖြစ်ကြောင်း သုံးသပ်ကာ အမှတ် ၁ နှင့် ၃ လျှောက်ထားခံရသူ ဒေါ်နန်စီ (ခ) ဒေါ်မာစီနှင့် ဦးလှစိန်တို့အပေါ် တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၁၁ အရ ငွေဒဏ်ကျပ်နှစ်သောင်းစီပေးဆောင်စေရန်နှင့် အမှတ် ၂ လျှောက်ထားခံရသူ ဦးစောကျော်ငြိမ်းအား ပြစ်မှုထင်ရှားစီရင်ရန် မသင့်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂ တွင် ဒေါ်နန်စီ (ခ) ဒေါ်မာစီက ဒေါ်စီစီစိုးအပေါ် တိုက်ခန်းအရောင်းအဝယ်စာချုပ်များ လက်ရောက်ရလိုမှုစွဲဆိုရာ တရားပြိုင်ဒေါ်စီစီစိုးအားစစ်ဆေးစဉ် တရားလိုရှေ့နေ ဦးလှစိန်က “ဒေါ်စီစီစိုးက ဒေါ်နန်းတောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ စမ်းချောင်းမြို့နယ်တရားရုံး၊ ၂၀၀၉ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၅၅၆ တွင် တရားစွဲဆိုခဲ့သည်ဆိုလျှင် မှန်သလား ” ဟု ပြန်လှန်မေးမြန်းရာ တရားရုံးက ၁၁-၃-၂၀၁၅

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂

နှင့်

ဒေါ်စီစီစိုး ပါ - ၂

ရက်နေ့တွင် မေးမြန်းခွင့်မပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။

ထို့နောက် ဒေါ်စီစီစိုးအား ဆက်လက်စစ်ဆေးရာ ဒေါ်နန်စီ (ခ) ဒေါ်မာစီ၏ရှေ့နေ ဦးလှစိန်က စမ်းချောင်းမြို့နယ်တရားရုံး၊ ၂၀၀၉ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၅၅၆ အမှု၏ စီရင်ချက်ပါသုံးသပ်ချက်များကို မေးမြန်းရာ ၁၀-၄-၂၀၁၅ ရက်နေ့တွင် အဆိုပါမေးခွန်းများကို မေးခွင့်မပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။

၃၀-၄-၂၀၁၅ ရက်နေ့တွင် တရားလို ဒေါ်နန်စီ (ခ) ဒေါ်မာစီ၏ရှေ့နေ ဦးလှစိန်က စမ်းချောင်းမြို့နယ်တရားရုံး၊ ၂၀၀၉ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၅၅၆ အမှုမှ စီရင်ချက်တာဝန်ခံမိတ္တူမှန်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်းဥပဒေ ၂ အရ သက်သေခံအဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားခဲ့သည်။

ထိုသို့လျှောက်ထားမှုအပေါ် ဒေါ်စီစီစိုးက ကန့်ကွက်လျှောက်ထားပြီးနောက် ပြစ်မှုဆိုင်ရာတရားရုံး၏ စီရင်ချက်နှင့် စပ်လျဉ်း၍ လက်ခံစဉ်းစားနိုင်မည်မဟုတ်ကြောင်း၊ မေးမြန်းခွင့်မပြုကြောင်း အမိန့်ချမှတ်ထားပြီးဖြစ်ပါလျက် အဆိုပါအမိန့်ကို

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ) ဒေါ်မာစီ ပါ - ၂

နှင့်

ဒေါ်စီစီစိုး ပါ - ၂

လိုက်နာဆောင်ရွက်မှုမရှိခြင်းအတွက် ဒေါ်နန်စီ (ခ) ဒေါ်မာစီ ပါ ၃ ဦးအပေါ် တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေအရ အရေးယူပေးရန် ဒေါ်စီစီစိုးက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၃ ဖြင့် ၁၂-၅-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာခြင်းဖြစ်သည်။

တရားပြိုင် ဒေါ်စီစီစိုးအား တရားလိုဒေါ်နန်စီ (ခ) ဒေါ်မာစီ၏ရှေ့နေ ဦးလှစိန်က "၂၀၀၉ ခုနှစ်တွင် စမ်းချောင်းမြို့နယ်တရားရုံး၊ ပြစ်မှုကြီးမှုအမှတ် ၅၅၆ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ကျွန်မမှ တရားလိုပြုလုပ်ပြီး တရားခံဒေါ်နန်းတောင်အား တရားစွဲဆိုခဲ့သည်ဆိုလျှင် မှန်သလား" ဟူသောမေးခွန်းကိုမေးမြန်းရာ တရားပြိုင်ကကန့်ကွက်သဖြင့် နှစ်ဖက်လျှောက်လဲချက်ကြားနာခဲ့သည်။

တရားလိုရှေ့နေက အဆိုပါ စမ်းချောင်းမြို့နယ်တရားရုံး၊ ၂၀၀၉ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၅၅၆ ၏ စီရင်ချက်တာဝန်ခံမိတ္တူမှန်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်းဥပဒေ ၂ အရ တင်သွင်းမည်ဖြစ်၍ အဆိုပါမေးခွန်းအား မေးမြန်းခွင့်ပြုသင့်ကြောင်း လျှောက်ထားတင်ပြသည်။

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂

နှင့်

ဒေါ်စီစီစိုး ပါ - ၂

ကြည့်မြင်တိုင်မြို့နယ်တရားရုံးက **မင်္ဂလာသုခဆန်စက် ကုမ္ပဏီလီမိတက် နှင့် ဦးသန်းစိန် အမှု** [၁] ကို ကိုးကား၍ ပြစ်မှုဆိုင်ရာတရားရုံး၏ စီရင်ချက်သည် တရားမရုံးအပေါ် အတည် မဖြစ်ကြောင်း၊ အဆိုပါ ပြစ်မှုဆိုင်ရာတရားရုံးက မည်သည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်စေကာမူ ယခုအမှုတွင် ထည့်သွင်းစဉ်းစားနိုင်မည်မဟုတ်ကြောင်း ၁၁-၃-၂၀၁၅ ရက်စွဲပါ အမိန့်တွင် ထည့်သွင်းသုံးသပ်ခဲ့ကြောင်းတွေ့ရသည်။

တရားလိုရှေ့နေက ပြစ်မှုဆိုင်ရာတရားရုံး၏စီရင်ချက်ကို တရားရုံးသို့တင်ပြခြင်း မပြုရသေးပေ။ အဆိုပါ စီရင်ချက် တာဝန်ခံမိတ္တူမှန်ကို နောင်တွင် တင်သွင်းမည်ဖြစ်ကြောင်း လျှောက်ထားရုံမျှဖြင့် ကြည့်မြင်တိုင်မြို့နယ်တရားရုံးက အဆိုပါ စီရင်ချက်ကို တရားမရုံးက ထည့်သွင်းစဉ်းစားနိုင်မည်မဟုတ် ကြောင်း သုံးသပ်ခဲ့ခြင်းသည် မဆောင်ရွက်ရသေးသည့် လျှောက် ထားချက်အပေါ် ကြိုတင်အမိန့်ချမှတ်သည့် သဘောသက်ရောက် လျက်ရှိကြောင်း တွေ့ရသည်။

အမှုတွင် အဆုံးအဖြတ်ပေးရန်ရှိသော ပြဿနာနှင့် မသက်ဆိုင်ဘဲ အပိုသုံးသပ်မှုကို ခရီးသွားဟန်လွဲ "Obiter Dic-

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၉၄

၂၀၁၉ ခုနှစ်
ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂
နှင့်
ဒေါ်စီစီစိုး ပါ - ၂

tum" ဆုံးဖြတ်ချက်ဟု ခေါ်ကြောင်း၊ ယင်းအပိုသုံးသပ်ချက်ကို လိုက်နာရန်မလိုကြောင်း **ဒေါ်ရင်ရင်မေ နှင့် ဒေါ်ခင်လှမော် အမှု** [၂] တွင် ဆုံးဖြတ်ထားသည်။

အမှုတွင် ကြည့်မြင်တိုင်မြို့နယ်တရားရုံးက တရားလို ရှေ့နေမေးမြန်းသည့် မေးခွန်းကို မေးမြန်းခွင့်ပြု သင့် မသင့် အဆုံးအဖြတ်ပြုရမည့်ပြဿနာနှင့် မသက်ဆိုင်ဘဲ ပြစ်မှုဆိုင်ရာ စီရင်ချက်ကို တရားမရုံးက ထည့်သွင်းစဉ်းစားမည်မဟုတ်ဟု သုံးသပ်ခဲ့ခြင်းသည် ခရီးသွားဟန်လွှဲ "Obiter Dictum" ဆုံးဖြတ်ချက်သာဖြစ်သဖြင့် အဆိုပါဆုံးဖြတ်ချက်ကို လိုက်နာ ဆောင်ရွက်ရန်လိုအပ်မည်မဟုတ်ပေ။

တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၂ (ဂ) တွင် တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သောဆင့်စာကို တမင်သက်သက် မလိုက်နာခြင်းကို ဆိုကြောင်း ပြဋ္ဌာန်းထားသည်။

၃၀-၄-၂၀၁၅ ရက်နေ့တွင် တရားလို၏ရှေ့နေ ဦးလှစိန် က အဆိုပါပြစ်မှုစီရင်ချက် တာဝန်ခံမိတ္တူမှန်ကို တရားမ

၂။ ၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၃၉

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂

နှင့်

ဒေါ်စီစီစိုး ပါ - ၂

ကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်းဥပဒေ ၂ အရ သက်သေခံအဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ်တရားရုံးက အဆိုပါလျှောက်ထားမှုအပေါ် တရားပြိုင်ဘက်မှ ကန့်ကွက်ရန် ရှိ မရှိ တင်ပြစေခြင်း၊ ကန့်ကွက်ပါက နှစ်ဖက်လျှောက်လဲချက်ကြားနာပြီး အဆိုပါ စီရင်ချက်တာဝန်ခံမိတ္တူမှန်ကို တင်သွင်းခွင့်မပြုကြောင်း အမိန့်တစ်စုံတစ်ရာ ချမှတ်ထားခြင်းမရှိသေးပေ။ ထိုသို့ အမိန့်ချမှတ်ထားပါလျက် တရားလို၏ရှေ့နေက ထပ်မံလျှောက်ထားလာပါက တရားရုံးက ချမှတ်သောအမိန့်ကို လိုက်နာခဲ့ခြင်းမရှိဟု ကောက်ယူနိုင်မည်ဖြစ်သည်။

တရားလိုရှေ့နေက ပြစ်မှုစီရင်ချက်တာဝန်ခံမိတ္တူမှန်ကို တင်သွင်းရန်ရှိပါသည်ဟု လျှောက်ထားခဲ့မှုအပေါ် တရားရုံးက အဆိုပါစီရင်ချက်ကို ထည့်သွင်းမစဉ်းစားကြောင်း ခရီးသွားဟန်လွှဲဆုံးဖြတ်ချက်ကို လိုက်နာရန်လိုအပ်မည်မဟုတ်ပေ။ တရားလိုရှေ့နေက ပြစ်မှုစီရင်ချက် တာဝန်ခံမိတ္တူမှန်ကို သက်သေခံအဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားခဲ့ခြင်းသည် တရားရုံးကချမှတ်ခဲ့သည့်အမိန့်ကို မလိုက်နာခြင်းဖြစ်ပါသည်ဟု လက်ခံနိုင်ရန်အကြောင်းမရှိပေ။

သို့ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အယူခံတရားလို ဒေါ်နန်စီ (ခ) ဒေါ်မာစီနှင့် ဦးလှစိန်တို့အပေါ် တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၁၁ အရ ငွေဒဏ်ကျပ်နှစ်သောင်းစီ ပေးဆောင်စေရန် ချမှတ်ခဲ့သည့်အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ချေ။

သို့ဖြစ်၍ ကြားနာခဲ့သော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေဆိုလိုက်သည် -

" အယူခံတရားလို ဒေါ်နန်စီ (ခ) ဒေါ်မာစီ နှင့် ဦးလှစိန်တို့အပေါ် တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၁၁ အရ ငွေဒဏ်ကျပ်နှစ်သောင်းစီ ပေးဆောင်စေရန် ချမှတ်သော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း "

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို ခွင့်ပြုသည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အယူခံတရားလို ဒေါ်နန်စီ (ခ) ဒေါ်မာစီနှင့် ဦးလှစိန်တို့အပေါ် တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၁၁ အရ ငွေဒဏ်ကျပ်နှစ်သောင်း

၂၀၁၉ ခုနှစ်

ဒေါ်နန်စီ (ခ)
ဒေါ်မာစီ ပါ - ၂
နှင့်
ဒေါ်စီစီစိုး ပါ - ၂

တိတိစီ ပေးဆောင်စေရန် ချမှတ်ခဲ့သည့်အမိန့်ကို အတည်ပြုခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကိုပယ်ဖျက်လိုက်သည်။ အယူခံတရားပြိုင်ဒေါ်စီစီစိုးစွဲဆိုသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမအထွေထွေလျှောက်လွှာအမှတ် ၁၃/ ၂၀၁၅ ကို ပလပ်လိုက်သည်။ အယူခံတရားလို ဒေါ်နန်စီ (ခ) ဒေါ်မာစီနှင့် ဦးလှစိန်တို့သည် ငွေဒဏ်များ ပေးဆောင်ပြီးဖြစ်ပါက ပြန်လည်ထုတ်ပေးစေ။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

+၂၀၁၉ ခုနှစ်

ဒီဇင်ဘာလ ၁၆ ရက်

**တရားမအထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
ဦးသာဌေး၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊
ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည်နှင့် ဦးမျိုးဝင်းတို့ရှေ့တွင်**

**ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏
အခွင့်ရကိုယ်စားလှယ်) ပါ ၇**

**နှင့်**

**ဦးသန်းထွန်း ***

**ပူးတွဲပိုင်ဆိုင်သောမြေတွင် ပူးတွဲပိုင်သူတစ်ဦးကအခြားပူးတွဲပိုင်သူများ၏ ပိုင်ရေးပိုင်ခွင့်ကို ဆန့်ကျင်တရားစွဲဆိုပိုင်ခွင့်မရှိသဖြင့် ဆန့်ကျင်တရားစွဲဆိုခဲ့သည့်အခါကစ၍ ပူးတွဲပိုင်ပစ္စည်းကို ဆန့်ကျင်လက်ရှိထားရာမရောက်ကြောင်း။**

**ဆုံးဖြတ်ချက်။** ပူးတွဲပိုင်ဆိုင်သူတစ်ဦးသည် အခြားပူးတွဲပိုင်ဆိုင်

* ၂၀၁၉ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၄၅

\+ ၂၀၁၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၄၄၀ တွင်ချမှတ်သော ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီအပေါ် အယူခံမှု

သူများအပေါ် ပူးတွဲပိုင်ဆိုင်သည့်ပစ္စည်းမှာ မိမိပိုင်ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်ဖြစ်စေ၊ ပူးတွဲပိုင်ဆိုင်သူတို့အား ပူးတွဲပိုင်ဆိုင်သည့်ပစ္စည်းမှ နှင်ထုတ်ပေးရန်ဖြစ်စေ စွဲဆိုခွင့်မရှိပေ။ **ဒေါ်မဲ့ကျောင်းမွန် နှင့် ဒေါ်နန်းပို ပါ ၃ အမှု** [၂] ကို ရည်ညွှန်းသည်။

တရားပြိုင် ဦးသန်းထွန်းနှင့် ၎င်း၏မိခင်ဒေါ်ငယ်တို့သည် ဦးတိုင်း၏သားသမီးများအပေါ် အချင်းဖြစ်မြေသည် ၎င်းတို့ပိုင်ဆိုင်ကြောင်းကြေညာပေးရန် မိတ္ထီလာခရိုင်တရားရုံးတွင် ၁၉၈၃ ခုနှစ်က စွဲဆိုခဲ့ခြင်းမှာ ဒေါ်မဲ့ကျောင်းမွန်အမှုပါ လမ်းညွှန်ချက်အရ စွဲဆိုပိုင်ခွင့်မရှိဘဲ စွဲဆိုခြင်းဖြစ်ပြီး ၎င်းတို့စွဲဆိုသောအမှုမှာလည်း ပလပ်ခံရသည်ဖြစ်၍ ဦးတိုင်းနှင့်ဦးအေးတို့၏ ပူးတွဲပိုင်ဆိုင်မှုသည် ပျက်ပြယ်ခြင်းမရှိ၊ ဆက်လက်တည်ရှိနေမည်သာဖြစ်သည်။

ဥပဒေအမြင်တွင် ပူးတွဲပိုင်ရှင်တစ်ဦး၏ လက်ရှိထားခြင်းသည် ကျန်ပူးတွဲပိုင်ရှင်တစ်ဦး၏ကိုယ်စား လက်ရှိထားခြင်းဖြစ်သည်။ ယခုအမှုတွင် ဦးသန်းထွန်းသည် အချင်းဖြစ်မြေကို တစ်ဦးတည်းပိုင်ရှင်အဖြစ်ကျန်ပူးတွဲပိုင်ဆိုင်သူများကို ဆန့်ကျင်လက်ရှိထားခဲ့ကြောင်း ပေါ်ပေါက်မှုမရှိပေ။ ဦးအေးနှင့်ဦးတိုင်း

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

တို့၏ ပူးတွဲပိုင်ဆိုင်မှုသည် ဆက်လက်တည်ရှိနေသည်ဖြစ်၍ ဦးသန်းထွန်းက ဦးတိုင်း၏သားသမီးများအပေါ် အချင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်စွဲဆိုသဖြင့် ထိုအချိန်မှစပြီး အချင်းဖြစ်မြေကို ဦးသန်းထွန်းက ဦးတိုင်း၏သားသမီးများအပေါ် ဆန့်ကျင်လက်ရှိထားရာ ရောက်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုများအတွက် - ဦးမြင့်ဌေး၊

တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးစိုးတင့်၊

တရားလွှတ်တော်ရှေ့နေ

မိတ္ထီလာခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈ တွင် ဒေါ်မြမြ ပါ ၇ ဦးက ဦးသန်းထွန်းအပေါ် တရားလိုများ၏ဖခင်နှင့် တရားပြိုင်၏ဖခင်တို့နှစ်ဦး ပူးတွဲဝယ်ယူပိုင်ဆိုင်ခဲ့သော ဝိုင်းမြေ၏တစ်ဝက်ကိုခွဲ၍ လက်ရောက်ရလိုမှုစွဲဆိုရာ အမှုကိုပလပ်ခဲ့သည်။ ဒေါ်မြမြ ပါ ၇ ဦးက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၈၈ ဖြင့် အယူခံရာ တရားလို

၂၀၁၉ ခုနှစ်
ဒေါ်မြမြ (ကိုယ်တိုင်နှင့်
အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏
အခွင့်ရ ကိုယ်စားလှယ်)
ပါ - ၇
နှင့်
ဦးသန်းထွန်း

များသည် ဝိုင်းမြေ၏တစ်ဝက်ကို ခွဲဝေရထိုက်ကြောင်း ပဏာမ ဒီကရီချမှတ်ခဲ့သည်။ ယင်းစီရင်ချက်နှင့်ဒီကရီကို ဦးသန်းထွန်း က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၇ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၄၄၀ ဖြင့် အယူခံဝင်ရာ တိုင်းဒေသကြီးတရား လွှတ်တော်၏ ပဏာမဒီကရီကိုပယ်ဖျက်ပြီး မိတ္ထီလာခရိုင် တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုသဖြင့် မူလရုံးတရားလို ဒေါ်မြမြ ပါ ၇ ဦးတို့က ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ ၁၉ အရ အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၈ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၄၇၇ ကို တင်သွင်းရာ အောက်ပါ အရေးယူလောက်သော ပြဿနာအပေါ် ကြားနာရန်အလို့ငှါ အထူးအယူခံဝင်ခွင့်ပြု ခဲ့သည် -

“ (၁) ပူးတွဲပိုင်ဆိုင်သောမြေတွင် ပူးတွဲပိုင်သူတစ်ဦးက အခြားပူးတွဲပိုင်သူများ၏ ပိုင်ရေးပိုင်ခွင့်ကို ဆန့် ကျင်တရားစွဲဆိုခဲ့သည့် အခါကစ၍ ပူးတွဲပိုင် ပစ္စည်းကို ဆန့်ကျင်လက်ရှိထားရာ ရောက် မရောက်။

(၂) ပူးတွဲပိုင်သူတစ်ဦးက အခြားပူးတွဲပိုင်သူများ၏

ပိုင်ရေးပိုင်ခွင့်ကို ဆန့်ကျင်လက်ရှိထားသည့် အခါကစ၍ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၄ အရ ၁၂ နှစ် အတွင်း ပူးတွဲပိုင်ပစ္စည်းကို ခွဲဝေပေးရန် စွဲဆိုရမည်ဆိုသောအချက်သည် မှန်ကန်ခြင်း ရှိ မရှိ။

(၃) မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီသည် မှန်ကန်ခြင်း ရှိ မရှိ။"

ဆိုလွှာတွင် ၁၊ ၂၊ ၃ နှင့် ၄ တရားလိုများ၏ဖခင် ဦးတိုင်း (ကွယ်လွန်) နှင့် တရားပြိုင်၏ဖခင် ဦးအေး (ကွယ်လွန်) တို့သည် ညီအစ်ကိုများဖြစ်ကြောင်း၊ အမှတ် ၅ နှင့် ၆ တရားလိုများသည် ဦးတိုင်း၏သမီး ဒေါ်ခင်ခင်ကြီး (ကွယ်လွန်) ၏သားနှစ်ဦးဖြစ်ပြီး ၇ တရားလိုသည် ဦးတိုင်း၏သမီးဒေါ်ခင်မြင့် (ကွယ်လွန်) ၏သားဖြစ်ကြောင်း၊ ဦးတိုင်းနှင့် ဦးအေးတို့သည် ရဲဝန်ထမ်းများဖြစ်ပြီး ၁၉၄၆ ခုနှစ်က ရဲဝန်ထောက် ဦးထွန်းလှအောင်ပိုင်ကွင်းအမှတ် ၄၇၂၊ မုံပင်ကွင်း၊ ဦးပိုင်အမှတ် ၂/ ၁၄၀၊ မြေကွက်အမှတ် ၅၊ ၅/ ၄၁၈၊ ၅/ ၄၁၉၊ ဧရိယာ ၂.၀၉ ဧကရှိ မြေကွက်

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

အားဝယ်ယူခဲ့ကာ မြေကွက်အမှတ် ၅/ ၄၁၉ တွင် ဦးတိုင်းက မြေစိုက် ၅ x ၅ ပင်အိမ်နှင့် ၃ x ၃ ပင် မီးဖိုဆောင် တို့ကို ဆောက်လုပ်နေထိုင်ခဲ့ကြောင်း၊ ဦးအေးက မြေကွက် အမှတ် ၅/ ၄၁၈ တွင် သီးခြားအိမ်ဆောက်လုပ်၍ နေထိုင်ပြီး ၎င်းကွယ်လွန် သဖြင့် ဇနီးဒေါ်ငယ်နှင့်သားဖြစ်သူ တရားပြိုင် ဦးသန်းထွန်းတို့ ဆက်လက်နေထိုင်ခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်တွင် ဦးတိုင်း၏သမီး ဒေါ်ခင်ခင်ကြီးနှင့် ၎င်း၏ခင်ပွန်းတို့သည် အချင်းဖြစ်ဝိုင်းမြေ၌ အိမ်သီးခြားဆောက်လုပ်နေထိုင်ပြီး ၃ နှစ်ခန့်အကြာ၌ ပြောင်းရွှေ့ သွားကြောင်း၊ ဒေါ်ခင်ခင်ကြီးကအဆိုပါနေအိမ်၌ ဦးကြည်ဖေကို အိမ်ငှားထားခဲ့ရာမှ အိမ်လခမပေးတော့သဖြင့် ဦးကြည်ဖေအား နှင်ချခဲ့ကြောင်း၊ ဦးတိုင်းက ဦးကြည်ဖေမိသားစုအား ၎င်း၏အိမ် တစ်ခြမ်းနှင့်မီးဖိုတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ဦးတိုင်းက ဦးကြည်ဖေအပေါ် တရားလိုပိုင်အိမ်ဝိုင်းခြံမြေမှ ထွက်ခွာသွား စေလိုမှုကို မိတ္ထီလာမြို့နယ်တရားရုံး၊ ၁၉၇၄ ခုနှစ်၊ တရားမကြီး မှုအမှတ် ၇ ဖြင့်စွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့ကြောင်း၊ ဒေါ်ခင်ခင်ကြီး ၏နေအိမ်၌ ဒေါ်ခင်ခင်ကြီး၏ ခွင့်ပြုချက်ဖြင့် ဦးမင်းနိုင်၊ ဒေါ်လှလှမြင့်တို့မိသားစုနေထိုင်ခဲ့ကြောင်း၊ ဒေါ်ငယ်နှင့်တရားပြိုင် ဦးသန်းထွန်းတို့က ဦးတိုင်း၏သားသမီး ၆ ဦးတို့အပေါ်၌

မန္တလေးတိုင်းတရားရုံး၊ ၁၉၈၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၃၁ တွင် အချင်းဖြစ်မြေကို တရားလိုပိုင်ဆိုင်ကြောင်း ကြေညာပြဋ္ဌာန်းပေးစေလိုမှုစွဲဆိုရာ ပလပ်ခံရကြောင်း၊ ဦးသန်းထွန်းက ဒေါ်ခင်ခင်ကြီး၏ အိမ်တွင်နေထိုင်သူ ဒေါ်လှလှမြင့်နှင့် သမီး မကေသီလှိုင်တို့အပေါ် ခွင့်ပြုချက်ဖြင့်ထားသောနေအိမ်မှ ထွက်ခွာသွားစေလိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့ကြောင်း၊ ထိုဒီကရီအရ ဒေါ်လှလှမြင့်တို့က နေအိမ်မှ ထွက်ခွာပေးခဲ့ရကြောင်း၊ ဦးသန်းထွန်းက ဒေါ်ခင်ခင်ကြီး၏ နေအိမ်ကို ၂၈-၈-၂၀၁၃ နေ့က ဖျက်ခဲ့ကြောင်း၊ မိတ္ထီလာမြို့နယ်တရားရုံး ၁၉၇၄ ခုနှစ် တရားမကြီးမှုအမှတ် ၇ မှ ဦးတိုင်း၊ ဦးအေးတို့၏ ထွက်ဆိုချက် တာဝန်ခံမိတ္တူမှန်များကိုတွေ့ရှိမှ အချင်းဖြစ်ဝိုင်းမြေကို ဦးတိုင်းနှင့်ဦးအေးတို့ ညီအစ်ကိုနှစ်ဦးမှ ဝယ်ယူပိုင်ဆိုင်သည်ကို သိခဲ့ရကြောင်း၊ အချင်းဖြစ်ဝိုင်းမြေတစ်ဝက်အား လက်ရောက်ပေးအပ်ရန် တရားပြိုင်ထံ အကြောင်းကြားစာပေးပို့ခဲ့ရာ တရားပြိုင်က ငြင်းပယ်ခဲ့ကြောင်း၊ တရားပြိုင်သည် ဝိုင်းမြေကို ၎င်း၏ဖခင် ဦးအေးတစ်ဦးတည်း ဝယ်ယူခဲ့ခြင်းမဟုတ်ကြောင်းသိရှိပါလျက် ဒေါ်ခင်ခင်ကြီး၏ နေအိမ်အားဖျက်ပစ်သဖြင့် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ကြောင်း အဆိုပြုသည်။

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

ချေလွှာ၌ ဦးတိုင်းနှင့်ဦးအေးတို့ ညီအစ်ကိုနှစ်ဦးက အချင်းဖြစ်ဝိုင်းမြေကို ဝယ်ယူခဲ့ခြင်းမဟုတ်ကြောင်း၊ မြေစာရင်းဌာနက ဦးအေးအားချထားပေးသောမြေဖြစ်ပြီး ဦးအေးမိသားစုသည် ၁၉၄၆ ခုနှစ်မှစ၍ ယနေ့တိုင်နေထိုင်ခဲ့ပြီး ဦးတိုင်းမိသားစု နေထိုင်ခဲ့ခြင်းမရှိကြောင်း၊ ၁၉၅၄ ခုနှစ်တွင် အချင်းဖြစ်ဝိုင်းမြေ၌ တရုတ်ဖြူအရပ်သားများကို နေရာချထားပေးခဲ့ရာမှ ၎င်းတို့ပြန်သွားသည့်အခါ တရားပြိုင်၏ ဖခင်ဦးအေးကလျှောက်ထား၍ မြေနေရာပြန်လည်ရရှိခဲ့ပြီး တရားပြိုင်နှင့်မိဘများက နေထိုင်ခဲ့ကြောင်း၊ ဦးတိုင်းသည် ရဲစခန်းဝင်းတွင်သာနေထိုင်ပြီး ၁၉၇၃ ခုနှစ်တွင် သာစည်မြို့ ၎င်း၏နေအိမ်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဦးအေးသည် ၁၉၆၅ ခုနှစ်က ယင်းမြေကွက်အတွင်းမှ ၀.၁၆ ဧကအား ဦးဘသော်သို့ ပိုင်းခြားရောင်းချခြင်း၊ ၁၉၇၈ ခုနှစ်တွင် ဦးသန်းထွန်းသည် ဝိုင်းမြေအတွင်း ဇီးခွဲစက်၊ ဝါကြိတ်စက်၊ သစ်ခွဲစက်၊ ဆီစက်တို့လုပ်ကိုင်ခဲ့ခြင်းတို့ကို ဦးတိုင်းနှင့်တရားလိုတို့က ကန့်ကွက်ခဲ့ခြင်းမရှိကြောင်း၊ အချင်းဖြစ်ဝိုင်းတွင် ဒေါ်ခင်ခင်ကြီး၏နေအိမ် မရှိကြောင်း၊ ဦးမင်းနိုင်မိသားစုမှာ ဒေါ်ခင်ခင်ကြီး၏ခွင့်ပြုချက်အရ နေထိုင်ခြင်းမဟုတ်ကြောင်း၊ တရားပြိုင်သည် တရားလိုများအပေါ် မန္တလေးတိုင်းတရားရုံး၊

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

၁၉၈၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၁ ဖြင့် အချင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်း ကြေညာပြဋ္ဌာန်းပေးစေလိုမှု စွဲဆိုခြင်းကို တရားလိုများသိရှိပြီးဖြစ်၍ ဤအမှုအား ၂-၆-၂၀၁၄ နေ့တွင် စွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း၊ အချင်းဖြစ်မြေကို ဖခင်ဦးအေးတစ်ဦးတည်းပိုင်ဆိုင်ခဲ့ပြီး တရားပြိုင်မှအမွေဆက်ခံလက်ရှိပိုင်ဆိုင်ကြောင်း၊ ဒေါ်ခင်ခင်ကြီး၏နေအိမ်အား ဖျက်ပစ်ခဲ့ခြင်းမဟုတ်ဘဲ အနိုင်ဒီကရီအရ တရားပြိုင်က မိမိပိုင်အိမ်ကို ဖျက်ပစ်ခြင်း၊ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ချေပသည်။

မိတ္ထီလာခရိုင်တရားရုံးက အချင်းဖြစ်မြေကွက်အား ဦးတိုင်းနှင့်ဦးအေးတို့ညီအစ်ကိုနှစ်ဦး ပိုင်ဆိုင်ကြောင်း စာမှတ်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိကြောင်း သက်သေခံ င ပုံစံ ၁၀၅ မြေပုံတွင် ဦးအေးတစ်ဦးတည်းကိုသာ ဖော်ပြထား၍ လက်ရှိအမည်ပေါက်သူ ဦးအေးဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း၊ ဦးအေး၏ဆိုင်ရေးဆိုင်ခွင့်ကို သားဖြစ်သူ ဦးသန်းထွန်းမှ အမွေဆက်ခံခွင့်ရှိကြောင်း၊ လက်ရှိ မြေစာရင်း (၁-က) မှတ်တမ်းအရ အခွန်စည်းကြပ်ခံရသူပိုင်ရှင်မှာ ဦးသန်းထွန်းဖြစ်သည်ဟု မြေတိုင်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

က ထွက်ဆိုကြောင်း၊ အချင်းဖြစ်မြေကွက်အား တရားပြိုင်နှင့် မိခင်တို့က ၎င်းတို့သာပိုင်ဆိုင်ကြောင်း ကြေညာပြဋ္ဌာန်းပေးစေလိုမှုစွဲဆိုခြင်းသည် တရားလိုများ၏အကျိုးကို ဆန့်ကျင်၍ တရားစွဲဆိုခြင်းဖြစ်သဖြင့် ဦးသန်းထွန်း၏ ဆန့်ကျင်လက်ရှိထားမှုသည် ၁၉၈၃ ခုနှစ် ကတည်းကစတင်သဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအပိုဒ် ၁၄၄ အရ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း၊ တရားလိုများ၏ဖခင်နှင့် တရားပြိုင်၏ဖခင်တို့နှစ်ဦး ပူးတွဲပိုင်ဆိုင်ခဲ့သော ဝိုင်းမြေ၏ တစ်ဝက်ကိုခွဲဝေ၍ လက်ရောက်ရထိုက်ခွင့်မရှိကြောင်း သုံးသပ်ပြီး တရားလိုများစွဲဆိုသော အမှုကို ပလပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ၁၉၅၉ ခုနှစ်တွင် အခွန်စည်းကြပ်ခံရသူအဖြစ် ဦးထွန်းလှအောင်အမည်ဖော်ပြထားပြီး ဒုတိယပိုင်းတွင် ဦးတိုင်းနှင့်ဦးအေးတို့သည် အချင်းဖြစ်မြေတွင် နှစ်ဦးအမည်ပေါက်ခြင်းရှိခဲ့ကြောင်း၊ ၅-၄-၁၉၆၅ နေ့စွဲပါ ကိုသော်အမည်ဖြင့် သက်သေခံ င မြေစာရင်းပုံစံ ၁၀၅ တွင် ဦးထွန်းလှအောင်အမည်မှ ဦးအေးအမည် ပြောင်းလဲရေးသွင်းထားခြင်းရှိခဲ့ကြောင်း၊ ဦးဘကြည်၊ ဒေါ်ခင်ခင်ကြီးအမည်ဖြင့် အချင်းဖြစ်မြေကွက်အတွင်း ဧရိယာ ၀.၂၀ ကေဖြင့် မြေစာရင်း

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့်
အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏
အခွင့်ရ ကိုယ်စားလှယ်)
ပါ - ၇

နှင့်

ဦးသန်းထွန်း

ပုံစံ ၁၀၅ ထွက်ရှိသဖြင့် အချင်းဖြစ်ဦးပိုင်အမှတ် ၂/ ၁၄၀ တွင် ဦးတိုင်းနှင့်ဦးအေးတို့ အခွန်ဆောင်ကာ အိမ်ရာမြေအဖြစ် အမည်ပေါက်နေထိုင်ခဲ့ပြီး ဦးတိုင်း၏သမီးဒေါ်ခင်ခင်ကြီးလည်း နေထိုင်ခဲ့သည်မှာထင်ရှားကြောင်း၊ တရားပြိုင်နှင့်မိခင်က ဦးတိုင်း၏သားသမီးများအပေါ် မန္တလေးတိုင်းတရားရုံး ၁၉၈၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၁ တွင် အချင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်း ကြေညာပြဋ္ဌာန်းပေးစေလိုမှုစွဲဆိုခဲ့ရာ အမှုကိုပလပ်ခဲ့ကြောင်း၊ ယခုအမှုမှာပစ္စည်းခွဲဝေပေးစေလိုမှုဖြစ်၍ ကာလစည်းကမ်းသတ်ပြဿနာရှိမည် မဟုတ်ကြောင်း၊ ဦးသန်းထွန်းက ဒေါ်လှလှမြင့် ပါ ၂ ဦးအပေါ် အခမဲ့ခွင့်ပြုချက်ဖြင့်နေသူအားနှင်ထုတ်ပေးစေလိုမှုစွဲဆိုခြင်းဖြစ်သဖြင့် ယင်းအမှုတွင် ပိုင်းမြေပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ သုံးသပ်ဆုံးဖြတ်ရန် မလိုအပ်ကြောင်း၊ တရားလိုများ၏ဖခင်ဦးတိုင်းနှင့် တရားပြိုင်၏ဖခင်ဦးအေးတို့က အချင်းဖြစ်မြေကွက်အား အတူဝယ်ယူနေထိုင်ခဲ့ခြင်းဖြစ်၍ မိဘများ၏အမွေဆက်ခံခွင့်ရှိသူ တရားလိုများသည် အချင်းဖြစ်မြေတွင် တရားပြိုင်နှင့် တစ်ဝက်စီအကျိုးခံစားခွင့်ရှိသဖြင့် ယင်းမြေကွက်၏တစ်ဝက်ကို လက်ရောက်ခွဲဝေရထိုက်ကြောင်း သုံးသပ်၍ မိတ္ထီလာခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

ပယ်ဖျက်ပြီး တရားလိုများသည် ဝိုင်းမြေ၏တစ်ဝက်ကို ခွဲဝေရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဦးပိုင်မှတ်ပုံစာရင်း (၁ - က) မှတ်တမ်းတွင် ဦးထွန်းလှအောင်အမည်မှ ဒုတိယပိုင်းတွင် ဦးတိုင်းနှင့်ဦးအေးအမည်ဖြစ်ပြီး လက်ရှိတွင် ဦးသန်းထွန်းအမည်ထွက်ရှိနေကြောင်း၊ အချင်းဖြစ်ဝိုင်းမှာ ယခင်က ၂.၀၉ ဧက ရှိခဲ့သော်လည်း အေ၊ အာ၊ ဒီ၊ စီ ရုံးက ၁၉၆၅ ခုနှစ်တွင် ဝင်းခြံခတ်ရယူသဖြင့် ၁.၆၇ ဧကသာကျန်ရစ်ကြောင်း၊ ဦးအေး၏ ဇနီးဒေါ်ငယ်နှင့် သားဖြစ်သူ ဦးသန်းထွန်းက ဦးတိုင်း၏သားသမီးများအပေါ် အချင်းဖြစ်မြေကို ၎င်းတို့ပိုင်ကြောင်းကြေညာပေးရန် ၁၉၈၃ ခုနှစ်ကတရားစွဲဆိုခဲ့၍ ပူးတွဲပိုင်ရှင်ဦးသန်းထွန်းက ကျန်ပိုင်ရှင်များ၏ ပိုင်ရေးပိုင်ခွင့်ကို ၁၉၈၃ ခုနှစ်ကပင် ထိပါးဆန့်ကျင်ဆောင်ရွက်ခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားတွင် ပစ္စည်းခွဲဝေပေးစေလိုမှုအတွက် စည်းကမ်းသတ်ကာလကို သီးခြားဖော်ပြထားခြင်းမရှိကြောင်း၊ ယင်းဥပဒေပထမဇယားအမှတ်စဉ် ၁၄၄ အရ တရားပြိုင်၏ လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့်ဆန့်ကျင်လာ

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

သည့်အခါကစ၍ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ **မရှမ်း ပါ ၅ နှင့် ဦးသန်းမြင့် အမှု**[၁] ဖြစ်စဉ်နှင့် ယခုအမှု ဖြစ်စဉ်တို့ တူညီခြင်းမရှိကြောင်း၊ အယူခံတရားလို (မူလရုံး တရားပြိုင်) က အယူခံတရားပြိုင် (မူလရုံးတရားလို) များ၏ ပိုင်ရေးပိုင်ခွင့်ကို ဆန့်ကျင်တရားစွဲဆိုသည့် ၁၉၈၃ ခုနှစ်မှစတင် ရေတွက်လျှင် မူလရုံးတရားလိုများက ၂၀၁၄ ခုနှစ်တွင်မှ ဤ အမှုကိုစွဲဆိုလာခြင်းဖြစ်သဖြင့် စည်းကမ်းသတ်ကာလ ၁၂ နှစ် ထက်ကျော်လွန်နေသောကြောင့် ဒေါ်မြမြတို့က စွဲဆိုသောအမှု မှာ အောင်မြင်ရန်အကြောင်းရှိမည်မဟုတ်ကြောင်း သုံးသပ်ပြီး မိတ္ထီလာခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည် အတည်ပြုသည်။

အယူခံတရားလိုများ၏ရှေ့နေက အချင်းဖြစ်ဝိုင်းမြေကို အယူခံတရားလိုများ၏ဖခင်ဦးတိုင်းနှင့် အယူခံတရားပြိုင်၏ဖခင် ဦးအေးတို့ ပူးတွဲဝယ်ယူပိုင်ဆိုင်ခဲ့သည်ဟု ပြည်ထောင်စုတရား လွှတ်တော်ချုပ်က သုံးသပ်ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ ဒေါ်မြမြ ပါ ၇ ဦး နှင့် ဦးသန်းထွန်းတို့သည် အချင်းဖြစ်ဝိုင်းမြေကို အမွေဆက်ခံ

၁။ ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၈၈

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

ခွင့်အရ ပူးတွဲပိုင်ရှင်များဖြစ်သည်ဟု အတည်ပြုပြီးဖြစ်ကြောင်း၊ **ဒေါ်မဲ့ကျောင်းမွန်နှင့် ဒေါ်နန်းပို ပါ ၃ အမှု** [၂] တွင် ပူးတွဲပိုင်ဆိုင်သူတစ်ဦးသည် အခြားပူးတွဲပိုင်ဆိုင်သူများအပေါ် ပူးတွဲပိုင်ဆိုင်သည့်ပစ္စည်းမှာ မိမိပိုင်ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်ဖြစ်စေ၊ နှင်ထုတ်ပေးရန်ဖြစ်စေစွဲဆိုခွင့်မရှိကြောင်း ထုံးဖွဲ့ခဲ့သဖြင့် ဦးသန်းထွန်းနှင့် ဒေါ်ငယ်တို့က ပူးတွဲပိုင်ရှင် ဒေါ်မြမြတို့အပေါ် အချင်းဖြစ်ဝိုင်းကို ၎င်းတို့သာပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုခြင်းမှာ စွဲဆိုခွင့်မရှိဘဲ စွဲဆိုခြင်းဖြစ်သည့်အတွက် အခြားပူးတွဲပိုင်ရှင်များကို ဆန့်ကျင်လက်ရှိထားသည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း၊ သို့ပါ၍ စည်းကမ်းသတ်ကာလကို ၁၉၈၃ ခုနှစ်မှ စတင်ရေတွက်ခြင်းသည် မှန်ကန်မှုမရှိပါကြောင်း၊ ဒေါ်ခင်ခင်ကြီးသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံသို့ ၂၀၁၄ ခုနှစ်ထိ ငှားရမ်းခပြေစာများပေးဆောင်ခဲ့ပါကြောင်း၊ အချင်းဖြစ်ဝိုင်းမြေတွင်းရှိ ဒေါ်ခင်ခင်ကြီး၏နေအိမ်မှာလည်း ဦးသန်းထွန်းက ဖျက်ဆီးခဲ့သည့် ၂၈-၈-၂၀၁၃ ရက်နေ့ထိ တည်ရှိခဲ့သည့်အတွက် ဦးသန်းထွန်းသည် ၁၉၈၃ ခုနှစ်ကပင်

၂။ ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၃၅

အချင်းဖြစ်ဝိုင်းမြေတွင် ၎င်းတစ်ဦးတည်း ဆန့်ကျင်လက်ရှိထားခြင်းမဟုတ်ပါကြောင်း တင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက ဦးပိုင်မှတ်ပုံတင်စာအုပ် (၁ - က) အရ အခွန်စည်းကြပ်ခံရသူမှာ ဦးသန်းထွန်းဖြစ်ကြောင်းနှင့် ဦးသန်းထွန်းသည် မြေကွက်ကြီးတစ်ခုလုံးအား မိမိအမည်ပေါက်ရအောင် ဆောင်ရွက်ခဲ့၍ ဒေါ်မြမြတို့အား ဆန့်ကျင်လက်ရှိထားခြင်းထင်ရှားကြောင်း၊ ဦးသန်းထွန်းသည် မိတ္ထီလာ၌ပြန်လည်နေထိုင်သည့် ၁၉၇၈ ခုနှစ်မှစ၍ အချင်းဖြစ်မြေကွက်ကို မိမိပိုင်ပစ္စည်းအဖြစ် လက်ရှိထားခဲ့ပြီး ဒေါ်မြမြမိသားစု၏ပစ္စည်းများကို ဆန့်ကျင်လက်ရှိထားခဲ့ကြောင်း၊ ၁၉၈၃ ခုနှစ်တွင် အယူခံတရားလိုများ၏ပိုင်ရေးပိုင်ခွင့်ကို ဆန့်ကျင်တရားစွဲဆိုခဲ့ပြီးနောက် ယခုချိန်ထိ ပူးတွဲပိုင်ပစ္စည်းကို ဆန့်ကျင်လက်ရှိထားသုံးစွဲနေသည်ဟု ပေါ်ပေါက်ကြောင်း၊ ၁၉၈၃ ခုနှစ်တွင် ဦးသန်းထွန်းက အယူခံတရားလိုများကို အတိအလင်းဆန့်ကျင်တရားစွဲဆိုပြီး အချင်းဖြစ်မြေကွက်ကိုလက်ရှိထားခဲ့ရာ အယူခံတရားလိုများက ယခုအမှုကို ၂-၆-၂၀၁၄ ရက်တွင်မှ စွဲဆိုရာ ၃၁ နှစ်ကြာမှ စွဲဆိုခြင်းဖြစ်၍ စည်းကမ်းသတ်ကာလ ၁၂ နှစ်ထက်များစွာကျော်လွန်မှစွဲဆိုခြင်းဖြစ်ကြောင်း တင်ပြသည်။

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်)
ပါ - ၇

နှင့်

ဦးသန်းထွန်း

မိတ္ထီလာမြို့နယ်တရားရုံး၊ ၁၉၇၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၇ ၏ ဆိုလွှာ သက်သေခံ ခ၊ ဦးတိုင်း၊ ဦးအေးတို့၏ ထွက်ဆိုချက် သက်သေခံ ခ - ၁ နှင့် ခ - ၂ တို့အရ အချင်းဖြစ် ဝိုင်းမြေ၏မူလပိုင်ရှင်မှာ ရဲဝန်ထောက်ဟောင်းဦးထွန်းလှအောင် ဖြစ်ပြီး ၎င်းထံမှ ဦးတိုင်းနှင့် ဦးအေးတို့ ညီအစ်ကိုနှစ်ဦးက ၁၉၄၆ ခုနှစ်တွင် ငွေကျပ် ၁၃၀၀ ဖြင့် ဝယ်ယူ၍ အသီးသီးအိမ်ဆောက် လုပ်နေထိုင်ခဲ့ကြသည်။ သက်သေခံ င မြေစာရင်းပုံစံ ၁၀၅ အရ ၁၉၆၄ - ၆၅ ခုနှစ်တွင် ဦးတိုင်းနှင့် ဦးအေးအမည်ပေါက်ခဲ့သည်။ သက်သေခံ ၂ - ခ အရ ၁၉၉၆ - ၁၉၉၇ ခုနှစ်မှ ယနေ့လက်ရှိ ကာလထိဦးသန်းထွန်းအမည်ပေါက်လျက်ရှိသော်လည်း ဦးတိုင်း နှင့်ဦးသန်းထွန်း၏ဖခင် ဦးအေးတို့သည် အချင်းဖြစ်မြေကို ခွဲဝေ ပြီးကြောင်းသော်လည်းကောင်း၊ အရောင်းအဝယ်ပြုခဲ့ကြောင်း သော်လည်းကောင်း မတွေ့ရှိရပေ။

မူလရုံးတရားလိုများသည် ဦးတိုင်းကိုဆက်ခံသူများဖြစ် ပြီး မူလရုံးတရားပြိုင် ဦးသန်းထွန်းသည် ဦးအေးကို ဆက်ခံသူ ဖြစ်၍ တရားလိုများနှင့်တရားပြိုင်တို့သည် အချင်းဖြစ်မြေ၏ ပူးတွဲပိုင်ရှင်များ ဖြစ်ကြသည်။

တရားပြိုင်ဦးသန်းထွန်း၏မိခင်ဒေါ်ငယ်နှင့် ဦးသန်းထွန်း

တို့က ဦးတိုင်း၏သားသမီးများဖြစ်သော ဒေါ်ခင်ခင်ကြီး ပါ ၆ ဦးအပေါ် မန္တလေးတိုင်းတရားရုံး၊ ၁၉၈၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၃၁ (မိတ္ထီလာ) တွင် အချင်းဖြစ်မြေကို တရားလိုပိုင် ကြောင်း ကြေငြာပြဋ္ဌာန်းပေးစေလိုမှုစွဲဆိုခဲ့ရာ ယင်းအမှု၏ စီရင် ချက်တာဝန်ခံမိတ္တူမှန်သက်သေခံ က အရ အချင်းဖြစ်မြေတွင် ဦးတိုင်းနေထိုင်သည့်အိမ်ရှိခဲ့ပြီး ဒေါ်ခင်ခင်ကြီးသည် အချင်းဖြစ် မြေပေါ်တွင် နေအိမ်ဆောက်လုပ်နေထိုင်ခဲ့ကြောင်း တွေ့ရှိရ သည်။

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

မိတ္ထီလာမြို့နယ်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၅ ဖြင့် ဦးသန်းထွန်းက အချင်းဖြစ်မြေပေါ်တွင် နေထိုင်သူ ဒေါ်ကေသီလှိုင်၊ ဒေါ်လှလှမြင့်တို့အပေါ် နှင်လိုမှုစွဲဆို ခဲ့ရာတွင် တရားပြိုင်များက ဒေါ်ခင်ခင်ကြီး၏ခွင့်ပြုချက်ဖြင့် အချင်းဖြစ်ဝိုင်းမြေပေါ်ရှိနေအိမ်တွင် နေထိုင်ခဲ့ကြောင်း ထုချေခဲ့ သည်။ တရားလိုဦးသန်းထွန်းက အချင်းဖြစ်အိမ်သည် မူလက ဒေါ်ခင်ခင်ကြီး၏နေအိမ်ဖြစ်ကြောင်း၊ အဆိုပါအိမ်ကို ၎င်းက အဖိုးငွေ ၄၀၀ ကျပ်ဖြင့်ဝယ်ထားခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ သည်ကို တွေ့ရသည်။

သက်သေခံ ဂ - ၁ မြေစာရင်းပုံစံ ၁၀၅ တွင် ဦးဘကြည်၊

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

ဒေါ်ခင်ခင်ကြီးအမည်ဖြင့် ဦးပိုင်အမှတ် ၂/ ၁၄၀၊ မြေကွက်အမှတ် ၅/၄၂၂၊ ဧရိယာ ဝ.၂ဝ ဧကဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ယင်းမြေအတွက် ဗကဘကြည် (ဒေါ်ခင်ခင်ကြီး၏ခင်ပွန်း) အမည်ဖြင့် ၂၀၁၃- ၂၀၁၄ ခုနှစ် စည်ပင်သာယာခွန် ပေးဆောင်ထားသည်ကို တွေ့ရသည်။ တရားလိုများဘက်မှ ဒေါ်ခင်ခင်ကြီး၏ နေအိမ်ဟု အဆိုပြုပြီး ဦးသန်းထွန်းက ဒေါ်ခင်ခင်ကြီးထံမှ ငှား‌ဝယ်ထားသည်ဟုဆိုသောအိမ်ကို ၂၈-၈-၂၀၁၃ ရက်နေ့တွင် ဦးသန်းထွန်းက ဖျက်ပစ်ခဲ့သည်ဖြစ်၍ ယင်းနေ့မတိုင်မီတွင် အချင်းဖြစ်မြေကို ဦးသန်းထွန်းတစ်ဦးတည်းသာ လက်ရှိထားနေထိုင်ခဲ့ခြင်းမဟုတ်ကြောင်း တွေ့ရှိရသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၄ ၌ ဤဇယားတွင် အခြားနည်းအထူးပြဋ္ဌာန်းလျက်မပါရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကိုဖြစ်စေ၊ ထိုပစ္စည်းရှိ အကျိုးခံစားခွင့်ကိုဖြစ်စေ ရလိုမှုတွင် တရားပြိုင်၏လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့်ဆန့်ကျင်လာသည့် အခါကစ၍ တစ်ဆယ့်နှစ်နှစ်အတွင်း စွဲဆိုရမည်ဟု ဖော်ပြထားသည်။

ပူးတွဲပိုင်ရှင်တစ်ဦးသည် မြေကို အနှစ် ၃၀ ကျော် ၄၀ နီးပါး တစ်ဦးတည်းလက်ရှိထားခဲ့ပြီး ထိုကာလအတွင်း ထိုပစ္စည်း

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

မှဖြစ်ထွန်းလာသော အကျိုးအမြတ်များကို တစ်ဦးတည်းခံစား၍ မြေခွန်လည်းပေးဆောင်ခဲ့သည်။ ၎င်းသည် တစ်ဦးတည်းသော ပိုင်ရှင်အဖြစ်လက်ရှိထားကြောင်း၊ အခြားပူးတွဲပိုင်ဆိုင်သူကို ဆန့်ကျင်ကြောင်း မှတ်ယူရန်ဖြစ်သည်ဟု **မောင်လှဖေ နှင့် မန်နီကာ အမှု** [၃] တွင်ထုံးဖွဲ့သည်။ ယခုအမှုတွင် ဦးသန်းထွန်းသည် အချင်းဖြစ်မြေကို ၎င်းတစ်ဦးတည်း လက်ရှိထားခဲ့ခြင်း မဟုတ်ကြောင်း ပေါ်ပေါက်သည်ဖြစ်၍ ကျန်ပူးတွဲပိုင်ဆိုင်သူများကို ဆန့်ကျင်လက်ရှိထားသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ပူးတွဲပိုင်ဆိုင်သူတစ်ဦးသည် အခြားပူးတွဲပိုင်ဆိုင်သူများအပေါ် ပူးတွဲပိုင်ဆိုင်သည့်ပစ္စည်းမှာ မိမိပိုင်ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်ဖြစ်စေ၊ ပူးတွဲပိုင်ဆိုင်သူတို့အား ပူးတွဲပိုင်ဆိုင်သည့်ပစ္စည်းမှ နှင်ထုတ်ပေးရန်ဖြစ်စေစွဲဆိုခွင့်မရှိပေ။ **ဒေါ်မဲ့ကျောင်းမွန် နှင့် ဒေါ်နန်းပို ပါ ၃ အမှု** [၂] ကို ရည်ညွှန်းသည်။

တရားပြိုင် ဦးသန်းထွန်းနှင့် ၎င်း၏မိခင်ဒေါ်ငယ်တို့သည် ဦးတိုင်း၏ သားသမီးများအပေါ် အချင်းဖြစ်မြေသည် ၎င်းတို့ပိုင်ဆိုင်ကြောင်းကြေညာပေးရန် မိတ္ထီလာခရိုင်တရားရုံး

၃။ အေ၊ အိုင်၊ အာရ် ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ - ၁၄၁

တွင် ၁၉၈၃ ခုနှစ်က စွဲဆိုခဲ့ခြင်းမှာ ဒေါ်မဲ့ကျောင်းမွန်အမှုပါ လမ်းညွှန်ချက်အရ စွဲဆိုပိုင်ခွင့်မရှိဘဲ စွဲဆိုခြင်းဖြစ်ပြီး ၎င်းတို့ စွဲဆိုသောအမှုမှာလည်း ပလပ်ခံရသည်ဖြစ်၍ ဦးတိုင်းနှင့် ဦးအေးတို့၏ ပူးတွဲပိုင်ဆိုင်မှုသည် ပျက်ပြယ်ခြင်းမရှိ၊ ဆက်လက် တည်ရှိနေမည်သာဖြစ်သည်။

ဥပဒေအမြင်တွင် ပူးတွဲပိုင်ရှင်တစ်ဦး၏လက်ရှိထားခြင်း သည် ကျန်ပူးတွဲပိုင်ရှင်တစ်ဦး၏ကိုယ်စား လက်ရှိထားခြင်းဖြစ် သည်။ ယခုအမှုတွင် ဦးသန်းထွန်းသည် အချင်းဖြစ်မြေကို တစ်ဦးတည်းပိုင်ရှင်အဖြစ် ကျန်ပူးတွဲပိုင်ဆိုင်သူများကို ဆန့်ကျင် လက်ရှိထားခဲ့ကြောင်းပေါ်ပေါက်မှုမရှိပေ။ ဦးအေးနှင့် ဦးတိုင်း တို့၏ ပူးတွဲပိုင်ဆိုင်မှုသည် ဆက်လက်တည်ရှိနေသည်ဖြစ်၍ ဦးသန်းထွန်းက ဦးတိုင်း၏သားသမီးများအပေါ် အချင်းဖြစ်မြေ ကိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်စွဲဆိုသဖြင့် ထိုအချိန် မှစပြီး အချင်းဖြစ်မြေကို ဦးသန်းထွန်းက ဦးတိုင်း၏သားသမီး များအပေါ် ဆန့်ကျင်လက်ရှိထားရာရောက်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ပစ္စည်းခွဲဝေပေးစေလိုမှုနှင့်ပတ်သက်၍ **မရှမ်း ပါ ၅ နှင့် ဦးသန်းမြင့် အမှု** [၁] ၌ "ပစ္စည်းခွဲဝေပေးစေလိုမှုတွင် ပေါ်ပေါက်

သော တရားစွဲဆိုရန်အချင်းဖြစ်အကြောင်းအရာသည် ထပ်တလဲလဲ ပေါ်ပေါက်သည်ဖြစ်၍ ပစ္စည်းခွဲမပေးသရွေ့ကာလပတ်လုံး တရားစွဲဆိုရန် နေ့စဉ်နှင့်အမျှ အကြောင်းပေါ်ပေါက်နေမည် သာဖြစ်သည်။ ထို့ကြောင့်ပင် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားတွင် ပစ္စည်းခွဲဝေပေးစေလိုမှုအတွက် စည်းကမ်းသတ်ကာလနှင့်ပတ်သက်၍ သီးခြားပြဋ္ဌာန်းမဖော်ပြခဲ့ခြင်းဖြစ်သည်" ဟု လမ်းညွှန်ခဲ့သည်။

ပူးတွဲပိုင်သူတစ်ဦးက အခြားပူးတွဲပိုင်သူများ၏ ပိုင်ရေးပိုင်ခွင့်ကို ဆန့်ကျင်လက်ရှိထားသည့်အခါကစ၍ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအပိုဒ် ၁၄၄ အရ ၁၂ နှစ်အတွင်း ပူးတွဲပိုင်ပစ္စည်းကို ခွဲဝေပေးရန် စွဲဆိုရမည်ဆိုသော အချက်သည် သက်ဆိုင်ရာအမှုတွင် ပေါ်ပေါက်သည့်အချက်များ အပေါ်တွင်သာ တည်မှီမည်ဖြစ်ပေသည်။

သို့ဖြစ်၍ ပစ္စည်းခွဲဝေပေးစေလိုမှုတွင် ပစ္စည်းခွဲဝေခြင်း မပြုရသေးသရွေ့ တရားစွဲဆိုရန်အကြောင်းသည် နေ့စဉ်ပေါ်ပေါက်သဖြင့် ၁၉၈၃ ခုနှစ်တွင် တရားပြိုင်က တရားလိုများအပေါ် အမှုစွဲဆိုခြင်းရှိခဲ့သည့်တိုင် ကာလစည်းကမ်းသတ်ပြဿနာ ရှိမည်မဟုတ်ကြောင်း မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၉ ခုနှစ်

ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇

နှင့်

ဦးသန်းထွန်း

က သုံးသပ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အချင်းဖြစ် ဦးပိုင်အမှတ် ၂/ ၁၄၀ မြေကွက်သည် ယခင်က ဧရိယာ ၂.၀၉ ဧက ဖြစ်သော်လည်း ၁၉၆၅ ခုနှစ်တွင် အချင်းဖြစ်မြေကွက်အား အေ၊ အာ၊ ဒီ၊ စီရုံး (ဝါလုပ်ငန်း) မှ ၀. ၄၂ ဧကကို ဝင်းခြံခတ်၍ ယူသွားခြင်း၊ တရားပြိုင် ဦးသန်းထွန်းက ၎င်း၏သမီး ဒေါ်ချိုမာထွန်းအား ယင်းမြေကွက်ထဲမှ ၀. ၃၀ ဧကကို ခွဲထုတ်ပေးခဲ့ခြင်းတို့အရ တရားပြိုင်ဦးသန်းထွန်း၏လက်ဝယ်၌ မြေဧရိယာသည် ၁.၃၇ ဧကသာကျန်ရှိသဖြင့် တရားလိုများသည် မိတ္ထီလာမြို့ ကွင်းအမှတ် ၇၄၂၊ မုံပင်ကွင်း၊ ဦးပိုင်အမှတ် ၂/၁၄၀၊ မြေကွက် အမှတ် ၅၊ ၅/ ၄၁၈၊ ၅/၄၁၉၊ ဧရိယာ ၁.၃၇ ဧကရှိ ဝိုင်းမြေ၏တစ်ဝက်ကို ခွဲဝေရထိုက်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်မှ ပဏာမဒီကရီချမှတ်ခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိပေ။

သို့အတွက် ကြားနာခဲ့သည့် ပြဿနာများအပေါ် အောက်ပါအတိုင်း ဖြေဆိုလိုက်သည် -

(၁) ပူးတွဲပိုင်ဆိုင်သောမြေတွင် ပူးတွဲပိုင်သူတစ်ဦးက အခြားပူးတွဲပိုင်သူများ၏ ပိုင်ရေးပိုင်ခွင့်ကို

ဆန့်ကျင်တရားစွဲဆိုပိုင်ခွင့်မရှိသဖြင့် ဆန့်ကျင်တရားစွဲဆိုခဲ့သည့်အခါကစ၍ ပူးတွဲပိုင်ပစ္စည်းကို ဆန့်ကျင်လက်ရှိထားရာမရောက်ကြောင်း။

(၂) ပူးတွဲပိုင်သူတစ်ဦးက အခြားပူးတွဲပိုင်သူများ၏ ပိုင်ရေးပိုင်ခွင့်ကို ဆန့်ကျင်လက်ရှိထားသည့် အခါကစ၍ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၄ အရ ၁၂ နှစ်အတွင်း ပူးတွဲ ပိုင်ပစ္စည်းကိုခွဲဝေပေးရန် စွဲဆိုရမည်ဆိုသောအချက်သည် ယခုအမှုတွင် မှန်ကန်ခြင်း မရှိကြောင်း။

(၃) မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့်ဒီကရီသည် မှန်ကန်ခြင်း မရှိကြောင်း။

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကိုခွင့်ပြုသည်။ မိတ္ထီလာခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီနှင့် ယင်းစီရင်ချက်နှင့်ဒီကရီကိုအတည်ပြုခဲ့သော ပြည်ထောင်စုတရားလွှတ်တော်

၂၀၁၉ ခုနှစ်
ဒေါ်မြမြ (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၆၊ ၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) ပါ - ၇
နှင့်
ဦးသန်းထွန်း

ချုပ်၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုသည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀ သတ်မှတ်သည်။

+၂၀၁၉ ခုနှစ်

ဒီဇင်ဘာလ ၁၀ ရက်

**တရားမပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

**ဦးသာဋ္ဌေး ရှေ့တွင်**

**မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော**

**ကုမ္ပဏီလီမိတက်**

**(၎င်းအတွက် ဦးခင်မောင်ဝင်းချို တွဲဖက်အတွင်းရေးမှူး)**

**နှင့်**

**ဦးအောင်မျိုးလတ် ***

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ စွဲဆိုသောအမှုများတွင် ကန့်ကွက်သူရှိပါက လိုက်နာဆောင်ရွက်ရန်နည်းလမ်း။**

**ဆုံးဖြတ်ချက်။** မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ စွဲဆိုမှုများတွင်ကန့်ကွက်သူရှိပါက မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၈၁ အရ စွဲဆိုသည့်မှုခင်းအဖြစ် ပြောင်းလဲစစ်ဆေးရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိချေ။

* ၂၀၁၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၅၀

\+ ၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၄ တွင်ချမှတ်သော ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်အပေါ် တင်သွင်းသောပြင်ဆင်မှု

၂၀၁၉ ခုနှစ်

မြိတ်အနာဂတ်ဖွံ့ဖြိုး
တိုးတက်ရေးအများနှင့်
သက်ဆိုင်သော
ကုမ္ပဏီလီမိတက်
(၎င်းအတွက်
ဦးခင်မောင်ဝင်းချို၊
တွဲဖက်အတွင်းရေးမှူး)
နှင့်
ဦးအောင်မျိုးလတ်

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်က အမှုကို နှစ်ဖက်သက်သေခံချက်ရယူဆုံးဖြတ်ရန် ညွှန်ကြားလိုက်ခြင်းမှာ မှားယွင်းခြင်းမရှိသော်လည်း စွဲဆိုသည့်မှုခင်းအဖြစ် ပြောင်းလဲစစ်ဆေးရန်မဟုတ်ပေ။ မူလလျှောက်ထားသော တရားမအထွေထွေမှုတွင်ပင် လျှောက်ထားသူ၊ ကန့်ကွက်သူနှင့် ၎င်းတို့က တင်ပြသော သက်သေများကိုစစ်ဆေးပြီးမှ အမိန့်တစ်စုံတစ်ရာချမှတ်ရန်ဖြစ်သည်။

လျှောက်ထားသူအတွက် - ဦးမြင့်ဋ္ဌေး၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဦးနိုင်လင်းဇော်။
တရားလွှတ်တော်ရှေ့နေ

မြိတ်ခရိုင်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၃ တွင် လျှောက်ထားသူ မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Myeik Future Development Public Co. Ltd,) အတွက် ဦးခင်မောင်ဝင်းချို (တွဲဖက်အတွင်းရေးမှူး) က မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၈၁ အရ ခြွင်းချက်ပေးလျက် ကင်းလွှတ်ခွင့်ပြုရန်

လျှောက်ထားရာ ခွင့်ပြုကြောင်း အမိန့်ချမှတ်သည်။ ထိုအမိန့်ကို ကန့်ကွက်သူ ဦးအောင်မျိုးလတ်က မကျေနပ်၍ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၄ ဖြင့် တက်ရောက်ရာ မြိတ်ခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်ပြီး မြိတ်ခရိုင်တရားရုံးက ဤအမှုကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၈၁ အရ စွဲဆိုသည့်မှုခင်းအဖြစ် ပြောင်းလဲစစ်ဆေး၍ နှစ်ဖက်သက်သေခံချက်ရယူဆုံးဖြတ်ရန် ညွှန်ကြားလိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ပြင်ဆင်မှုလျှောက်ထားသူ မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (၎င်းအတွက် ဦးခင်မောင်ဝင်းချို၊ တွဲဖက်အတွင်းရေးမှူး) က ကျေနပ်မှုမရှိသဖြင့် ဤတရားမပြင်ဆင်မှုကို တင်သွင်းသည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက မြိတ်ခရိုင်တရားရုံးက ပုဒ်မ ၂၈၁ (၁) ပြဋ္ဌာန်းချက်အရ စည်းကမ်းချက်တစ်စုံတစ်ရာမပါဘဲ ကင်းလွတ်ခွင့်ပြုခဲ့သဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ (ခ) အရ ခရိုင်တရားရုံးက အပ်နှင်း ထားသည့် စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရန် ပျက်ကွက်ခဲ့ကြောင်း ထင်မြင်ယူဆလျှင် တိုင်းဒေသကြီးတရားလွှတ်တော်က မူလရုံး

၂၀၁၉ ခုနှစ်

မြိတ်အနာဂတ်ဖွံ့ဖြိုး
တိုးတက်ရေးအများနှင့်
သက်ဆိုင်သော
ကုမ္ပဏီလီမိတက်
(၎င်းအတွက်
ဦးခင်မောင်ဝင်းချို
တွဲဖက်အတွင်းရေးမှူး)
နှင့်
ဦးအောင်မျိုးလတ်

အမိန့်တွင် စည်းကမ်းချက်တစ်စုံတစ်ရာထည့်သွင်း၍ ပြင်ဆင်ပေးနိုင်သည့် အခွင့်အာဏာရှိသော်လည်း ယင်းသို့ဆောင်ရွက်ခြင်းမပြုဘဲ ခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းသည် မှားယွင်းကြောင်း၊ ဦးအောင်မျိုးလတ်၏ ကန့်ကွက်စာတွင် ဒါရိုက်တာ (၁၁) ဦးစာရင်းကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရမည့်အစား ဒါရိုက်တာ (၂၈) ဦး၊ တစ်ဖန်ဒါရိုက်တာအဖွဲ့ဝင် (၃၃) ဦးအမည်ကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့တင်ပြခဲ့ကြောင်း ဖော်ပြထားခြင်းမရှိဘဲ တိုင်းဒေသကြီးတရားလွှတ်တော်က စီရင်ချက်တွင် ထည့်သွင်းသုံးသပ်ခဲ့ခြင်းမှာ မြိတ်ခရိုင်တရားရုံး၊ ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ ကို ကြိုတင်အဆုံးအဖြတ်ပြုရာ ရောက်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို ပယ်ဖျက်ပြီး မြိတ်ခရိုင်တရားရုံး၏အမိန့်တွင် စည်းကမ်းချက်တစ်စုံတစ်ရာ သတ်မှတ်ဖြည့်စွက်၍ ပြင်ဆင်ချက်ဖြင့် ပြန်လည်အတည်ပြု သည့်အမိန့်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ တရားလွှတ်တော်ရှေ့နေက ပုဒ်မ ၂၈၁ အရ ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားသည့်အမှုတွင် လျှောက်ထားပိုင်ခွင့်ရှိသည့် ဒါရိုက်တာအဖွဲ့ (တာဝန်ရှိသည့်

ခန့်ထားသည့်ဒါရိုက်တာများ) ဟုတ် မဟုတ်နှင့်လည်းကောင်း၊ သဘောရိုးဖြင့် ဆောင်ရွက်ခြင်း ဟုတ် မဟုတ်နှင့်လည်းကောင်း ပေါ့လျော့မှု၊ ပျက်ကွက်မှုရှိကြောင်းဖြင့် လည်းကောင်း အကြောင်းခြင်းရာတို့နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ပေါ်ပေါက်သည်ဖြစ်ရာ အဆိုပါပုဂ္ဂိုလ်အား ခန့်ထားခြင်း၊ မျှတစွာခွင့်လွှတ်သင့် မသင့်ကို နှစ်ဖက်သက်သေခံချက်များ ရယူဆောင်ရွက်သင့်သည်ဖြစ်၍ ပုဒ်မ ၂၈၁ အရ စွဲဆိုသည့်မှုခင်းအဖြစ် ပြောင်းလဲစေသည့်အမိန့်မှာ မှားယွင်းမှုမရှိကြောင်း ပြင်ဆင်မှုအား ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

မြိတ်ခရိုင်တရားရုံးက မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်သည် သက်သေခံ (က) အရ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ခွင့်ပြုထားသော ကုမ္ပဏီဖြစ်ကြောင်း၊ ဦးခင်မောင်ဝင်းချိုသည် သက်သေခံ (စ) ညွှန်ကြားချက်အရ ထိုစဉ်က တည်ရှိနေသည့် ဥပဒေနှင့်အညီ ကင်းလွတ်ခွင့်လျှောက်ထားခြင်းဖြစ်သည်ဟု ပေါ်ပေါက်ကြောင်း၊ ဦးခင်မောင်ဝင်းချိုက ကုမ္ပဏီ၏နှစ်ပတ်လည်အစည်းအဝေးကို သတ်မှတ်ရက်ထက်ကျော်လွန်ပြီးမှ ကျင်းပရခြင်းမှာ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တို့သည် ကုမ္ပဏီလုပ်ငန်းများ

တိုးချဲ့ရေးအတွက် အားသွန်ခွန်စိုက်လုပ်ကိုင်နေရာ ခရီးလွန်ခြင်း၊ အလုပ်မအားခြင်း၊ ကုမ္ပဏီ၏စာရင်းစစ်လုပ်ငန်းများ နှောင့်နှေးကြန့်ကြာခြင်းတို့ကြောင့် ဒုတိယအကြိမ်နှစ်ပတ်လည် အစည်းအဝေးကို ပုံမှန်ကျင်းပသည်ထက် သဘောရိုးဖြင့် ပြက္ခဒိန်နှစ်လွန်ခဲ့ရခြင်းဖြစ်ကြောင်း၊ နောက်နောင်လည်း ယခုကဲ့သို့ ပျက်ကွက်မှုမဖြစ်စေရန် သဘောရိုးဖြင့်တာဝန်ယူကြောင်း ကျမ်းကျိန်လွှာဖြင့် တင်ပြထွက်ဆိုသည်ကို တွေ့ရကြောင်း၊ ဦးခင်မောင်ဝင်းချို၏ လျှောက်ထားချက်သည် ၎င်းလျှောက်ထားစဉ်က တည်ဆဲဥပဒေဖြစ်သည့် ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၈၁ (၁) အရနှင့် အညီဖြစ်ပြီး ယခုလက်ရှိအချိန် တည်ဆဲဥပဒေဖြစ်သည့် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၄၃၅ (က) အရလည်း အချို့သောမှုခင်းကိစ္စများအတွက် တရားရုံးက သက်သာခွင့်ပေးအပ်နိုင်သည့် အခွင့်အာဏာရှိကြောင်း ပြဋ္ဌာန်းချက်နှင့်အလားတူကြောင်း တွေ့ရကြောင်း၊ လျှောက်ထားသူ ဦးခင်မောင်ဝင်းချို၏ လျှောက်ထားမှုအပေါ် ကင်းလွတ်ခွင့်ပြုသည့်အမိန့်ချမှတ်ပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မှုမရှိဟု တွေ့ရှိကြောင်းသုံးသပ်ပြီး လျှောက်ထားသူ၏

၂၀၁၉ ခုနှစ်

မြိတ်အနာဂတ်ဖွံ့ဖြိုး
တိုးတက်ရေးအများနှင့်
သက်ဆိုင်သော
ကုမ္ပဏီလီမိတက်
(၎င်းအတွက်
ဦးခင်မောင်ဝင်းချို၊
တွဲဖက်အတွင်းရေးမှူး)
နှင့်
ဦးအောင်မျိုးလတ်

(Myeik Future Development Public Co. Ltd,) မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၇၆ (၁) အရ လိုက်နာရန် ပျက်ကွက်မှုအတွက် ယင်းဥပဒေပုဒ်မ ၂၈၁ (၁) အရ ကင်းလွတ်ခွင့်ပြုကြောင်း အမိန့်ချမှတ်သည်။

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်က မြိတ်ခရိုင်တရားရုံး၏ အမိန့်တွင် စည်းကမ်းသတ်တစ်စုံတစ်ရာမပါဘဲ ချမှတ်ထားသည်ကို တွေ့ရကြောင်း၊ ယင်းဥပဒေပုဒ်မ ၂၈၁ (၁) ၏ ပြဋ္ဌာန်းချက်အရဆိုလျှင် တရားရုံးသည် သင့်သည်ထင်မြင်ရာ စည်းကမ်းချက်ဖြင့် ကင်းလွတ်ခွင့် ပြုသည့်အမိန့်ချမှတ်ရမည်ဟု သုံးသပ်ရမှာဖြစ်ကြောင်း၊ သို့ဖြစ်ရာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၇၆ (၁) တွင် ကုမ္ပဏီ၏အထွေထွေအစည်းအဝေးကို ၎င်းကုမ္ပဏီဖွဲ့စည်းသည့် နေ့ရက်မှ (၁၈) လအတွင်း ပြုလုပ်ရမည့်အပြင် ၎င်းနောက်တွင် ယခင်အစည်းအဝေး ပြုလုပ်ပြီး နောက် (၁၅) လထက်မပိုစေဘဲ ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ကျအစည်းအဝေးပြုလုပ်ရန် ပြဋ္ဌာန်းထားချက်ကို ပျက်ကွက်သဖြင့် ယင်းဥပဒေပုဒ်မ ၂၈၁ အရ ခြွင်းချက်ဖြင့် ကင်းလွတ်ခွင့်ပြုရေး လျှောက်ထားခွင့်ရှိသော်

လည်း ပြင်ဆင်မှုလျှောက်ထားသူ (မူလရုံးကန့်ကွက်သူ) ၏ တင်ပြလျှောက်ထားချက်အရ ကုမ္ပဏီ၏ပထမအကြိမ်သင်းလုံးကျွတ်အစည်းအဝေး ဆုံးဖြတ်ချက်ပါ ဒါရိုက်တာ (၁၁) ဦး၏ စာရင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရမည့်အစား ဒါရိုက်တာအဖွဲ့ဝင် (၂၈) ဦး၊ တစ်ဖန် ဒါရိုက်တာအဖွဲ့ဝင် ၃၃ ဦး၏ အမည်စာရင်းကို ရင်းနှီးမြှုပ်မှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြခဲ့ကြောင်း ပေါ်ပေါက်နေ၍ မူလမြိတ်ခရိုင်ရုံးတွင် လျှောက်ထားသူ၏ လျှောက်ထားချက်၊ ကန့်ကွက်သူ၏ကန့်ကွက်ချက်တို့အပေါ်အခြေတည်၍ လျှောက်ထားသူ၏ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၈၁ အရစည်းကမ်းချက်ဖြင့် ခြွင်းချက်ပေးကင်းလွတ်ခွင့်ပေးရန် လျှောက်ထားချက်ကို ယင်းဥပဒေပုဒ်မ ၂၈၁ (၁) အရ စည်းကမ်းချက်တစ်စုံတစ်ရာမထားဘဲ ကင်းလွတ်ခွင့်ပြုခဲ့ခြင်းမှာ သင့်လျော်မှုမရှိကြောင်းတွေ့ရှိရသည်ဟုသုံးသပ်ပြီး မြိတ်ခရိုင်တရားရုံး၏အမိန့်ကိုပယ်ဖျက်ကာ မြိတ်ခရိုင်တရားရုံးက ဤအမှုကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၈၁ အရ စွဲဆိုသည့်မှုခင်းအဖြစ် ပြောင်းလဲစစ်ဆေး၍ နှစ်ဖက်သက်သေခံချက် ရယူဆုံးဖြတ်ရန် ညွှန်ကြားလိုက်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်

သည်။

မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ၅-၃-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ပေးရန်တာဝန်ကန့်သတ်ထားသော လီမိတက်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသောကုမ္ပဏီဖြစ်ကြောင်း သက်သေခံ (က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အရ တွေ့ရှိရသည်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၈၁ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

> " ယခုပုဒ်မနှင့် သက်ဆိုင်သူတစ်ဦးတစ်ယောက်အပေါ်တွင် ပေါ့လျော့လစ်လပ်မှု၊ ပျက်ကွက်မှု၊ အလုပ်ဝတ္တရားပျက်ကွက်မှု သို့မဟုတ် ယုံမှတ်အပ်နှံသည်ကို ဖောက်လွှဲဖောက်ပြန်ပြုလုပ်မှုနှင့် စွဲဆိုသည့် အမှုအခင်းတစ်စုံတစ်ရာတွင် တာဝန်ထိုက်သင့်သော်လည်း သို့မဟုတ် ထိုက်သင့်မည်ဖြစ်သော်လည်း ရိုးဖြောင့်သောသဘောနှင့် အကြောင်းအားလျော်စွာ ဆောင်ရွက်ကြောင်းဖြင့်လည်းကောင်း၊ ၎င်းသူ၏ ရာထူးနှင့်

စပ်လျဉ်းသည့် အကြောင်းခြင်းရာအားလုံးကို ထောက်ရှုဆင်ခြင်လျက် ၎င်းသူကို ပေါ့လျော့လစ်လပ်မှု၊ ပျက်ကွက်မှု၊ အလုပ်ဝတ္တရား ပျက်ကွက်မှု သို့မဟုတ် ယုံမှတ်အပ်နှံသည်ကို ဖောက်လွှဲဖောက်ပြန်ပြုလုပ်မှု အတွက် ပြစ်ဒဏ်မှ ကင်းလွတ်စေသင့်ကြောင်းဖြင့် လည်းကောင်း၊ ဆိုင်ရာအမှုကို ကြားနာစစ်ဆေးသည့် ရုံးတော်ကထင်မြင်လျှင် ထိုရုံးတော်မှာ ၎င်းသူကို သင့်သည်ထင်မြင်ရာ စည်းကမ်းအချက်များထား၍ ထိုက်သင့်ရာတာဝန်မှ လုံးလုံးဖြစ်စေ၊ အချို့အဝက်ဖြစ်စေ လွတ်ကင်းစေခွင့်ပြုနိုင်သည်။"

အမှုသည် မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်အတွက် တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဝင်းချိုက ကုမ္ပဏီ၏ ဒုတိယအကြိမ်နှစ်ပတ်လည် အစည်းအဝေးအား (၃) လနှင့် (၂၆) ရက်နောက်ကျပြီးမှ ကျင်းပခြင်းကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၈၁ အရ ခြွင်းချက်ပေးလျက် ကင်းလွတ်ခွင့်ပြုသောအမိန့် ချမှတ်ပေးပါရန် လျှောက်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၈၁ (၃) တွင်

ယခုပုဒ်မနှင့် သက်ဆိုင်သူတို့မှာ ဆိုလတ္တံ့သည့်သူတို့ဖြစ်သည် -

(က) ကုမ္ပဏီဆိုင်ရာ အအုပ်အချုပ်လူကြီးတို့

(ခ) x x x x x x

(ဂ) x x x x x x

(ဃ) x x x x x x

ဟု ဖော်ပြထားသည်။

ကုမ္ပဏီဒါရိုက်တာအမည်စာရင်းမှတ်တမ်းများနှင့် ကုမ္ပဏီမှမှတ်ပုံတင်သွင်းသည့် စာရွက်စာတမ်းများနှင့်ပတ်သက်သည့် ပုံစံ (၂၆) ပါ စာရွက်စာတမ်းသက်သေခံ (ဂ-၄) အရ ဦးခင်မောင်ဝင်းချိုသည် ကုမ္ပဏီ၏ဒါရိုက်တာဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ ဦးခင်မောင်ဝင်းချိုသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၈၁ (၁) နှင့် သက်ဆိုင်သူဖြစ်ပြီး ၎င်းအား သက်သာခွင့်ပေးရန် လျှောက်ထားခွင့်ရှိသူဖြစ်သည်။

မြိတ်ခရိုင်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၃ ၏ နေ့စဉ်မှတ်တမ်းအရ ၄-၆-၂၀၁၈ ရက်နေ့တွင်

၂၀၁၉ ခုနှစ်

မြိတ်အနာဂတ်ဖွံ့ဖြိုး
တိုးတက်ရေးအများနှင့်
သက်ဆိုင်သော
ကုမ္ပဏီလီမိတက်
(၎င်းအတွက်
ဦးခင်မောင်ဝင်းချို၊
တွဲဖက်အတွင်းရေးမှူး)
နှင့်
ဦးအောင်မျိုးလတ်

လျှောက်ထားသူ ဦးခင်မောင်ဝင်းချိုအား စစ်ဆေးပြီး အမိန့်ချမှတ်ရန် ၁၂-၆-၂၀၁၈ ရက်နေ့သို့ချိန်းဆိုခဲ့ကြောင်း၊ ၁၂-၆-၂၀၁၈ ရက်နေ့တွင် ဦးအောင်မျိုးလတ်က ကန့်ကွက်လွှာတင်ကြောင်း၊ ၄-၇-၂၀၁၈ ရက်နေ့တွင် နှစ်ဖက်လျှောက်လဲချက်တင်ပြပြီး ၆-၈-၂၀၁၈ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရသည်။

မြိတ်ခရိုင်တရားရုံးသည် လျှောက်ထားသူ၊ ကန့်ကွက်သူရှိနေသည့်အခြေအနေတွင် အမှုကို စစ်ဆေးကြားနာခြင်းမရှိဘဲ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် လျှောက်ထားသူအား မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၈၁ (၁) အရ ကင်းလွတ်ခွင့်ပြုကြောင်း အမိန့်ချမှတ်ခြင်းမှာ စည်းကမ်းချက်တစ်စုံတစ်ရာမပါရှိ၍ ဥပဒေနှင့်မညီညွတ်ကြောင်း ပေါ်ပေါက်သည်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ စွဲဆိုမှုများတွင် ကန့်ကွက်သူရှိပါက မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၈၁ အရ စွဲဆိုသည့်မှုခင်းအဖြစ်ပြောင်းလဲစစ်ဆေးရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်က အမှုကို

နှစ်ဖက်သက်သေခံချက် ရယူဆုံးဖြတ်ရန် ညွှန်ကြားလိုက်ခြင်းမှာ မှားယွင်းခြင်းမရှိသော်လည်း စွဲဆိုသည့်မှုခင်းအဖြစ် ပြောင်းလဲစစ်ဆေးရန် မဟုတ်ပေ။ မူလလျှောက်ထားသော တရားမအထွေထွေမှုတွင်ပင် လျှောက်ထားသူ၊ ကန့်ကွက်သူနှင့် ၎င်းတို့က တင်ပြသောသက်သေများကို စစ်ဆေးပြီးမှ အမိန့်တစ်စုံတစ်ရာ ချမှတ်ရန်ဖြစ်သည်။

ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်တွင် " စွဲဆိုသည့် မှုခင်းအဖြစ် ပြောင်းလဲစစ်ဆေးရန်" ဟူသောစာသားကို နုတ်ပယ်ပြီး အတည်ပြုသည်။

မူလခရိုင်တရားရုံးသည် အမှုကို မူလအထွေထွေမှုနံပါတ်ဖြင့် ပြန်လည်ဖွင့်လှစ်ပြီး စစ်ဆေးသွားရန် ညွှန်ကြားလိုက်သည်။

ဤတရားမပြင်ဆင်မှုကို စရိတ်နှင့်တကွပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀၀၀/- သတ်မှတ်သည်။

+၂၀၁၉ ခုနှစ်

ဩဂုတ်လ ၅ ရက်

**တရားမအထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးသာဌေး၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြပဟန်၊**

**ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည် နှင့် ဦးမျိုးဝင်း**

**တို့ရှေ့တွင်**

**ဒေါ်လှိုင်လှိုင်ဝင်း**

**နှင့်**

**ဦးလှထွေး ပါ ၃ ***

**လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ တရားလိုလက်ရှိထားသော လယ်ယာမြေအတွင်းသို့ ကျူးကျော်သူအား နှင်ထုတ်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** တရားပြိုင်များ အချင်းဖြစ်မြေပေါ်တွင် တဲစတင်ဆောက်စဉ်က တရားလိုသည် အချင်းဖြစ်မြေကို လယ်ယာ

---

* ၂၀၁၉ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၁

\+ ၂၀၁၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၄၆ တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု

မြေလုပ်ပိုင်ခွင့်ရရှိသူအဖြစ် လက်ရှိထားသူဖြစ်ကြောင်း ပေါ်ပေါက်သည်။ ယခုအမှုတွင် အချင်းဖြစ်မြေ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူမှာ တရားလိုဒေါ်လှိုင်လှိုင်ဝင်းသာဖြစ်သဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၉ (က) အရ ဒေါ်လှိုင်လှိုင်ဝင်းသာ အချင်းဖြစ်ယာမြေကို လက်ရှိထားပိုင်ခွင့်ရှိမည်ဖြစ်သည်။ တရားပြိုင်များသည် အချင်းဖြစ်မြေကို ရှေးဦးမဆွကပင် လက်ရှိထားခဲ့ကြောင်း ထင်ရှားမှုမရှိသည့်အပြင် တရားစွဲဆိုချိန်ထိ အချင်းဖြစ်မြေအား လက်ရှိထားပိုင်ခွင့်ရှိစေသော အထောက်အထားကိုလည်း တင်ပြနိုင်မှုမရှိသည့်အတွက် အချင်းဖြစ်မြေအတွင်း၌ တရားပြိုင်များ၏ တဲဆောက်လုပ်မှုသည် တရားလို၏ လက်ရှိထားသော မြေအတွင်းသို့ ဝင်ရောက်ကျူးကျော်တဲဆောက်လုပ်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၆-၃-၂၀၁၅ ရက်စွဲပါ သက်သေခံ (ဆ) စာအရ လူနေအိမ်ဆောက်လုပ်အသုံးပြုရန်အတွက် အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့သည်ဖြစ်သဖြင့် တရားလိုဒေါ်လှိုင်လှိုင်ဝင်းသည် တရားစွဲဆိုချိန်တွင် အချင်းဖြစ်မြေအားအခြားနည်းအသုံးပြုခွင့်ဖြင့် လက်ရှိထားပိုင်ခွင့်ရှိသူဖြစ်၍ တရားပြိုင်များ ကျူးကျော်ဆောက်လုပ်ထားသည့် သွပ်မိုးတဲအားဖျက်သိမ်းပြီး အချင်းဖြစ်မြေကို

၂၀၁၉ ခုနှစ်

ဒေါ်လှိုင်လှိုင်ဝင်း

နှင့်

ဦးလှထွေး ပါ - ၃

တရားလိုသို့ လက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ခဲ့သည့် သံတွဲခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီမှာ မှားယွင်းခြင်း မရှိပေ။

အယူခံတရားလိုအတွက် - ဦးဌေးဦး (စိန်ဂျွန်း)၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက်- ဒေါ်ဖြူဖြူဝင်း၊
တရားလွှတ်တော်ရှေ့နေ

သံတွဲခရိုင်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆ တွင် တရားလို ဒေါ်လှိုင်လှိုင်ဝင်းက တရားပြိုင် ဦးလှထွေး၊ ဒေါ်ဝဲစိန် နှင့် ငဇော် (ခ) ဇော်မင်းထိုက်တို့အပေါ် ကျူးကျော်၍ ဆောက်လုပ်ထားသော သွပ်မိုးတဲငယ်တစ်လုံးအား ဖျက်သိမ်း ပြီး ခြံမြေအတွင်းမှ ထွက်ခွာဖယ်ရှားပေးရန်နှင့် ကျူးကျော် ထားသည့်ခြံမြေကို တရားလိုသို့ လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုရာ တရားလိုတောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ ဒီကရီ ချမှတ်သည်။ ယင်းဒီကရီအပေါ် မူလရုံးတရားပြိုင်များက ရခိုင် ပြည်နယ်တရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၁၂ ဖြင့် အယူခံတင်သွင်းရာ အယူခံမှုကို

ခွင့်ပြုပြီး သံတွဲခရိုင်တရားရုံး၏ ဒီကရီကိုပယ်ဖျက်၍ မူလရုံး တရားလိုစွဲဆိုသောအမှုကို စရိတ်နှင့်တကွပလပ်သည်။ အဆိုပါ ဒီကရီအပေါ်မူလရုံး တရားလိုက ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ ၂၀၁၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၄၆ ဖြင့် အယူခံတင်သွင်းရာ အောင်မြင်မှုမရသဖြင့် အထူးအယူခံ ဝင်ခွင့်ရရန် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၉ အရ ၂၀၁၈ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၈၃ ကို တင်သွင်းရာ အောက်ပါပြဿနာအပေါ် ကြားနာရန် အလို့ငှါ အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

> " မူလသံတွဲခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး အမှုကိုပလပ်ခဲ့သည့် ရခိုင်ပြည်နယ် တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအပေါ် ဆက်လက်အတည်ပြုခဲ့သော ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ စီရင်ချက်နှင့်ဒီကရီသည် ဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ။ "

ဆိုလွှာတွင် တရားလိုသည် သံတွဲမြို့နယ်၊ ငပလီမြို့ရှိ Amazing Hotel တွင် အထွေထွေမန်နေဂျာရာထူးဖြင့်

အလုပ်လုပ်ကိုင်ခဲ့ကြောင်း၊ ပေလီမြို့၊ ဇီးဖြူကုန်းရပ်ကွက်ရှိ ကွင်းအမှတ် ၂၀၂၊ ဦးပိုင်အမှတ် (N- 20) မြေချိန် ဧရိယာ ၂.၀၀ ဧကရှိ မြေအား ၁၇-၉-၂၀၁၃ ရက်နေ့တွင် ဥယျာဉ်ခြံမြေ လွှဲပြောင်းခြင်း စာချုပ်ချုပ်ဆို၍ ဒေါ်ခင်သန်းဝင်းထံမှ လွှဲပြောင်းရယူခဲ့ပြီး အဆိုပါမြေ၏နယ်နိမိတ်အတွင်း ကွန်ကရစ်တိုင် ၆ တိုင်စိုက်ထူ၍ ကျွန်းပင် ၃၀၀ စမ်းသပ်စိုက်ပျိုးရာ အပင် ၃ ပုံ ၁ ပုံ သေသွားသဖြင့် အခြားနည်းအသုံးပြု၍ ရွှေ့ပြောင်းထားကာ မျိုးကောင်းမျိုးသန့်ကျွန်းပင် ၁၀၀၀ ထပ်မံစိုက်ပျိုးခဲ့ကြောင်း၊ ထို့နောက် ၂၁-၁၁-၂၀၁၃ နေ့တွင် သံတွဲမြို့နယ်မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးသော လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ရရှိခဲ့ကြောင်း၊ ကျွန်းပင် ၁၀၀၀ ထပ်မံစိုက်ပျိုးနေစဉ် တရားပြိုင်အမှတ် ၁ ဦးလှထွေးက ၁၀-၆-၂၀၁၄ ရက်စွဲပါစာဖြင့် ၎င်းအမည်ပေါက် ပိုင်ဆိုင်သော ဇီးဖြူကုန်းကျေးရွာ၊ ကွင်းအမှတ် ၂၀၂၊ ဦးပိုင်အမှတ် ၁၅၁၊ ဥယျာဉ်တောင်မြေ ၁.၅၀ ဧကတွင် Amazing Hotel မှ တာဝန်ခံဦးမြင့်ဦးနှင့် အပေါင်းအပါ ၅ ဦးတို့က ကျူးကျော်၍ ကျွန်းပင်များ ဝင်ရောက်စိုက်ပျိုးနေကြောင်းကို ဇီးဖြူကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ တိုင်ကြားခဲ့ကြောင်း၊ ဇီးဖြူကုန်းကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၂၁-၆-၂၀၁၄ ရက်နေ့

တွင် နှစ်ဖက်ခေါ်ယူညှိနှိုင်းပြီး ဦးပိုင်နှင့် မြေအမျိုးအစားကွဲလွဲခြင်းကြောင့် တိုင်စာအားပယ်ချခဲ့ကြောင်း၊ တရားပြိုင်များသည် အချင်းဖြစ်ခြံမြေတွင် လေးချောင်းထောက် တဲငယ်တစ်လုံး ကျူးကျော် ဆောက်လုပ်ကြောင်း၊ ၂၆-၆-၂၀၁၄ ရက်နေ့တွင် တရားလို၏ ဝန်ထမ်းမှသွားရောက်ကြည့်ရှုရာ ဝန်ထမ်းများအား ခြိမ်းခြောက်ခဲ့သဖြင့် ၁၀-၁-၂၀၁၅ ရက်နေ့တွင် ဂျိတ္တောရဲစခန်း၌ အမှုဖွင့်ခဲ့ရကြောင်း၊ သို့ရာတွင် တရားပြိုင်များသည် ဖယ်ရှားမပေးသည့်အပြင် တဲငယ်ကိုဖျက်ပြီး သွပ်မိုးတဲအိမ်အခိုင်အမာ ဆောက်လုပ်ကာ ဆက်လက်ကျူးကျော်နေခဲ့ကြောင်း၊ ကွန်းပင်စိုက်ပျိုးမှုမအောင်မြင်၍ ဥယျာဉ်မြေအား အခြားနည်းအသုံးပြုခွင့်လျှောက်ထားရာ ၂၆-၃-၂၀၁၅ ရက်နေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တရားလိုအမည်ပေါက် လူနေအိမ်ဆောက်လုပ် အသုံးပြုခွင့်အမိန့် ချမှတ်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ တရားပြိုင်များ ကျူးကျော်ဆောက်လုပ်ထားသော သွပ်မိုးတဲအိမ်ငယ်ကို ဖျက်သိမ်းပြီးဖယ်ရှား၍ အချင်းဖြစ်မြေအား တရားလိုသို့ လက်ရောက်ပေးအပ်စေသည့် အမိန့်ချမှတ်ပေးပါရန် အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်အမှတ် ၁ ဦးလှထွေး၏ဖခင် ဦးဖိုးထွန်း လက်ထက်ကပင် အချင်းဖြစ်ဥယျာဉ်မြေတွင် ဓါးမ

၂၀၁၉ ခုနှစ်
ဒေါ်လှိုင်လှိုင်ဝင်း
နှင့်
ဦးလှထွေး ပါ - ၃

ဦးချုလုပ်ကိုင်၍ သီးပင်စားပင်စိုက်ပျိုးခဲ့ကြောင်း၊ ဒေါ်ခင်သန်းဝင်းသည် အချင်းဖြစ်မြေနှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် မြေကိုလွှဲပြောင်းပေးပိုင်ခွင့်ရှိသူလည်း မဟုတ်ကြောင်း၊ အချင်းဖြစ်ဥယျာဉ်မြေအတွင်း တရားလိုကဝင်ရောက်ပြီး ကွန်ကရစ်တိုင်စိုက်ခြင်း၊ အပင်များစိုက်ခြင်းကြောင့် အုပ်ချုပ်ရေးမှူးထံကန့်ကွက်တိုင်ကြားခဲ့သော်လည်း နှစ်ဖက်ဆွေးနွေးမှုများ မရှိခဲ့ကြောင်း၊ ၁၉-၆-၂၀၁၄ ရက်နေ့တွင် အုပ်ချုပ်ရေးမှူးကတရားပြိုင်အမှတ် ၂ ဒေါ်ဝဲစိန်ကိုခေါ်ယူ၍ တရားပြိုင်များရရှိသည့် လယ်ယာမြေပုံစံ ၇ ကို သိမ်းယူခဲ့ကြောင်း၊ တရားပြိုင်များသည် ယခင်ဆောက်လုပ်ထားသည့်တဲကို ပြန်လည်ပြုပြင်ခြင်းသာဖြစ်ပြီး ကျူးကျော်ဝင်ရောက် တဲဆောက်ခြင်းမဟုတ်ကြောင်း၊ တရားလိုသည် Amazing Hotel တွင် တာဝန်ထမ်းဆောင်ရန် ရောက်ရှိသည့်အချိန်တွင်မှ အချင်းဖြစ်မြေနှင့်ပတ်သက်၍ စာရွက်စာတမ်းများရရှိအောင် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ တရားပြိုင်များသည် ပိုင်ရေးပိုင်ခွင့်အရ စဉ်ဆက်မပြတ် လုပ်ကိုင်နေထိုင်ကြခြင်းသာဖြစ်ပြီး ကျူးကျော်သူများမဟုတ်၍ တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ကြောင်း ချေပသည်။

သံတွဲခရိုင်တရားရုံးက အချင်းဖြစ်မြေသည် တရားပြိုင်အမှတ် ၁ ၏ ဖခင်ဦးဖိုးထွန်းလက်ထက်ကတည်းက တရားပြိုင်များမှ စဉ်ဆက်မပြတ် လုပ်ကိုင်ခဲ့သောမြေမဟုတ်ဘဲ တရားလိုလုပ်ပိုင်ခွင့်ရသော ဥယျာဉ်မြေဖြစ်ကြောင်း၊ တရားပြိုင်များမှယင်းမြေထဲသို့ ကျူးကျော်ဝင်ရောက်၍ တဲငယ်ကို ဆောက်လုပ်ခဲ့ကြကြောင်း သုံးသပ်ပြီး တရားလိုတောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည်။

ရခိုင်ပြည်နယ်တရားလွှတ်တော်က အချင်းဖြစ် ဥယျာဉ်ခြံမြေသည် လယ်ယာမြေဥပဒေ ပုဒ်မ ၃ (က) ပါ ပြဋ္ဌာန်းချက်အရ လယ်ယာမြေတွင် အကျုံးဝင်ကြောင်း၊ သက်သေခံ (က) လယ်ယာခြံမြေလွှဲပြောင်းခြင်း နှစ်ဦး သဘောတူကတိစာချုပ်ကို ယင်းဥပဒေပုဒ်မ ၁၂ (ဂ) အရ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် အခွန်အခပေးဆောင်၍ မှတ်ပုံတင်ထားခြင်းမရှိသဖြင့် တရားလိုသည် အချင်းဖြစ်ဥယျာဉ်မြေ၏လုပ်ပိုင်ခွင့်ကို တရားဝင်ရရှိနိုင်မည်မဟုတ်ကြောင်း၊ ထို့ပြင် လယ်ယာမြေနည်းဥပဒေ ၂၄ (က) နှင့် (ခ) အရ စာချုပ်ချုပ်ဆိုသောနေ့မှ ရက်ပေါင်း ၁၂၀ အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ထားခြင်းမရှိကြောင်း၊ တရားလိုသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု

လက်မှတ်ပုံစံ - ၇ ရယူထားသည်ကို တွေ့ရကြောင်း၊ သက်သေခံ (ဆ - ၃) မြေစာရင်းပုံစံ ၁၀၅ တွင် တရားလိုအမည်ပေါက်ရုံမျှဖြင့် မြေ၏ပိုင်ရှင်ဟု မယူဆနိုင်ကြောင်း၊ တရားလိုနှင့် တရားပြိုင်များသည် ဥယျာဉ်မြေလုပ်ပိုင်ခွင့်ကို အချင်းဖြစ်မြေ တစ်ကွက်တည်းအပေါ် အငြင်းပွားလျက်ရှိရာ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုဒ်မ ၂၂ ပါအတိုင်း မူလမှုခင်းဖွင့်လှစ်၍ စစ်ဆေးကြားနာဆုံးဖြတ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုအမှုသည် တရားလိုနှင့်တရားပြိုင်များ၏ အမွေဆက်ခံခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စမဟုတ်ဘဲ ဥယျဉ်မြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြစ်သဖြင့် တရားရုံးက စီရင်ဆုံးဖြတ်ခွင့်မရှိကြောင်း သုံးသပ်၍ တရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရခိုင်ပြည်နယ်တရားလွှတ်တော်နှင့် တစ်သဘောတည်းသုံးသပ်ပြီး ရခိုင်ပြည်နယ်တရားလွှတ်တော်၏ဒီကရီကိုအတည်ပြုသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက အယူခံတရားပြိုင်များသည် အမွေဆိုင်မြေပေါ်တွင် ပိုင်ရေးပိုင်ခွင့်အရ လက်ရှိလုပ်ကိုင်နေသူများသာ ဖြစ်ပြီးကျူးကျော်သူများမဟုတ်ကြောင်း တင်ပြသည်။

၂၀၁၉ ခုနှစ်

ဒေါ်လှိုင်လှိုင်ဝင်း

နှင့်

ဦးလှထွေး ပါ - ၃

ဆိုလွှာအပိုဒ် ၃ အရ အချင်းဖြစ်မြေမှာ သံတွဲမြို့နယ်၊ ငပလီမြို့၊ ဇီးဖြူကုန်းရပ်ကွက်၊ ကွင်းအမှတ် ၂၀၂၊ ဦးပိုင်အမှတ် N- ၂၀၊ မြေချိန် ဧရိယာ ၂.၀၀ ဧကရှိမြေဖြစ်ပြီး အလားလေးရပ်မှာ အရှေ့ဘက်တွင် ဦးမျိုးရွှေ ဥယျာဉ်ခြံမြေ၊ အနောက်ဘက်တွင် စမ်းချောင်း၊ တောင်ဘက်တွင် မြက်ကုန်းနယ်၊ မြောက်ဘက်တွင်သံဒိုင်ကြီးမြက်ကုန်းနယ်ထိဟု တွေ့ရသည်။

တရားပြိုင်များက ချေလွှာတွင် အချင်းဖြစ်မြေနှင့် စပ်လျဉ်း၍ ကွင်းအမှတ်၊ ဦးပိုင်အမှတ်၊ ဧရိယာဖော်ပြခြင်း မရှိပေ။ ဆိုလွှာအပိုဒ် ၃ ပါ မြေမှာ တရားပြိုင်အမှတ် ၁ ၏ ဖခင် ဦးဖိုးထွန်း လက်ထက်ကပင် ဓါးမဦးချ လုပ်ကိုင်ခဲ့သောမြေဖြစ်ကြောင်း ချေပသည်။

တရားပြိုင်ဦးလှထွေးက ၎င်းလုပ်ကိုင်နေသော ဥယျာဉ်တောင်မြေအား ၂၀၁၃ ခုနှစ်တွင် ၎င်း၏အမည်ပေါက်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ ၇ လျှောက်ထားခဲ့ကြောင်း၊ ဒေါ်လှိုင်လှိုင်ဝင်းက ၎င်းအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ ၇ လျှောက်ထား၍ ၈-၁၁-၂၀၁၃ ရက်နေ့တွင် သက်သေခံ (၁) ကန့်ကွက်စာဖြင့် လယ်ယာမြေနှင့်ပတ်သက်သည့် အဖွဲ့အစည်းများသို့ ကန့်ကွက်လွှာပေးပို့ခဲ့ကြောင်း

ထုချေသော်လည်း သက်သေခံ (၁) တွင် ကွင်းအမှတ်၊ ဦးပိုင်အမှတ် ဖော်ပြခြင်းမရှိပေ။ ဦးလှထွေးက ဇီးဖြူကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ၁၀-၆-၂၀၁၄ ရက်စွဲဖြင့် တိုင်ကြားသည့် သက်သေခံ (ဂ) စာပါ တိုင်ကြားကန့်ကွက်သူနေရာပါ ရေးထိုးလက်မှတ်မှာ ၎င်း၏လက်မှတ်မှန်ကြောင်း ဦးလှထွေးက ဝန်ခံထွက်ဆိုထားသည်။ အဆိုပါစာ၌ "သံတွဲမြို့၊ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၀၂၊ ဦးပိုင်အမှတ် ၁၅၁၊ ဦးလှထွေးအမည်ပေါက် ဥယျာဉ်တောင်မြေ ၁.၅၀ ကေသည် ကျွန်တော်၏အမည်ပေါက်ပိုင်ဆိုင်လုပ်ကိုင် လက်မှတ်ရှိ ဥယျာဉ်တောင်မြေပါသဖြင့်" ဟုဖော်ပြထားပြီး ဦးလှထွေး၏ တိုင်စာပါကိစ္စကို ဇီးဖြူကုန်းကျေးရွာအုပ်စု၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပြန်လည်စိစစ်၍ သက်သေခံ (ဃ) ဖြင့် ဆုံးဖြတ်ခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းကျော်နှင့် ဦးသန်းမောင်တို့၏ ထွက်ဆိုချက်အရ ပေါ်ပေါက်သည်။ သက်သေခံ (ဃ) ဆုံးဖြတ်ချက်အရလည်း ဦးလှထွေး၏ တိုင်ကြားစာနှင့်အတူ တင်ပြသော လယ်ယာမြေပုံစံ ၇ မိတ္တူမှာ ဦးပိုင်အမှတ် ၁၅၁ လယ်ယာမြေဖြစ်သည်ကို တွေ့ရှိရသည်။

သို့အတွက်တရားပြိုင်များပိုင်ဆိုင်သည်ဟု တင်ပြသော

၂၀၁၉ ခုနှစ်

ဒေါ်လှိုင်လှိုင်ဝင်း

နှင့်

ဦးလှထွေး ပါ - ၃

ဦးပိုင်အမှတ်ရေိယာနှင့် တရားလိုတင်ပြသော ဦးပိုင်အမှတ်ရေိယာ ကွဲလွဲနေသည်ကို တွေ့ရသည့်အပြင် သံတွဲမြို့နယ်မြေစာရင်းရုံး ဝန်ထမ်း ဦးသန်းမောင်က အချင်းဖြစ်မြေမှာ ကွင်းအမှတ် ၂၀၂၊ ဦးပိုင်အမှတ် N - ၂၀၊ မြေချိန်ဧရိယာ ၂ ဧကရှိမြေဖြစ်ကြောင်း၊ ယခင်ကဒေါ်လှမြင့်အမည်ဖြင့် လုပ်ကိုင်ခွင့်ရကြောင်းလည်း ထွက်ဆိုထားသဖြင့် အချင်းဖြစ်မြေမှာ တရားပြိုင်အမှတ် ၁ ဦးလှထွေးအမည်ဖြင့် လယ်ယာမြေပုံစံ ၇ ရရှိခဲ့သည်ဆိုသော လယ်ယာမြေမဟုတ်ဘဲ တရားလိုအမည်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိထားသော ကွင်းအမှတ် ၂၀၂၊ ဇီးဖြူကုန်းကွင်း၊ ဦးပိုင်အမှတ် N -၂၀၊ မြေချိန်ဧရိယာ ၂.၀၀ ဧကရှိ မြေဖြစ်သည် ဟုသာ ပေါ်ပေါက်သည်။

တရားလိုပြသက်သေထွက်ချက်များအရ အချင်းဖြစ်မြေကို ဒေါ်လှိုင်လှိုင်ဝင်းက ဒေါ်ခင်သန်းဝင်းထံမှ ဝယ်ခဲ့ကြောင်းနှင့် ဒေါ်ခင်သန်းဝင်းက ဒေါ်လှမြင့်ထံမှဝယ်ခဲ့ကြောင်း တွေ့ရှိရသည်။ ဒေါ်လှမြင့်က ၎င်း၏ဖခင် ဦးလှထွန်း ခါးမဦးချလုပ်ခဲ့သော မြေဖြစ်ကြောင်း၊ အဘိုး ဦးဖိုးထွန်းနှင့် သက်ဆိုင်ခြင်း မရှိကြောင်း၊ ဦးဖိုးထွန်းတွင် လယ်နှင့်အိမ်ယာခြံမြေကျန်ရှိခဲ့ရာ လယ်ကိုရောင်းချခွဲဝေခဲ့ပြီး အိမ်ယာခြံမြေကို ၎င်း၏ဖခင်မှ

ငွေအမ်းယူခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

တရားပြိုင် ဦးလှထွေးက ၎င်းတို့၏မိသားစုတွင် အစ်မကြီးဒေါ်သိန်းရွှေ ဦးစွာကွယ်လွန်ပြီး ၎င်းတို့၏ဖခင် ဦးဖိုးထွန်းကွယ်လွန်ကြောင်း၊ ထို့နောက်မှ မိခင်ကွယ်လွန်ကြောင်း၊ မိခင်ကွယ်လွန်ပြီးနောက် မိသားစုပိုင် အိမ်ခြံမြေကို အကိုကြီး ဦးလှထွန်း (ဒေါ်လှမြင့်၏ဖခင်) က ငွေအမ်းယူကြောင်း၊ ၎င်းက ဇီးဖြူကုန်းကွက်သစ်တွင် အိမ်ခြံမြေဝယ်ပြီး ပြောင်းရွှေ့နေကြောင်း၊ ထို့နောက် လယ်ရောင်း၍ အမွေခွဲဝေကြောင်း၊ လွန်ခဲ့သောနှစ် ၄၀ ကျော်က ၎င်းတို့၏မိခင် ကွယ်လွန်ကြောင်း၊ အမွေခွဲပြီးနောက် အချင်းဖြစ်မြေပေါ်တွင် ဦးလှထွန်း နေထိုင်ခဲ့ကြောင်း ထွက်ဆိုထားသည်ကိုတွေ့ရှိရသည်။ သို့ဖြစ်၍ အချင်းဖြစ်မြေတွင် ဒေါ်လှမြင့်၏ဖခင် ဦးလှထွန်းနေခဲ့သည်မှာ လွန်ခဲ့သောအနှစ် ၄၀ ကျော်ကပင်ဖြစ်ပြီး အမွေကိစ္စတစ်စုံ တစ်ရာပြောဆိုကြောင်း ပေါ်ပေါက်မှုမရှိခြင်း၊ ဦးလှထွန်း၊ ဦးလှထွေးတို့၏ဖခင် ဦးဖိုးထွန်းအမည်ပေါက်မြေဖြစ်ကြောင်း တင်ပြနိုင်မှုမရှိခြင်းတို့ကြောင့် ဒေါ်လှမြင့်၏ဖခင် ဦးလှထွန်း လက်ရှိထား လုပ်ကိုင်ခဲ့သောမြေဟု ကောက်ယူရန်သာရှိသည်။

သံတွဲခရိုင်တရားရုံးက အချင်းဖြစ်မြေသည် အမွေပုံ

အဖြစ်ကျန်ပါသည်ဆိုသော တရားပြိုင်များ၏ ထုချေချက်သည် သဘာဝယုတ္တိမတန်ကြောင်း၊ ဒေါ်လှမြင့်၏ဖခင် ဦးလှထွန်း ခါးမဦးချလုပ်ကိုင်ခဲ့သောမြေဖြစ်ကြောင်း သုံးသပ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အချင်းဖြစ်မြေကို ဒေါ်လှိုင်လှိုင်ဝင်းက ၂၀၁၃ ခုနှစ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိခဲ့ပြီး ကွန်ကရစ်တိုင် ၆ တိုင်စိုက်ခြင်း၊ ကျွန်းပင် ၃၀၀ စိုက်ပျိုးခြင်းဖြင့် လက်ရှိထားခဲ့ရာ ၂၆-၆-၂၀၁၄ ရက်နေ့တွင် တရားပြိုင်များက ကျူးကျော်ဝင်ရောက်ပြီး လေးချောင်းထောက်တဲတစ်လုံး ဆောက်လုပ်ခဲ့ကြောင်း အဆို ပြုချက်အပေါ် တရားပြိုင်များက ဖခင် ဦးဖိုးထွန်း လက်ထက် ကတည်းက ရှိနေသောတဲဟု ချေပခဲ့သော်လည်း ဒေါ်လှမြင့်က ၎င်းတို့လုပ်ကိုင်ခဲ့စဉ်က တဲမထိုးခဲ့ကြောင်း၊ ယခုမှလာရောက် တဲထိုးကြောင်း ထွက်ဆိုထားသည့်အပြင် သက်သေခံ (င-၂) အရ တရားပြိုင်များ၏တဲမှာ တိုင်အသစ်၊ ဓနိမိုးအသစ်ဖြစ်ပြီး သက်သေခံ (င) အရ ယခု လက်ရှိတွင် သွပ်မိုးအသစ်ပါမိုးထား၍ မူလကရှိခဲ့သောတဲမဟုတ်ဘဲ တရားပြိုင်များအသစ်ဆောက်လုပ် ထားကြောင်း ထင်ရှားသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက တရားလိုသည် တရားမ

လမ်းကြောင်းဖြင့် ကျူးကျော်သူအား နှင်လိုမှုနှင့် လက်ရောက်ရလိုမှုစွဲဆိုထားသော်လည်း အချင်းဖြစ်မြေအား လုပ်ပိုင်ခွင့်ရရှိခဲ့ကြောင်း သံတွဲခရိုင်တရားရုံး၏အမိန့်ကို ငြင်းဆန်ခြင်းမပြုဘဲ ပြန်လည်အတည်ပြုပေးရန်လျှောက်ထားခဲ့ကြောင်း၊ ထို့ကြောင့် လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) အရ လယ်ယာမြေလုပ်ပိုင်ခွင့်အမွေဆက်ခံမှုကို တရားရုံးကဆုံးဖြတ်ပေးရန်ဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုကို လယ်ယာမြေဥပဒေပုဒ်မ ၂၂ အရ ဖြေရှင်းရမည်ဖြစ်ကြောင်း တင်ပြသည်။

တရားပြိုင်များအချင်းဖြစ်မြေပေါ်တွင် တဲစတင်ဆောက်စဉ်က တရားလိုသည် အချင်းဖြစ်မြေကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအဖြစ် လက်ရှိထားသူဖြစ်ကြောင်း ပေါ်ပေါက်သည်။ ယခုအမှုတွင် အချင်းဖြစ်မြေ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူမှာ တရားလိုဒေါ်လှိုင်လှိုင်ဝင်းသာဖြစ်သဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၉ (က) အရ ဒေါ်လှိုင်လှိုင်ဝင်းသာ အချင်းဖြစ်ယာမြေကို လက်ရှိထားပိုင်ခွင့်ရှိမည်ဖြစ်သည်။ တရားပြိုင်များသည် အချင်းဖြစ်မြေကို ရှေးဦးမဆွကပင်လက်ရှိထားခဲ့ကြောင်း ထင်ရှားမှုမရှိသည့်အပြင် တရားစွဲဆိုချိန်ထိ အချင်းဖြစ်မြေအား လက်ရှိထားပိုင်ခွင့်ရှိစေသော အထောက်အထားကိုလည်း တင်ပြ

နိုင်မှုမရှိသည့်အတွက် အချင်းဖြစ်မြေအတွင်း၌ တရားပြိုင်များ၏တဲဆောက်လုပ်မှုသည် တရားလိုလက်ရှိထားသော မြေအတွင်းသို့ ဝင်ရောက်ကျူးကျော်တဲဆောက်လုပ်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၆-၃-၂၀၁၅ ရက်စွဲပါ သက်သေခံ (ဆ) စာအရ လူနေအိမ်ဆောက်လုပ်အသုံးပြုရန်အတွက် အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့သည်ဖြစ်သဖြင့် တရားလိုဒေါ်လှိုင်လှိုင်ဝင်းသည် တရားစွဲဆိုချိန်တွင် အချင်းဖြစ်မြေအား အခြားနည်းအသုံးပြုခွင့်ဖြင့် လက်ရှိထားပိုင်ခွင့်ရှိသူဖြစ်၍ တရားပြိုင်များ ကျူးကျော်ဆောက်လုပ်ထားသည့် သွပ်မိုးတဲအားဖျက်သိမ်းပြီး အချင်းဖြစ်မြေကို တရားလိုသို့ လက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ခဲ့သည့် သံတွဲခရိုင်တရားရုံး၏စီရင်ချက်နှင့်ဒီကရီမှာ မှားယွင်းခြင်းမရှိပေ။

သို့အတွက် သံတွဲခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး တရားလိုစွဲဆိုသောအမှုကိုပလပ်ခဲ့သည့် ရခိုင်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီမှာ ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ ကြားနာခဲ့သောပြဿနာအပေါ် အောက်ပါအတိုင်းဖြေဆိုလိုက်သည် -

“ မူလ သံတွဲခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး အမှုကိုပလပ်ခဲ့သည့် ရခိုင်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီအပေါ် ဆက်လက်အတည်ပြုခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့်ဒီကရီသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း”

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကိုခွင့်ပြုသည်။ ရခိုင်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီ၊ အဆိုပါစီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့်ဒီကရီတို့ကိုပယ်ဖျက်ပြီး သံတွဲခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပြန်လည်အတည်ပြုသည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀ သတ်မှတ်သည်။

+၂၀၁၉ ခုနှစ်

ဒီဇင်ဘာလ ၁၉ ရက်

**တရားမပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြဟန်**

**ရှေ့တွင်**

**ဦးသိန်းလွင်**

**နှင့်**

**ဒေါ်စန်းစန်းတင့် (ကိုယ်တိုင်နှင့် ၂ မှ ၁၃ ထိ လျှောက်ထားခံရသူများ၏ အထွေထွေကိုယ်စားလှယ်စာရသူ) ***

**နောက်ဆက်တွဲဒီကရီ ရရှိထားသူအမွေဆိုင်သည် ဒီကရီအတိုင်း ပြည့်စုံစွာ ခွဲဝေမရရှိသေးသရွေ့ အတည်ပြုဆောင်ရွက်ပေးရန် တောင်းဆိုခွင့်ရှိကြောင်း၊**

**ဆုံးဖြတ်ချက်။** နောက်ဆက်တွဲဒီကရီ ရရှိထားသူအမွေဆိုင်သည် ဒီကရီအတိုင်း ပြည့်စုံစွာခွဲဝေမရရှိသေးသရွေ့ အတည်ပြုဆောင်ရွက်ပေးရန် တောင်းဆိုခွင့်ရှိပေသည်။ သို့ဖြစ်၍ ယခင်ဇာရီမှုအမှတ် ၅၃/၂၀၁၁ တွင် ယခုအမှုလျှောက်ထားခံရသူများ

* ၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၁၀

\+ ၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၀ တွင်ချမှတ်သော ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်အပေါ် ပြင်ဆင်မှု

၂၀၁၉ ခုနှစ်

ဦးသိန်းလွင်

နှင့်

ဒေါ်စန်းစန်းတင့်
(ကိုယ်တိုင်နှင့် ၂ မှ ၁၃
ထိလျှောက်ထားခံရသူ
များ၏အထွေထွေ
ကိုယ်စားလှယ်စာရသူ)
ပါ - ၂၇

က ပါဝင်လျှောက်ထားပြီး ဇာရီမှုပိတ်သိမ်းပြီးဖြစ်သည့်အတွက် ထပ်မံလျှောက်ထားခွင့်မရှိကြောင်း၊ မီးသေပြီးဖြစ်ကြောင်း လျှောက်ထားသူရှေ့နေ၏တင်ပြချက်ကို လက်ခံရန်အကြောင်း မရှိပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဒေါ်သဇင်ဆွေ၊<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ (၁ မှ ၁၃)<br>အတွက် | - | ဒေါ်သူဇာဝင်း၊<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ (၁၄ မှ ၂၇)<br>အတွက် | - | ကိုယ်တိုင် (မလာ) |

မန္တလေးခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၁၃ တွင် တရားနိုင် ဒေါ်စန်းစန်းတင့် ပါ ၁၄ ဦးက ဒေါ်မြင့်မြင့် (ကွယ်လွန်သူဒေါ်ဦးဖွန်း၏ တရားဝင်ကိုယ်စားလှယ်) ပါ ၁၂ ဦးအပေါ် မန္တလေးတိုင်းတရားရုံး၊ ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၈ တွင်ရရှိသော နောက်ဆက်တွဲဒီကရီ အပေါ် ဇာရီမှုဖွင့်လှစ်ဆောင်ရွက်ရာ ဦးသိန်းလွင်မှ ယခုဖွင့်လှစ် သည့်ဇာရီမှုမှာ မီးသေပြီးဖြစ်သဖြင့် တရားမကျင့်ထုံးဥပဒေ

၂၀၁၉ ခုနှစ်

ဦးသိန်းလွင်

နှင့်

ဒေါ်စန်းစန်းတင့်
(ကိုယ်တိုင်နှင့် ၂ မှ ၁၃
ထိလျှောက်ထားခံရသူ
များ၏အထွေထွေ
ကိုယ်စားလှယ်စာရသူ)
ပါ - ၂၇

ပုဒ်မ ၁၁ အရ ပလပ်သည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားရာ လျှောက်ထားချက်ကိုပယ်ခဲ့သည်။ အဆိုပါအမိန့်ကို ဦးသိန်းလွင် ကကျေနပ်မှုမရှိသဖြင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် သို့ ၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၀ ဖြင့် တင်သွင်း သော်လည်း မအောင်မြင်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ ဤတရားမပြင်ဆင်မှုကို တင်သွင်းသည်။

မန္တလေးခရိုင်တရားရုံးက လျှောက်ထားသူ တရားနိုင်တို့ သည် တရားမကြီးမှုအမှတ် ၁၈၈ /၉၈ တွင် ရရှိသော နောက်ဆက်တွဲဒီကရီအရ ယခုဇာရီမှုကို စွဲဆိုလာခြင်းဖြစ်ပြီး အမှတ် (၉) တရားရုံး ဦးသိန်းလွင် လျှောက်ထားသကဲ့သို့ ဇာရီ ၅၃/၂၀၁၁ တွင် နောက်ဆက်တွဲဒီကရီကို အတည်ပြုပိတ်သိမ်းခဲ့ ခြင်းမဟုတ်သောကြောင့် မီးသေရန် အကြောင်းမရှိကြောင်း၊ အမွေပုံပစ္စည်းတစ်ခုဖြစ်သော အကွက်အမှတ် ၅၀၊ ဦးပိုင် ၅ မြေကွက်နှင့်ပတ်သက်၍ အတည်ပြုဆောင်ရွက်သွားမည်ဟု ၆-၅-၂၀၁၆ ရက်နေ့က အမိန့်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း သုံးသပ်၍ အမှတ် (၉) တရားရုံး၏ လျှောက်ထားမှုကို ပယ်ခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က အမှုကို လက်ခံရန် သင့်မသင့် ကြားနာပြီး ပလပ်ခဲ့သည်။

၂၀၁၉ ခုနှစ်

ဦးသိန်းလွင်

နှင့်

ဒေါ်စန်းစန်းတင့်

(ကိုယ်တိုင်နှင့် ၂ မှ ၁၃ ထိလျှောက်ထားခံရသူများ၏အထွေထွေ ကိုယ်စားလှယ်စာရသူ)

ပါ - ၂၇

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက မူလရုံး တရားနိုင်များမှ အတည်ပြုပေးရန်တင်ပြသော ဒီကရီသည် မန္တလေးတိုင်းတရားရုံး၊ ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၈ တွင် ရရှိသော ၂၃-၂-၂၀၀၇ ရက်စွဲပါ နောက်ဆက်တွဲ ဒီကရီဖြစ်ကြောင်း၊ ယင်းဒီကရီကို အတည်ပြုပေးရန် မန္တလေးတိုင်း တရားရုံး၊ ဇာရီမှုအမှတ် ၁၂/၂၀၀၈ ဖြင့် သီးခြားလျှောက်ထားခဲ့ရာ မန္တလေးတိုင်းတရားရုံးမှ ဇာရီမှုများမပွားများစေရန် ရရှိထားသော နောက်ဆက်တွဲဒီကရီကို ဇာရီမှုအမှတ် ၃၆၉/၂၀၀၆ တွင် ခွဲဝေပေးခွင့်ရှိမည်ဖြစ်၍ သီးခြားဆောင်ရွက်ရန်မလိုဟု ပိတ်သိမ်းစေခဲ့ကြောင်း၊ နောက်ပိုင်းတွင် စီရင်ပိုင်ခွင့်အာဏာအရ ဇာရီမှုအမှတ် ၃၆၉/၂၀၀၆ သည် မန္တလေးခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် ၅၃/၂၀၁၁ အဖြစ် ဆက်လက်အတည်ပြုဆောင်ရွက်၍ အတည်ပြုပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ မူလရုံး တရားနိုင်များသည် အတည်ပြုပိတ်သိမ်းပြီးသည့်ဒီကရီအပေါ် အတည်ပြုရန် ဇာရီမှုဖွင့်လှစ် လျှောက်ထားခြင်းဖြစ်ကြောင်း၊ ဇာရီမှုဖွင့်လှစ်ဆောင်ရွက်ရာတွင် အမှုသည်များအဖြစ်ပါဝင်သော မူလရုံးတရားနိုင်များနှင့် တရားရှုံးများသည် မန္တလေးခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် ၅၃/၂၀၁၁ အမှုနှင့် ယခင်မန္တလေးတိုင်း

၂၀၁၉ ခုနှစ်

ဦးသိန်းလွင်

နှင့်

ဒေါ်စန်းစန်းတင့်
(ကိုယ်တိုင်နှင့် ၂ မှ ၁၃
ထိလျှောက်ထားခံရသူ
များ၏အထွေထွေ
ကိုယ်စားလှယ်စာရသူ)
ပါ - ၂၇

တရားရုံး၊ တရားမဇာရီမှုအမှတ် ၁၂/၂၀၀၈ အမှုမှ အမှုသည်များဖြစ်သကဲ့သို့ တောင်းဆိုနေသည့် အမှုဖြစ်ပစ္စည်းမှာလည်း ယခုတောင်းဆိုသော အချင်းဖြစ်ပစ္စည်းပင်ဖြစ်ပြီး အပြီးအပြတ်စီရင်ဆုံးဖြတ် ပိတ်သိမ်းပြီးဖြစ်ပါလျက် ထပ်မံအတည်ပြုပေးရန် လျှောက်ထားခြင်းကိုလက်ခံပြီး ဇာရီမှုအသစ် ထပ်မံဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မန္တလေးခရိုင်တရားရုံး၏ တရားမဇာရီမှုအမှတ် ၅၃/၂၀၁၁ ကို မပိတ်သိမ်းမီ လျှောက်ထားခံရသူများက ဇာရီမှုမပိတ်သင့်ကြောင်းလျှောက်ထားရာ ယင်းလျှောက်ထားမှုကိုပယ်ခဲ့သည့်အမိန့်အပေါ် လွဲမှားကောက်ယူဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဇာရီမှုအမှတ် ၅၃/၂၀၁၁ တွင် မူလရုံးတရားနိုင်များ ဝင်ရောက်လျှောက်ထား၍ပင် ၎င်းတို့ရရှိသော နောက်ဆက်တွဲဒီကရီပါ အကွက် (၄၂)၊ ဦးပိုင်အမှတ် ၁၆၊ ၁၇၊ ၁၈ မြေကွက်များကို အချိုးကျခွဲဝေရယူခဲ့ပြီးဖြစ်ကြောင်း ပေါ်ပေါက်နေ၍ ဇာရီမှုအမှတ် ၅၃/၂၀၁၁ ကို ပိတ်သိမ်းခြင်းသည် နောက်ဆက်တွဲဒီကရီကို အတည်ပြုပြီးဖြစ်သည်ဟု သတ်မှတ်ခြင်းဖြစ်၍ ထပ်မံဖွင့်လှစ်သည့်ဇာရီမှုမှ မီးသေပြီးဖြစ်ကြောင်း၊ တရားမဇာရီမှုအမှတ် ၅၃/၂၀၁၁ အမှုအားပိတ်သိမ်းသည့်အမိန့်ကို ပယ်ဖျက်ပေးရန် အထက်တရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားရမည်

၂၀၁၉ ခုနှစ်

ဦးသိန်းလွင်

နှင့်

ဒေါ်စန်းစန်းတင့်
(ကိုယ်တိုင်နှင့် ၂ မှ ၁၃
ထိလျှောက်ထားခံရသူ
များ၏အထွေထွေ
ကိုယ်စားလှယ်စာရသူ)
ပါ - ၂၇

ဖြစ်သော်လည်း ဇာရီမှုထပ်မံဖွင့်လှစ်ခြင်းမှာ မီးသေပြီးဖြစ်သဖြင့် ဒီကရီအတည်ပြုပေးရန် လျှောက်ထားမှုကို ပလပ်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၁) မှ (၁၃) တို့၏ တရားလွှတ်တော်ရှေ့နေက မန္တလေးတိုင်းတရားရုံး၊ ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၈ တွင် တရားလို ဗိုလ်ကြီးကျော်ဝေ (ငြိမ်း) နှင့် ဦးကျော့လွင်တို့က တရားပြိုင်ဒေါ်ဦးဖွန်းပါ ၂၃ ဦးအပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုစဉ် ယခုအမှု စဉ် ၁ မှ ၁၃ ထိ လျှောက်ထားခံရသူများသည် တရားပြိုင်များအဖြစ် ပါဝင်ခဲ့ကြောင်း၊ အမွေဆိုင်ပစ္စည်းအဖြစ် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်၊ အကွက်အမှတ် (၄၂)၊ ဦးပိုင်အမှတ် ၅၊ ၁၆၊ ၁၇၊ ၁၈ မြေကွက်များအပေါ် (၁) မှ (၁၃) ထိ လျှောက်ထားခံရသူများက ဒေါ်သောင်း၏ အမွေဝေစုတွင် ၁၅ ပုံ ၄ ပုံရရှိမည်ဖြစ်၍ နောက်ဆက်တွဲဒီကရီ ချမှတ်ပေးရန် လျှောက်ထားရာ ၂၃-၂-၂၀၀၇ နေ့စွဲဖြင့် နောက်ဆက်တွဲဒီကရီချမှတ်ပေးခဲ့ကြောင်း၊ ဗိုလ်ကြီးကျော်ဝေနှင့် ဦးကျော့လွင်တို့က တရားပြိုင် ဒေါ်ဦးဖွန်း ပါ၂၃ ဦးအပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုစဉ် ယခုအမှု စဉ် ၁ မှ ၁၃ ထိ လျှောက်ထားခံရ

သူများသည် တရားပြိုင်များအဖြစ်ပါဝင်ခဲ့ကြောင်း၊ အမွေဆိုင်ပစ္စည်းအဖြစ် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်၊ အကွက်အမှတ် (၄၂)၊ ဦးပိုင်အမှတ် ၅၊ ၁၆၊ ၁၇၊ ၁၈ မြေကွက်များအပေါ် (၁) မှ (၁၃) ထိလျှောက်ထားခံရသူများက အမွေဝေစု ၁၅ ပုံ ၄ ပုံရရှိမည်ဖြစ်၍ နောက်ဆက်တွဲဒီကရီချမှတ်ပေးရန် လျှောက်ထားရာ ၂၃-၂-၂၀၀၇ နေ့စွဲဖြင့် နောက်ဆက်တွဲ ဒီကရီချမှတ်ပေးခဲ့ကြောင်း၊ ဗိုလ်ကြီးကျော်ဝေနှင့် ဦးကျော့လွင်တို့မှ မန္တလေးတိုင်းတရားရုံး၊ ၂၀၁၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၆၉ ဖွင့်လှစ်ဆောင်ရွက်စဉ် လျှောက်ထားခံရသူ စဉ် (၁) မှ (၁၃) ထိတို့ကလည်း တစ်ရုံးတည်းမှာပင် ၂၀၀၈ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၂ ကို ဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါ ဇာရီမှုအမှတ် ၃၆၉/၂၀၀၆ နှင့် ၁၂/၂၀၀၈ တို့မှာ ဆက်စပ်မှုဖြစ်ပြီး အမွေဆိုင်ပစ္စည်းများတူညီ၍ သီးခြားဆောင်ရွက်ရန်မလိုကြောင်းနှင့် ဇာရီမှုအမှတ် ၁၂/၂၀၀၈ ကို ပိတ်သိမ်းထားရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် တရားမဇာရီမှုအမှတ် ၃၆၉/၂၀၀၆ သည် စီရင်ခွင့်အာဏာအရ မန္တလေးခရိုင်တရားရုံး ၊ တရားမဇာရီမှုအမှတ် ၅၃/၂၀၁၁ အဖြစ် ပြောင်းလဲရောက်ရှိခဲ့ရာ အမွေဆိုင်မြေကွက်များအနက်

၂၀၁၉ ခုနှစ်
ဦးသိန်းလွင်
နှင့်
ဒေါ်စန်းစန်းတင့်
(ကိုယ်တိုင်နှင့် ၂ မှ ၁၃ ထိလျှောက်ထားခံရသူများ၏အထွေထွေ ကိုယ်စားလှယ်စာရသူ)
ပါ - ၂၇

ဦးပိုင်အမှတ် ၁၆၊ ၁၇၊ ၁၈ မြေကွက်များကို လေလံတင်ရောင်းချပြီး အမွေဆိုင်များမှ အချိုးကျခွဲဝေရယူခဲ့ကြောင်း၊ ကျန်ရှိသော ဦးပိုင်အမှတ် ၅ မြေကွက်မှာ ဗိုလ်ကြီးကျော်ဝေနှင့် ဦးကျော့လွင်တို့ (၂) ဦးမှ ၎င်းတို့အစီအစဉ်အတိုင်း လက်ရောက်ရယူပြီး ဇာရီမှုအမှတ် ၅၃/ ၂၀၁၁ ကို ပိတ်သိမ်းပေးရန် လျှောက်ထားခဲ့ကြောင်း၊ စဉ် ၁ မှ ၁၃ ထိ လျှောက်ထားခံရသူများက မိမိတို့ဝေစု မရရှိသေးသဖြင့် ဇာရီမှုကိုမပိတ်ရန် လျှောက်ထားသော်လည်း ဇာရီမှုအမှတ် ၅၃/၂၀၁၁ မှာ ဗိုလ်ကြီးကျော်ဝေပါ ၂ ဦး ဖွင့်လှစ်သော အမှုဖြစ်ပြီး နောက်ဆက်တွဲ ဒီကရီရခဲ့ပြီးလျှင် ဇာရီထပ်မံလုပ်နိုင်သော အခွင့်အရေးမဆုံးရှုံးကြောင်း၊ ဗိုလ်ကြီးကျော်ဝေပါ ၂ ဦးတို့မှာလည်း ဝေစုရရှိပြီးဖြစ်၍ ပိတ်သိမ်းခဲ့ကြောင်း၊ အမွေဆိုင်များအနက် ဗိုလ်ကြီးကျော်ဝေပါ ၂ ဦးမှအပ ဦးပိုင် ၅ မြေကွက်နှင့်ပတ်သက်၍ အမွေဝေစုတစ်စုံတစ်ရာမျှ မရရှိသေးကြောင်း၊ မူလရုံး၏ အပြီးသတ်ဒီကရီနှင့် နောက်ဆက်တွဲဒီကရီများ၌ ဒေါ်သောင်း၏အမွေဝေစုတွင် ၁၅ ပုံ ၄ ပုံ ခံစားထိုက်သည်ဟု အမိန့်ချမှတ်သော်လည်း တရားမကြီးမှုအမှတ် ၁၁၈/၉၈၊ တရားမဇာရီမှုအမှတ် ၅၃/၂၀၁၁ အမှုများတွင် ကော်မရှင်နာနှင့် မြေတိုင်းတာသည့်အခါ ဦးပိုင် ၅ မြေကွက်တွင် ၁၁ ပေ ၆

၂၀၁၉ ခုနှစ်

ဦးသိန်းလွင်

နှင့်

ဒေါ်စန်းစန်းတင့်
(ကိုယ်တိုင်နှင့် ၂ မှ ၁၃
ထိလျှောက်ထားခံရသူ
များ၏အထွေထွေ
ကိုယ်စားလှယ်စာရသူ)
ပါ - ၂၇

လက်မရရှိမည်ဖြစ်ကြောင်း၊ ခဲစင်းပြမြေပုံထုတ်ပေးခဲ့ပြီးဖြစ်သဖြင့် နောက်ဆက်တွဲဒီကရီအရ မိမိတို့ရရှိမည့် အမွေဆိုင်မြေကွက်၏ အမွေဝေစု ၁၅ ပုံ ၄ ပုံကို မရရှိသေးသည့်အတွက် ဇာရီမှု ဖွင့်လှစ်ဆောင်ရွက်ခြင်းမှာ မီးသေဆုံးဖြတ်ချက် မဟုတ်သဖြင့် ပြင်ဆင်မှုကိုပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

ယခင်မန္တလေးတိုင်းတရားရုံး၊ ၁၉၈၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၈ တွင် တရားလို ဗိုလ်ကြီးကျော်ဝေ ပါ ၂ ဦးက တရားပြိုင် ဒေါ်ဦးဖွန်းပါ ၂၃ ဦးအပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ လျှောက်ထားခံရသူအမှတ်စဉ် (၁) မှ (၁၃) ထိသည် တရားပြိုင်များအဖြစ်ပါဝင်ခဲ့ပြီး အမွေပစ္စည်းဖြစ်သည့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်၊ အကွက်အမှတ် (၄၂)၊ ဦးပိုင်အမှတ် ၅၊ ၁၆၊ ၁၇၊ ၁၈ မြေကွက်များတွင် ဒေါ်သောင်း၏ အမွေဝေစုအဖြစ် ၁၅ ပုံ ၄ ပုံကို နောက်ဆက်တွဲဒီကရီရရှိခဲ့သည်။ တရားလို ဗိုလ်ကြီးကျော်ဝေပါ ၂ ဦးက မန္တလေးတိုင်းတရားရုံး၌ ၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၆၉ ဖြင့် ဒီကရီအတည်ပြုနေစဉ်အတွင်း လျှောက်ထားခံရသူ စဉ် (၁) မှ (၁၃) ထိ တို့ကလည်း ၂၀၀၈ ခုနှစ်၊ ဇာရီမှုအမှတ် ၁၂ ဖြင့်ဖွင့်လှစ်ရာ မန္တလေးတိုင်းတရားရုံးက

၂၀၁၉ ခုနှစ်
ဦးသိန်းလွင်
နှင့်
ဒေါ်စန်းစန်းတင့်
(ကိုယ်တိုင်နှင့် ၂ မှ ၁၃ ထိလျှောက်ထားခံရသူ များ၏အထွေထွေ ကိုယ်စားလှယ်စာရသူ)
ပ၊ - ၂၇

ဇာရီမှု (၂) မှုမှာ ဆက်စပ်မှုများဖြစ်ပြီး အမွေဆိုင်ပစ္စည်းများ တူသဖြင့် ဇာရီမှုအမှတ် ၁၂/၂၀၀၈ ကို ပိတ်သိမ်းစေပြီး ဇာရီမှု အမှတ် ၃၆၉/၂၀၀၆ ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဇာရီမှု အမှတ်၊ ၃၆၉/၂၀၀၆ သည် စီရင်ပိုင်ခွင့်အာဏာအရ မန္တလေး ခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၅၃ အဖြစ် ပြောင်းလဲရောက်ရှိသည်။ ဇာရီမှုအမှတ် ၅၃/၂၀၁၁ တွင် အမွေဆိုင်မြေကွက်များမှ ဦးပိုင်အမှတ် ၁၆၊ ၁၇၊ ၁၈ မြေကွက် များကို လေလံတင်ရောင်းချပြီး အမွေဆိုင်များအသီးသီး ခွဲဝေယူခဲ့ကြသည်။ ထိုစဉ်က မြေကွက်အမှတ် ၅ မှာ ခွဲဝေရခြင်း မရှိသေးပေ။ ဗိုလ်ကြီးကျော်ဝေနှင့်ဦးကျော့လွင်တို့က မြေကွက် အမှတ် ၅ နှင့်ပတ်သက်၍ ၎င်းတို့အစီအစဉ်အတိုင်း ရယူပြီး ဇာရီမှုအမှတ် ၅၃/၂၀၁၁ ကို ပိတ်သိမ်းပေးရန် လျှောက်ထား သဖြင့် ပိတ်သိမ်းခဲ့သည်။ ထို့ကြောင့် လျှောက်ထားခံရသူ (၁)မှ (၁၃) ထိ ဦးပိုင်အမှတ် ၅ မြေကွက်ပေါ်၌ ၁၁ ပေ ၆ လက်မ ဝေစု ရရှိသည့်အတွက် ယင်းမြေကိုခွဲဝေရန် ဇာရီမှုထပ်မံဖွင့်လှစ်ခြင်း ကို ယခင်ကဇာရီမှုကိုပိတ်ခဲ့ပြီးဖြစ်၍ မီးသေပြီးဖြစ်ကြောင်း၊ ထပ်မံအတည်မပြုသင့်ကြောင်းဟု ကန့်ကွက်ခြင်းဖြစ်သည်။

မန္တလေးခရိုင်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမဇာရီမှု

၂၀၁၉ ခုနှစ်

ဦးသိန်းလွင်

နှင့်

ဒေါ်စန်းစန်းတင့်
(ကိုယ်တိုင်နှင့် ၂ မှ ၁၃
ထိလျှောက်ထားခံရသူ
များ၏အထွေထွေ
ကိုယ်စားလှယ်စာရသူ)
ပါ - ၂၇

အမှတ် ၅၃ ကို ပိတ်သိမ်းရန် လျှောက်ထားစဉ် လျှောက်ထားခံရသူ (၁)မှ (၁၃)တို့က ကန့်ကွက်သော်လည်း ပိတ်သိမ်းခဲ့ခြင်းသည် ယင်းဇာရီမှုမှာ ဗိုလ်ကြီးကျော်ဝေပါ ၂ ဦး၏ လျှောက်ထားချက်အရ ဖွင့်လှစ်ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးရသင့်သည့် အမွေဝေစုကိုရရှိပြီးဖြစ်၍ ကာယကံရှင်များ၏ လျှောက်ထားချက်အရ ပိတ်သိမ်းရမည်ဖြစ်ကြောင်း၊ လျှောက်ထားခံရသူ (၁) မှ (၁၃) သည် နောက်ဆက်တွဲဒီကရီကို အခြေခံအကြောင်းပြု၍ ဇာရီမှုထပ်မံဖွင့်လှစ်လျှောက်ထားနိုင်သည့် အခွင့်အရေးရှိကြောင်း သုံးသပ်ပြီးပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။ ယင်းအမိန့်သည် အမှုသည်တို့၏အခွင့်အရေးကို ပိတ်ပင်ခြင်းမဟုတ်သကဲ့သို့ အမွေဝေစုအပြီး အပြတ်ရရှိပြီးဖြစ်သည်ဟုလည်းကောင်း၊ နောက်ဆက်တွဲဒီကရီကို အတည်ပြုဆောင်ရွက်ပြီးဖြစ်သည်ဟု မှတ်ယူ၍လည်းကောင်း ပိတ်သိမ်းခဲ့ခြင်းမဟုတ်ပေ။ နောက်ဆက်တွဲဒီကရီရရှိထားသူ အမွေဆိုင်သည် ဒီကရီအတိုင်းပြည့်စုံစွာ ခွဲဝေမရရှိသေးသရွေ့ အတည်ပြုဆောင်ရွက်ပေးရန် တောင်းဆိုခွင့်ရှိပေသည်။ သို့ဖြစ်၍ ယခင်ဇာရီမှုအမှတ် ၅၃/၂၀၁၁ တွင် ယခုအမှု လျှောက်ထားခံရသူများက ပါဝင်လျှောက်ထားပြီး ဇာရီမှုပိတ်သိမ်းပြီးဖြစ်သည့်အတွက် ထပ်မံလျှောက်ထားခွင့်မရှိ

၂၀၁၉ ခုနှစ်

ဦးသိန်းလွင်
နှင့်
ဒေါ်စန်းစန်းတင့်
(ကိုယ်တိုင်နှင့် ၂ မှ ၁၃
ထိလျှောက်ထားခံရသူ
များ၏အထွေထွေ
ကိုယ်စားလှယ်စာရသူ)
ပါ - ၂၇

ကြောင်း၊ မီးသေပြီးဖြစ်ကြောင်း လျှောက်ထားသူရှေ့နေ၏ တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိပေ။

ထို့ကြောင့် ဇာရီမှုအမှတ် ၅၃/၂၀၁၁ တွင် နောက်ဆက်တွဲဒီကရီကို အတည်ပြုပိတ်သိမ်းခဲ့ခြင်းမဟုတ်၍ ယခုဇာရီမှုတွင် မီးသေရန်မရှိကြောင်းချမှတ်သော မန္တလေးခရိုင်တရားရုံး၏အမိန့်ကို ဆက်လက်အတည်ပြုသည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်၍ ဝင်ရောက်စွက်ဖက်ပြင်ဆင်ရန် မလိုအပ်ပေ။

ထို့ကြောင့် ဤတရားမပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ်ကျပ် ၁၀၀၀၀ သတ်မှတ်သည်။

# ၂၀၁၉ ခုနှစ်

# စာချုပ်တော်ဆိုင်ရာအမှုများ

ဥပဒေများ -　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ

- စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေ
- မြန်မာနိုင်ငံသားဥပဒေ
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ဥပဒေ

**အုပ်ချုပ်ရေးအာဏာပိုင်မှ ဆောင်ရွက်ပိုင်ခွင့်ရှိသည့် ကျေးရွာ ဂရန်ထုတ်ပေးခြင်း၊ ပယ်ဖျက်ခြင်း၊ ဂရန်ထုတ်ပေးရန် ငြင်းပယ်ခြင်းများပြုခွင့်ရှိပါလျက် တရားရုံး အပြစ်ခံယူရန် ညွှန်ကြားခြင်းသည် မိမိလုပ်ပိုင်ခွင့်အတွင်း ဆောင်ရွက်ရမည့်ကိစ္စများကို မဆောင်ရွက်ငြင်းပယ်ရာရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ဦးဂျော်နီ (ခ) ဦးဝင်းမြင့်သည် ၁၉၉၉ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ဇနီး ဒေါ်စိန်မြိုင်(ခ) ဒေါ်မြတ်မာလာဦးက အချင်းဖြစ်ဥပစာကို ဦးအစစ်၊ ဒေါ်အေးကြင်တို့က ဦးဂျော်နီ (ခ) ဦးဝင်းမြင့်အား မှတ်ပုံတင်အပေးစာချုပ်အမှတ် ၁၇/၆၄ ဖြင့် ပေးခဲ့ကြောင်းတင်ပြပြီး ဒေါ်အုန်းကြည်တို့အပေါ် ပဲခူးတိုင်းတရားရုံး၊

(၁၁) ညွှန်းချက်

တရားမကြီးမှုအမှတ် ၁၈/၂၀၁၁ ဖြင့်စွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့ စာမျက်နှာ သည်။

အဆိုပါ မှတ်ပုံတင်အပေးစာချုပ်သည် လိမ်လည်အတု ပြုထားကြောင်း ဒေါ်အုန်းကြည်က တင်ပြတိုင်ကြားသဖြင့် စိစစ်မှုများပြုလုပ်ခဲ့ရာတွင် အဆိုပါစာချုပ်သည် တောင်ငူမြို့နယ် မှတ်ပုံတင်စာချုပ်စာတမ်းရုံးရှိ မှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိ၍ မှတ်ပုံတင်အပေးစာချုပ်အတုမိတ္တူကိုတင်သွင်း၍ တရားမကြီးမှုအမှတ် ၁၈/၂၀၁၁ ကို အနိုင်ဒီကရီရယူခဲ့သူ ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးအား ပြစ်မှုကြောင်းအရ အရေးယူမှုပြုလုပ်သွားရန် ပြည်ထောင်စုတရားသူကြီးချုပ်ကညွှန်ကြားခဲ့သည်။ တောင်ငူခရိုင်တရားသူကြီး ဒေါ်ကြူကြူဝင်းက တောင်ငူမြို့နယ်တရားရုံး ၂၀၁၁ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၂၂၀၇ ဖြင့် ဦးတိုက်လျှောက်ထားစွဲဆိုရာ ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးသည် ထွက်ပြေးတိမ်းရှောင်နေသဖြင့် အဆိုပါရုံး၏ ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၂၁၈ ဖြင့် ပြောင်းလဲအမှုဖွင့်ခဲ့သည်။

ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးသည် ပြစ်မှုဆိုင်ရာ စာမျက်နှာ ဥပဒေပုဒ်မ ၄၆၈ ကို ကျူးလွန်ကြောင်း ငြိစွန်းသည့်အချက်များ ပေါ်ပေါက်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ တို့အရ ဝရမ်းများထုတ်ဆင့်ဆောင်ရွက်ခဲ့သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ အရ ထွက်ပြေးတိမ်းရှောင်နေသူအတွက် ထုတ်ပြန်ကြေညာခြင်း၊ ပုဒ်မ ၈၈ အရ ထွက်ပြေးတိမ်းရှောင်နေသူပိုင်ပစ္စည်းကို ဝရမ်းကပ်ခြင်း စသည်တို့သည် ရာဇဝတ်ကျင့်ထုံးဥပဒေအရ အပြီးသတ်သက်သေခံ အထောက်အထားများဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** တရားရုံးတွင် စာချုပ်လိမ်လည်အတုပြုသူ ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးကို ဥပဒေအရ အရေးယူဆောင်ရွက်ပြီးဖြစ်၍ အုပ်ချုပ်ရေးအာဏာပိုင်မှ ဆောင်ရွက်ပိုင်ခွင့်ရှိသည့် ၎င်းတို့၏လုပ်ပိုင်ခွင့်ဘောင်အတွင်း ဂရန်ထုတ်ပေးခြင်း၊ ပယ်ဖျက်ခြင်း၊ ဂရန်ထုတ်ပေးရန် ငြင်းပယ်ခြင်းများ ပြုခွင့်ရှိပါလျက် ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ လျှောက်ထားခံရသူအမှတ် (၃) က တရားရုံး အဆုံးအဖြတ်ခံယူရန် ညွှန်ကြားခြင်း

(ခဃ) ညွှန်းချက်

သည် မိမိလုပ်ပိုင်ခွင့်အတွင်း ဆောင်ရွက်ရမည့်ကိစ္စများကို စာမျက်နှာ မဆောင်ရွက် ငြင်းပယ်ရာရောက်ကြောင်းတွေ့ရှိရသောကြောင့် စာချွန်တော်အမိန့် ထုတ်ဆင့်ရန်လိုအပ်ကြောင်း တွေ့ရှိရသည်။

ဒေါ်အုန်းကြည် နှင့် ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ရုံးချုပ်)၊
ပြည်ထဲရေးဝန်ကြီးဌာန ပါ ၃

**မြန်မာနိုင်ငံသားမဟုတ်သည့် ညှေ့နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့သည် ၁၉၅၅ ခုနှစ်၊ ရွှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ ၃ အရ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ ၃ တွင် ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ မည်သူ့ကိုမျှ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုရ၊ စာရင်းသွင်းခြင်းလည်း မပြုရဟု ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေ တွင် နိုင်ငံသားဟူသောစကားရပ်ကို သီးခြားအဓိပ္ပာယ်ဖွင့်ဆို

ညွှန်းချက် (၁၈)

ထားခြင်းမရှိ၍ ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ မည်သူ့ စာမျက်နှာ ကိုမျှ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုရ၊ စာရင်းသွင်းခြင်း လည်းမပြုရဆိုသည့် ပြဋ္ဌာန်းချက်အရ နိုင်ငံသားမဟုတ်သည့် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့သည် အဆိုပါနိုင်ငံသား ရရှိမည့်အခွင့်အရေးကို ရရှိခွင့်ရှိမည်မဟုတ်ပေ။

ဦးကိုကိုဟိန်း နှင့် ညွှန်ကြားရေးမှူးချုပ်၊ ၁
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအရ ဂရန်အမည်ပေါက် ပြောင်းလဲပေးခဲ့ခြင်း၊ ယင်းဒီကရီကို အထူးအယူခံမှုတွင် ပယ်ဖျက်ခဲ့သဖြင့် ဂရန်အမည်ပေါက် လွှဲပြောင်းခြင်း အား ပြန်လည်ပယ်ဖျက်ရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ရန်ကုန်မြို့၊ မြို့မတိုက်နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၂ $X^{၂}$)၊ မြေကွက်အမှတ် (၂၅၈)၊ ဧရိယာ ၀.၀၂၉ ဧက (ယခုလျှောက်ထားသည့် အချင်းဖြစ်မြေ) ၏ မြေရာဇဝင်တွင်

## ညွှန်းချက်

၂၈-၁၀-၉၂ နေ့တွင် အသစ်ထပ်မံထုတ်ပေးသည့် နှစ် ၆၀ ဂရန် စာမျက်နှာသည် ဦးအောင်မြင့်သိန်း ဒေါ်နုနုရီ၊ ဒေါ်ခင်မြင့်ရီ၊ ဦးဝင်းအောင်တို့ အမည်ပေါက်ကြောင်း တွေ့ရှိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၂၃/၂၀၁၁ စီရင်ချက်နှင့်ဒီကရီအရ ဦးချစ်မောင်အမည်ဖြင့် အမည်ပေါက်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပြီး ယင်းဒီကရီကို တရားမအထူးအယူခံမှု အမှတ် ၅၁/၂၀၁၄ တွင် ပယ်ဖျက်ခဲ့သောကြောင့် ဦးချစ်မောင်သည် အချင်းဖြစ်မြေကိုပိုင်ဆိုင်ကြောင်း ဒီကရီမရရှိတော့သဖြင့် ၎င်းအမည်ဖြင့် ဂရန်အမည်ပေါက်လွှဲပြောင်းခြင်းအား ပြန်လည်ပယ်ဖျက်ရန် လိုအပ်ကြောင်းထင်ရှားသည်။

တရားရုံးဒီကရီအရ ဦးချစ်မောင် အမည်ပြောင်းခဲ့ရာတွင် ယင်းဒီကရီကို အထူးအယူခံမှုတွင် ပယ်ဖျက်သဖြင့် လျှောက်ထားခံရသူအမှတ် (၁) သည် ၎င်းအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ မူလအမည်ပေါက်ပြန်လည် ထားရှိရမည်ဖြစ်ပါလျက် ယင်းသို့ဆောင်ရွက်ပေးရန် ပျက်ကွက်သောကြောင့်

မူလအမည်သို့ ပြန်လည်ထားရှိစေရန် အာဏာပေးစာချွန်တော် စာမျက်နှာ အမိန့် ထုတ်ဆင့်ရန်လိုအပ်ကြောင်း တွေ့ရှိရသည်။

| | | |
|---|---|---|
| ဦးဝင်းနိုင် | နှင့် ဌာနမှူး၊ | ၁၅ |
| (၎င်း၏ကိုယ်စားလှယ် | မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ | |
| စာရသူဒေါ်ခင်ချိုဦး) | ရန်ကုန်မြို့တော်စည်ပင်သာယာရေး | |
| | ကော်မတီ ပါ ၅ | |

+၂၀၁၉ ခုနှစ်
အောက်တိုဘာလ ၇ ရက်

**တရားမအထွေထွေလျှောက်ထားမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**
**ဦးမြင့်အောင် နှင့် ဦးမျိုးဝင်းတို့ရှေ့တွင်**

**ဦးကိုကိုဟိန်း**

**နှင့်**

**ညွှန်ကြားရေးမှူးချုပ်**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**နေပြည်တော် ***

**မြန်မာနိုင်ငံသားမဟုတ်သည့် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့သည် ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ ၃ အရ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ ၃ တွင် ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ မည်သူ့ကိုမျှ

---

* ၂၀၁၈ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၈၁

၂၀၁၉ ခုနှစ်

ဦးကိုကိုဟိန်း

နှင့်

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊
ပြည်ထောင်စု
တရားလွှတ်တော်ချုပ်
နေပြည်တော်

အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုရ၊ စာရင်းသွင်းခြင်းလည်း မပြုရဟု ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေတွင် နိုင်ငံသားဟူသောစကားရပ်ကို သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိ၍ ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ မည်သူ့ကိုမျှ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုရ၊ စာရင်းသွင်းခြင်းလည်းမပြုရဆိုသည့် ပြဋ္ဌာန်းချက်အရ နိုင်ငံသားမဟုတ်သည့် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့သည် အဆိုပါနိုင်ငံသားရရှိမည့်အခွင့်အရေးကို ရရှိခွင့်ရှိ မည်မဟုတ်ပေ။

လျှောက်ထားသူအတွက် - ဦးကိုလေး၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဒေါ်ယုယုခင်၊
ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

လျှောက်ထားသူ ဦးကိုကိုဟိန်းက ရှေ့နေအလုပ်သင် စာရင်းတင်သွင်းခွင့်ပြုရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသို့ ၁၃-၆-၂၀၁၈ ရက်နေ့

၂၀၁၉ ခုနှစ်
ဦးကိုကိုဟိန်း
နှင့်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရား
စီရင်ရေးကြီးကြပ်မှုရုံး၊
ပြည်ထောင်စု
တရားလွှတ်တော်ချုပ်
နေပြည်တော်

တွင်လျှောက်ထားရာ ခွင့်မပြုကြောင်းပြန်ကြားသဖြင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန်လျှောက်ထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၅(ခ) နှင့် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၇ (ခ) ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားအဖြစ်သတ်မှတ်ခံရသည့် ဧည့်နိုင်ငံသားလက်မှတ်ကိုင်ဆောင်သော လျှောက်ထားသူကို ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများအပိုဒ် ၃ အရ ပြည်ထောင်စုနိုင်ငံသားမဟုတ်သူ မည်သူ့ကိုမဆို အထက်တန်းရှေ့နေအဖြစ်ခွင့်မပြုရ၊ စာရင်းတင်သွင်းခြင်း မပြုရဆိုသည့် ပြဋ္ဌာန်းချက်ဖြင့် ရှေ့နေအလုပ်သင်အဖြစ် စာရင်းတင်သွင်းခွင့်မပြုကြောင်း ပြန်ကြားသည့်စာသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မြန်မာနိုင်ငံသားများဥပဒေတို့နှင့် ညီညွတ်ခြင်း ရှိ မရှိ၊ နိုင်ငံသားများဥပဒေပုဒ်မ ၃၀(ဂ) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(က)၊ ၃၄၇ ပြဋ္ဌာန်းချက်များပါ အခွင့်အရေးများဆုံးရှုံးခြင်းရှိ မရှိ စိစစ်ရန် ကနဦးအမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားခံရသူအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး

ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၇(ခ) အရ နိုင်ငံသားနှင့်ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူသည် နိုင်ငံသားဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ အဆိုပါဥပဒေပုဒ်မ ၂၅ တွင် ဧည့်နိုင်ငံသားလက်မှတ်လျှောက်လွှာ၌ ဖော်ပြထားသောသားသမီးအမည်ကို ဇဟိုကထည့်သွင်းနိုင်ပြီး အမည်ထည့်သွင်းခံရသော သားသမီးသည် ဧည့်နိုင်ငံသားဖြစ်ကြောင်း၊ ဦးကိုကိုဟိန်း၏နိုင်ငံသားစိစစ်ရေးကဒ်ပြား အမှတ်မှာ ၅/ကသန (ဧည့်) ၀၀၀၁၅၆ ဖြစ်ကြောင်း၊ လျှောက်ထားသူ၏မိခင် ဒေါ်ခင်မော်ငွေးသည် လျှောက်ထားသူအားမွေးဖွားစဉ်က ဧည့်နိုင်ငံသားအဖြစ်သတ်မှတ်ခြင်းမခံရသေးသောကြောင့် ဧည့်နိုင်ငံသားလက်မှတ်လျှောက်ရာတွင် လျှောက်ထားသူ၏ အမည်ထည့်သွင်းပေးခြင်းခံရသည့်သားသမီးဖြစ်သည်ဟု တွေ့ရကြောင်း၊ ပုဒ်မ ၃၀ တွင် ဧည့်နိုင်ငံသားသည် နိုင်ငံတော်၏ဥပဒေများကို ရိုသေလိုက်နာခြင်း၊ ဥပဒေပါတာဝန်ကို ထမ်းဆောင်ရခြင်း၊ နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်ပေးသည့်အခွင့်အရေးမှအပ နိုင်ငံတော်၏ဥပဒေပါ နိုင်ငံသားအခွင့်အရေးများကိုခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ လယ်ယာမြေဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့တွင်

နိုင်ငံသားဆိုသည့်စကားရပ်၌ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ကို ဆိုလိုကြောင်း၊ သီးခြားအနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတွက် အဆိုပါဥပဒေပါ နိုင်ငံသားအခွင့်အရေးကို ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့က ခံစားခွင့်ရရှိကြောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) တွင် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားဖြစ်သူသာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိကြောင်း၊ ယင်းဥပဒေသတ်မှတ်ချက်အရ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၇ တွင်ဖော်ပြထားသည့် နိုင်ငံသားဖြစ်သူများအနက် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားသည်သာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ပြုသည့် ဥပဒေသတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ရကြောင်း၊ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများပါ အထက်တန်းရှေ့နေတို့၏ အရည်အချင်းခေါင်းစဉ်အောက်တွင် နည်းဥပဒေ ၃ ၌ ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ မည်သူ့ကိုမျှ အထက်တန်းရှေ့နေအဖြစ်ခွင့်မပြုရ၊ စာရင်းတင်သွင်းခြင်းမပြုရဟု ပြဋ္ဌာန်းထားကြောင်း၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂၄ အရ သတ်မှတ်ထားသော

၂၀၁၉ ခုနှစ်

ဦးကိုကိုဟိန်း

နှင့်

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရား
စီရင်ရေးကြီးကြပ်မှုရုံး၊
ပြည်ထောင်စု
တရားလွှတ်တော်ချုပ်
နေပြည်တော်

တာဝန်နှင့်အခွင့်အရေးကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူတင်ပြသည့် အထက်တန်းရှေ့နေအဖြစ် စာရင်းအမှတ်စဉ် ၂၀၆၁၉ ဖြင့် စာရင်းတင်သွင်းထားသည့် ဦးစံရွှေထံပေးအပ်ထားသည့် တရားရုံးချုပ်၏ ၄-၁၀-၁၉၉၅ ရက်စွဲပါအမှာစာတွင် ဦးစံရွှေ၏အဖအမည်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်တို့ပါရှိခြင်းမရှိကြောင်း၊ ၂၅-၆-၂၀၀၇ ရက်စွဲပါ ဆိုင်ရှင် (ခ) စံရွှေ၏ နိုင်ငံသားပြုခွင့်စိစစ်ရေးကဒ်ပြားအမှတ် ၅/အထန (ပြု) ၀၀၀၀၀၈ မိတ္တူအရ အထက်တန်းရှေ့နေအဖြစ် လျှောက်ထားခွင့်ပြုသည့်နေ့ရက်တွင် အဆိုပါနိုင်ငံသားပြုခွင့်စိစစ်ရေးကဒ်ပြားထုတ်ပေးခြင်းမရှိသေးကြောင်း တွေ့ရှိရသဖြင့် အထက်တန်းရှေ့နေအဖြစ် မည်သို့လျှောက်ထားရယူခဲ့သည်ကို လျှောက်ထားသူဘက်မှ တင်ပြနိုင်ခြင်းမရှိကြောင်း၊ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ၊ တရားရုံးချုပ်တရားသူကြီးများ အစည်းအဝေး ၂/၂၀၀၉ ဆုံးဖြတ်ချက်တို့နှင့်အညီ ရှေ့နေအလုပ်သင်စာရင်းတင်သွင်းခွင့်မပြုကြောင်း အကြောင်းကြားခြင်းသည် မြန်မာနိုင်ငံသားဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများဆုံးရှုံးခြင်းမရှိသဖြင့် လျှောက်ထားသူ၏စာချွန်တော်လျှောက်ထားမှုအပေါ် လက်ခံစဉ်းစားရန်မသင့်၍ ပယ်သည့်အမိန့် ချမှတ်သင့်

ကြောင်းလျှောက်ထားသည်။

လျှောက်ထားသူ၏ရှေ့နေက လျှောက်ထားသူသည် ဗုဒ္ဓဘာသာဝင်မြန်မာနိုင်ငံသားဖြစ်ပြီး ဖခင်ဦးကိုလေးမှာ မြန်မာနိုင်ငံသား ပင်စင်စားတစ်ဦးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၇ (ခ) အရ နိုင်ငံသားနှင့် ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူသည် နိုင်ငံသားဖြစ်သည်ဟု ဥပဒေအရ အတိအလင်းသတ်မှတ်ခံရသူအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူမည်သူ့ကိုမျှ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြု၊ စာရင်းတင်သွင်းခြင်းမပြုကြောင်း ကန့်သတ်ပိတ်ပင်ငြင်းပယ်ခြင်းသည် မြန်မာနိုင်ငံသားဥပဒေ၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲသည့်အပြင် လောကပါလတရားနှင့်မညီကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၅ (ခ) အရ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်၍ ပုဒ်မ ၃၄၇ အရ ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိခွင့်နှင့် ဥပဒေ၏အကာအကွယ်ကို တန်းတူညီမျှရယူပိုင်ခွင့်ပေးရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၃၅၂ အရ နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင် သတ်

၂၀၁၉ ခုနှစ်

ဦးကိုကိုဟိန်း

နှင့်

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရား
စီရင်ရေးကြီးကြပ်မှုရုံး၊
ပြည်ထောင်စု
တရားလွှတ်တော်ချုပ်
နေပြည်တော်

မှတ်သော အရည်အချင်းနှင့်ပြည့်စုံပါက မည်သည့်နိုင်ငံသားကိုမျှ ခွဲခြားခြင်းမပြုရဟုပါရှိသဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို အတိအလင်းပြဋ္ဌာန်းထားမှုအပေါ် မျက်ကွယ်ပြုရာရောက်ကြောင်း၊ တရားရုံးချုပ်(ရန်ကုန်)မှ နိုင်ငံသားမှတ်ပုံတင်၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားကိုင်ဆောင်ခဲ့သူ အားလုံးကို မြန်မာနိုင်ငံသားများဟု အသိအမှတ်ပြုခဲ့သဖြင့် အင်းတော်မြို့၊ အောင်ချမ်းသာရပ်နေ ဦးစံရွှေ (၅/ အတန (ပြု)၀၀၀၀၀၈) အား အလုပ်သင်ရှေ့နေ ဆင်းခွင့်ပြုခဲ့ပြီး ၁၉၉၅ ခုနှစ်က အထက်တန်းရှေ့နေလိုင်စင်အမှတ် ၂၀၆၁၉ ထုတ်ပေးခဲ့ကြောင်း၊ ၁၉၈၃-၈၅ ခုနှစ်ခန့်ကဥပဒေဘွဲ့မရရှိသူများကိုပင် အထက်တန်းရှေ့နေဖြေဆိုခွင့်ပေး၍ ရှေ့နေလိုက်ပါခွင့်ပြုသည့်အပြင် ယခုလူ့စွမ်းအားဖွံ့ဖြိုးရေးအတွက် ဘွဲ့ရရှိသူများကိုပင် ရှေ့နေလိုက်ခွင့်ပြုချိန်၌ လျှောက်ထားသူအား ရှေ့နေအလုပ်သင်ဆင်းခွင့်ကန့်သတ်ပိတ်ပင်ငြင်းပယ်သည့်အမိန့်ကို ပယ်ဖျက်ပေးနိုင်ပါရန် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်သင့်ကြောင်း လျှောက်ထားသည်။

လျှောက်ထားသူဦးကိုကိုဟိန်းက ရှေ့နေအလုပ်သင်စာရင်းတင်သွင်းခွင့်ပြုရန် ၁၃.၆.၂၀၁၈ ရက်စွဲပါစာဖြင့် လျှောက်ထား

၂၀၁၉ ခုနှစ်

ဦးကိုကိုဟိန်း

နှင့်

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရား
စီရင်ရေးကြီးကြပ်မှုရုံး၊
ပြည်ထောင်စု
တရားလွှတ်တော်ချုပ်
နေပြည်တော်

ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားစီရင်ရေးကြီးကြပ်မှုရုံးမှ ၂၄.၇.၂၀၁၈ ရက်စွဲပါစာဖြင့် ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ ၃ ကိုရည်ညွှန်း၍ ခွင့်မပြုကြောင်း ပြန်ကြားခဲ့သည်။

မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂ (ခ) အရ နိုင်ငံသားဆိုသည်မှာ မြန်မာနိုင်ငံသားကိုဆိုကြောင်း၊ ၂(ဂ) အရ ဧည့်နိုင်ငံသားဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော ဧည့်နိုင်ငံသားကိုဆိုကြောင်း၊ ၂ (ဃ) အရ နိုင်ငံသားပြုခွင့်ရသူဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော နိုင်ငံသားပြုခွင့်ရသူဆိုကြောင်း ပြဋ္ဌာန်းထားသည်။

လျှောက်ထားသူဦးကိုကိုဟိန်းသည် နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် (၅/ကသန(ဧည့်)၀၀၀၁၅၆) ကိုင်ဆောင်သူဖြစ်၍ ၎င်းသည် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂(ဂ) အရ ဧည့်နိုင်ငံသားဖြစ်ကြောင်း တွေ့ရှိရသည်။

အဆိုပါဥပဒေပုဒ်မ ၇ တွင် နိုင်ငံတော်အတွင်း၌ဖြစ်စေ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည် နိုင်ငံသားများဖြစ်သည် -

၂၀၁၉ ခုနှစ်

ဦးကိုကိုဟိန်း
နှင့်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရား
စီရင်ရေးကြီးကြပ်မှုရုံး၊
ပြည်ထောင်စု
တရားလွှတ်တော်ချုပ်
နေပြည်တော်

(က) နိုင်ငံသားမိဘ နှစ်ပါးမှ မွေးဖွားသူများ၊

(ခ) နိုင်ငံသားနှင့် ဧည့်နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊

xxxxxx ဟု ပြဋ္ဌာန်းထားသည်။

လျှောက်ထားသူ၏ဖခင် ဦးကိုလေးသည် နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် (၅/ကသန(နိုင်)၀၀၂၈၃၈) ကိုင်ဆောင်သူ နိုင်ငံသားဖြစ်ပြီး မိခင်ဒေါ်ခင်မော်ဌေးသည် နိုင်ငံသားစိစစ်ရေးကဒ်ပြား အမှတ်(၅/ကသန(ဧည့်)၀၀၀၁၀၃) ကိုင်ဆောင်သူ ဧည့်နိုင်ငံသားဖြစ်သည်။ မိခင်ဒေါ်ခင်မော်ဌေး၏ နိုင်ငံသားစိစစ်ရေးကဒ်ကို မည်သည့်နေ့ရက်တွင်ရရှိခဲ့ကြောင်း လျှောက်ထားလွှာတွင် ဖော်ပြထားခြင်းမရှိသည့်အပြင် အဆိုပါ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူကိုလည်း ပူးတွဲတင်ပြထားခြင်းမရှိပေ။

မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂၃ တွင် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ လျှောက်ထားသူသည် နိုင်ငံသားဖြစ်ရန် သတ်မှတ်ချက်များနှင့် အရည်အချင်းများကိုက်ညီပါက ဧည့်နိုင်ငံသားအဖြစ် သတ်မှတ်နိုင်သည်။ ပုဒ်မ ၂၅ တွင် ဧည့်နိုင်ငံသားလက်မှတ်တွင် လျှောက်လွှာ

၌ဖော်ပြထားသော သားသမီး၏အမည်ကို ဇဟိုအဖွဲ့က အမည်ထည့်သွင်းပေးခြင်းခံရသည့် သားသမီးများသည် ဧည့်နိုင်ငံသားဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။

လျှောက်ထားသူကိုမမွေးဖွားမီ မိခင်ဒေါ်ခင်မော်ဌေးသည် ဧည့်နိုင်ငံသားအဖြစ် ရောက်ရှိပြီးသူဖြစ်ပါက ဧည့်နိုင်ငံသားမိခင်နှင့် နိုင်ငံသားဖခင်တို့မှမွေးဖွားသော လျှောက်ထားသူသည် ပုဒ်မ ၇ (ခ) အရ နိုင်ငံသားအဖြစ် ရောက်ရှိမည်ဖြစ်သည်။ သို့သော် လျှောက်ထားသူသည် ဧည့်နိုင်ငံသားကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကဒ်ပြား ရရှိသူဖြစ်သောကြောင့် လျှောက်ထားသူအား မွေးဖွားပြီးနောက်ပိုင်းမှ ပုဒ်မ ၂၅ အရ မိခင်ဒေါ်ခင်မော်ဌေး၏ ဧည့်နိုင်ငံသား လက်မှတ်လျှောက်လွှာတွင် အမည်ထည့်သွင်းပေးခြင်းခံရသော သားသမီးအဖြစ်ပါရှိသဖြင့် လျှောက်ထားသူကို ဧည့်နိုင်ငံသားအဖြစ်သတ်မှတ်၍ နိုင်ငံသားစိစစ်ရေးကဒ် ထုတ်ပေးခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

အဆိုပါဥပဒေပုဒ်မ ၂၄ အရ ဧည့်နိုင်ငံသားသည် နိုင်ငံတော်၏သစ္စာကိုခံယူကြောင်း၊ နိုင်ငံတော်၏ ဥပဒေများကို ရိုသေလိုက်နာမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော တာဝန်

နှင့်အခွင့်အရေးများကိုသိရှိကြောင်း စာဖြင့်ရေး၍ကတိသစ္စာပြုရမည်ဟု ပြဋ္ဌာန်းထားသဖြင့် တည်ဆဲဥပဒေများကို ဧည့်နိုင်ငံသားများက လေးစားလိုက်နာရမည်ဖြစ်သည်။

မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၃၀ အရ ဧည့်နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်၏ဥပဒေများကို ရိုသေလိုက်နာရမည်၊ နိုင်ငံတော်၏ ဥပဒေပါတာဝန်များကို ထမ်းဆောင်ရမည်။ နိုင်ငံတော်၏ဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို ခံစားခွင့်ရှိသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လယ်ယာမြေနည်းဥပဒေများတွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၌ နိုင်ငံသားဆိုသည့်စကားရပ်ကို နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ကို ဆိုလိုကြောင်း သီးခြားအဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းထားသဖြင့် ထိုကဲ့သို့ သီးခြားအဓိပ္ပာယ်ထားသည့် ဥပဒေများတွင်ပါရှိသော အခွင့်အရေးနှင့်တာဝန်များကို ဧည့်နိုင်ငံသားသည် နိုင်ငံသားများနည်းတူ ခံစားခွင့်ရရှိမည်ဖြစ်သည်။

၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ ၃ တွင် ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ မည်သူ့ကိုမျှ အထက်

တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုရ စာရင်းသွင်းခြင်းလည်းမပြုရဟု ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၇ တွင် တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသဖြင့် အထက်တွင်ဖော်ပြခဲ့သော ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုထားသည့်အတွက် ယင်းနည်းဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၇ ပါပြဋ္ဌာန်းချက်အရ အတည်ဖြစ်လျက်ရှိသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ကြောင်းလည်း ပေါ်ပေါက်မှုမရှိသည်ကို တွေ့ရှိရသည်။

၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေတွင် နိုင်ငံသားဟူသောစကားရပ်ကို သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိ၍ ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူမည်သူ့ကိုမျှ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုရ စာရင်းသွင်းခြင်းလည်း

မပြုရဆိုသည့် ပြဋ္ဌာန်းချက်အရ နိုင်ငံသားမဟုတ်သည့် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့သည် အဆိုပါ နိုင်ငံသားရရှိမည့် အခွင့်အရေးကို ရရှိခွင့်ရှိမည် မဟုတ်ပေ။

အဆိုပါ နည်းဥပဒေနှင့်အညီ ဧည့်နိုင်ငံသား စိစစ်ရေးကဒ်ပြား ကိုင်ဆောင်ထားသူ ဦးကိုကိုဟိန်းအား ရှေ့နေအလုပ်သင်စာရင်း တင်သွင်းခွင့်ပြုရန် လျှောက်ထားမှုကို ခွင့်မပြုကြောင်း လျှောက်ထားခံရသူက ပြန်ကြားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အဆိုပါဆောင်ရွက်ချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ခြင်းဖြစ်၍ ယင်းဆောင်ရွက်ချက်အပေါ် စာချွန်တော်အမိန့် ထုတ်ဆင့်ရန် လိုအပ်မည် မဟုတ်ပေ။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို ပယ်သည်။

စရိတ်မသတ်မှတ်။

၁၅

+၂၀၁၉ ခုနှစ်

နိုဝင်ဘာလ ၁၈ ရက်

**တရားမအထွေထွေလျှောက်ထားမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးမျိုးတင့် နှင့် ဦးစိုးနိုင် တို့ရှေ့တွင်**

**ဦးဝင်းနိုင် (၎င်း၏ ကိုယ်စားလှယ်စာရသူဒေါ်ခင်ချိုဦး)**

**နှင့်**

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပါ - ၅ ***

**ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအရ ဂရန်အမည်ပေါက် ပြောင်းလဲပေးခဲ့ခြင်း၊ ယင်းဒီကရီကို အထူးအယူခံမှုတွင် ပယ်ဖျက်ခဲ့သဖြင့် ဂရန်အမည်ပေါက် လွှဲပြောင်းခြင်း အား ပြန်လည်ပယ်ဖျက်ရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ရန်ကုန်မြို့၊ မြို့မတိုက်နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၂ Xᴶ)၊ မြေကွက်အမှတ် (၂၅၈)၊ ဧရိယာ ဝ.ဝ၂၉ ဧက (ယခုလျှောက်ထားသည့် အချင်းဖြစ်မြေ) ၏ မြေရာဇဝင်တွင် ၂၈-၁၀-၉၂ နေ့တွင် အသစ်ထပ်မံထုတ်ပေးသည့် နှစ် ၆ဝ ဂရန်

* ၂၀၁၈ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၂၃၉

၂၀၁၉ ခုနှစ်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

သည် ဦးအောင်မြင့်သိန်း ဒေါ်နုနုရီ၊ ဒေါ်ခင်မြင့်ရီ၊ ဦးဝင်းအောင်တို့ အမည်ပေါက်ကြောင်း တွေ့ရှိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၂၃/၂၀၁၁ စီရင်ချက်နှင့်ဒီကရီအရ ဦးချစ်မောင်အမည်ဖြင့် အမည်ပေါက်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပြီး ယင်းဒီကရီကို တရားမအထူးအယူခံမှု အမှတ် ၅၁/၂၀၁၄ တွင် ပယ်ဖျက်ခဲ့သောကြောင့် ဦးချစ်မောင်သည် အချင်းဖြစ်မြေကိုပိုင်ဆိုင်ကြောင်း ဒီကရီမရရှိတော့သဖြင့် ၎င်းအမည်ဖြင့် ဂရန်အမည်ပေါက်လွှဲပြောင်းခြင်းအား ပြန်လည်ပယ်ဖျက်ရန် လိုအပ်ကြောင်းထင်ရှားသည်။

တရားရုံးဒီကရီအရ ဦးချစ်မောင် အမည်ပြောင်းခဲ့ရာတွင် ယင်းဒီကရီကို အထူးအယူခံမှုတွင် ပယ်ဖျက်သဖြင့် လျှောက်ထားခံရသူအမှတ် (၁) သည် ၎င်းအား အပ်နှင်းထားသောလုပ်ပိုင်ခွင့်နှင့်အညီ မူလအမည်ပေါက် ပြန်လည်ထားရှိရမည်ဖြစ်ပါလျက် ယင်းသို့ဆောင်ရွက်ပေးရန် ပျက်ကွက်သောကြောင့် မူလအမည်သို့ ပြန်လည်ထားရှိစေရန် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ရန်လိုအပ်ကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူအတွက် - ဦးအောင်သစ်၊
တရားလွှတ်တော်ရှေ့နေ

| | | |
|---|---|---|
| လျှောက်ထားခံရသူအမှတ် (၁) - | ဒေါ်ယုယုခင်၊ | ၂၀၁၉ ခုနှစ် |
| အတွက် | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဦးဝင်းနိုင်<br>(၎င်း၏ကိုယ်စားလှယ်<br>စာရသူဒေါ်ခင်ချိုဦး)<br>နှင့်<br>ဌာနမှူး၊ မြို့ပြစီမံကိန်း<br>နှင့် မြေစီမံခန့်ခွဲမှုဌာန<br>ရန်ကုန်မြို့တော်<br>စည်ပင်သာယာရေး<br>ကော်မတီ ပါ - ၅ |
| လျှောက်ထားခံရသူအမှတ် (၂) -<br>မှ (၅) တို့အတွက် | ဦးလှိုင်မြင့်၊<br>တရားလွှတ်တော်ရှေ့နေ | |

ရန်ကုန်မြို့၊ ကမ်းနားလမ်း၊ တိုက်အမှတ်(၅၈၂)၊ (လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂-X^၂) မြေကွက်အမှတ် (၂၅၈)) ဧရိယာ ၀.၀၂၉ ဧကရှိမြေကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လျှောက်ထားခံရသူအမှတ်(၂)ဦးချစ်မောင်အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းခဲ့သဖြင့် လျှောက်ထားသူ ဦးဝင်းနိုင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ၂၀၁၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၅၁ စီရင်ချက်အမိန့်အရ ဦးချစ်မောင်အမည်ပေါက် မြေငှားဂရန်ပယ်ဖျက်ပေးရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားရာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၈ ပြီးပြတ်သည်အထိ ယင်းလျှောက်ထားမှုကို ဆိုင်းငံ့ကြောင်းပြန်ကြားသဖြင့် ဦးဝင်းနိုင်က အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထား

၂၀၁၉ ခုနှစ်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

သည်။

လျှောက်ထားသူဦးဝင်းနိုင်က ၎င်း၏ဇနီး ဒေါ်ခင်မြင့်ရီနှင့် လျှောက်ထားခံရသူ (၃) (၄) (၅) တို့ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသော နှစ် ၆၀ ဂရန်မြေအား ဦးချစ်မောင် အမည်သို့ လွှဲပြောင်းပေးထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားချက်အပေါ် လျှောက်ထားသူဦးဝင်းနိုင် စွဲဆိုထားသော ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၈ အမှုကိုအကြောင်းပြု၍ အဆိုပါအမှု ပြီးပြတ်သည်အထိ ဆိုင်းငံ့ထားကြောင်း အကြောင်းပြန်ကြားစာသည် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ဆုံးဖြတ်ရာရောက် မရောက် စိစစ်ရန် ကနဦးအမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားခံရသူအမှတ် (၁) အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၁ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေ ၄ (င) တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် နည်းဥပဒေ ၃ အရ ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေကွက်များနှင့် စပ်လျဉ်း၍ မြေများကို လဲလှယ်ခြင်း၊ အမည်လွှဲပြောင်းခြင်း၊

၂၀၁၉ ခုနှစ်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

တိုင်းတာခြင်း၊ ခွဲစိတ်ခြင်း၊ မြေပုံမြေရာဇဝင်ထုတ်ပေးခြင်း၊ တန်ဖိုးဖြတ်ခြင်းနှင့် အခြားနည်းစီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း၊ လုပ်ထုံးလုပ်နည်းအပိုဒ် ၄ (ခ) အရ မြေအမည်ပေါက်ပြောင်းလဲသတ်မှတ်ပေးရန် ဌာန၏သတ်မှတ်ပုံစံနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများ တင်ပြလျှောက်ထားရမည်ဖြစ်၍ ဦးချစ်မောင်သည် အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ ၎င်းအနိုင်ဒီကရီရရှိခဲ့သည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမအယူခံတို့၏စီရင်ချက်များ၊ ဦးချစ်မောင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းမှတ်ပုံတင်စာချုပ်တို့ကို တင်ပြ၍ မူလအမည်ပေါက် ဦးအောင်မြင့်သိန်း၊ ဒေါ်နုနုရီ၊ ဒေါ်ခင်မြင့်ရီ၊ ဦးဝင်းအောင်တို့၏အမည်မှ ဦးချစ်မောင်အမည်သို့အမည်ပြောင်းလျှောက်ထားရာတွင် သတင်းစာများမှ ကြော်ငြာထည့်သွင်းခဲ့သော်လည်း ကန့်ကွက်မည့်သူမရှိ၍ အမည်လွှဲပြောင်းသတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယာယီအတည်ပြုထားသော မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၅၈ အရ မြေစီမံခန့်ခွဲမှုကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက တရားရုံးတွင် အမှုရင်ဆိုင်နေဆဲဖြစ်ကြောင်း အထောက်

အထားဖြင့် ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း၊ ဦးဝင်းနိုင်၏ ကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်ချိုဦးက ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားမအထူးအယူခံမှုအမှတ် ၅၁/၂၀၁၄ တွင် ချမှတ်သည့် ဒီကရီကိုမိတ္တူတင်ပြပြီး ဦးချစ်မောင်အမည်သို့ ဂရန်အမည်လွှဲပြောင်းခြင်းမှတ်တမ်းကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုအပေါ် ဦးချစ်မောင်က ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၈၈/၂၀၁၆ အမှုဆုံးဖြတ်ချက်ချမှတ်သည်အထိဆိုင်းငံ့ပေးပါရန်နှင့် အဆိုပါရုံးတွင် သက်သေခံအဖြစ်တင်ပြထားသော အချင်းဖြစ်မြေအရောင်းအဝယ်စာချုပ်၊ ဂရန်စာချုပ် တာဝန်ခံမိတ္တူမှန်များတင်ပြပြီး တရားရုံးတွင် အမှုရင်ဆိုင်နေရကြောင်း အထောက်အထားတင်ပြကန့်ကွက်သဖြင့် လျှောက်ထားခံရသူအမှတ် (၁) ဌာနအနေဖြင့် မူလအမည်ပေါက်ပြန်လည်မှတ်သားနိုင်ခြင်းမရှိကြောင်း၊ ဒေါ်ခင်ချိုဦး၏ကန့်ကွက်စာတင်ပြမှုကို မြေရာဇဝင်မှတ်ချက်တွင် မှတ်သားထားကြောင်း၊ ဂရန်မူရင်းနှင့် အမည်ပေါက်လွှဲပြောင်းသည့် မှတ်တမ်းမူရင်းတွင် မူလအမည်ပေါက် ပြန်လည်မှတ်သားရခြင်း မရှိသေးသောကြောင့် အမှုပြီးပြတ်သည်အထိဆိုင်းငံ့ထားပါကြောင်း ပြန်ကြားခြင်းသည် ဦးဝင်းနိုင်၏ လျှောက်ထားမှုကို ဆောင်ရွက်ပေးရန်

ငြင်းပယ်ခြင်းမဟုတ်ဘဲ ဆောင်ရွက်ပေး၍ မရသေးကြောင်း အကြောင်းပြန်ကြားခြင်းဖြစ်၍ ၎င်းအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်း မရှိသောကြောင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်အပေါ် ပယ်သည့်အမိန့်တစ်ရပ် ချမှတ်သင့်ပါကြောင်း လျှောက်ထားသည်။

လျှောက်ထားခံရသူအမှတ် (၂) မှ (၅) တို့၏ ရှေ့နေက အချင်းဖြစ်မြေ၏ဂရန်သည် ယခုအချိန်တွင် ဦးချစ်မောင်အမည် ပေါက်ပြီး ၁၉၇၄ မှ ယခုချိန်ထိ ဦးချစ်မောင်လက်ရှိနေထိုင်ကြောင်း၊ ဦးချစ်မောင်နှင့် ဇနီးဒေါ်ကျင်မြတို့က ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၂၃ ဖြင့် ယင်းမြေကွက်ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးစေရန်စွဲဆိုခဲ့ရာ နောက်ဆုံး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ၂၀၁၄ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၅၁ အမှု အမိန့်ချမှတ်သည့်နေ့သည် ၁၆-၂-၂၀၁၅ ရက်နေ့ဖြစ်ပြီး ဦးချစ်မောင် ဂရန်အမည် ပေါက်ခြင်းသည် ၁၉-၁၁-၂၀၁၄ ဖြစ်ကြောင်း၊ ဦးချစ်မောင်အမည်ဖြင့် ဂရန်ပေါက်နေခြင်းကို ရှေ့နေအား မညွှန်ကြားမိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က

၂၀၁၉ ခုနှစ်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

အချင်းဖြစ်မြေသည် ဦးချစ်မောင်အမည်ဖြင့် ဂရန်အမည်ပေါက်ခြင်းမရှိဟု သုံးသပ်ပြီးမြေနှင့်စပ်လျဉ်းသည့် စွဲဆိုမှုကိုပလပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးချစ်မောင်က ဂရန်အမည်ပေါက်ရရှိရန် လျှောက်ထားစဉ်က တရားဝင်သတင်းစာမှ ကြော်ငြာခဲ့သော်လည်း ကန့်ကွက်မည့်သူမရှိသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နည်းလမ်းတကျ ဦးချစ်မောင်အမည်ဖြင့် ဂရန်အမည်ပြောင်းခဲ့ခြင်းဖြစ်၍ တရားဝင်အတည်ဖြစ်လျက်ရှိကြောင်း၊ ယင်းဂရန်မူရင်းကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၈ တွင် သက်သေခံ (၂) အဖြစ် လက်ခံပြီးဖြစ်ကြောင်း၊ ဦးချစ်မောင်အမည်ဖြင့် ဂရန်ပေါက်သည်ကို ဦးဝင်းနိုင်သိရှိသဖြင့် ယင်းဂရန်ပယ်ဖျက်ပေးရန် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးထံ လျှောက်ထားခဲ့ရာတွင် တစ်ဖက်သတ်မဆုံးဖြတ်ဘဲ တရားရုံးအမှုပြီးပြတ်သည်အထိ လျှောက်ထားချက်ကို ဆိုင်းငံ့ခြင်းသည် လုပ်ထုံးလုပ်နည်းနှင့် အညီဖြစ်ကြောင်း၊ ဌာနမှူးသည် မိမိဆောင်ရွက်ရမည့်တာဝန်ကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းမဟုတ်ဘဲ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မိမိလုပ်ပိုင်ခွင့်အတွင်း ထုံးနည်းတကျဆောင်ရွက်ရာရောက်ကြောင်း၊ တရားရုံး

၂၀၁၉ ခုနှစ်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

၏ဒီကရီနှင့် အုပ်ချုပ်ရေးအာဏာပိုင်ဆုံးဖြတ်ချက်များ ဝိရောဓိမဖြစ်စေရန် လျှောက်ထားမှုကို ဆိုင်းငံ့ခြင်းဖြစ်ကြောင်း၊ ဦးဝင်းနိုင်သည် ဦးချစ်မောင်ရရှိသည့်ဂရန်ကို ပယ်ဖျက်ပေးရန်အတွက် သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၃၉ အရ ဂရန်စာချုပ်ပယ်ဖျက်ပေးရန် တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဦးဝင်းနိုင်က မြေ၏ ၄ ပုံ ၁ ပုံ တောင်းဆိုသော အချင်းဖြစ်မြေကွက် သည် အလျားမြေ ၅၀ x အနံ ၂၅ ပေရှိ၍ ထိုအလျား၊ အနံအရ ၄ ပုံ ၁ ပုံခွဲစိတ်၍မရနိုင်ကြောင်းကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ဌာနစုမှူး၏ထွက်ချက်တွင် အတိအလင်းထွက်ဆိုထားကြောင်း၊ အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်းကို ခွင့်မပြုသင့်ပါကြောင်း လျှောက်ထားသည်။

လျှောက်ထားသူ၏ရှေ့နေက ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၂၃ ၏ ဒီကရီအပေါ်အယူခံမှုဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ၂၀၁၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၃၃ တွင် ချမှတ်သည့် ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ၂၀၁၄ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၅၁ တွင်ပယ်ဖျက်ခဲ့ကြောင်း၊

၂၀၁၉ ခုနှစ်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

၂၀၁၃ ခုနှစ်၊ အယူခံမှုအမှတ် ၃၃၃ ၏အဆုံးအဖြတ်ကို အထူးအယူခံဝင်ခွင့်ပြုကြောင်း ၁၂-၉-၂၀၁၄ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ပြီး အထူးအယူခံမှုအမှတ် ၅၁/၂၀၁၄ အမှုကို ၂၃-၉-၂၀၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ လျှောက်ထားခံရသူအမှတ် (၂) ဦးချစ်မောင်က အချင်းဖြစ်မြေအား ၎င်းတစ်ဦးတည်းအမည်ပေါက်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားခံရသူအမှတ် (၁) ဌာနမှူးထံ ၂၄-၉-၂၀၁၄ ရက်နေ့တွင် လျှောက်ထားခဲ့ကြောင်း၊ ယင်းမြေသည် လျှောက်ထားသူ ဦးဝင်းနိုင်၏ဇနီးဒေါ်ခင်မြင့်ရီ (ကွယ်လွန်) နှင့် အခြားသူ ၃ ဦး၊ ပေါင်း ၄ ဦးအမည်ဖြင့် ဂရန်ရရှိထားသောမြေဖြစ်ပြီး ဒေါ်ခင်မြင့်ရီကွယ်လွန်သွားသဖြင့် လျှောက်ထားသူသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံသောကြောင့် ဦးချစ်မောင်က တရားစွဲဆိုရာတွင်လျှောက်ထားသူကို တရားပြိုင်တစ်ဦးအဖြစ်ဖော်ပြခဲ့ကြောင်း၊ ဦးချစ်မောင်က ဂရန်အမည်ပြောင်း လျှောက်ထားရာတွင် လျှောက်လွှာ၌ လျှောက်ထားသူ၏ အမည်နှင့်လိပ်စာကို ဖော်ပြခဲ့ခြင်းမရှိသောကြောင့် လျှောက်ထားခံရသူအမှတ် (၁) ဌာနမှူးက ယင်းလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူထံ အကြောင်းပြရန် နို့တစ်စာမပေးခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထား

၂၀၁၉ ခုနှစ်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

သူအနေဖြင့် ဦးချစ်မောင်၏လျှောက်လွှာကို ကန့်ကွက်ရန် အခွင့်အရေးမရရှိခဲ့ကြောင်း၊ ဂရန်ရရှိထားသူထံ အကြောင်းကြားစာပေးပို့ထားခြင်းမရှိ၍ ဂရန်ထုတ်ပေးသည့်အာဏာပိုင်သည် ဂရန်ထုတ်ပေးသည့်မြေနှင့်စပ်လျဉ်း၍ ဂရန်အသစ် (မြေငှားစာချုပ်အသစ်) ထုတ်ပေးခွင့်မရှိဟု **အိပ်ချ်စီဒတ်စ် နှင့် ဦးငွေဂိုင် ပါ-အများ အမှု** [၁] တွင် ထုံးဖွဲ့ထားကြောင်း၊ လျှောက်ထားသူသည် ဦးချစ်မောင်အမည်သို့ ဂရန်အမည်ပြောင်းပေးထားကြောင်းကိုသိရှိ၍ အမည်ပြောင်းခြင်းကို ပယ်ဖျက်ပေးရန် ၂၀၁၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၅၁ စီရင်ချက်တာဝန်ခံမိတ္တူမှန်ပူးတွဲလျှောက်ထားခဲ့ကြောင်း၊ ဌာနမှူးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် စုံညီခုံရုံးက ပယ်ဖျက်ထားသော စီရင်ချက်များအပေါ်အခြေခံကာ ဦးချစ်မောင်အမည်သို့ ဂရန်အမည်ပြောင်းခြင်းသည် အလိုအလျောက် ပျက်ပြယ်လျက်ရှိကြောင်း သိရှိနိုင်ပါလျက် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၈၈/၂၀၁၆ အမှုပြီးပြတ်သည်အထိ ဆိုင်းငံ့ထားသည်ဟု ပြန်ကြားခဲ့ကြောင်း၊ ယင်းတရားမကြီးမှုအမှတ် ၁၈၈/၂၀၁၆ သည် မြေလက်ရောက်ရလိုမှုဖြစ်ပြီး ဂရန်ပယ်ဖျက်

---

၁။ ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်)၊ စာ - ၆၂၅

၂၀၁၉ ခုနှစ်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

ခြင်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ဂရန်ကိုပယ်ဖျက်ရန်မှာ အထူးအယူခံမှုအမှတ် ၅၁/၂၀၁၄ ၏အဆုံးအဖြတ်အရဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနမှူးအနေဖြင့် ဥပဒေအရမိမိလုပ်ဆောင်ရန်အလုပ်တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းဖြစ်၍ အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်ပေးရန် လျှောက်ထားရခြင်းဖြစ်ကြောင်း၊ မြေငှားဂရန်ကို ဦးချစ်မောင်အမည်သို့ ပြောင်းလဲထားသည့်အမိန့်ကို ပယ်ဖျက်သည့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်သင့်ပါကြောင်း လျှောက်ထားသည်။

ရန်ကုန်မြို့၊ မြို့မတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂X$^{၂}$)၊ မြေကွက်အမှတ် (၂၅၈)၊ ဧရိယာ ၀.၀၂၉ ဧက (ယခုလျှောက်ထားသည့်အချင်းဖြစ်မြေ) ၏ မြေရာဇဝင်တွင် ၂၈-၁၀-၉၂ နေ့တွင် အသစ်ထပ်မံထုတ်ပေးသည့် နှစ် ၆၀ ဂရန်သည် ဦးအောင်မြင့်သိန်း ဒေါ်နုနုရီ၊ ဒေါ်ခင်မြင့်ရီ၊ ဦးဝင်းအောင်တို့အမည်ပေါက်ကြောင်း တွေ့ရှိရသည်။

ဦးချစ်မောင်က ယင်းဂရန်မူရင်း၊ ၎င်းနှင့်ဇနီးဒေါ်တင်မြတို့သည် ယင်းမြေနှင့်မြေပေါ်ရှိ ဥပစာပိုင်ဆိုင်ကြောင်းကို ဆုံးဖြတ်ထားသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁

၂၀၁၉ ခုနှစ်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၂၃၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၂ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၂၀၀၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ၂၀၁၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၃၃ တို့၏ စီရင်ချက်နှင့်ဒီကရီ တာဝန်ခံမိတ္တူမှန်များ၊ ၉-၁၀-၂၀၁၃ ရက်နေ့တွင်ကွယ်လွန်သည့် ဒေါ်တင်မြ၏သေစာရင်း၊ ယင်းမြေနှင့် အဆောက်အအုံများကို တရားရုံး၏ စီရင်ချက်နှင့် ဒီကရီများအရ ပိုင်ဆိုင်ကြောင်းနှင့် ဇနီးကွယ်လွန်သဖြင့် ခင်ပွန်းကပိုင်ဆိုင်ကြောင်း ဦးချစ်မောင်၏ကျမ်းကျိန်လွှာ ပူးတွဲတင်ပြ၍လည်းကောင်း၊ မြေပြင်သို့ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရလည်းကောင်း၊ ဦးချစ်မောင်ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင် လျှောက်ထားခဲ့သဖြင့် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃၊ ၁၇၊ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း၊ မြို့တော်နှင့် ကြေးမုံ သတင်းစာများတွင် ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သည်။ ကန့်ကွက်သူမရှိ၍ မြေပုံမြေရာဇဝင်ထုတ်ပေးခဲ့ပြီး ဦးချစ်မောင်က အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ် ၅၃၀၄/ ၂၀၁၄ ချုပ်ဆိုတင်ပြ၍ ၎င်းအမည်သို့ မြေဂရန်အမည်ပြောင်းလဲပေးရန် လျှောက်ထားသောကြောင့် သက်ဆိုင်ရာရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများနှင့် ၃၀-၉-၂၀၁၄၊

၂၀၁၉ ခုနှစ်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

၄-၁၀၂၀၁၄ ရက်နေ့ထုတ် မြို့တော်နှင့်မြန်မာ့အလင်းသတင်းစာများတွင် ကန့်ကွက်နိုင်ကြောင်းကြေညာခဲ့ရာ ကန့်ကွက်သူမရှိ၍ ၁၉-၁၁-၂၀၁၄ ရက်နေ့တွင် ဦးချစ်မောင်အမည် ပြောင်းလဲမှတ်သားခဲ့ခြင်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေ ၄ (င) အရ ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေကွက်များနှင့်စပ်လျဉ်း၍ မြေပိုင်ဆိုင်ခွင့် အမည်လွှဲပြောင်းဆောင်ရွက်ပေးပိုင်ခွင့်ရှိသဖြင့် လျှောက်ထားချိန်တွင် အတည်ဖြစ်လျက်ရှိသော တရားရုံး၏ ဒီကရီ၊ ဇနီးကွယ်လွန်ကြောင်း သေစာရင်း၊ ၎င်းအမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်တို့တင်ပြသဖြင့် အမည်ပြောင်း ဆောင်ရွက်ပေးခြင်းဖြစ်၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

သို့သော် မူလရုံးတရားပြိုင် ဦးဝင်းနိုင် (ကွယ်လွန်သူဒေါ်ခင်မြင့်ရီ၏ခင်ပွန်း) က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အထူးအယူခံဝင်ခဲ့သည့် ၂၀၁၄ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၅၁ တွင် မူလခရိုင်တရားရုံး၊ အယူခံတရားရုံးအဆင့်ဆင့်တို့၏ စီရင်ချက်နှင့်ဒီကရီများကိုပယ်ဖျက်ပြီး အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ ဦးချစ်မောင်စွဲဆိုမှုကို ပလပ်ကြောင်း အဆောက်

အအုံကိုမူ ဦးချစ်မောင်ပိုင်ဆိုင်ကြောင်း မြွတ်ဟဒီကရီကို ၁၆-၂-၂၀၁၅ ရက်နေ့တွင်ချမှတ်ခဲ့သည်။ သို့ဖြစ်၍ အချင်းဖြစ်မြေကို ဦးချစ်မောင်တို့ လင်မယားပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီကို အထူးအယူခံမှုတွင် ပယ်ဖျက်လိုက်သဖြင့် ၎င်းတို့ပိုင်ဆိုင်ခြင်းရှိမည် မဟုတ်ပေ။ မူလဂရန်အမည်ပေါက် မောင်နှမ ၄ ဦးပိုင်ဆိုင်ကြောင်း ထင်ရှားတွေ့ရှိရသည်။

ဦးဝင်းနိုင်က ကွယ်လွန်သူဇနီးဒေါ်ခင်မြင့်ရီ ရထိုက်သည့် အကျိုးခံစားခွင့်ကို အမွေဆက်ခံရပိုင်ခွင့်ရှိသူအဖြစ် တရားလိုပြုလုပ်စွဲဆိုသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၈ တွင် အချင်းဖြစ်မြေပေါ်ရှိ ၃ ထပ်တိုက်ကို ဖျက်သိမ်းပေးစေရန်၊ သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၅၅ အရ အာဏာတ္တိက တားဝရမ်းထုတ်ဆင့်ပေးရန်နှင့် မြေ ၄ ပုံ ၁ ပုံခွဲဝေပေးရန် ဒေါ်နုနုရီ၊ ဦးဝင်းအောင်၊ ဦးမြင့်သိန်း (ခ) ဦးအောင်မြင့်သိန်း၊ ဦးချစ်မောင်တို့အပေါ် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ယင်းအမှုတွင် တရားပြိုင်များ၏အချေလွှာအရ မြေဂရန်သည် ဦးချစ်မောင်အမည်သို့ ပြောင်းလဲထားကြောင်းတွေ့ရှိသဖြင့် ဦးဝင်းနိုင်၏ကိုယ်စားလှယ် ဒေါ်ခင်ချိုဦးက တရားမအထူးအယူခံမှုအမှတ် ၅၁/၂၀၁၄ ၏ စီရင်ချက်နှင့်ဒီကရီမိတ္တူ

၂၀၁၉ ခုနှစ်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

မှန်ပူးတွဲ၍ ဦးချစ်မောင်အမည်သို့ ဂရန်အမည်လွှဲပြောင်း မှတ်တမ်းတင်ထားခြင်းကို ပယ်ဖျက်ပေးရန် ၂၃-၆-၂၀၁၇ ရက် နေ့တွင် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၂၃/၂၀၁၁ စီရင်ချက်နှင့်ဒီကရီအရ ဦးချစ်မောင် အမည်ဖြင့် အမည်ပေါက်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပြီး ယင်းဒီကရီကို တရားမ အထူးအယူခံမှုအမှတ် ၅၁/၂၀၁၄ တွင် ပယ်ဖျက်ခဲ့သောကြောင့် ဦးချစ်မောင်သည် အချင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်း ဒီကရီမရရှိ တော့သဖြင့် ၎င်းအမည်ဖြင့် ဂရန်အမည်ပေါက်လွှဲပြောင်းခြင်း အား ပြန်လည်ပယ်ဖျက်ရန် လိုအပ်ကြောင်းထင်ရှားသည်။

လျှောက်ထားခံရသူအမှတ် (၁) မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုကော်မတီဌာနမှူးက ယင်းလျှောက်ထားမှုအပေါ် မူလအမည်ပေါက် ဦးအောင်မြင့်သိန်း၊ ဦးဝင်းအောင်၊ ဒေါ်ခင်မြင့်ရီ၊ ဒေါ်နုနုရီ အမည်သို့ ပြင်ဆင်မှတ်သားရန်အတွက် ဂရန်မူရင်းနှင့်အတူလာရောက်ရန် ဦးချစ်မောင်အား ခေါ်ယူခဲ့ သည်။ ဦးချစ်မောင်သည် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၈ အမှု ဆုံးဖြတ်ချက်ချ မှတ်ပြီးသည်အထိ ဆိုင်းငံ့ပေးရန် လျှောက်ထားသည့်အပြင်

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

အဆိုပါအမှုတွင် ဂရန်နှင့် အမည်ပေါက်လွှဲပြောင်းခြင်းမှတ်တမ်းမူရင်းတို့ကို သက်သေခံ (၂) အဖြစ် လက်ခံထားကြောင်းတင်ပြသဖြင့် ဌာနက ဂရန်အား မူလအမည်ပြောင်းလဲသတ်မှတ်ရန်အတွက် သက်ဆိုင်ရာမြေစာရင်း၌သာမက ဂရန်မူရင်းနှင့် ပူးတွဲအမည်ပေါက်လွှဲပြောင်းမှတ်တမ်းမူရင်းတို့ကိုပါ ပြန်လည်ပြင်ဆင်မှတ်သားရန်လိုသဖြင့် မူလအမည်ပေါက် ပြန်လည်မှတ်သားရန်အတွက် ၁၉-၄-၂၀၁၈ ရက်စွဲပါစာအမှတ် ရကစ/မြို့ပြ-မြေစီမံ-၂၀၁၈ (၇၀၄၂) ဖြင့် အမှုပြီးပြတ်သည်အထိ ဆိုင်းငံ့ထားပါကြောင်း ပြန်ကြားထားခြင်းဖြစ်သည်။

ယာယီအတည်ပြုထားသည့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မြေအမည်ပေါက် ပြောင်းလဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၇ ၏ မှတ်ချက် (၁) ပူးတွဲအမည်ပေါက်များဖြင့်တည်ရှိသော မြေငှားစာချုပ် (ဂရန်) မြေများနှင့်စပ်လျဉ်း၍ အမည်ပေါက်တစ်ဦးဦး၏ အစုအား မှတ်ပုံတင်စာချုပ်ဖြင့်ရရှိပိုင်ဆိုင်သူတို့မှ ၎င်းတို့၏အမည်အား ဖြည့်စွက်ပြောင်းလဲပေးရန် လျှောက်ထားလာပါက ပူးတွဲအမည်ပေါက်ပါရှိစေကာမူ စိစစ်ဆောင်ရွက်ပေးရန်၊ (၂) မှတ်ချက်(၁) ပါဆောင်ရွက်ရာတွင် အမည်ပေါက်ဖြည့်စွက်ပြောင်းလဲခြင်း၌

မူလဂရန်မူရင်းပါ ကျန်အမည်ပေါက် သို့မဟုတ် ကျန်အမည်ပေါက်များသည် မူလဂရန်မူရင်းကို အမည်ပေါက်ပြောင်းလဲရန်အတွက် လာရောက်အပ်နှံမှုမရှိပါက ဌာနမှ ထိုသူများသို့ မြို့မြေစာရင်းနှင့် ဂရန်မူရင်းခွဲများတွင် ပြောင်းလဲမှတ်သားပြီးကြောင်း အကြောင်းကြားရန်နှင့် ထိုသို့အကြောင်းကြားခြင်းအား မြို့မြေစာရင်းတွင် မှတ်သားထားခြင်းပြုနိုင်ကြောင်း ဖော်ပြထားသည်။ သို့ဖြစ်၍ မူလဂရန်မူရင်းကို လာရောက်အပ်နှံခြင်းမရှိပါက ဌာနက မြို့မြေစာရင်းနှင့် ဂရန်မူရင်းခွဲများတွင် ပြောင်းလဲမှတ်သားခြင်း၊ ထိုသို့ပြောင်းလဲပြီးကြောင်း အကြောင်းကြားခြင်း၊ ထိုသို့အကြောင်းကြားခြင်းကို မြို့မြေစာရင်းတွင် မှတ်သားခြင်းဖြင့် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရသည်။

လျှောက်ထားခံရသူအမှတ် (၁) သည် မူလအမည်ပေါက်ပြန်လည်ထားရှိရန် လျှောက်ထားမှုကို ဂရန်မူရင်းသည် တရားရုံးတွင် သက်သေခံတင်သွင်းထားသောကြောင့် အမည်ပြောင်းပြန်လည်မှတ်သားမရသောကြောင့် ဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း အကြောင်းပြထားသော်လည်း ယင်းဆောင်ရွက်ချက်သည် မည်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြထားခြင်းမရှိပေ။ တရားရုံး

ဦးဝင်းနိုင်
(၎င်း၏ကိုယ်စားလှယ်
စာရသူဒေါ်ခင်ချိုဦး)
နှင့်
ဌာနမှူး၊ မြို့ပြစီမံကိန်း
နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ - ၅

ဒီကရီအရ ဦးချစ်မောင် အမည်ပြောင်းခဲ့ရာတွင် ယင်းဒီကရီကို အထူးအယူခံမှုတွင် ပယ်ဖျက်သဖြင့် လျှောက်ထားခံရသူအမှတ် (၁) သည် ၎င်းအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ မူလအမည်ပေါက် ပြန်လည်ထားရှိရမည်ဖြစ်ပါလျက် ယင်းသို့ ဆောင်ရွက်ပေးရန် ပျက်ကွက်သောကြောင့် မူလအမည်သို့ ပြန်လည်ထားရှိစေရန် အာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်ရန်လိုအပ်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို ခွင့်ပြုသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုကော်မတီ၏ ၁၉-၄-၂၀၁၈ ရက်စွဲပါစာအမှတ် ရကစ/မြို့ပြ-မြေစီမံ-၂၀၁၈ (၇၀၄၂) ဖြင့် ပြန်ကြားစာအားပယ်ဖျက်၍ အချင်းဖြစ်မြေဂရန်ကို ဦးချစ်မောင် အမည်ပယ်ဖျက်ပြီး မူလအမည်ပေါက် ပြန်လည်မှတ်သားရန် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်လိုက်သည်။

စရိတ်မသတ်မှတ်။

+၂၀၁၉ ခုနှစ်

နိုဝင်ဘာလ ၁၈ ရက်

**တရားမအထွေထွေလျှောက်ထားမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးမျိုးတင့် နှင့် ဦးစိုးနိုင် တို့ရှေ့တွင်**

**ဒေါ်အုန်းကြည်**

**နှင့်**

**ညွှန်ကြားရေးမှူးချုပ်၊**

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)**

**ပြည်ထဲရေးဝန်ကြီးဌာနပါ - ၃ ***

**အုပ်ချုပ်ရေးအာဏာပိုင်မှ ဆောင်ရွက်ပိုင်ခွင့်ရှိသည့် ကျေးရွာ ဂရန်ထုတ်ပေးခြင်း၊ ပယ်ဖျက်ခြင်း၊ ဂရန်ထုတ်ပေးရန် ငြင်းပယ်ခြင်းများပြုခွင့်ရှိပါလျက် တရားရုံးအပြစ်ခံယူရန် ညွှန်ကြားခြင်းသည် မိမိလုပ်ပိုင်ခွင့်အတွင်း ဆောင်ရွက်ရမည့်ကိစ္စများကို မဆောင်ရွက်ငြင်းပယ်ရာရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ဦးကျော်နီ (ခ) ဦးဝင်းမြင့်သည် ၁၉၉၉ ခုနှစ်တွင်

---

* ၂၀၁၉ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၆

ကွယ်လွန်ခဲ့ပြီး ဇနီး ဒေါ်စိန်မြိုင်(ခ) ဒေါ်မြတ်မာလာဦးက အချင်းဖြစ်ဥပစာကို ဦးအစစ်၊ ဒေါ်အေးကြင်တို့က ဦးဂျော်နီ (ခ) ဦးဝင်းမြင့်အား မှတ်ပုံတင်အပေးစာချုပ်အမှတ် ၁၇/၆၄ ဖြင့် ပေးခဲ့ကြောင်းတင်ပြပြီး ဒေါ်အုန်းကြည်တို့အပေါ် ပဲခူးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၈/၂၀၁၁ ဖြင့်စွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သည်။

အဆိုပါ မှတ်ပုံတင်အပေးစာချုပ်သည် လိမ်လည်အတုပြုထားကြောင်း ဒေါ်အုန်းကြည်က တင်ပြတိုင်ကြားသဖြင့် စိစစ်မှုများပြုလုပ်ခဲ့ရာတွင် အဆိုပါစာချုပ်သည် တောင်ငူမြို့နယ် မှတ်ပုံတင်စာချုပ်စာတမ်းရုံးရှိ မှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိ၍ မှတ်ပုံတင်အပေးစာချုပ် အတုမိတ္တူကိုတင်သွင်း၍ တရားမကြီးမှုအမှတ် ၁၈/၂၀၁၁ ကို အနိုင်ဒီကရီရယူခဲ့သူ ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးအား ပြစ်မှုကြောင်းအရ အရေးယူမှုပြုလုပ်သွားရန် ပြည်ထောင်စုတရားသူကြီးချုပ်ကညွှန်ကြားခဲ့သည်။ တောင်ငူခရိုင်တရားသူကြီး ဒေါ်ကြူကြူဝင်းက တောင်ငူမြို့နယ်တရားရုံး ၂၀၁၁ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၂၂၀၇ ဖြင့် ဦးတိုက်လျှောက်ထားစွဲဆိုရာ ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးသည် ထွက်ပြေးတိမ်းရှောင်

နေသဖြင့် အဆိုပါရုံး၏ ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေမှု အမှတ် ၂၁၈ ဖြင့် ပြောင်းလဲအမှုဖွင့်ခဲ့သည်။

ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၈ ကို ကျူးလွန်ကြောင်း ငြိစွန်းသည့်အချက်များ ပေါ်ပေါက်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ တို့အရ ဝရမ်းများထုတ်ဆင့်ဆောင်ရွက်ခဲ့သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ အရ ထွက်ပြေးတိမ်းရှောင်နေသူအတွက် ထုတ်ပြန်ကြေညာခြင်း၊ ပုဒ်မ ၈၈ အရ ထွက်ပြေးတိမ်းရှောင်နေသူပိုင်ပစ္စည်းကို ဝရမ်းကပ်ခြင်း စသည်တို့သည် ရာဇဝတ်ကျင့်ထုံးဥပဒေအရ အပြီးသတ်သက်သေခံ အထောက်အထားများဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** တရားရုံးတွင် စာချုပ်လိမ်လည်အတုပြုသူ ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးကို ဥပဒေအရ အရေးယူဆောင်ရွက်ပြီးဖြစ်၍ အုပ်ချုပ်ရေးအာဏာပိုင်မှ ဆောင်ရွက်ပိုင်ခွင့်ရှိသည့် ၎င်းတို့၏လုပ်ပိုင်ခွင့်ဘောင်အတွင်း ဂရန်ထုတ်ပေးခြင်း၊ ပယ်ဖျက်ခြင်း၊ ဂရန်ထုတ်ပေးရန် ငြင်းပယ်ခြင်းများ ပြုခွင့်ရှိပါလျက် ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ လျှောက်ထားခံရသူအမှတ် (၃) က တရားရုံး အဆုံးအဖြတ်ခံယူရန် ညွှန်ကြားခြင်း

သည် မိမိလုပ်ပိုင်ခွင့်အတွင်း ဆောင်ရွက်ရမည့်ကိစ္စများကို မဆောင်ရွက် ငြင်းပယ်ရာရောက်ကြောင်းတွေ့ရှိရသောကြောင့် စာချွန်တော်အမိန့် ထုတ်ဆင့်ရန်လိုအပ်ကြောင်း တွေ့ရှိရသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးကျော်ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ (၁ မှ ၃) တို့အတွက် | - | ဒေါ်ယုယုခင်၊ ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး |

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့၊ အကွက်အမှတ်(၂-က)၊ ဦးပိုင်အမှတ် (၁၀၈)၊ ဧရိယာ ၀.၁၂၀ ဧကကို လျှောက်ထားသူဒေါ်အုန်းကြည်အမည်ဖြင့် နှစ် ၂၀ မြေငှားဂရန်ရရှိခဲ့ကြောင်း၊ ယင်းမြေကို ဒေါ်စိန်မြိုင်(ခ)ဒေါ်မြတ်မာလာဦးက ပေးကမ်းခြင်းစာချုပ်အတုဖြင့် အနိုင်ဒီကရီရရှိပြီး ဂရန်အမည်ပေါက်ရယူခဲ့ကြောင်း၊ ဒေါ်စိန်မြိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈/ ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၅၁၂ ဖြင့် တရားစွဲဆိုခဲ့ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ၈၇၊ ၈၈ အရ ဝရမ်းထုတ်ဆင့်ထားသဖြင့် အချင်းဖြစ်မြေကို လျှောက်ထားသူအမည်ဖြင့် ဂရန်ထုတ်ပေးရန် တောင်ငူခရိုင် ကော်လိတ္တော်အရာရှိထံ လျှောက်

ထားရာတွင် ကော်လိတ္တော်အရာရှိက တရားရုံးအဆုံးအဖြတ် ရယူရန် အကြောင်းကြားသဖြင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီဆောင်ရွက်ပေးရန် ပျက်ကွက်သောကြောင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် ဒေါ်အုန်းကြည်က လျှောက်ထားသည်။

ဒေါ်အုန်းကြည်အမည်ဖြင့် မြေငှားဂရန် ပြန်လည်ထုတ်ပေးရန် လျှောက်ထားမှုအပေါ် တရားရုံးအဆုံးအဖြတ်ရရှိမှသာ ဂရန်ထုတ်ပေးနိုင်ရေးဆက်လက်ဆောင်ရွက်နိုင်မည်ဟု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၊ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က အကြောင်းပြန်ကြားပြီး ဂရန်ထုတ်ပေးရန် ဆောင်ရွက်ပေးမှုမရှိခြင်းသည် စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်များအနေဖြင့် ၎င်းတို့အားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်း ရှိ မရှိ စီစစ်ရန် ကနဦးအမိန့် ချမှတ်ခဲ့သည်။

လျှောက်ထားခံရသူတို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ပဲခူးတိုင်းတရားရုံး၊ ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၈ တွင် ဒေါ်စိန်မြိုင်က အချင်းဖြစ်တိုက်ခန်း

နှင့်မြေကို လက်ရောက်ပေးအပ်စေရန်စွဲဆိုခဲ့ရာတွင် အနိုင်ဒီကရီ ရရှိခဲ့ကြောင်း၊ ယင်းအမှုတွင် ဒေါ်စိန်မြိုင်တင်ပြသည့်စာချုပ်သည် အတုဖြစ်ကြောင်းပေါ်ပေါက်၍ ဒေါ်အုန်းကြည်က ဒေါ်စိန်မြိုင် အပေါ် ပဲခူးတိုင်းတရားရုံး၊ ၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ ဖြင့် လိမ်လည်ရယူထားသောဒီကရီအရ ၎င်းထံမှ ရယူထားသော တိုက်နှင့်မြေကွက်ကို ပြန်လည်လက်ရောက်ရလိုကြောင်း စွဲဆို ရာ ပလပ်ခံရကြောင်း၊ တရားရုံးအဆင့်ဆင့်၏အမိန့်အရ အချင်း ဖြစ်တိုက်နှင့် မြေကွက်လက်ရောက်ရလိုမှုတွင် ဒေါ်စိန်မြိုင်က အနိုင်ဒီကရီ ရရှိထားသောကြောင့် ပိုင်ရေးပိုင်ခွင့်ရှိကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၈-၁၁-၂၀၁၁ ရက်စွဲပါ ညွှန်ကြားလွှာ၊ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာများနည်းဥပဒေ ၆ မှ ၂၉၊ အထက်မြန်မာပြည် မြေနှင့် အခွန်နည်းဥပဒေ ၅၁၊ ၅၁-က၊ ၅၁-ခ နှင့် ပြည်ထဲရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၃-၁၀-၁၉၈၉ ရက်စွဲပါ အမိန့်ကြော်ငြာ စာတို့အရ ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့မြေများ မြေငှားရန် အသစ်ထုတ်ပေးခြင်း၊ အမည်ပြောင်းခြင်း၊ သက်တမ်းတိုးခြင်း များ လုပ်ပိုင်ခွင့်ရှိကြောင်း၊ **ဦးစံဝင်းထိန်နှင့် ဦးကံစိန်အမှု** [၁]

၁။ ၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၁၃

စီရင်ထုံးတွင် အစဉ်အလာအားဖြင့် အုပ်ချုပ်ရေးအာဏာပိုင်တို့က တရားရုံး၏အဆုံးအဖြတ်ကို အလေးဂရုထားကာ ယင်းဆုံးဖြတ်ချက်အပေါ်အခြေပြု၍ ဂရန်ထုတ်ပေးခဲ့ကြကြောင်းကို သုံးသပ်ထားကြောင်း၊ ယခုအမှုတွင် တရားရုံးအဆင့်ဆင့်၏အမိန့်အရ လက်ရှိပိုင်ရေးပိုင်ခွင့်ရှိသူမှာ ဒေါ်စိန်မြိုင်ဖြစ်ကြောင်း ပေါ်ပေါက်ကြောင်း၊ ဒေါ်စိန်မြိုင်အပေါ် လိမ်လည်မှုဖြင့် တရားစွဲဆိုခြင်းသည် အချင်းဖြစ်မြေနှင့် အဆောက်အအုံပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ဒေါ်အုန်းကြည်တို့သည် အချင်းဖြစ်မြေပိုင်ဆိုင်ခွင့်အတွက် တရားရုံးအနိုင်ဒီကရီဖြင့် မြေငှားဂရန်လျှောက်ထားလာပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်နိုင်မည်ဟု ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်နှင့်အညီ တရားရုံးအဆုံးအဖြတ်ရရှိမှသာ ဆက်လက်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း တရားဝင်ပြောကြားခြင်းသည် အထက်ဖော်ပြပါ စီရင်ထုံးသုံးသပ်ချက်နှင့် ကျိုးကြောင်းဆီလျော်မှုရှိသဖြင့် ၎င်းအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့်အညီလိုက်နာဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်၍ အာဏာပေးစာချွန်တော်အမိန့်လျှောက်ထားမှုအပေါ် ပယ်သည့်အမိန့်တစ်ရပ် ချမှတ်သင့်ပါကြောင်း လျှောက်ထားသည်။

လျှောက်ထားသူ၏ရှေ့နေက အချင်းဖြစ်မြေကွက်သည် မူလကလျှောက်ထားသူ ဒေါ်အုန်းကြည်အမည်ဖြင့် နှစ် ၂၀ ဂရန်ရရှိထားသောမြေဖြစ်ပြီး ဦးဂျော်နီ (ခ) ဦးဝင်းမြင့်အား မှတ်ပုံတင်အပေးစာချုပ်ဖြင့် ပေးထားသည်ဟု ၎င်း၏ဇနီး ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးက မှတ်ပုံတင်အပေးစာချုပ် အတုပြုလုပ်၍ တရားရုံးသို့ မမှန်မကန်တင်ပြကာ ဒေါ်အုန်းကြည်အား အချင်းဖြစ်ဥပစာမှ ဖယ်ရှားနှင်ထုတ်ခဲ့ကြောင်း၊ ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးကို ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်ခဲ့ရာတွင် ထွက်ပြေးတိမ်းရှောင်နေသဖြင့် တရားခံပြေးကြော်ငြာစာနှင့် ပစ္စည်းဖမ်းဝရမ်းထုတ်ဆင့်ခဲ့ကြောင်း၊ ဒေါ်အုန်းကြည်က ၎င်းအမည်ဖြင့် မြေငှားဂရန် ပြန်လည်ထုတ်ပေးရန် လျှောက်ထားမှုအပေါ် တရားရုံးအဆုံးအဖြတ်ရရှိမှ ဂရန်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်မည်ဟု အကြောင်းပြန်ကြားကာ ဂရန်ထုတ်ပေးရန် ဆောင်ရွက်ပေးမှုမရှိခြင်းသည် စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်များအနေဖြင့် ၎င်းတို့အားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်မြေကို ဦးကျော်နီ (ခ) ဦးဝင်းမြင့်အမည်ဖြင့် ထုတ်ပေးထားသောဂရန်သည် ၃၀-၆-၇၁ ရက်နေ့တွင် သက်တမ်း

ကုန်ဆုံးပြီး ၁၆-၆-၈၂ ရက်တွင် ဒေါ်အုန်းကြည် ပါ - ၅ ဦး အမည်ဖြင့် ဂရန်ထုတ်ပေးခြင်းဖြစ်၍ မူလ ဦးကျော်နီ (ခ) ဦးဝင်းမြင့် အမည်ဖြင့်ထုတ်ပေးထားသည့် ဂရန်သက်တမ်းကုန်ပြီး ၁၀ နှစ်ကျော်မှ ဒေါ်အုန်းကြည်တို့ကို ဂရန်ထုတ်ပေးခြင်းဖြစ်ကြောင်း၊ စီမံခန့်ခွဲရေးအရ လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် အရာရှိသို့မဟုတ် အဖွဲ့အစည်းက ထုတ်ပေးသောဂရန်ကို တရားရုံးက ဖျက်သိမ်း၊ ပြောင်းလဲခြင်းပြုခွင့်မရှိသော်လည်း တရားလိုသည် ဂရန်ရရှိသူ ဟုတ် မဟုတ်၊ အချင်းဖြစ်မြေကိုပိုင်ဆိုင်ခြင်းရှိ မရှိ စိစစ်ဆုံးဖြတ်ရကြောင်း၊ ဦးကျော်နီမှ ဒေါ်အုန်းကြည်အား စတင်စွဲဆိုသည့်အမှုတွင် ၎င်းတရားစွဲဆိုချိန်က အဆိုပါမြေကို ပိုင်ဆိုင်ကြောင်း သက်သေထင်ရှားမပြသနိုင်သဖြင့် အမှုကိုပလပ်ခဲ့ကြောင်း၊ စာချုပ်အတုတင်ပြ၍ အနိုင်ဒီကရီရယူခဲ့သူ ဒေါ်မြတ်မာလာဦးအား တရားသူကြီးချုပ်၏ညွှန်ကြားချက်အရ တရားစွဲဆိုပြီးပြတ်ခြင်းသည် တစ်ကဏ္ဍဖြစ်ပြီး ဖျက်သိမ်းခံရသော ဂရန်အမည်ပေါက်ရရှိရေးမှာ တစ်ကဏ္ဍဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာအထွေထွေမှုတွင် တရားခံပြေးကို ဖမ်းမိခြင်းမမိခြင်း၊ ဖမ်းမိပါက ဥပဒေအရ အရေးယူခြင်းတို့သည် သီးခြားဖြစ်သော ပြစ်မှုတရားစီရင်ရေးကဏ္ဍ၏ တာဝန်နှင့် လုပ်ကိုင်ခွင့်သာဖြစ်ကြောင်း၊ ပြည်ထောင်စု

ဝန်ကြီးကိုယ်စား ခေတ္တအမြဲတမ်းအတွင်းဝန်၏ လက်မှတ်ဖြင့် ပေးပို့သောစာတွင် ပြည်ထောင်စုဝန်ကြီးက "တရားရုံးဆုံးဖြတ်ချက်အတိုင်းဆောင်ရွက်ရန်" ဟု မှတ်ချက်ပြုပေးပို့ချက်ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ဒေါ်အုန်းကြည်အား ရှင်းလင်းပြောကြားခြင်းကို သိရှိနားလည် သဘောပေါက်ကြောင်း လက်မှတ်ရေးထိုးသည့် မှတ်တမ်းတွင် တရားရုံးအဆုံးအဖြတ်ရရှိမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဟု ဖော်ပြပါရှိကြောင်း၊ ကာယကံရှင်များအနေဖြင့် တရားစွဲဆိုရန် ပြင်ဆင်ဆောင်ရွက်ဆဲဖြစ်ပြီး တရားစွဲဆိုနိုင်ခြင်း မရှိသေးကြောင်းကို တိုးတက်မှုအစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊ ပထမအကြိမ်အမျိုးသားလွှတ်တော် ၁၂ ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဖြေကြားချက်၌ မူလဂရန်အမည်ပေါက်သူ ဒေါ်အုန်းကြည်တို့မှ ဂရန်ပြန်လည်လျှောက်ထားခြင်းအပေါ် အပြိုင်လျှောက်ထားသူ ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦး (ကွယ်လွန်သူ ဦးဂျော်နီ (ခ) ဦးဝင်းမြင့်၏ဇနီး) ကို ဥပဒေအရ အရေးယူထားပြီးဖြစ်သဖြင့် ၎င်းအား ဂရန်ထုတ်ပေးထားခြင်းကို ပယ်ဖျက်ပေးရန်နှင့် ဂရန်ထုတ်ပေးပိုင်ခွင့်ရှိသည့် အုပ်ချုပ်မှုအာဏာပိုင်ထံ တင်ပြလျှောက်ထား

၂၀၁၉ ခုနှစ်

ဒေါ်အုန်းကြည်

နှင့်

ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန (ရုံးချုပ်)
ပြည်ထဲရေးဝန်ကြီးဌာန
ပါ - ၃

ဆောင်ရွက်ရန်ဖြစ်ပါကြောင်းကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားကြောင်း၊ လျှောက်ထားသူအနေဖြင့် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာအရလည်းကောင်း၊ တရားစီရင်ရေးအရလည်းကောင်း၊ မိမိ၏ဥပဒေအခွင့်အရေးရှိသမျှ၊ တတ်စွမ်းနိုင်သမျှလျှောက်ထားစွဲဆိုခုခံပြိုင်ဆိုင် အဆုံးအဖြတ်ခံယူခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ကြီးရုံးမှ တရားရုံးအဆုံးအဖြတ်အတိုင်း ဆောင်ရွက်ရန် မှတ်ချက်ပြုလမ်းညွှန်သည်ကို လိုက်နာအကောင်အထည်ဖော်ပေးရန် အခွင့်အာဏာရှိသော ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လီတွော်အရာရှိ) က တရားရုံးအဆုံးအဖြတ်ရရှိမှသာ ဆက်လက် ဆောင်ရွက်နိုင်မည်ဟု အဓိပ္ပာယ်ဖွင့်ရှင်းလင်းပြောဆိုဆောင်ရွက်ခြင်းသည် ညွှန်ကြားလမ်းညွှန်ချက်နှင့် လိုက်နာအကောင်အထည်ဖော်မှုတို့ ပြောင်းပြန်အချိုးကျနေသဖြင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ကုစားပေးသင့်ပါကြောင်း လျှောက်ထားသည်။

လျှောက်ထားသူ ဒေါ်အုန်းကြည်သည် ဦးအစစ်၏ ဒုတိယဇနီးဖြစ်ပြီး ဦးဂျော်နီ (ခ) ဦးဝင်းမြင့်သည် ဦးအစစ်၊ ဒေါ်အေးကြင်တို့၏သားဖြစ်သည်။ ဒေါ်စိန်မြိုင် (ဒေါ်စိမ်းမြိုင်) (ခ) ဒေါ်မြတ်မာလာဦးသည် ဦးဂျော်နီ (ခ) ဦးဝင်းမြင့်၏ ဇနီးဖြစ်သည်။

၁၉၉၂ ခုနှစ်တွင် ဦးဂျော်နီ (ခ) ဦးဝင်းမြင့်က ဒေါ်အုန်းကြည်တို့အပေါ် ၎င်းပိုင်ဂရန်မြေမှ ဖယ်ရှားထွက်ခွာရန်တရားစွဲဆိုခဲ့ရာ ယင်းမြေသည် ဒေါ်အုန်းကြည်အမည်ဖြင့် ၂၃-၆-၈၁ ရက်နေ့တွင် ဂရန်အမည်ပေါက်ခဲ့ပြီး ဦးဂျော်နီ (ခ) ဦးဝင်းမြင့်၏အမည်ဖြင့် ၂၃-၉-၉၃ ရက်နေ့တွင်မှ ဂရန်ထုတ်ပေးခြင်းဖြစ်သောကြောင့် ဦးဂျော်နီ (ခ) ဦးဝင်းမြင့်သည် ၎င်းအမည်ဖြင့် ဂရန်မရသေးမီ တရားစွဲဆိုခြင်းဖြစ်၍ ယင်းစွဲဆိုမှုကို တရားမအထူးအယူခံမှုအမှတ် ၈၉/၉၄ တွင် ပလပ်ခဲ့သည်။

ဦးဂျော်နီ (ခ) ဦးဝင်းမြင့်သည် ၁၉၉၉ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ဇနီးဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးက အချင်းဖြစ်ဥပစာကို ဦးအစစ်၊ ဒေါ်အေးကြင်တို့က ဦးဂျော်နီ (ခ) ဦးဝင်းမြင့်အား မှတ်ပုံတင်အပေးစာချုပ်အမှတ် ၁၇/၆၄ ဖြင့်ပေးခဲ့ကြောင်းတင်ပြပြီး ဒေါ်အုန်းကြည်တို့အပေါ် ပဲခူးတိုင်းတရားရုံးတရားမကြီးမှုအမှတ် ၁၈/၂၀၀၁ ဖြင့်စွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သည်။

အဆိုပါ မှတ်ပုံတင်အပေးစာချုပ်သည် လိမ်လည်အတုပြုထားကြောင်း ဒေါ်အုန်းကြည်က တင်ပြတိုင်ကြားသဖြင့်

စိစစ်မှုများပြုလုပ်ခဲ့ရာတွင် အဆိုပါစာချုပ်သည် တောင်ငူမြို့နယ် မှတ်ပုံတင်စာချုပ်စာတမ်းရုံးရှိ မှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိ၍ မှတ်ပုံတင်အပေးစာချုပ်အတုမိတ္တူကိုတင်သွင်း၍ တရားမကြီးမှုအမှတ် ၁၈/၂၀၁၁ ကို အနိုင်ဒီကရီရယူခဲ့သူ ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးအား ပြစ်မှုကြောင်းအရ အရေးယူမှုပြုလုပ်သွားရန် ပြည်ထောင်စုတရားသူကြီးချုပ်ကညွှန်ကြားခဲ့သည်။ တောင်ငူခရိုင်တရားသူကြီး ဒေါ်ကြူကြူဝင်းက တောင်ငူမြို့နယ်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၂၂၀၇ ဖြင့် ဦးတိုက်လျှောက်ထားစွဲဆိုရာ ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးသည် ထွက်ပြေးတိမ်းရှောင်နေသဖြင့် အဆိုပါရုံး၏ ၂၀၁၁ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၂၁၈ ဖြင့် ပြောင်းလဲအမှုဖွင့်ခဲ့ပြီး သက်သေ တောင်ငူခရိုင်/ မြို့နယ်မြေစာရင်း ဦးစီးမှူးဦးမြတ်သူဝေက အပိုင်ပေးမှတ်ပုံတင်စာချုပ်အမှတ် ၁၇/၆၄ သည် တောင်ငူမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး စာအုပ်အမှတ် ၄၊ အတွဲ(၃)၊ စာမျက်နှာ ၁၂၃၊ ၁၂၄ တို့တွင် မှတ်ပုံတင်ထားသည်ဟု ဖော်ပြထားသော်လည်း တိုက်ဆိုင်စစ်ဆေးရာ၌ မှတ်ပုံတင်ထားခြင်းမရှိကြောင်း တွေ့ရှိရသည်ဟုထွက်ဆိုသဖြင့် ဒေါ်စိန်မြိုင်(ခ) ဒေါ်မြတ်မာလာဦး

သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈ ကိုကျူးလွန်ကြောင်း ငြိစွန်းသည့်အချက်များ ပေါ်ပေါက်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၈၇၊ ၈၈ တို့ အရ ဝရမ်းများထုတ်ဆင့်ဆောင်ရွက်ခဲ့သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ အရ ထွက်ပြေးတိမ်းရှောင်နေသူအတွက် ထုတ်ပြန်ကြေညာခြင်း၊ ပုဒ်မ ၈၈ အရ ထွက်ပြေးတိမ်းရှောင်နေသူပိုင်ပစ္စည်းကို ဝရမ်းကပ်ခြင်းစသည်တို့သည် ရာဇဝတ်ကျင့်ထုံးဥပဒေအရ အပြီးသတ်သက်သေခံအထောက်အထားများဖြစ်သည်။

ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးအပေါ် ပြစ်မှုကြောင်းအရ အရေးယူထားပြီးဖြစ်၍ ၎င်းအား ထုတ်ပေးထားသည့် ဂရန်ပယ်ဖျက်ပေးရန် ဒေါ်အုန်းကြည်က အုပ်ချုပ်မှုအာဏာပိုင်ထံ တင်ပြလျှောက်ထားခဲ့သည်။ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး (ကော်လိတ္တော်အရာရှိ) က ၃-၅-၂၀၁၆ ရက်နေ့ တွင်ခေါ်ယူပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ၁-၄-၂၀၁၆ ရက်စွဲပါစာနှင့် ပဲခူးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ၂၂-၄-၂၀၁၆ ရက်စွဲပါစာတို့ဖြင့် ညွှန်ကြားချက်အရ "တရားရုံးအဆုံးအဖြတ်ရရှိမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း" ရှင်းလင်းပြောကြားချက်ကို မှတ်တမ်းပြုလုပ်

လက်မှတ်ရေးထိုးစေခဲ့သည်။ သို့သော်အဆိုပါကိစ္စကိုအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ၏ ၂၈-၁-၂၀၁၆ ရက်စွဲပါ စာအမှတ် ၃၀၀/၅-၁/ဦး ၁ (၃၃၀) ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၈-၃-၂၀၁၆ ရက်စွဲပါစာအမှတ် ၄/၂-ဇ၇(၀၂၇၀)/ ဦး ၁ (အထဥ) ဖြင့်လည်းကောင်း ညွှန်ကြားထားခြင်းဖြစ်၍ ခရိုင်အုပ်ချုပ်ရေးမှူးမှခေါ်ယူရှင်းလင်းသည့်မှတ်တမ်းတွင် ရေးသားဖော်ပြသည့် အထက်ရုံးအဆင့်ဆင့်၏ စာအမှတ်များမှာ ကွဲလွဲနေကြောင်း တွေ့ရှိရသည်။

ထို့အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) နှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က အဆိုပါကိစ္စကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက "တရားရုံးအဆုံးအဖြတ်အတိုင်း ဆောင်ရွက်ရန်" မှတ်ချက်ပြုထားခြင်းအပေါ် သိရှိလိုက်နာရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၂၂-၁-၂၀၁၆ ရက်စွဲပါ စာအမှတ် ပထရ/၂-၃(၁၁၉)/ ထောက်-၂ ဖြင့် အကြောင်းကြားချက်အပေါ် ထပ်ဆင့်အကြောင်းကြားခဲ့ရာတွင် လျှောက်ထားခံရသူအမှတ် (၃) ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လီတွော်အရာရှိ) က "တရားရုံးအဆုံးအဖြတ်ရရှိမှသာ ဆက်လက်ဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း"

၂၀၁၉ ခုနှစ်
ဒေါ်အုန်းကြည်
နှင့်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန (ရုံးချုပ်)
ပြည်ထဲရေးဝန်ကြီးဌာန
ပါ - ၃

ခေါ်ယူရှင်းလင်းခြင်းပြုသဖြင့် အထက်ကညွှန်ကြားသည့်အချက်နှင့် ကွဲလွဲဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်တင်ပြချက်အရ ဦးအစစ်၊ ဦးအစစ်နှင့် ဒေါ်အေးကြင်၊ ဦးဂျော်နီ (ခ) ဦးဝင်းမြင့် အမည်များဖြင့် ၁၉၅၁ မှ ၁၉၇၁ ခုနှစ်အထိ ဂရန်အမည်ပေါက်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ဂရန်သက်တမ်းကုန်ဆုံးခဲ့ပြီး ၂၃-၆-၈၁ ရက် နေ့တွင် ၁၉၈၁ မှ ၂၀၀၁ ထိ ယင်းမြေကို ဒေါ်အုန်းကြည် ပါ - ၅ ဦး အမည်ဖြင့် မြေငှားဂရန်ထုတ်ပေးခဲ့သည်။ ဖြူးမြို့နယ်မြေစာရင်းဦးစီးဌာန၏ ဦးပိုင်မှတ်ပုံစာရင်း၊ စာရင်းစာအုပ် ၁(က) တွင် အဆိုပါဂရန်ကို အမည်ထည့်ခြင်း၊ အမည်ပြောင်းခြင်း၊ ထုတ်ပေးခြင်းတို့ကို စာအမှတ်၊ အမှုတွဲများအရ ဆောင်ရွက်ထားကြောင်း ဖော်ပြထားသော်လည်း အချင်းဖြစ်မြေ၏ မြေရာဇဝင် အပြည့်အစုံဖော်ပြသည့် မြေစာရင်း (ပုံစံ-၁၀၆) ကို တင်ပြထားခြင်းမရှိပေ။

ဒေါ်အုန်းကြည် ပါ - ၅ ဦး အမည်ဖြင့် ၁၉၈၁ မှ ၂၀၀၁ ခုနှစ်ထိ နှစ် ၂၀ ဂရန်ထုတ်ပေးသည့် အချိန်အတွင်း ယင်းဂရန်ထုတ်ပေးခြင်းကို ဦးဂျော်နီ (ခ) ဦးဝင်းမြင့်က အထွေထွေ

၂၀၁၉ ခုနှစ်

ဒေါ်အုန်းကြည်

နှင့်

ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန (ရုံးချုပ်)
ပြည်ထဲရေးဝန်ကြီးဌာန
ပါ - ၃

အုပ်ချုပ်ရေးဦးစီးဌာန အဆင့်ဆင့်သို့ ပြင်ဆင်မှုတင်သွင်းခဲ့သောကြောင့် ဒေါ်အုန်းကြည်အမည်ပေါက် မြေငှားဂရန် သက်တမ်းမကုန်ဆုံးမီ ဦးဂျော်နီ (ခ) ဦးဝင်းမြင့် အမည်ဖြင့် ၂၃-၉-၉၃ ရက်နေ့တွင် ၂၀၀၁ ခုနှစ်ထိ ဂရန်ထုတ်ပေးထားကြောင်း တွေ့ရသည်။ ဦးဂျော်နီ (ခ) ဦးဝင်းမြင့် အမည်သို့ မြေငှားဂရန် ချထားပေးမှုအား ဒေါ်အုန်းကြည်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) သို့ ပြင်ဆင်မှုလျှောက်ထားခဲ့သော်လည်း အဆိုပါရုံး၏ ၁၁-၃-၂၀၀၅ ရက်စွဲပါ အမိန့် အမှတ် ၁/၂၀၀၅ ဖြင့် ဦးဂျော်နီ (ခ) ဦးဝင်းမြင့် (ကွယ်လွန်) ၏ ဇနီးဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦး ပါ-၂ ဦး အမည်ဖြင့် DORP No.9/V/2000-2001 အရ ၃၀-၃-၂၀၀၅ မှ ၂၉-၃-၂၀၃၅ ထိ နှစ် ၃၀ ဂရန် ထုတ်ပေးထားကြောင်းတွေ့ရသည်။

အထက်ပါ မြေစာရင်းမှတ်တမ်းများအရ အချင်းဖြစ်မြေကို မြေငှားဂရန် အမည်ပြောင်းလဲခဲ့မှုများသည် ဂရန်ထုတ်ပေးပိုင်ခွင့်ရှိသော ယခင်အခွန်ဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ၎င်းတို့ထံတင်ပြသည့် အချက်အလက်များအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

တရားရုံးတွင် စာချုပ်လိမ်လည်အတုပြုသူ ဒေါ်စိန်မြိုင်

၂၀၁၉ ခုနှစ်
ဒေါ်အုန်းကြည်
နှင့်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန (ရုံးချုပ်)
ပြည်ထဲရေးဝန်ကြီးဌာန
ပါ - ၃

(ခ) ဒေါ်မြတ်မာလာဦးကို ဥပဒေအရ အရေးယူဆောင်ရွက်ပြီး ဖြစ်၍ အုပ်ချုပ်ရေးအာဏာပိုင်မှ ဆောင်ရွက်ပိုင်ခွင့်ရှိသည့် ၎င်းတို့၏ လုပ်ပိုင်ခွင့်ဘောင်အတွင်း ဂရန်ထုတ်ပေးခြင်း၊ ပယ်ဖျက်ခြင်း၊ ဂရန်ထုတ်ပေးရန် ငြင်းပယ်ခြင်းများ ပြုခွင့်ရှိပါလျက် ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ လျှောက်ထားခံရသူအမှတ် (၃) က တရားရုံးအဆုံး အဖြတ်ခံယူရန် ညွှန်ကြားခြင်းသည် မိမိလုပ်ပိုင်ခွင့်အတွင်း ဆောင်ရွက်ရမည့်ကိစ္စများကိုမဆောင်ရွက် ငြင်းပယ်ရာရောက်ကြောင်း တွေ့ရှိရသောကြောင့် စာချွန်တော်အမိန့်ထုတ်ဆင့်ရန်လိုအပ်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို ခွင့်ပြုသည်။ အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ ဒေါ်စိန်မြိုင် (ခ) ဒေါ်မြတ်မာလာဦးအမည်ဖြင့် ထုတ်ပေးထားသောဂရန်ကို ပယ်ဖျက်ပေးရန်နှင့် ဒေါ်အုန်းကြည် ပါ - ၅ ဦးအမည်ဖြင့် ဂရန်ထုတ်ပေးရန် လျှောက်ထားမှုအား သက်ဆိုင်ရာဥပဒေ၊ နည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆုံးဖြတ်မှုပြုရန် အာဏာပေးစာချွန်တော် အမိန့်ထုတ်ဆင့်လိုက်သည်။

စရိတ်မသတ်မှတ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်** နောက်ဆက်တွဲ (က)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၂/ ၂၀၂၀)**

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်** နောက်ဆက်တွဲ (ခ)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၄/ ၂၀၂၀)**

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်** နောက်ဆက်တွဲ (ဂ)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၁/ ၂၀၂၀)**

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၂/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

( ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက် )

လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၅၉ အရ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီကို ဖျက်သိမ်းရန်နှင့် ပုဒ်မ ၄၁၇ အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကို ကြီးကြပ်ခြင်းနှင့်စပ်လျဉ်းသည့် လျှောက်ထားမှုများ၊ ပြန်လည်ထူထောင်ခြင်းနှင့် လူမွဲခံယူခြင်းဆိုင်ရာအမှုများအား စစ်ဆေးစီရင်ရန် ယင်းဥပဒေပါ စီရင်ပိုင်ခွင့်များကို အောက်ပါ တရားရုံးများအား အပ်နှင်းလိုက်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊

(ဂ) ခရိုင်တရားရုံး။

(ထွန်းထွန်းဦး)

ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၂၇ / ပတခ (၁၀၃၄/၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်

တရားသူကြီးချုပ်များ

အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်အားလုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်

တရားသူကြီးချုပ်ရုံးအားလုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးရုံးအားလုံး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ

ခရိုင်တရားရုံးအားလုံး

မြို့နယ်တရားရုံးအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာပေး ပါရန် မေတ္တာရပ်ခံချက်ဖြင့် |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၄/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေ ၁၀၊ နည်းဥပဒေ ၁၁၊ နည်းဥပဒေ ၁၅ တို့တွင် ပါရှိသော "ပြစ်မှုဆိုင်ရာအမှု" ဆိုသည့် စကားရပ်နှင့် နည်းဥပဒေ ၄၂၊ နည်းဥပဒေခွဲ (ဇ)၊ နောက်ဆက်တွဲ (ခ) ၏ ခေါင်းစဉ်၊ နောက်ဆက်တွဲ (စ) ၏ ပုံစံအသုံးပြုရန် ညွှန်ကြားချက်

စဉ် ၂၊ ၄ တို့တွင် ပါရှိသော "ပြစ်မှု" ဆိုသည့် စကားရပ်တို့ကို "ရာဇဝတ်မှု" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ အမှုနှင့်မသက်ဆိုင်သူတစ်ဦးသည် ဒီကရီချမှတ်ပြီးဖြစ်သော တရားမအမှုတွဲရှိ အဆိုအချေများ၊ လျှောက်လွှာများနှင့် ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာပြုလွှာများ၏ မိတ္တူကို ရထိုက်ခွင့်ရှိသည်။ ထို့ပြင် ရထိုက်ကြောင်း ခိုင်လုံစွာပြနိုင်လျှင် ထိုစာရွက်စာတမ်း၏မိတ္တူကို ဒီကရီ မချမှတ်မီတွင်လည်း ရထိုက်ခွင့်ရှိသည်။"

၄။ အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က) တွင် ပါရှိသော "တစ်ရာကျပ်" ဆိုသည့် စကားရပ်ကို "ငါးဆယ်ကျပ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၂၊ နည်းဥပဒေခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ထောင်ဒဏ်ခြောက်လအထက် ပြစ်ဒဏ်ချမှတ်နိုင်သောအမှုတွင် တရားခံက တောင်းခံသည့် စီရင်ချက်မိတ္တူ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၉ နှင့် ၁၁၀ အရ အမှုများသည် ထောင်ဒဏ်ခြောက်လအထက် ပြစ်ဒဏ်ချမှတ်နိုင်သော အမှုသဘောသက်ရောက်သဖြင့် ဤအချက်မှာ ထိုအမှုများနှင့်လည်း သက်ဆိုင်သည်။ (တရားခံတစ်ဦးအား မိတ္တူတစ်စောင်ကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ထုတ်ပေးရမည်။)"

( ထွန်းထွန်းဦး )

ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၂၅ / ပတခ (၉၈၁/၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အားလုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးအားလုံး

အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးအားလုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးအားလုံး၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်အားလုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးအားလုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရှိ ဌာနများအားလုံး

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးရှိ ဌာနများအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၁/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၅ တွင်-

(က) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၅။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် တရားလွှတ်တော် ရှေ့နေများကောင်စီဝင်

အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်-”

(ခ) နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) နိုင်ငံသားဖြစ်သူ”

( ဂ) နည်းဥပဒေခွဲ (ခ) ကို ပယ်ဖျက်ရမည်။

(ဃ) မူလနည်းဥပဒေခွဲ (ဂ)၊ (ဃ)၊ (င) တို့ကို နည်းဥပဒေခွဲ (ခ)၊ (ဂ)၊ (ဃ) တို့ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

( င) ပြန်လည်အမှတ်စဉ်ထားသော နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဂ) အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁) အရ အမှုလိုက်ပါဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ထားခြင်းခံနေရဆဲမဟုတ်သူ သို့မဟုတ် တရားလွှတ်တော် ရှေ့နေများစာရင်းမှ ပယ်ဖျက်ခံရခြင်း မဟုတ်သူ၊”

( စ) ပြန်လည်အမှတ်စဉ်ထားသော နည်းဥပဒေ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဃ) အက်ဥပဒေပုဒ်မ ၁၀ ၊ ပုဒ်မခွဲ (၁) အရ ပြင်းထန်စွာ သတိပေးခြင်း ပြစ်ဒဏ်ကို ရွေးကောက်ပွဲကျင်းပမည့်ရက်မတိုင်မီ တစ်နှစ်အတွင်း ချမှတ်ခံရခြင်းမရှိသူ။”

၃။ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ များ၊ နည်းဥပဒေ ၂၇ တွင်-

(က) နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (က) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(က) ကောင်စီဝင်တစ်ဦးသည် အမှုလိုက်ပါဆောင်ရွက်ခြင်းမှဆိုင်းငံ့ခြင်း သို့မဟုတ် တရားလွှတ်တော်ရှေ့နေ့စာရင်းမှ ပယ်ဖျက်ခြင်းခံရလျှင် ထိုသို့ဆိုင်းငံ့ကြောင်း သို့မဟုတ် တရားလွှတ်တော်ရှေ့နေစာရင်းမှ ပယ်ဖျက်ကြောင်း အမိန့်ချမှတ်သည့်နေ့မှစ၍ ကောင်စီဝင်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။”

(ခ) မူလနည်းဥပဒေ ၂၇ ကို နည်းဥပဒေ ၂၇၊

နည်းဥပဒေခွဲ (ခ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၄။ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၀။ ကောင်စီအစည်းအဝေးများ၌ ကောင်စီဝင်ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေးတရားဝင်အထမြောက်သည်။"

( ထွန်းထွန်းဦး )

ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၂၈ / ပတခ (၁၀၉၇/၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

တရားလွှတ်တော်ရှေ့နေများကောင်စီ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ

အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးအားလုံး

ညွှန်ကြားရေးမှူးချုပ်

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။